# ဗုဒ္ဓခေတ်အံ့ဖွယ်ထူးဆန်း ဘဝဇာတ်လမ်းများ

တက္ကသိုလ် သျှင်သီရိ (ဓမ္မာစရိယဘီ-အေ)



သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

သုတေသနစာကြည့်တိုက်သို့

...................................... မှ လှူဒါန်းပါသည်။

ရွှေဥက္ကာ စာပေ
အမှတ်-၇၂၊ လမ်း ၃၀၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း ၀၉-၈၀-၂၃၄၄၈

အမှတ် ၂၆၃၂/၉၆
နေ့စွဲ ၁၇-၁၁-၉၆

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၅၇/၂၀၀၄(၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၀၀၁၈၀၆၀၁

မျက်နှာဖုံးပန်းချီ
ရွှေစိုးဟန်

အကြိမ်
၂၀၀၆ ခု၊ ဖေဖော်ဝါရီလ ပထမအကြိမ် အုပ်ရေ - ၁၀၀၀

တန်ဖိုး
၂၅၀-ကျပ်

စာအုပ်ချုပ်
ကြိုကြိုမွေး

အတွင်းဖလင်
ကိုမျိုးညွန့်

ထုတ်ဝေသူ
ဦးချစ်ညွန့်၊ ဇင်ရတနာစာပေ
၂၀၅၊ က/၄-လပ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဒေါ်အေးအေးနိုင် (စိန်ကြယ်-ပုံနှိပ်တိုက်)
၅၂၊ လမ်း-၃၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖြန့်ချိရေး
ဦးလှတင် (ရွှေညွှန့်စာပေ)၊
အမှတ်(၅၂)၊ လမ်း-၃၀(အောက်)၊ ရန်ကုန်။
ဖုန်း- ၀၉ ၈၀၂၃၄၇၈၊ ၀၁-၃၈၅၀၂၅

# ဗုဒ္ဓခေတ်အံ့ဖွယ်ထူးဆန်း

# ဘဝဇာတ်လမ်းများ


မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီ–အေ)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | အမှာစာ | ---------------------- |
| ၂။ | -အံ့ဖွယ်ထူးဆန်းဖြစ်ကြရသည်မှာ | ၁ |
| | -မီးပုံတွင်းမှကြာပဒုမ္မာအလျှုရှင် | ၁၃ |
| | -မြစ်သုံးတန်အံ့ဖွယ်ကျော်ဖြတ် မဟာယကပ္ပိနနှင့်အနော်ဇာဒေဝီ | ၃၆ |
| | -ငါးမျိုးသော်မှမသေ သက်ရှည်အံ့ဖွယ် ဗာကုလ | ၅၉ |
| | -ကျားမနှစ်ဘဝအံ့ဖွယ်သောရေယျ | ၇၁ |
| | -ဇောတိကသတို့သားနှင့်အံ့ဖွယ်နန်းပြဿာဒ် | ၉၄ |
| | -ပန်းတော်ဆက်မောင်သုမန၏အံ့ဖွယ်ဒါန | ၁၁၈ |
| | -ထွန်မြေဇာခဲမှ အံ့ဖွယ်ရွှေတုံးများပိုင်ရှင် | ၁၃၁ |
| | -ရတနာရွှေလက်ပိုင်ရှင်၏ အံ့ဖွယ်ဘဝဇာတ်လမ်း | ၁၄၃ |

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ ဘီ-အေ)


-သေဘောအသွယ်သွယ်ကြားမှ ၁၅၈
အံ့ဖွယ်သူဌေးလောင်း

-အံ့ဖွယ်အနှိုင်းမဲ့မေတ္တာရှင် ၂၀၄

-ပေါင်သားလှီးဖြတ်ယာဂုဆွမ်းကပ်သော ၂၁၅
အံ့ဖွယ်အလှူရှင်

-ဆံကေသာဖြတ် ဆွမ်းကပ်စီရင် ၂၂၂
အံ့ဖွယ်အလှူရှင်

-ပိတ်ချင်းသီးကုန်သည်နှင့်အံ့ဖွယ်ရဟန္တာ ၂၃၀

-သေသူတို့သွားရာလမ်းကိုသိသော ၂၃၉
အံ့ဖွယ်ပညာရှင်

# အမှာစာ

ကျွန်ုပ်တို့ကမ္ဘာအေးဘုရားဝင်းညောင်ရမ်းစေတီ အနီး၌ ဓ. ဓ. ဗ. ဝ ဓာတ်ကြေးဘုရားလေးတစ်ဆူရှိပါသည်။ထိုဘုရားလေးကို ဘိုးတော်တစ်ပါးကတည်ထားခဲ့သည်ဟု ဆိုပါသည်။ဘုရား၏ခေါင်းလောင်းတွင် ဓ. ဓ. ဗ. ဝ အက္ခရာလေးလုံး ထိုးထားပါသည်။

ထိုဘုရားလေးသည် သာသနာရေးဦးစီးဌာန၊ ပုံနှိပ်တိုက်၏အနောက်ကျောဝင်း တံတိုင်းဘေး၊မြက်တောခြုံတောထဲတွင် နှစ်ပေါင်းများစွာ ပြုပြင်ထိန်းသိမ်းမည့်သူ မရှိဘဲ ရပ်တည်နေခဲ့ပါသည်။

၁၉၉၀-ပြည့်နောက်ပိုင်းတွင် ထိုဘုရားလေးသည်

ဘုန်းတန်ခိုးတောက်ပလာပြီး ထူးဆန်းအံ့ဩဖွယ်ကောင်းလောက်အောင်ပင် ဘုရားဖူးသူများ၊ပုတီးစိပ်သူများ၊တရားထိုင်သူများနှင့်စည်ကားသိုက်မြိုက်လာပြီး တောခြုံများပျောက်ကာ ကြွေပြားခင်း၊ အုတ်တံတိုင်း လျှပ်စစ်မီးတထိန်ထိန်ထွန်းညှိပူဇော်ထားခြင်းခံရသော စေတီလေးအဖြစ် ထင်ရှားလာခဲ့ပါသည်။

ထိုဘုရားလေးတွင် အဓိဋ္ဌာန်ဝင်ပုတီးစိပ်၍ စီးပွားရေးလုပ်ငန်းအောင်မြင်သူအတော်များများရှိပါသည်။ထိုအထဲတွင် စာရေးသူ၏မိတ်ဆွေတစ်ဦးဖြစ်သော ဦးမောင်မောင်အေးသည် အဓိဋ္ဌာန်ဝင်ပုတီးစိပ်ရာ အဓိဋ္ဌာန်အတိုင်းထူးခြားစွာအောင်မြင်လာသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ-

"ဆရာ---ဘုရားကဒီလိုထူးဆန်းအံ့ဩဖွယ်ကောင်းသောအကျိုးကျေးဇူးတွေကို ပေးနိုင်ပါသလား၊ကျွန်တော်ပုတီးစိပ်အောင်မြင်တာ တရားအကျင့်ကြောင့်လို့ထင်ပါတယ်၊ဘုရားကတော့ လုပ်ပေးနိုင်မှာမဟုတ်ဘူးလို့ထင်ပါတယ်၊ဆရာ့သဘောကော ဘယ်လိုဖြစ်ပါသလဲ ဆရာ"

ဟုမေးလာပါသည်။စာရေးသူက ဘုရားဂုဏ်၊တရားဂုဏ်၊သံဃာဂုဏ်တော်တို့အကျိုးကျေးဇူးများကို ရှင်းပြရပါ

သည်။မိမိသည်သာလျှင် မိမိအားကိုးရမည်၊ဘုရားက မိမိကိုယ်ကိုသာမိမိအားကိုးဘို့ဟောထားကြောင်း၊ကျင့်ရမည့်စနစ်သာလမ်းညွှန်ကြောင်း အသေးစိတ်ရှင်းပြရပါသည်။

"ဤကမ္ဘာကြီးမှာ ထူးဆန်းအံ့ဩဖွယ်ဖြစ်ရပ်တွေအများကြီးရှိတယ်လို့ ကျွန်တော်ကြားသိထားပါတယ် ဆရာ၊ ဘုရားပွင့်တော်မူဆဲကာလမှာကော ဒီလိုထူးဆန်းအံ့ဩဖွယ်ဖြစ်ရပ်ဆန်းတွေမပေါ်ခဲ့ဘူးလားဆရာ၊ပေါ်ခဲ့ရင်ကော ဘုရားကဘယ်လို ဟောပြောပြပါသလဲဆရာ"

ဟု မေးခွန်းထပ်မေးလာပါသည်။

ထိုဒုတိယမေးခွန်းအရ စာရေးသူက ဘုရားလက်ထက်ကလည်း ထူးဆန်းအံ့ဩဖွယ်ကောင်းသောဖြစ်ရပ်တွေဖြစ်ခဲ့ကြောင်း၊ ထိုဖြစ်ရပ်များနှင့်ပတ်သက်၍ဘုရားရှင်ကသိဒ္ဓိ-ဣဒ္ဓိတန်ခိုးတော်တွေအကြောင်းဟောပြောပြခဲ့ကြောင်းရှင်းပြရပါသည်။

ဦးမောင်အေး၏ထိုမေးခွန်းများကြောင့် စာရေးသူသည်ဤမည်သော ဗုဒ္ဓခေတ်အံ့ဖွယ်ဖြစ်ရပ်ဆန်းဘဝဇာတ်လမ်းများစာမူကို လောကီလောကုတ် ဗဟုသုတအကျိုးကိုလိုလားသူများအတွက် အယောက်အပံ့ရစေရန်၊ဗဟုသုတရစေရန်ရည်ရွယ်ပြီး ရေးသားပြုစုတင်ပြလိုက်ရပါသည်။

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ ဘီ-အေ)

ဤစာမူဖြစ်မြောက်ရေးအတွက် ဆွေးနွေးပေးသော ဓမ္မမိတ်ဆွေဦးမောင်အေးနှင့်စာမူဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီရေးပေးကြသောသမီးများနှင့် ဤစာအုပ်ထုတ်ဝေသူတို့အား အထူးကျေးဇူးတင်ရှိပါသည်။

ဦးကိုကိုမြိုင်
အမှတ်(၅၅)၊သုနန္ဒာ(၃)လမ်း
(စ)ရပ်ကွက်
မြောက်ဥက္ကလာပမြို့နယ်
ဖုန်း-၆၉၀၃၂၄

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ
(ဓမ္မာစရိယ ဘီအေ)

# အံ့ဖွယ်ထူးဆန်းဖြစ်ကြရသည်မှာ

လောကတွင် အံ့ဖွယ်ထူးဆန်းအဖြစ်ဆန်းများဖြစ်မှုသည် ကမ္ဘာဦးအစကတည်းက ယနေ့ပစ္စုပ္ပန်အထိဖြစ်ခဲ့ပြီး ဖြစ်နေဆဲဖြစ်လတ္တံ့တို့ ရှိနေခဲ့ပါသည်။

အံ့ဖွယ်ထူးဆန်းဖြစ်မှုနှင့်ပတ်သက်၍ မြန်မာတို့အယူအဆက တန်ခိုးကြီးဒွိပါတ်ကြောင့်ဖြစ်သည်၊ အတိတ်ဘဝ၊ ပစ္စုပ္ပန်ဘဝပြုလုပ်ခဲ့သော ကုသိုလ်ကံ-အကုသိုလ်ကံအကျိုးကြောင့် ဖြစ်သည်ဟု ယုံကြည်လက်ခံထားကြပါသည်။

ကောင်းသောအရာဘက်မှ အံ့မခန်းဖြစ်ရပ်ဆန်းများကိုတန်ခိုးကြွဒွိပါတ်ကြောင့်ဖြစ်သည်၊ အတိတ်ဘဝကုသိုလ်ကံ ပစ္စုပ္ပန်ဘဝအားထုတ်မှုကုသိုလ်ကံတို့ကြောင့် ဖြစ်သည်ဟု ခံယူကြသလို မကောင်းသောဘက်မှ အံ့မခန်းထူးဆန်းစွာဖြစ်

မှုကိုမူ အတိတ်ဘဝကပြုလုပ်ခဲ့သော အကုသိုလ်ကံ၊ယခုဘဝ ပြုလုပ်ခဲ့သော အကုသိုလ်ကံကြောင့် ဖြစ်ရသည်ဟု ခံယူ ယုံကြည်ထားကြပါသည်။

ဥပမာ-ဘုရားရှင်ကိုပြစ်မှား၍ ထူးဆန်းစွာ အရှင် လတ်လတ်မြေမျိုခံကြရသော ဒေဝဒတ်၊ ဖခင်သုပ္ပဗုဒ္ဓမင်း၊ စိဉ္စမာဏဝိကအမျိုးသမီး၊ဥပ္ပလဝဏ်ထေရီကိုစော်ကား၍ ချက်ချင်းထူးဆန်းစွာမြေမျိုခံရသော နန္ဒလုလင်၊နိရောဓ သမာပါတ်ဝင်စားနေသော ရှင်သာရိပုတ္တရာ၏ဦးခေါင်းကို ပုတ်ခတ်မိသော နန္ဒကဘီလူး၏ ချက်ချင်းထူးဆန်းစွာမြေမျို ခံရခြင်း၊ သောရေယျသူဌေးသား၏ ရှင်မဟာကစ္စည်းကို ပြစ်မှား၍ ချက်ချင်းထူးဆန်းစွာ မိန်းမဘဝသို့ ပြောင်းသွားရ ခြင်း စသည်များသည် အကုသိုလ်ပြုလုပ်မှုကြောင့် ထူးဆန်း စွာခံစားဖြစ်ပေါ်ခဲ့ရသော အကျိုးများဖြစ်ကြပါသည်။

တန်ခိုးကမ္ဘဒ္ဓိပါတ်နှင့်ပတ်သက်၍ မြန်မာတို့က "တန်ခိုးကမ္ဘဒ္ဓိပါတ်"ဟူ၍ဝေါဟာရကို တွဲစပ်သုံးနေသည်၊အမှန် မှာ "ကမ္ဘဒ္ဓိ"ဟူသောမာဂဓပေါဠိစကားကို "တန်ခိုး"ဟူ၍ မြန်မာ ဘာသာပြန်ဆိုထားခြင်း ဖြစ်ပါသည်။

'ကမ္ဘဒ္ဓိ'ကို စွမ်းရည်ဟူ၍လည်း ဘာသာပြန်ဆိုပါသည်။ 'ကမ္ဘဒ္ဓိ'အနက်ကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင်-

-ပြည့်စုံခြင်း

-အကျိုးကိုပြီးစေတတ်ခြင်း
-အကြွင်းသဘောဖြင့် သတ္တဝါတို့ကိုတိုးတက်ကြီးပွား စေခြင်း
-လွန်ကဲထူးမြတ်ခြင်း

ဤဖွင့်ဆိုချက်များအရ 'ကုသိုလ်'တန်ခိုးစွမ်းရည်သည် ပြီးစီးစေနိုင်သောအရာ၊ရရှိစေတတ်သောအရာ၊အကျိုးတရားဖြစ်ထွန်းစေရန်ခိုင်လုံသောအကြောင်း၊ လူကိုတိုးတက်စေသောအရာ၊လူကို အထက်တန်းရောက်စေလိုသောအရာ ဟူ၍ သိရပါသည်။

ဤတန်ခိုးများရရှိစေရန်နှင့်ပတ်သက်၍ ဆုတောင်းနေရုံမျှနှင့်မရနိုင်၊ အတတ်ပညာကို ကြိုးစားသင်ယူခြင်း၊ အကျင့်လမ်းစဉ်မှန်ကို ကြိုးစားအားထုတ်ကျင့်ကြံမှသာ ရနိုင်ပါသည်။

တန်ခိုး(ကုသိုလ်ပါဒ်)နှင့်ပတ်သက်၍ အဋ္ဌသာလိနီအဋ္ဌကထာ၌ တန်ခိုး(၁၀)မျိုးကို ခွဲခြားပြသထားသည်ကို တွေ့ရပါသည်။

## (၁) အဓိဋ္ဌာန်အစွမ်းဖြင့်ပြီးသောတန်ခိုး(အဓိဋ္ဌာနကုသိုလ်)

အဓိဋ္ဌာန်တည်ဆောက်ခြင်းဖြင့် သိဒ္ဓိပြီးမြောက်သူတို့သည် တစ်ယောက်မှအများ၊ အများမှတစ်ယောက် စသည်ဖြင့် ဖန်ဆင်းနိုင်ကြသည်။

ဥပမာ-ဘုရားရှင်၏တပည့် စူဠပန်မထေရ်သည် မိမိတစ်ပါးတည်းက ရဟန်းအများကို ဖန်ဆင်းပြသခဲ့သည်။

ထို့ပြင် တစ်ယောက်မှတစ်ယောက်သို့ ဆက်သွယ်ပေးနိုင်ခြင်း၊ အလိုဆန္ဒဖြည့်ပေးနိုင်ခြင်း စသည်များကို ပြုလုပ်ပေးနိုင်သော တန်ခိုးဖြစ်သည်။

## (၂) ရုပ်ပြောင်းရုပ်လွှဲတန်ခိုး(ဝိကုဗ္ဗနဣဒ္ဓိ)

မိမိကိုယ်ကိုယ်ရာမှကြီးပြခြင်း၊ ကြီးရာမှငယ်ပြခြင်းဟူသော ရုပ်ပြောင်းနိုင်ခြင်း၊ သူတစ်ပါးကိုလည်း လွှဲပြောင်းနိုင်ခြင်း၊ဆင်၊မြင်း၊နဂါး၊ဂဠုန် စသည်တို့ကိုဖန်ဆင်းပြနိုင်ခြင်း။

ဘုရားလက်ထက်က ရှင်ဒေဝဒတ်က အဇာတသတ်မင်းသားငယ်ကို မိမိကိုယ်ကိုမြွေငါးကောင်ခြံရံထားသော မင်းသားငယ်ကဲ့သို့ဖန်ဆင်းပြခြင်း၊ ရှင်မောဂ္ဂလ္လာန်ရဟန္တာမထေရ်မြတ်ကြီးက နန္ဒောပနန္ဒနဂါးမင်းကို နဂါးယောင်ဆောင်၍ ဖန်ဆင်းဆုံးမခြင်း၊ ရှင်ဥပဂုတ္တာက မာန်နတ်မင်းနှင့်အပြိုင် သတ္တဝါအမျိုးမျိုး ဖန်ဆင်းဆုံးမခြင်း စသည်များသည် ဤရုပ်ပြောင်းရုပ်လွှဲတန်ခိုးများ ဖြစ်ကြပါသည်။

ပုဂ္ဂိုလ်အမျိုးအစားမျိုးစုံကို ဖန်ဆင်းပြနိုင်သော တန်ခိုးဖြစ်ပါသည်။

(၃) အသိဉာဏ်အစွမ်းဖြင့်သီးခြားဖန်ဆင်းနိုင်သော တန်ခိုး(မနောမယဣဒ္ဓိ)

မိမိကိုယ်တွင်း၌ရှိသော အသိဉာဏ်စွမ်းဖြင့် သီးခြားဖန်ဆင်းနိုင်ခြင်း ဖြစ်ပါသည်။

ဥပမာ-ဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားဟောကြားစဉ် ဆွမ်းခံချိန်၌ ကိုယ်ပွားဟောထားခဲ့ကာ တရားဆက်လက်ဟောစေနိုင်သော တန်ခိုးမျိုးဖြစ်ပါသည်။

(၄) အရဟတ္တမဂ်အစွမ်းကြောင့်ဖြစ်သောတန်ခိုး (ဉာဏဝိပ္ဖါရဣဒ္ဓိ)

ရဟန္တာကေန်ဖြစ်မည်ဖြစ်ပါ၍ ပရိနိဗ္ဗာန်ပြုမည့်သူသည် အရဟတ္တဖိုလ်မရောက်မီနှင့် အရဟတ္တဖိုလ်မဂ်ခဏ၌မည်သည့်နည်းနှင့်မျှ အသက်မသေနိုင်သောတန်ခိုးဖြစ်သည်။

ဥပမာ-ရှင်ဗာဟုလမထေရ်လောင်းသည် ငယ်စဉ်ကာလကငါးမျိုခံရသော်လည်း နောက်ဆုံးဘဝဖြစ်မည့်သူဖြစ်၍အသက်မသေပါ၊သံကစ္စာသာမဏေသည်လည်း အလားတူပင် မထေရ်လောင်းအမိဝမ်းတွင်း၌ရှိစဉ် အမိသေ၍ မီးသင်္ဂြိုဟ်ခံရသော်လည်း အသက်မသေပါ။

ဤသို့သော သဘောရှိသောတန်ခိုးမျိုးဖြစ်ပါသည်။

## (၅) ဈာန်သမာဓိအစွမ်းကြောင့်ဖြစ်သောတန်ခိုး (သမာဓိဝိပ္ပါရဣဒ္ဓိ)

ပထမဈာန်သမာဓိသည် နိဝရဏကို ပယ်နိုင်သည်၊ ဒုတိယဈာန်၏အစွမ်းဖြင့် ပထမဈာန်ကိုကျော်နိုင်သည်။

ဤသို့ အထပ်ထပ်အခါခါအောက်မှနေ၍ အထက်သို့ကျော်နိုင်သော တန်ခိုးမျိုးဖြစ်သည်။

ထို့ပြင် ဘေးဒဏ်အမျိုးမျိုးကိုလည်း ခံနိုင်ရည်စွမ်းရှိပါသည်။ဥပမာ- အရှင်သာရိပုတ္တရာ နိရောဓသမာပါတ်ဝင်စားနေစဉ် ဘီလူးက ဦးခေါင်းကိုရိုက်ခွဲခဲ့သော်လည်း ခေါင်းမကွဲ၊ မည်သို့သောဒဏ်ရာမျှမရရှိခဲ့ချေ။

ဤသို့သော တန်ခိုးဣဒ္ဓိပါတ်မျိုး ဖြစ်ပါသည်။

## (၆) စိတ်ကိုအစိုးရသော ရဟန္တာတို့၌ဖြစ်သောတန်ခိုး (အရိယာဣဒ္ဓိ)

ကောင်းသောအာရုံ၌ မစွဲလမ်း၊ မတပ်မက်စေခြင်း၊ အကျိုးငှာ အသုဘ၊အနိစ္စစသည်တို့အား ဘာဝနာဖြင့်နှလုံးသွင်းပယ်ဖျောက်နိုင်ခြင်း။

အလိုမရှိအပ်သောအာရုံ၌ မေတ္တာဘာဝနာ၊ဓာတုကမ္မဋ္ဌာန်းစီးဖြန်းခြင်းဖြင့် အာရုံနောက်သို့ မပါအောင် ထိန်းထားနိုင်စွမ်းရှိသော ဘန်ခိုးမျိုးဖြစ်ပါသည်။

**(၇) ကံအစွမ်းကြောင့်ဖြစ်သောတန်ခိုး (ကမ္မဝိပါကဇဣဒ္ဓိ)**

-ကျေးငှက်အပေါင်းတို့ပျံသန်းနိုင်ခြင်း၊
-ကမ္ဘာဦးလူသားများ၊ နတ်ပြဟ္မာများ၊ကောင်းကင်၌ ပျံသန်းသွားလာနိုင်ခြင်းတို့သည် သမာဓိဝိပဿနာ စွမ်းရည်မပါဘဲ ကံအစွမ်းကြောင့်ဖြစ်သောတန်ခိုး များဖြစ်ကြပါသည်။

**(၈) ဘုန်းကံကြီးမားသူတို့၏အစွမ်းကြောင့်ဖြစ်သော တန်ခိုး(ပုညဝတဣဒ္ဓိ)**

စကြာဝတေးမင်းစသည်တို့ ကောင်းကင်သို့သွားလာ နိုင်ခြင်းစသော တန်ခိုးမျိုးဖြစ်သည်။

ကမ္မဝိပါကတန်ခိုးကို မွေးကတည်းကပါလာသည် မဟုတ်၊ရှေးကံအထောက်အပံ့ရ၍ ယခုဘဝ၌ ကုသိုလ်တရား များစွာအားထုတ်၍ ရလာသောတန်ခိုးမျိုးဖြစ်သည်။

**(၉) အတတ်ပညာကြောင့်ဖြစ်သောတန်ခိုး (ဝိဇ္ဇာမယဣဒ္ဓိ)**

ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်များ ကောင်းကင်၌ပျံသန်းနိုင်ခြင်း စသောတန်ခိုးများသည် အတတ်ပညာကြောင့်ဖြစ်သော

တန်ခိုးများ ဖြစ်ကြပါသည်။

စုန်းအတတ်ပညာ၊မှော်အတတ်ပညာများ၊ စူဠဂန္ဓာရီ၊ မဟာဂန္ဓာရီအတတ်များ မန္တန်ရွတ်ဖတ်မှုကြောင့် ဖြစ်ပေါ်လာသောတန်ခိုးများ ဖြစ်ပါသည်။

## (၁၀) ကောင်းစွာအားထုတ်ခြင်းကြောင့်ဖြစ်သောတန်ခိုး (သမ္မယောဂပစ္စယဣဒ္ဓိ)

သင့်လျော်သောတရားကို အားထုတ်ခြင်းကြောင့်လည်းကောင်း၊ပညာသင်ယူသဖြင့် တတ်မြောက်ပြီး အလိုရှိတိုင်းပြီးစေနိုင်သော တန်ခိုးမျိုးဖြစ်ပါသည်။

သမထဝိပဿနာတရားအားထုတ်၍ ဈာန်ရခြင်း၊ အရိယာပုဂ္ဂိုလ်ဖြစ်ခြင်း၊ လောကီအတတ်ပညာ၌ဝကီသလုလင်သည် ဆဝိသမန္တန်တတ်၍လူဦးခေါင်းခွံခေါက်ကြည့်က သေသူလားရာဂတိကိုသိခြင်း၊ ဥတေနမင်း ဆင်တို့ကိုခေါ်တတ်သော မန္တန်တတ်မြောက်ခြင်း စသည်များ ဖြစ်ကြပါသည်။

ထိုတန်ခိုးဣဒ္ဓိပါတ်(၁၀)မျိုးတို့တွင် ကြိုက်နှစ်သက်ရာ တန်ခိုးအမျိုးမျိုးရရှိစေရန်အတွက် ဗောဓိပက္ခိယတရား(၃၇)ပါးတွင် ပါဝင်သော အောက်ပါဣဒ္ဓိပါဒ်လေးပါးကိုကျင့်ကြံပွားများအားထုတ်ရန် လိုအပ်ပါသည်။

၁။ ဆန္ဒ =မိမိလိုလားချက်ကိုကြိုးစားအားထုတ်လိုသောအလိုရှိခြင်း

၂။ စိတ္တ =ပျံ့လွင့်မှုကင်းသောစိတ်ရှိခြင်း

၃။ ဝီရိယ =ပျင်းရိခြင်းမရှိ၊ကြိုးစားအားထုတ်ခြင်း

၄။ ဝီမံသ =အာရုံငါးပါး ကာမဂုဏ်တရား၌ ကပ်ငြိတွယ်တာခြင်းကင်းသော အသိပညာရှိခြင်း

ဤဣဒ္ဓိပါဒ်တရားလေးပါးကို လက်ကိုင်ထားပြီး မိမိကြိုက်နှစ်သက်ရာ တန်ခိုးဖြစ်စေကြောင်းတရားများကို ကြိုးစားအားထုတ်ရပါသည်။

ထိုတန်ခိုးဣဒ္ဓိပါဒ်ရရှိအောင် ဆောင်ရွက်လိုသောသူသည်-

-သမထလုပ်ငန်းတွင် တစ်ခုခုကိုစွဲမြဲစွာလုပ်ကိုင်နိုင်ရပါမည်

-အလုပ်၊ လုပ်ငန်းခွင်ဆိုင်ရာ နည်းစနစ်အရ ကောင်းမွန်မှန်ကန်စွာ လုပ်နိုင်ရပါမည်

ဤသို့ယုံ၍ လုံ့အောင်ကြိုးစားလုပ်ကိုင်ပါလျှင် မိမိလိုလားသောတန်ခိုး(ဣဒ္ဓိပါဒ်)များ ရနိုင်သည်ဟု ဆိုပါသည်။

တန်ခိုးဣဒ္ဓိပါဒ်အခြေခံလုပ်ငန်းခွင်တွင် အကောင်း-အဆိုးနှစ်မျိုးရှိတတ်ပါသည်။

အောက်လမ်းပညာကဲ့သို့သော လုပ်ငန်းကျင့်စဉ်များကို လုပ်ကိုင်ကျင့်လျှင် မကောင်းသောတန်ခိုးများရပေသည်၊

ဥပမာ-မှော်အတတ်ပညာများ၊အစိမ်းတိုက်၊ပုဏ္ဏကတိုက်စသည်များ ဖြစ်ကြသည်။

သံသရာလည်စေသော အထက်လမ်းဆိုသည့် ဝိဇ္ဇာလမ်း၊ဘိုးတော်လမ်းစဉ်များကို လိုက်စားကျင့်ကြံအားထုတ်ပါက သံသရာရှည်စေလိုသောတန်ခိုးကိုရပေမည်။

မဂ်ဖိုလ်နိဗ္ဗာန်ဟူသော ကောင်းသောလုပ်ငန်းကျင့်စဉ်ကိုကြိုးစားအားထုတ်လျှင် ကောင်းသောတန်ခိုးကိုရပေမည်။

ဤသို့လျှင် တန်ခိုးဣဒ္ဓိပါဒ်များသည် ပုဂ္ဂိုလ်ကွဲပြားခြားနားမှုအပေါ်မူတည်၍ အမျိုးမျိုးကွဲပြားခြားနားသည်ကိုတွေ့ရပါသည်။

ထိုတန်ခိုးရရှိမှုနှင့်ပတ်သက်၍ ရူပါဝစရပဥ္စမဈာန်ကိုအခြေခံ၍ လောကီအဘိညာဉ်(၅)ပါး (သို့မဟုတ်)(၇)ပါးကိုရအောင် ကြိုးစားအားထုတ်နိုင်ပါသည်။

အဘိညာဉ်ဆိုသည်မှာ အလွန်အကျူးအထူးသိသော ရူပါဝစရပဥ္စမဈာန်နှင့်ယှဉ်သော ဉာဏ်ကိုခေါ်ဆိုပါသည်။

အဘိညာဉ်(၅)ပါးရှိပါသည်-

၁။ဣဒ္ဓိဝိဓအဘိညာဉ် -တန်ခိုးအမျိုးမျိုးကိုဖန်ဆင်းနိုင်သောအဘိညာဉ်

၂။ဒိဗ္ဗစက္ခုအဘိညာဉ် -နတ်မျက်စိကဲ့သို့မြင်နိုင်သောအဘိညာဉ်

၃။ဒိဗ္ဗသောတအဘိညာဉ်-နတ်နားကဲ့သို့ကြားနိုင်သော
အဘိညာဉ်
၄။ပရစိတ္တဇာနအဘိညာဉ်-သူတစ်ပါး၏စိတ်အကြံကို
သိသောအဘိညာဉ်
၅။ပုဗ္ဗေနိဝါသနုဿတိ -ရှေးရှေးဘဝကိုပြန်ပြောင်းအောက်
အဘိညာဉ် မေ့စေနိုင်သောအဘိညာဉ်
၆။ယထာကမ္မူပဂ -ကံအားလျော်စွာ ထိုထိုဘုံ၌ဖြစ်ရ
အဘိညာဉ် သောသတ္တဝါများကိုမြင်နိုင်သည့်
-အဘိညာဉ်
၇။အနာဂတံသ -နောင်အနာဂါတ်ကာလ၌ဖြစ်လတ္တံ့
အဘိညာဉ် သောအကြောင်းအရာများကို
သိနိုင်သောအဘိညာဉ်

အဘိညာဉ်ငါးပါးဆိုသည်မှာ- ယထာကမ္မူပဂ အဘိညာဉ်နှင့်အနာဂတံသအဘိညာဉ်များသည် ဒိဗ္ဗစက္ခုအဘိညာဉ်နှင့်အလားတူ အဘိညာဉ်ငါးပါး ဟုဆိုပါသည်။

အချို့က အဘိညာဉ်(၆)ပါးဟု ဆိုရာဝယ် လောကုတ္တရာအဘိညာဉ်ဖြစ်သော အာသဝက္ခယအဘိညာဉ် အာသဝေါတရားလေးပါးတို့ကို ကုန်ခမ်းစေနိုင်သော အရဟတ္တမဂ်ဉာဏ်ကို ထည့်တွက်၍အဘိညာဉ်(၆)ပါး ဟု ဆိုကြပါသည်။

ဤအဘိညာဉ်ငါးပါးကိုရရှိအောင် အားထုတ်ကြိုးစားကြသောပုဂ္ဂိုလ်များ၊ ကုဒ္ဒိဆယ်ပါးကိုရအောင် ကြိုးစားအားထုတ်ကြသော ပုဂ္ဂိုလ်များသည် ဤလောကတွင် ထူးဆန်းအံ့ဖွယ်သော အဖြစ်အပျက်အကြောင်းအရာများကို ဖြစ်ပေါ်စေသည်သာ ဖြစ်ပါသည်။

**********

# မီးပုံတွင်းမှကြာပဒုမ္မာအလှျူရှင်

သီရိကုတ္တသူကြွယ်နှင့်ဂရဟဒိန္နသူကြွယ်- သူတို့နှစ်ဦးသည် သာဝတ္ထိပြည်သူကြွယ်လောက၌ ထင်ရှားကျော်ကြားသူများဖြစ်ကြသလို အလွန်ချစ်ခင်ရင်းနှီးပြီး ညီအကိုပမာ ကူလူးဆက်ဆံနေကြသော သူများလည်း ဖြစ်ကြသည်။

သူတို့နှစ်ဦးက တစ်ဦးနှင့်တစ်ဦးချစ်ခင်ကြသည်ကမှန်၏၊သို့သော် ယုံကြည်ကိုးကွယ်မှုနှင့်ပတ်သက်၍ကားတောင်နှင့်မြောက်ပမာ ဖြစ်နေကြသည်။

သီရိဂုတ္တကား -မြတ်စွာဘုရားရှင်ကိုဆရာအဖြစ်ထားသည်
ကိုးကွယ်ဆည်းကပ်သည်၊အားထား
ယုံကြည်သည်။

ဂရဟဒိန္နကား -နိဂဏ္ဌတက္ကတွန်းတို့ကို ဆရာအဖြစ်ထား

သည်၊ ကိုးကွယ်ဆည်းကပ်သည်၊ အားထား
ယုံကြည်သည်။

သူတို့နှစ်ဦးသည် ယုံကြည်ကိုးကွယ်အားထားမှုနှင့် ပတ်သက်၍တစ်ဦးကိုတစ်ဦး အစောပိုင်းက မည်သို့မျှမဝေဖန်ကြ၊မစည်းရုံးကြ၊ ကိုယ်ကြိုက်နှစ်သက်ရာကို ကိုယ်ပိုင်လွတ်လပ်ခွင့်ဖြင့် ကိုးကွယ်ဆည်းကပ်သည်၊ ပေးကမ်းလှူဒါန်းကြသည်။

သူ၏ယုံကြည်ချက်ကိုလည်း မပုတ်ခတ်၊ကိုယ်၏ယုံကြည်ချက်ကိုလည်း မဝေဖန်၊ သူငယ်ချင်းချစ်ခင်မှုကိုသာ အဓိကထားဆက်ဆံပြောဆိုနေထိုင်ခဲ့ကြသည်။

သို့သော် တစ်နေ့သောအချိန်တွင် နိဂဏ္ဌဆရာတို့က မိမိ၏ဒါယကာဂရဟာဒိန္နကို တိုက်တွန်းပြောကြားလာသည်။

"ဒါယကာ-သင်၏သူငယ်ချင်းအဖော်ဖြစ်သော သိရိဂုတ္တကို အဘယ့်ကြောင့် ရဟန်းဂေါတမကို မှီဝဲဆည်းကပ်စေပါသလဲ၊ရဟန်းဂေါတမကို ဆည်းကပ်မှီဝဲသဖြင့် ရဟန်းဂေါတမထံမှအသင့်သူငယ်ချင်း ဘာရရှိပါသလဲ၊ ငါတို့ကို မှီဝဲဆည်းကပ်သင့်သည် မဟုတ်ပါလော၊ငါတို့ကိုလည်း ပေးကမ်းလှူဒါန်းအပ်သည် မဟုတ်ပါလော၊အသင်သည် အသင်၏သူငယ်ချင်းကို ငါတို့ကို မှီဝဲဆည်းကပ်ဖို့၊ ပေးကမ်းလှူဒါန်းဖို့ ဆုံးမပြောကြားသင့်သည် မဟုတ်ပါလော၊အဘယ့်ကြောင့်

မပြောဘဲ နေရပါသလဲ”

ဤစကားကို နိဂဏ္ဍာတို့က မိမိ၏ဒါယကာတပည့်ဖြစ်သော ဂရဟဒိန္နကို ခဏခဏ တိုက်တွန်းမိန့်ကြား ပြောဆိုလာကြသည်။

ဂရဟဒိန္နသူကြွယ်သည် မိမိ၏ဆရာသမား နိဂဏ္ဍာတက္ကတွန်းတို့က တိုက်တွန်းပါများလာသော် မိမိ၏သူငယ်ချင်း သိရိဂုတ္တနှင့်တွေ့ဆုံစကားပြောမိတိုင်း ဆွေးနွေးတိုင်ပင်တိုင်း၊ မိမိဆရာသမားများကို ပေးကမ်းလှူဒါန်းရန် ဂေါတမဘုရားထံဆည်းကပ်သဖြင့် ဘာအကျိုးမှမရနိုင်တို့ကို တိုက်တွန်းပြောကြားလာသည်။

သူငယ်ချင်း၏တိုက်တွန်းပြောကြားလာသောစကားကို သိရိဂုတ္တသည တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် စသည့်ဖြင့်သည်းခံပြီး ဘာမျှပြန်မပြောဘဲ ဆိတ်ဆိတ်သာနေလေ့ရှိသည်

ဂရဟဒိန္နကလည်း လက်မလျှော့၊ အခွင့်ကြုံလျှင်ကြုံသလို ပြောဆိုတိုက်တွန်းလေသည်။

ကြာသော် သိရိဂုတ္တသည် ဂရဟဒိန္န၏တိုက်တွန်းစကားကို ငြီးငွေ့စိတ်ပျက်မိလေသည်။

သို့အတွက် တစ်နေ့တွင် ဂရဟဒိန္နကို မေးခွန်းပြန်လည်ထုတ်မေးလိုက်သည်။

“အဆွေ ဂရဟဒိန္န၊ သင်သည် ငါ့ကို ရဟန်းဂေါတမ

ကိုမိုဝဲဆည်းကပ်သဖြင့် အဘယ်သို့အကျိုးရှိသနည်း၊ အဘယ်သို့ရသနည်း၊ငါ၏ဆရာဖြစ်သော နိဂဏ္ဌတို့အား မှီဝဲဆည်းကပ်ပါလော့၊ပေးကမ်းပါလော့၊ဟု မပြတ်သာလျှင် ပြောဆိုနေသည်၊ အသင်၏ဆရာဖြစ်သော နိဂဏ္ဌတို့သည် အဘယ်ကိုသိပါသနည်း"

"အဆွေသီရိဂုတ္တ၊ ဤသို့မပြောပါလင့်၊တက္ကတွန်းတို့အားမသိသောအရာ မည်သည်မရှိ၊အလုံးစုံသော အတိတ်၊ ပစ္စုပ္ပန်၊ အနာဂါတ်တို့ကိုလည်းကောင်း၊အလုံးစုံသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကိုလည်းကောင်း၊ ဤအမှုသည် ဖြစ်လတံ့၊ ဤအမှုသည် မဖြစ်လတံ့သည်လည်းကောင်း၊ အလုံးစုံထိုက်သင့်သည်၊ မထိုက်သင့်သည်ကိုလည်းကောင်း သိကြပါကုန်၏"

"အဆွေဂရဟဒိန္န၊ သင်၏ဆရာ တက္ကတွန်းသည် အလုံးစုံကိုသိကုန်သည်ဆို မှန်ပါသလော"

"အဆွေသီရိဂုတ္တ၊ ငါ၏ဆရာများအလုံးစုံသိသည်မှာ မှန်ပါသည်"

"အဆွေဂရဟဒိန္န၊အသင်ဝန်ခံသည့်အတိုင်းမှန်က အသင်သည် ရှေးကထဲကငါ့ကိုပြောပြသင့်သည်၊ယခုမှသင်ပြောလေသည်၊ယခု သင်ပြောပြသောကြောင့် သင့်ဆရာများ၏ဉာဏ်စွမ်းအာနုဘော်ကို ငါသိရလေပြီ၊အဆွေ--သင်၏

ဆရာများကို သွားဖိတ်ပါ၊နက်ဖြန်ဆွမ်းကို ငါပေးလှူပါမည်”

အဆွေ-ကောင်းပါပြီ၊ ဖိတ်ပေးပါမည်၊ သင်က ငါ့၏ ဆရာများကို ပင့်ဖိတ်သည့်အတွက် ဝမ်းမြောက်မိပါသည်”

ဂရုဟာဒိန္နသည် ထိုသို့ဝမ်းမြောက်ဝမ်းသာပြောဆိုပြီး မိမိ၏ဆရာ နိဂဏ္ဌတက္ကတွန်းကိုနေရာ ကျောင်းသို့သွားပြီး သီရိဂုတ္တ၏ဆွမ်းစာဖိတ်ကြောင်းကို လျှောက်ထားလေသည်။

“ဒါယကာ-သီရိဂုတ္တကိုယ်တိုင်က ဖိတ်ကြားတာ ဟုတ်ပါရဲ့လား”

“အရှင်ဘုရား-မှန်ပါသည်”

ထိုစကားကိုကြားရသော နိဂဏ္ဌတို့သည် အလွန်ပင် ရွှင်လန်းဝမ်းမြောက်ကြ၍-

“ငါတို့အလိုဆန္ဒပြည့်လေပြီ၊ သီရိဂုတ္တသူကြွယ်သာ ငါတို့ကိုကြည်ညိုကိုးကွယ်လာခဲ့သော် ငါတို့၏အလိုဆန္ဒများ အဘယ်မှာ မပြည့်စုံဘဲရှိပါတော့အံ့နည်း”

ဥဒါန်းကျူးရင့် စကားဆိုကြလေသည်။

သီရိဂုတ္တသူကြွယ်၏အိမ်သည်ကား ကြီးကျယ်ခမ်း နား၏၊ကျယ်ဝန်းလှ၏၊သီရိဂုတ္တသည် အိမ်ရောက်လျှင်ရောက် ခြင်း အိမ်နှလုံးအကူးကြားဝယ် နှစ်ဘက်အလျားကျယ်ရှည် သော တွင်းကိုတူးစေသည်။

-တွင်းထဲ၌ မစင်ပုပ်များထည့်ထားသည်

-တွင်း၏အပ နှစ်ဘက်သောအစွန်းတို့၌ သစ်ငုတ်ကိုရိုက်စေပြီး ထိုသစ်ငုတ်တို့၌ ကြိုးတို့ကိုဖွဲ့ချည်ထားသည်
-တွင်းအပေါ်၌နေရာခင်းသောအခါ ရှေ့ခြေကိုတွင်း၏ရှေ့နှုတ်ခမ်းစပ်၌ ထိရုံမျှတည်စေသည်၊နောက်ခြေကို ကြိုးပေါ်၌တပ်ထားသည်
-ကြိုးကိုဆွဲလိုက်ပါက ထိုင်နေသူများ ဂွမ်းထိုးမှောက်ခုံ တွင်းထဲသို့ထိုးကျစေရန် စီမံထားခြင်း ဖြစ်ပါသည်။
-တွင်းမှန်းမသိအောင် အပေါ်ကပုဆိုးဖြူအထပ်ထပ်ဖြင့် ခင်းကျင်းထားသည်၊ ထို့နောက်စရည်းအိုးကြီးများကိုဆေးကြောကာ အပေါ်အိုးဝကို ငှက်ပျောရွက်တို့ဖြင့် လည်းကောင်း၊ အဝတ်ဖြူတို့ဖြင့်လည်းကောင်း ဖုံးအုပ်ထားသည်။
-အိုး၏အတွင်း၌ကား ဘာမျှထည့်မထားချေ။

အိမ်၏နောက်ဖေး၌ ယာဂု၊ထမင်းလုံး၊ထောပတ်သီးများ၊တင်းလဲမုန့်များဖြင့် အလိမ်းလိမ်းပေကျံနေသည့် သဘောပြုလုပ်ထားသည်။

ဂရဟာဒိန္နသူကြွယ်သည် နောက်နေ့စောစောတွင် သီရိဂုတ္တအိမ်သို့ရောက်လာပြီး-

"အရှင်တို့အား ကျွေးမွေးဖို့ပြုလုပ်ပြီးပြီလော"

ဟု မေးသည်။

"အဆွေ-စီရင်ပြီးပါပြီ"

သီရိဂုတ္တက ဤသို့ပြောကြားပြီးလျှင် စီရင်ထားသော များစွာသောအိုးစရည်းတို့ကို လက်ညှိုးထိုးပြကာ-

-ဤစရည်းအိုးတို့၌ ယာဂုကိုစီရင်ထားသည်
-ဤစရည်းအိုးတို့၌ ထမင်းကိုစီရင်ထားသည်
-ဤစရည်းအိုးတို့၌ ထောပတ်တင်လဲသကာမုန့်တို့ကို စီရင်ထားသည်
-ဤနေရာ၌ ထိုင်ရန် ခင်ကျင်းထားပါသည်

ဟု အလုံးစုံပြောပြသည်။

မကြာခင်ပင် နိဂဏ္ဌငါးရာတို့သည်ကြွလာကြသည်၊ ထိုနိဂဏ္ဌတို့ကြွလာသည်ကိုမြင်သောအခါ သီရိဂုတ္တသည် အိမ်ပေါက်ဝမှထွက်၍ ထိခြင်းငါးပါးဖြင့်ရှိခိုးပြီးလျှင် ထိုတက္က တွန်းတို့၏ရှေ့မှလက်အုပ်ချီကာရပ်တည်နေပြီး ကြံစည်နေ သည်မှာ-

"အသင်တို့သည်-အတိတ်၊အနာဂါတ် အစရှိသည် ဖြင့်အလုံးစုံကိုသိမြင်နိုင်သည်၊သင်တို့၏အလုပ်အကျွေးဖြစ် သော ငါ၏အဆွေသည် ပြောဆိုအပ်၏၊ထိုပြောဆိုတိုင်း သင် တို့သည် ထိုအလုံးစုံကို အကယ်၍သိကုန်သည်မှန်ငြားအံ့၊ ငါ့အိမ်ထဲသို့ဝင်မကြွလာကုနလင့်၊ အိမ်၌ အသင်တို့အား ပြုစု ပေးကမ်းကျွေးမွေးဖွယ်ရာဖြစ်သော ယာဂု၊ထမင်းစသည်တို့ သည် တစ်စုံတစ်ရာမျှ မရှိပါချေ၊အသင်တို့သည် မသိသော

ကြောင့်သာကြွဝင်ကုန်သည်ဖြစ်အံ့၊ မစင်ပုပ်တွင်းသို့ကျစေ ပြီး ဆုံးဖြတ်ခြင်းကို ဖြစ်စေအံ့"
ဟု ကြံစည်မိလေသည်။

ထိုခဏမှာပင် မိမိ၏အမှုလုပ်တို့ကို တိုးတိုးတိတ် တိတ်နှင့်-

"အသင်တို့-ထိုတက္ကတွန်းတို့ ထိုင်နေသောအခါ နောက်ကရပ်နေကြပြီး အပေါ်ကခင်းထားသောပုဆိုးတို့ကို ဆွဲဖယ်ကြပါ၊အခင်းများကို မစင်များလုံးဝမပေစေနှင့်"
ဟု မှာကြားထားလေသည်။

"အရှင်တို့-ဤအရပ်ဖြင့်ကြွပင်ကြပါကုန်လော့"
ဟု ပင့်ဖိတ်သည်။

ထိုင်ရန်နေရာရောက်သောအခါ တက္ကတွန်းများက ထိုင်ရန်လုပ်ကြသည်။

"အရှင်တို့-ခဏစောင့်ကြပါဦး"
ဟု အစောင့်တို့က တားမြစ်ကြသည်။

"အဘယ့်ကြောင့်ပါလဲ"

"အကျွန်ုပ်တို့အိမ်သို့ဝင်ရောက်ကုန်သောအရှင်တို့ အားထိုင်နေအပ်သော ဝတ္တရားကိုသိ၍ ထိုင်အပ်ပါသည်"

"ဒါယကာ အဘယ်သို့ပြုခြင်းငှာ အပ်ပါသလဲ"

"အရှင်ဘုရားတို့ မိမိတို့ထိုင်ရမည့်နေရာ၌ တန်းစီ

နေရာယူပြီးမှ အလုံးစုံသောအရှင်တို့သည် တပြိုင်နက်ထဲ ထိုင်စေလိုပါသည်”

(ဤသည်မှာ ရှေးဦးစွာတစ်ပါးတည်းဝင်ထိုင်၍ တွင်းထဲသို့ ကျသွားပါက နောက်ပုဂ္ဂိုလ်များ ဝင်မထိုင်ဘဲ ထွက်ပြေးမည်ကိုစိုး၍ ဤကဲ့သို့စီစဉ်ကြခြင်း ဖြစ်ပါသည်။)

“ကောင်းပါပြီ၊ သင်ဒါယကာတို့ဆိုသည့်အတိုင်း ငါတို့ပြုပါမည်”

ထို့နောက် နိဂဏ္ဌာတို့သည် မိမိတို့ထိုင်ရမည့်နေရာထိပ်အသီးသီး၌ ရပ်တန့်နေရာယူကြသည်။

“အရှင်ဘုရားတို့သည် တစ်ပြိုင်နက်တည်းသာလျှင် ထိုင်ကြပါကုန်လော့”

ဟု အလုပ်သမားတို့က လျှောက်ထားကြသည်။

နိဂဏ္ဌာတို့သည်လည်း တပြိုင်နက်တည်း ဝင်ထိုင်ကြသည်၊အလုပ်သမားတို့က အခင်းများကို ဆွဲယူသိမ်းလိုက်ကြသည်၊ ထိုခဏမှာပင် ကြိုးပေါ်မှအခင်းများက လျှော့ကျသွားလေရာ တက္ကတွန်းများအားလုံး ဦးခေါင်းဇောက်ထိုး တွင်းထဲသို့ကျကုန်ကြလေသည်။

သိရိဂုတ္တသူကြွယ်သည် တက္ကတွန်းတို့ မစင်တွင်းထဲသို့ကျကုန်သောအခါ ဝင်းတံခါး၊ အိမ်တံခါးတို့ကို ပိတ်ထားလိုက်သည်။

တွင်းထဲမှတက်လာကုန်သော တက္ကတွန်းတို့ကို-

"အသင်တို့သည် အတိတ်၊ပစ္စုပ္ပန်၊အနာဂတ်တို့ကို သိသည်ဟု ဝန်ခံပြောဆိုလျက် အဘယ့်ကြောင့်မသိကြပါသနည်း"

ဟု ကြိမ်းမောင်းပြောဆိုကာ ရိုက်နှက်မှုပြုကြသည်။

တက္ကတွန်းတို့အတွက် ပြေးပေါက်လမ်းတစ်လမ်းသာ ပြုလုပ်ထားပြီး ထိုပြေးလမ်းတွင်လည်း ချော်လဲစေနိုင်သော ချော်ရည်များ လိမ်းကျံထားသည်။

တက္ကတွန်းများသည် ထိုပြေးပေါက်လမ်းမှထွက်ပြေးကြရာ လမ်းတွင် ချော်လဲပြိုကွဲ လဲကျလေသည်။

ထိုလဲကျသော တက္ကတွန်းများကို သီရိဂုတ္တ၏အမှုလုပ်တို့က ရိုက်နှက်ကြပြန်လေသည်။

"ဤဒါယကာသည် ငါတို့အား နှိပ်စက်ဖျက်ဆီးလေသည်"

ဟု တက္ကတွန်းများသည် ငိုကြွေးမြည်တမ်းကြရင်း မိမိတို့အလုပ်အကျွေးဖြစ်သော ဂရဟဒိန္နသူကြွယ်အိမ်၏ တံခါးဝသို့သွားရောက်ကြလေသည်။

ဂရဟဒိန္နသည် ရုပ်ပျက်ဆင်းပျက်နှင့်မိမိအိမ်ရှေ့ တံခါးဝသို့ရောက်လာသော မိမိ၏ဆရာများကို တွေ့ရသောအခါ အကျိုးအကြောင်းကိုမေးသည်။

## (၇) ကံအစွမ်းကြောင့်ဖြစ်သောတန်ခိုး (ကမ္မဝိပါကဇဣဒ္ဓိ)

-ကျေးငှက်အပေါင်းတို့ပျံသန်းနိုင်ခြင်း၊
-ကမ္ဘာဦးလူသားများ၊ နတ်ဗြဟ္မာများ၊ကောင်းကင်၌ ပျံသန်းသွားလာနိုင်ခြင်းတို့သည် သမထဝိပဿနာ စွမ်းရည်မပါဘဲ ကံအစွမ်းကြောင့်ဖြစ်သောတန်ခိုး များဖြစ်ကြပါသည်။

## (၈) ဘုန်းကံကြီးမားသူတို့၏အစွမ်းကြောင့်ဖြစ်သော တန်ခိုး(ပုညဝတဣဒ္ဓိ)

စကြာဝတေးမင်းစသည်တို့ ကောင်းကင်သို့သွားလာ နိုင်ခြင်းစသော တန်ခိုးမျိုးဖြစ်သည်။

ကမ္မဝိပါကတန်ခိုးကို မွေးကတည်းကပါလာသည် မဟုတ်၊ရှေးကံအထောက်အပံ့ရ၍ ယခုဘဝ၌ ကုသိုလ်တရား များစွာအားထုတ်၍ ရလာသောတန်ခိုးမျိုးဖြစ်သည်။

## (၉) အတတ်ပညာကြောင့်ဖြစ်သောတန်ခိုး (ဝိဇ္ဇာမယဣဒ္ဓိ)

ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်များ ကောင်းကင်၌ပျံသန်းနိုင်ခြင်း စသောတန်ခိုးများသည် အတတ်ပညာကြောင့်ဖြစ်သော

တန်ခိုးများ ဖြစ်ကြပါသည်။

စုန်းအတတ်ပညာ၊မှော်အတတ်ပညာများ၊ စူဠဂန္ဓာရီ၊ မဟာဂန္ဓာရီအတတ်များ မန္တန်ရွတ်ဖတ်မှုကြောင့် ဖြစ်ပေါ်လာသောတန်ခိုးများ ဖြစ်ပါသည်။

## (၁၀) ကောင်းစွာအားထုတ်ခြင်းကြောင့်ဖြစ်သောတန်ခိုး (သမ္မာပယောဂပစ္စယဣဒ္ဓိ)

သင့်လျော်သောတရားကို အားထုတ်ခြင်းကြောင့်လည်းကောင်း၊ပညာသင်ယူသဖြင့် တတ်မြောက်ပြီး အလိုရှိတိုင်းပြီးစေနိုင်သော တန်ခိုးမျိုးဖြစ်ပါသည်။

သမထဝိပဿနာတရားအားထုတ်၍ စျာန်ရခြင်း၊ အရိယာပုဂ္ဂိုလ်ဖြစ်ခြင်း၊ လောကီအတတ်ပညာ၌ဝင်္ကီသလုလင်သည် ဆဝိသမန္တန်တတ်၍လူဦးခေါင်းခွံခေါက်ကြည့်က သေသူလားရာဂတိကိုသိခြင်း၊ ဥတေနမင်း ဆင်တို့ကိုခေါ်တတ်သော မန္တန်တတ်မြောက်ခြင်း စသည်များ ဖြစ်ကြပါသည်။

ထိုတန်ခိုးဣဒ္ဓိပါတ်(၁၀)မျိုးတို့တွင် ကြိုက်နှစ်သက်ရာ တန်ခိုးအမျိုးမျိုးရရှိစေရန်အတွက် ဗောဓိပက္ခိယတရား (၃၇)ပါးတွင် ပါဝင်သော အောက်ပါဣဒ္ဓိပါဒ်လေးပါးကို ကျင့်ကြံပွားများအားထုတ်ရန် လိုအပ်ပါသည်။

၁။ ဆန္ဒ =မိမိလိုလားချက်ကိုကြိုးစားအားထုတ်လို သောအလိုရှိခြင်း

၂။ စိတ္တ =ပျံ့လွင့်မှုကင်းသောစိတ်ရှိခြင်း

၃။ ဝီရိယ =ပျင်းရိခြင်းမရှိ၊ကြိုးစားအားထုတ်ခြင်း

၄။ ဝီမံသ =အာရုံငါးပါး ကာမဂုဏ်တရား၌ ကပ်ငြိ တွယ်တာခြင်းကင်းသော အသိပညာရှိခြင်း

ဤဣဒ္ဓိပါဒ်တရားလေးပါးကို လက်ကိုင်ထားပြီး မိမိကြိုက်နှစ်သက်ရာ တန်ခိုးဖြစ်စေကြောင်းတရားများကို ကြိုးစားအားထုတ်ရပါသည်။

ထိုတန်ခိုးဣဒ္ဓိပါဒ်ရရှိအောင် ဆောင်ရွက်လိုသောသူသည်-

-သမထလုပ်ငန်းတွင် တစ်ခုခုကိုစွဲမြဲစွာလုပ်ကိုင်နိုင်ရပါမည်

-အလုပ်၊ လုပ်ငန်းခွင်ဆိုင်ရာ နည်းစနစ်အရ ကောင်းမွန်မှန်ကန်စွာ လုပ်နိုင်ရပါမည်

ဤသို့ယုံ၍ လုံအောင်ကြိုးစားလုပ်ကိုင်ပါလျှင် မိမိလိုလားသောတန်ခိုး(ဣဒ္ဓိပါဒ်)များ ရနိုင်သည်ဟု ဆိုပါသည်။

တန်ခိုးဣဒ္ဓိပါဒ်အခြေခံလုပ်ငန်းခွင်တွင် အကောင်း-အဆိုးနှစ်မျိုးရှိတတ်ပါသည်။

အောက်လမ်းပညာကဲ့သို့သော လုပ်ငန်းကျင့်စဉ်များကို လုပ်ကိုင်ကျင့်လျှင် မကောင်းသောတန်ခိုးများရပေသည်၊

ဥပမာ-မှော်အတတ်ပညာများ၊အစိမ်းတိုက်၊ပုဏ္ဏကတိုက်စသည်များ ဖြစ်ကြသည်။

သံသရာလည်စေသော အထက်လမ်းဆိုသည့် ဝိဇ္ဇာလမ်း၊ဘိုးတော်လမ်းစဉ်များကို လိုက်စားကျင့်ကြံအားထုတ်ပါက သံသရာရှည်စေလိုသောတန်ခိုးကိုရပေမည်။

မဂ်ဖိုလ်နိဗ္ဗာန်ဟူသော ကောင်းသောလုပ်ငန်းကျင့်စဉ်ကိုကြိုးစားအားထုတ်လျှင် ကောင်းသောတန်ခိုးကိုရပေမည်။

ဤသို့လျှင် တန်ခိုးဣဒ္ဓိပါဒ်များသည် ပုဂ္ဂိုလ်ကွဲပြားခြားနားမှုအပေါ်မူတည်၍ အမျိုးမျိုးကွဲပြားခြားနားသည်ကိုတွေ့ရပါသည်။

ထိုတန်ခိုးရရှိမှုနှင့်ပတ်သက်၍ ရူပါဝစရပဥ္စမစျာန်ကိုအခြေခံ၍ လောကီအဘိညာဉ်(၅)ပါး (သို့မဟုတ်)(၇)ပါးကိုရအောင် ကြိုးစားအားထုတ်နိုင်ပါသည်။

အဘိညာဉ်ဆိုသည်မှာ အလွန်အကျူးအထူးသိသောရူပါဝစရပဥ္စမစျာန်နှင့်ယှဉ်သော ဉာဏ်ကိုခေါ်ဆိုပါသည်။

အဘိညာဉ်(၅)ပါးရှိပါသည်-

၁။ဣဒ္ဓိဝိဓအဘိညာဉ် -တန်ခိုးအမျိုးမျိုးကိုဖန်ဆင်းနိုင်သောအဘိညာဉ်

၂။ဒိဗ္ဗစက္ခုအဘိညာဉ် -နတ်မျက်စိကဲ့သို့မြင်နိုင်သောအဘိညာဉ်

၃။ဒိဗ္ဗသောတအဘိညာဉ်-နတ်နားကဲ့သို့ကြားနိုင်သော
အဘိညာဉ်

၄။ပရစိတ္တဇာနအဘိညာဉ်-သူတစ်ပါး၏စိတ်အကြံကို
သိသောအဘိညာဉ်

၅။ပုဗ္ဗေနိဝါသနုဿတိ အဘိညာဉ် -ရှေးရှေးဘဝကိုပြန်ပြောင်းအောက်မေ့စေနိုင်သောအဘိညာဉ်

၆။ယထာကမ္မူပဂ အဘိညာဉ် -ကံအားလျော်စွာ ထိုထိုဘုံ၌ဖြစ်ရသောသတ္တဝါများကိုမြင်နိုင်သည့်အဘိညာဉ်

၇။အနာဂတံသ အဘိညာဉ် -နောင်အနာဂါတ်ကာလ၌ဖြစ်လတ္တံ့သောအကြောင်းအရာများကိုသိနိုင်သောအဘိညာဉ်

အဘိညာဉ်ငါးပါးဆိုသည်မှာ- ယထာကမ္မူပဂ အဘိညာဉ်နှင့်အနာဂတံသအဘိညာဉ်များသည် ဒိဗ္ဗစက္ခုအဘိညာဉ်နှင့်အလားတူ အဘိညာဉ်ငါးပါး ဟုဆိုပါသည်။

အချို့က အဘိညာဉ်(၆)ပါးဟု ဆိုရာဝယ် လောကုတ္တရာအဘိညာဉ်ဖြစ်သော အာသဝက္ခယအဘိညာဉ် အာသဝေါတရားလေးပါးတို့ကို ကုန်ခမ်းစေနိုင်သော အရဟတ္တမဂ်ဉာဏ်ကို ထည့်တွက်၍အဘိညာဉ်(၆)ပါး ဟု ဆိုကြပါသည်။

ဤအဘိညာဉ်ငါးပါးကိုရရှိအောင် အားထုတ်ကြိုးစားကြသောပုဂ္ဂိုလ်များ၊ ကသိဏ်ဆယ်ပါးကိုရအောင် ကြိုးစားအားထုတ်ကြသော ပုဂ္ဂိုလ်များသည် ဤလောကတွင် ထူးဆန်းအံ့ဖွယ်သော အဖြစ်အပျက်အကြောင်းအရာများကို ဖြစ်ပေါ်စေသည်သာ ဖြစ်ပါသည်။

*********

# မီးပုံတွင်းမှကြာပဒုမ္မာအလှူရှင်

သီရိကုတ္တသူကြွယ်နှင့်ဂရဟဒိန္နသူကြွယ်- သူတို့နှစ်ဦးသည် သာဝတ္ထိပြည်သူကြွယ်လောက၌ ထင်ရှားကျော်ကြားသူများဖြစ်ကြသလို အလွန်ချစ်ခင်ရင်းနှီးပြီး ညီအကိုပမာ ကူလူးဆက်ဆံနေကြသော သူများလည်း ဖြစ်ကြသည်။

သူတို့နှစ်ဦးက တစ်ဦးနှင့်တစ်ဦးချစ်ခင်ကြသည်က မှန်၏၊သို့သော် ယုံကြည်ကိုးကွယ်မှုနှင့်ပတ်သက်၍ကား တောင်နှင့်မြောက်ပမာ ဖြစ်နေကြသည်။

သီရိဂုတ္တကား -မြတ်စွာဘုရားရှင်ကိုဆရာအဖြစ်ထားသည်
ကိုးကွယ်ဆည်းကပ်သည်၊အားထား
ယုံကြည်သည်။

ဂရဟဒိန္နကား -နိဂဏ္ဌတက္ကတွန်းတို့ကို ဆရာအဖြစ်ထား

သည်၊ ကိုးကွယ်ဆည်းကပ်သည်၊ အားထား
ယုံကြည်သည်။

သူတို့နှစ်ဦးသည် ယုံကြည်ကိုးကွယ်အားထားမှုနှင့် ပတ်သက်၍တစ်ဦးကိုတစ်ဦး အစောပိုင်းက မည်သို့မျှမဝေဖန်ကြ၊မစည်းရုံးကြ၊ ကိုယ်ကြိုက်နှစ်သက်ရာကို ကိုယ်ပိုင်လွတ်လပ်ခွင့်ဖြင့် ကိုးကွယ်ဆည်းကပ်သည်၊ ပေးကမ်းလှူဒါန်းကြသည်။

သူ၏ယုံကြည်ချက်ကိုလည်း မပုတ်ခတ်၊ကိုယ်၏ယုံကြည်ချက်ကိုလည်း မဝေဖန်၊ သူငယ်ချင်းချစ်ခင်မှုကိုသာ အဓိကထားဆက်ဆံပြောဆိုနေထိုင်ခဲ့ကြသည်။

သို့သော် တစ်နေ့သောအချိန်တွင် နိဂဏ္ဌာဆရာတို့က မိမိ၏ဒါယကာဂရုဟဒိန္နကို တိုက်တွန်းပြောကြားလာသည်။

"ဒါယကာ-သင်၏သူငယ်ချင်းအပေါ်ဖြစ်သော သိရိဂုတ္တကို အဘယ့်ကြောင့် ရဟန်းဂေါတမကို မှီဝဲဆည်းကပ်စေပါသလဲ၊ရဟန်းဂေါတမကို ဆည်းကပ်မှီဝဲသဖြင့် ရဟန်းဂေါတမထံမှအသင့်သူငယ်ချင်း ဘာရရှိပါသလဲ၊ ငါတို့ကို မှီဝဲဆည်းကပ်သင့်သည် မဟုတ်ပါလော၊ငါတို့ကိုလည်း ပေးကမ်းလှူဒါန်းအပ်သည် မဟုတ်ပါလော၊အသင်သည် အသင်၏ သူငယ်ချင်းကို ငါတို့ကို မှီဝဲဆည်းကပ်ဖို့၊ ပေးကမ်းလှူဒါန်းဖို့ ဆုံးမပြောကြားသင့်သည် မဟုတ်ပါလော၊အဘယ့်ကြောင့်

မပြောဘဲ နေရပါသလဲ”

ဤစကားကို နိဂဏ္ဌာတို့က မိမိ၏ဒါယကာတပည့်ဖြစ်သော ဂရဟာဒိန္နကို ခဏခဏ တိုက်တွန်းမိန့်ကြား ပြောဆိုလာကြသည်။

ဂရဟာဒိန္နသူကြွယ်သည် မိမိ၏ဆရာသမား နိဂဏ္ဌာတက္ကတွန်းတို့က တိုက်တွန်းပါများလာသော် မိမိ၏သူငယ်ချင်း သီရိဂုတ္တနှင့်တွေ့ဆုံစကားပြောမိတိုင်း ဆွေးနွေးတိုင်ပင်တိုင်း၊ မိမိဆရာသမားများကို ပေးကမ်းလှူဒါန်းရန် ဂေါတမဘုရားထံဆည်းကပ်သဖြင့် ဘာအကျိုးမှမရနိုင်တို့ကို တိုက်တွန်းပြောကြားလာသည်။

သူငယ်ချင်း၏တိုက်တွန်းပြောကြားလာသောစကားကို သီရိဂုတ္တသည တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် စသည့်ဖြင့်သည်းခံပြီး ဘာမျှပြန်မပြောဘဲ ဆိတ်ဆိတ်သာနေလေ့ရှိသည်

ဂရဟာဒိန္နကလည်း လက်မလျှော့၊ အခွင့်ကြုံလျှင်ကြုံသလို ပြောဆိုတိုက်တွန်းလေသည်။

ကြာသော် သီရိဂုတ္တသည် ဂရဟာဒိန္န၏တိုက်တွန်းစကားကို ငြီးငွေ့စိတ်ပျက်မိလေသည်။

သို့အတွက် တစ်နေ့တွင် ဂရဟာဒိန္နကို မေးခွန်းပြန်လည်ထုတ်မေးလိုက်သည်။

“အဆွေ ဂရဟာဒိန္န၊ သင်သည် ငါ့ကို ရဟန်းဂေါတမ

ကိုမှီဝဲဆည်းကပ်သဖြင့် အဘယ်သို့အကျိုးရှိသနည်း၊ အဘယ်သို့ရသနည်း၊ငါ၏ဆရာဖြစ်သော နိဂဏ္ဌာတို့အား မှီဝဲဆည်းကပ်ပါလော့၊ပေးကမ်းပါလော့၊ဟု မပြတ်သာလျှင် ပြောဆိုနေသည်၊ အသင်၏ဆရာဖြစ်သော နိဂဏ္ဌာတို့သည် အဘယ်ကိုသိပါသနည်း"

"အဆွေသီရိဂုတ္တ၊ ဤသို့မပြောပါလင့်၊တက္ကတွန်းတို့အားမသိသောအရာ မည်သည်မရှိ၊အလုံးစုံသော အတိတ်၊ ပစ္စုပ္ပန်၊ အနာဂါတ်တို့ကိုလည်းကောင်း၊အလုံးစုံသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကိုလည်းကောင်း၊ ဤအမှုသည်ဖြစ်လတံ့၊ ဤအမှုသည် မဖြစ်လတံ့သည်လည်းကောင်း၊ အလုံးစုံထိုက်သင့်သည်၊ မထိုက်သင့်သည်ကိုလည်းကောင်း သိကြပါကုန်၏"

"အဆွေဂရဟဒိန္န၊ သင်၏ဆရာ တက္ကတွန်းသည် အလုံးစုံကိုသိကုန်သည်ဆို မှန်ပါသလော"

"အဆွေသီရိဂုတ္တ၊ ငါ၏ဆရာများအလုံးစုံသိသည်မှာမှန်ပါသည်"

"အဆွေဂရဟဒိန္န၊အသင်ဝန်ခံသည့်အတိုင်းမှန်ကအသင်သည် ရှေးကထဲကငါ့ကိုပြောပြသင့်သည်၊ယခုမှသင်ပြောလေသည်၊ယခု သင်ပြောပြသောကြောင့် သင့်ဆရာများ၏ဉာဏ်စွမ်းအာနုဘော်ကို ငါသိရလေပြီ၊အဆွေ--သင်၏

ဆရာများကို သွားဖိတ်ပါ၊နက်ဖြန်ဆွမ်းကို ငါပေးလှူပါမည်”

အဆွေ-ကောင်းပါပြီ၊ ဖိတ်ပေးပါမည်၊ သင်က ငါ့၏ဆရာများကို ပင့်ဖိတ်သည့်အတွက် ဝမ်းမြောက်မိပါသည်”

ဂရဟာဒိန္နသည် ထိုသို့ဝမ်းမြောက်ဝမ်းသာပြောဆိုပြီး မိမိ၏ဆရာ နိဂဏ္ဌာတက္ကတွန်းကိုနေရာ ကျောင်းသို့သွားပြီး သီရိဂုတ္တ၏ဆွမ်းစာဖိတ်ကြောင်းကို လျှောက်ထားလေသည်။

“ဒါယကာ-သီရိဂုတ္တကိုယ်တိုင်က ဖိတ်ကြားတာ ဟုတ်ပါရဲ့လား”

“အရှင်ဘုရား-မှန်ပါသည်”

ထိုစကားကိုကြားရသော နိဂဏ္ဌာတို့သည် အလွန်ပင် ရွှင်လန်းဝမ်းမြောက်ကြ၍-

“ငါတိုအလိုဆန္ဒပြည့်လေပြီ၊ သီရိဂုတ္တသူကြွယ်သာ ငါတို့ကိုကြည်ညိုကိုးကွယ်လာခဲ့သော် ငါတို့၏အလိုဆန္ဒများ အဘယ်မှာ မပြည့်စုံဘဲရှိပါတော့အံ့နည်း”

ဉဒါန်းကျူးရင့် စကားဆိုကြလေသည်။

သီရိဂုတ္တသူကြွယ်၏အိမ်သည်ကား ကြီးကျယ်ခမ်းနား၏၊ကျယ်ဝန်းလှ၏၊သီရိဂုတ္တသည် အိမ်ရောက်လျှင်ရောက်ခြင်း အိမ်နှလုံးအကူးကြားဝယ် နှစ်ဘက်အလျားကျယ်ရှည်သော တွင်းကိုတူးစေသည်။

-တွင်းထဲ၌ မစင်ပုပ်များထည့်ထားသည်

-တွင်း၏အပ နှစ်ဘက်သောအစွန်းတို့၌ သစ်ငုတ်ကိုရိုက်စေပြီး ထိုသစ်ငုတ်တို့၌ ကြိုးတို့ကိုဖွဲ့ချည်ထားသည်
-တွင်းအပေါ်၌နေရာခင်းသောအခါ ရှေ့ခြေကိုတွင်း၏ရှေ့နှုတ်ခမ်းစပ်၌ ထိရုံမျှတည်စေသည်၊နောက်ခြေကို ကြိုးပေါ်၌တပ်ထားသည်
-ကြိုးကိုဆွဲလိုက်ပါက ထိုင်နေသူများ ဂွမ်းထိုးမှောက်ခုံ တွင်းထဲသို့ထိုးကျစေရန် စီမံထားခြင်း ဖြစ်ပါသည်။
-တွင်းမှန်းမသိအောင် အပေါ်ကပုဆိုးဖြူအထပ်ထပ်ဖြင့် ခင်းကျင်းထားသည်၊ ထို့နောက်စရည်းအိုးကြီးများကိုဆေးကြောကာ အပေါ်အိုးဝကို ငှက်ပျောရွက်တို့ဖြင့် လည်းကောင်း၊ အဝတ်ဖြူတို့ဖြင့်လည်းကောင်း ဖုံးအုပ်ထားသည်။
-အိုး၏အတွင်း၌ကား ဘာမျှထည့်မထားချေ။

အိမ်၏နောက်ဖေး၌ ယာဂု၊ထမင်းလုံး၊ထောပတ်သီးများ၊တင်းလဲမှုန့်များဖြင့် အလိမ်းလိမ်းပေကျံနေသည့် သဘောပြုလုပ်ထားသည်။

ဂရဟာဒိန္နသူကြွယ်သည် နောက်နေ့စောစောတွင် သီရိဂုတ္တအိမ်သို့ရောက်လာပြီး-

"အရှင်တို့အား ကျွေးမွေးဖို့ပြုလုပ်ပြီးပြီလော"

ဟု မေးသည်။

"အဆွေ-စီရင်ပြီးပါပြီ"

သီရိဂုတ္တက ဤသို့ပြောကြားပြီးလျှင် စီရင်ထားသော များစွာသောအိုးစရည်းတို့ကို လက်ညှိုးထိုးပြကာ-

-ဤစရည်းအိုးတို့၌ ယာဂုကိုစီရင်ထားသည်

-ဤစရည်းအိုးတို့၌ ထမင်းကိုစီရင်ထားသည်

-ဤစရည်းအိုးတို့၌ ထောပတ်တင်လဲသကာမုန့်တို့ကို စီရင်ထားသည်

-ဤနေရာ၌ ထိုင်ရန် ခင်ကျင်းထားပါသည်

ဟု အလုံးစုံပြောပြသည်။

မကြာခင်ပင် နိဂဏ္ဌာငါးရာတို့သည်ကြွလာကြသည်၊ ထိုနိဂဏ္ဌာတို့ကြွလာသည်ကိုမြင်သောအခါ သီရိဂုတ္တသည် အိမ်ပေါက်ဝမှထွက်၍ ထိခြင်းငါးပါးဖြင့်ရှိခိုးပြီးလျှင် ထိုတက္က တွန်းတို့၏ရှေ့မှလက်အုပ်ချီကာရပ်တည်နေပြီး ကြံစည်နေသည်မှာ-

"အသင်တို့သည်-အတိတ်၊အနာဂါတ် အစရှိသည်ဖြင့်အလုံးစုံကိုသိမြင်နိုင်သည်၊သင်တို့၏အလုပ်အကျွေးဖြစ်သော ငါ၏အဆွေသည် ပြောဆိုအပ်၏၊ထိုပြောဆိုတိုင်း သင်တို့သည် ထိုအလုံးစုံကို အကယ်၍သိကုန်သည်မှန်ငြားအံ့၊ ငါ့အိမ်ထဲသို့ဝင်မကြွလာကုနလင့်၊ အိမ်၌ အသင်တို့အား ပြုစုပေးကမ်းကျွေးမွေးဖွယ်ရာဖြစ်သော ယာဂု၊ထမင်းစသည်တို့သည် တစ်စုံတစ်ရာမျှ မရှိပါချေ၊အသင်တို့သည် မသိသော

ကြောင့်သာကြွဝင်ကုန်သည်ဖြစ်အံ့၊ မစင်ပုပ်တွင်းသို့ကျစေပြီး ဆုံးဖြတ်ခြင်းကို ဖြစ်စေအံ့”
ဟု ကြံစည်မိလေသည်။

ထိုခဏမှာပင် မိမိ၏အမှုလုပ်တို့ကို တိုးတိုးတိတ်တိတ်နှင့်-

“အသင်တို့-ထိုတက္ကတွန်းတို့ ထိုင်နေသောအခါ နောက်ကရပ်နေကြပြီး အပေါ်ကခင်းထားသောပုဆိုးတို့ကို ဆွဲဖယ်ကြပါ၊အခင်းများကို မစင်များလုံးဝမပေစေနှင့်”
ဟု မှာကြားထားလေသည်။

“အရှင်တို့-ဤအရပ်ဖြင့်ကြွပင်ကြပါကုန်လော့”
ဟု ပင့်ဖိတ်သည်။

ထိုင်ရန်နေရာရောက်သောအခါ တက္ကတွန်းများက ထိုင်ရန်လုပ်ကြသည်။

“အရှင်တို့-ခဏစောင့်ကြပါဦး”
ဟု အစောင့်တို့က တားမြစ်ကြသည်။

“အဘယ့်ကြောင့်ပါလဲ”

“အကျွန်ုပ်တို့အိမ်သို့ဝင်ရောက်ကုန်သောအရှင်တို့အားထိုင်နေအပ်သော ဝတ္တရားကိုသိ၍ ထိုင်အပ်ပါသည်”

“ဒါယကာ အဘယ်သို့ပြုခြင်းငှာ အပ်ပါသလဲ”

“အရှင်ဘုရားတို့ မိမိတို့ထိုင်ရမည့်နေရာ၌ တန်းစီ

နေရာယူပြီးမှ အလုံးစုံသောအရှင်တို့သည် တပြိုင်နက်ထဲ ထိုင်စေလိုပါသည်”
(ဤသည်မှာ ရှေးဦးစွာတစ်ပါးတည်းဝင်ထိုင်၍ တွင်းထဲသို့ ကျသွားပါက နောက်ပုဂ္ဂိုလ်များ ဝင်မထိုင်အဲ ထွက်ပြေးမည်ကိုစိုး၍ ဤကဲ့သို့စီစဉ်ကြခြင်း ဖြစ်ပါသည်။)

“ကောင်းပါပြီ၊ သင်ဒါယကာတို့ဆိုသည့်အတိုင်း ငါတို့ ပြုပါမည်”

ထို့နောက် နိဂဏ္ဍာတို့သည် မိမိတို့ထိုင်ရမည့်နေရာ ထိပ်အသီးသီး၌ ရပ်တန့်နေရာယူကြသည်။

“အရှင်ဘုရားတို့သည် တစ်ပြိုင်နက်တည်းသာလျှင် ထိုင်ကြပါကုန်လော့”
ဟု အလုပ်သမားတို့က လျှောက်ထားကြသည်။

နိဂဏ္ဍာတို့သည်လည်း တပြိုင်နက်တည်း ဝင်ထိုင်ကြသည်၊အလုပ်သမားတို့က အခင်းများကို ဆွဲယူသိမ်းလိုက်ကြသည်၊ ထိုခဏမှာပင် ကြိုးပေါ်မှအခင်းများက လျှော့ကျသွားလေရာ တက္ကတွန်းများအားလုံး ဦးခေါင်းဇောက်ထိုး တွင်းထဲသို့ကျကုန်ကြလေသည်။

သိရိဂုတ္တသူကြွယ်သည် တက္ကတွန်းတို့ မစင်တွင်းထဲသို့ကျကုန်သောအခါ ဝင်းတံခါး၊ အိမ်တံခါးတို့ကို ပိတ်ထားလိုက်သည်။

တွင်းထဲမှတက်လာကုန်သော တက္ကတွန်းတို့ကို-

"အသင်တို့သည် အတိတ်၊ပစ္စုပ္ပန်၊အနာဂတ်တို့ကို သိသည်ဟု ဝန်ခံပြောဆိုလျက် အဘယ့်ကြောင့်မသိကြပါသနည်း".

ဟု ကြိမ်းမောင်းပြောဆိုကာ ရိုက်နှက်မှုပြုကြသည်။

တက္ကတွန်းတို့အတွက် ပြေးပေါက်လမ်းတစ်လမ်းသာ ပြုလုပ်ထားပြီး ထိုပြေးလမ်းတွင်လည်း ချော်လဲစေနိုင်သော ချော်ရည်များ လိမ်းကျံထားသည်။

တက္ကတွန်းများသည် ထိုပြေးပေါက်လမ်းမှထွက်ပြေးကြရာ လမ်းတွင် ချော်လဲပြိုကွဲ လဲကျလေသည်။

ထိုလဲကျသော တက္ကတွန်းများကို သီရိဂုတ္တ၏အမှုလုပ်တို့က ရိုက်နှက်ကြပြန်လေသည်။

"ဤဒါယကာသည် ငါတို့အား နှိပ်စက်ဖျက်ဆီးလေသည်"

ဟု တက္ကတွန်းများသည် ငိုကြွေးမြည်တမ်းကြရင်း မိမိတို့အလုပ်အကျွေးဖြစ်သော ဂရဟဒိန္နသူကြွယ်အိမ်၏ တံခါးဝသို့သွားရောက်ကြလေသည်။

ဂရဟဒိန္နသည် ရုပ်ပျက်ဆင်းပျက်နှင့်မိမိအိမ်ရှေ့ တံခါးဝသို့ရောက်လာသော မိမိ၏ဆရာများကို တွေ့ရသောအခါ အကျိုးအကြောင်းကိုမေးသည်။

တက္ကတွန်းတို့ကလည်း ဖြစ်စဉ်ကိုပြောပြကြသည်။

ထိုအခါ ဂရဟာဒိန္နသည် ပြင်းပြသောအမျက်ဒေါသ ထွက်လျက် လက်သီးလက်မောင်းတန်းကာ-

"ရှိခိုးကြည်ညိုရိုသေကုန်သောသူတို့အား နတ်ပြည် လူ့ပြည်သို့ ချမ်းသာနှင့်တကွပေးစွမ်းနိုင်သော ကောင်းမှုပြု ကြသူတို့၌ လယ်ယာမြေကောင်းသဖွယ်ဖြစ်သော ငါ့အရှင် တို့ကို ရိုက်နှက်ဖျက်ဆီးသော သီရိဂုတ္တကို မကျေနပ်၊မင်းထံ ဒဏ်ရိုက်ရန် တိုင်ရမည်"

ဟု ကြိမ်းမောင်းလျက် မင်းနန်းတော်သို့သွားကာ သီရိဂုတ္တကို အမှုဖွင့်တိုင်ကြားပြီး ဒဏ်ငွေတစ်ထောင်ရိုက်ပေးရန် လျှောက် ထားလေသည်။

မင်းကြီးကလည်းမင်းချင်းကိုစေလွှတ်၍ သီရိဂုတ္တကို အခစားဝင်စေသည်။

သီရိဂုတ္တသည် နန်းတော်သို့ရောက်၍ မင်းအား ရိုသေစွာရှိခိုးပြီး-

"အရှင်မင်းမြတ်၊ အမှုအကြောင်းအရာကို စူးစမ်းဆင် ခြင်စစ်ဆေး၍ ဒဏ်ငွေထားတော်မူပါ၊မစုံစမ်းမစစ်ဆေးဘဲ ဒဏ်မထားပါနှင့်"

ဟု လျှောက်ထားလေသည်။

"အသင်သူကြွယ်၊ စုံစမ်းစစ်ဆေး၍သာ ငါဒဏ်ထား

ပါမည်”

“ကောင်းမြတ်လှပါသည် အရှင်မင်းကြီး”

ဒါဆိုလျှင် အချင်းသူကြွယ် ဖြစ်စဉ်အကြောင်းကို ဆိုပါလော့”

ထိုအခါ သီရိဂုတ္တသူကြွယ်က ဂရဟဒိန္နက မိမိကို ပြောဆိုခဲ့ပုံအကြောင်းစုံကို လျှောက်ထားပြီးလျှင်-

“အရှင်မင်းကြီး၊ ကျွန်တော်မျိုးသည် ဂရဟဒိန္နပြောဆိုဝန်ခံခဲ့သောစကားအတိုင်းပြုလုပ်ပါသည်၊ဤသို့ပြုရာ၌ ကျွန်တော်မျိုးအား ဒဏ်ထားခြင်းငှာ ထိုက်ခဲ့လို့ရှိရင် ပေးဆောင်ပါမည်၊ ယူတော်မူပါ”

ဟု နိဂုံးချုပ်လျှောက်ထားလေသည်။

မင်းကြီးက ဂရဟဒိန္နသူကြွယ်ကိုကြည့်ပြီးလျှင်-

“အချင်းဂရဟဒိန္န၊ အသင်သည် ဤပြောဆိုလျှောက်ထားသည့်အတိုင်း ဟုတ်မှန်ပါသလော”

“အသင်ဂရဟဒိန္န၊ အသင်သည်ဤမျှလောက် မသိမလိမ္မာပညာကင်းသောသူတို့ကို ဆရာဟူ၍ ကိုးကွယ်ဆည်းကပ်မပြတ်လှည့်လျက် ငါ၏ဆရာတို့သည် အလုံးစုံအကုန်သိနိုင်၊မြင်နိုင် ဟု အဘယ်အကြောင်းကြောင့် မြတ်စွာဘုရား၏တပည့်အား ပြောကြားဘိသနည်း၊ သင်ပြောဆိုလျှောက်ထားသောဒဏ်သည်အသင်အားသာလျှင် ဖြစ်စေသင့်သည်”

ဟု မင်းကြီးက မိန့်ကြားပြီး ဂရဟာဒိန္နကို ဒင်္ဂါးငွေတစ်ထောင် ပေးဆောင်စေသည်။

ဂရဟာဒိန္နသည် သူကိုးကွယ်သောဆရာများအား စော်ကားရိုက်နှက်ခံရခြင်း၊မိမိဒင်္ဂါးငွေထားခံရခြင်းကြောင့် သီရိဂုတ္တအပေါ် အမျက်ထွက်ပြီး လုံးဝစကားမပြော၊မဆက်ဆံဘဲနေခဲ့ရာ တစ်လခွဲမျှကြာလေသည်။

တစ်နေ့တွင် ဂရဟာဒိန္နသည် မိမိကိုယ်ကိုမိမိ ပြန်လည်သုံးသပ်ဆင်ခြင်မိလေသည်။

"ငါသည် သီရိဂုတ္တနှင့်ဤကဲ့သို့မခေါ်မပြောဘဲနေသည်မှာ မသင့်လျော်မလျောက်ပတ်၊ ရှေးကကဲ့သို့ အကျွမ်းတဝင်ရောနှောနေပြီး သီရိဂုတ္တအိမ်သို့ ဆွမ်းစားဝင်ထွက်သွားလာနေသော သူ၏ဆရာများကိုလက်တုံ့ပြန်၍ ဖျက်ဆီးရန်သင့်သည်"

ဂရဟာဒိန္နသည် ဤသို့စဉ်းစားပြီး သီရိဂုတ္တအိမ်သို့ သွားရောက်ကာ နှုတ်ဆက်စကားဆိုလေသည်၊သီရိဂုတ္တကလည်းပြန်လည်နှုတ်ဆက်၍ တုံ့ပြန်စကားဆိုလေသည်။

"အဆွေသီရိဂုတ္တ၊ ခိုက်ရန်ဖြစ်ပြီး ငြင်းခုန်ခြင်းဖြစ်ခြင်းသည် ဆွေမျိုးသားချင်းများပင် တစ်ခါတရံအခန့်မသင့်သည့်အခါ ဖြစ်တတ်ကြပါသည်၊ အသင်သည် အဘယ့်ကြောင့် ငါ့ကို စကားမပြောမဆိုနေပါသနည်း"

အဆွေဂရဟာဒိန္န၊ ငါကစကားမပြောမဆိုနေသည် မဟုတ်ပါ၊အသင်ကသာ စကားမပြောမဆိုနေသောကြောင့် ငါကသင့်ကိုစကားမပြောခြင်းဖြစ်ပါသည်။သင်ကငါ့ကိုစကား ပြောက ငါကလည်းစကားပြောမည်သာ ဖြစ်ပါသည်၊အဆွေ ခင်ပွန်းကောင်းကို ငါသည်မဖျက်ဆီးပါ”

“ကောင်းလှပါသည်အဆွေသီရိဂုတ္တ ကျွန်ုပ်တို့သည် ယခင်ကလိုပင် ချစ်ချစ်ခင်ခင် ကူးလှူးဆက်ဆံနေသင့်ကြ ပါသည်”

ထိုမျှနောက် ဂရဟာဒိန္နနှင့်သီရိဂုတ္တတို့သည် ယခင်က အတိုင်းပင် ကူးလူးဆက်ဆံနေခဲ့ကြသည်၊ထိုသို့နေရာတွင် သီရိဂုတ္တဘက်ကရိုးသားစွာဆက်ဆံနေသည်မှန်သော်လည်း ဂရဟာဒိန္န၏အတွင်းစိတ်ကမူ တစ်နေ့နေ့လက်စားချေရန်ကို သာ အာရုံပြုပြီး ဆက်ဆံနေလေသည်။

တစ်နေ့သောအချိန်တွင် သီရိဂုတ္တသူကြွယ်က ဂရဟာ ဒိန္နကို-

“အဆွေဂရဟာဒိန္န၊ အသင်အား နိဂဏ္ဌာတို့အား ကိုး ကွယ်နေသဖြင့် အဘယ်အကျိုးရှိမည်နည်း၊အဘယ်အကျိုး ရနိုင်ပါသနည်း၊ငါ၏ဆရာဖြစ်သော မြတ်စွာဘုရားကို မိုဝဲ ဆည်းကပ်ကြည့်ပါလား၊ ပေးကမ်းလှူဒါန်းကြည့်ပါလား” ဟု ပြောမိသည်။

ဂရဟာဒိန္နသည် ထိုစကားကို အခွင့်အရေးစောင့်နေသူပီပီ သီရိဂုတ္တထံမှ ထိုစကားကိုကြားရသောအခါအားရဝမ်းသာဖြစ်ပြီး-

"အဆွေဆရာမြတ်စွာဘုရားသည် အဘယ်ကိုသိပါသနည်း"ဟု မေးသည်။

"အချင်းဂရဟာဒိန္န၊ ငါ၏ဆရာမသိအပ်သောအရာမည်သည်မရှိပါ၊အတိတ်စသောအလုံးစုံသောတရားကိုသိပါသည်၊ တစ်ဆယ့်ခြောက်ပါးသော အခြင်းအရာတို့ဖြင့်သတ္တဝါတို့၏ဓာတ်ကို ပိုင်းခြား၍သိတော်မူပါသည်"

"အဆွေသီရိဂုတ္တ၊ ငါသည်သင်၏ဆရာ၏သို့သိသည်ကို ရှေးကမသိဘူးပါ၊ယခုမှသိရ၍ ဝမ်းသာလှပါသည်၊ ယခု သင့်ဆရာမြတ်စွာဘုရားကို ပင့်ပေးပါ၊ ငါသည်မွန်မြတ်သော ဆွမ်း၊ခဲဖွယ်ဘောဇဉ်ဖြင့် လုပ်ကျွေးလှူဒါန်းလိုပါသည်၊ ရဟန်းငါးရာတို့ကို ပင့်ဖိတ်ပေးပါလော့"

"ကောင်းပါပြီအဆွေ၊ ငါပင့်ဖိတ်ပေးပါမည်"

သီရိဂုတ္တသည် ဂရဟာဒိန္နကိုဝန်ခံပြီးလျှင် ဘုရားရှင်ထံသို့ သွားရောက်ရှိခိုးပြီးလျှင်-

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်၏အဆွေဖြစ်တော်မူသော ဂရဟာဒိန္နသည် ရဟန်းငါးရာနှင့်တကွ ဆွမ်းကိုအလှူတော်မူရန်အကြောင်း တပည့်

တော်ကိုလျှောက်ထားပင့်ဖိတ်စေပါသည်ဘုရား၊ နက်ဖြန် ရဟန်းငါးရာနှင့်တကွ ဆွမ်းကိုခံယူတော်မူပါဘုရား၊ရှေးယခင်က ဂရဟာဒိန္နကိုးကွယ်ခဲ့သော တက္ကတွန်းများကို တပည့်တော်သည် အလုံးစုံသိသည်ဆို၍ သိ-မသိစမ်းသပ်လိုသောကြောင့် မစင်တွင်းတူး၍ စမ်းသပ်ခဲ့ဘူးပါသည်ဘုရား၊ထိုသို့ပြုလုပ်ခဲ့သည်ကို တုံ့ပြန်လိုသောကြောင့် ပင့်သည်ဟူ၍ကား မသိပါ၊ စိတ်ရင်းစေတနာဖြင့် လှူသည်ဟူ၍လည်း မသိပါ၊အရှင်ဘုရားတို့သည် ထောက်ချင့်မျှော်၍ သင့်လျော်သည်ဖြစ်ကသည်းခံတော်မူပါ၊ မသင့်လျော်သည်ဖြစ်ကသည်းမခံကြပါနှင့်ဘုရား"

ဟု လျှောက်ထားပြလေသည်။

မြတ်စွာဘုရားသည် ဉာဏ်တော်ဖြင့် ကောင်းကျိုးဆိုးကျိုးကိုဆင်ခြင်တော်မူရာ ကောင်းကျိုးဖြစ်မည်ကိုသိတော်မူ၍ ထိုဆွမ်းကိုသည်းခံလက်ခံတော်မူလိုက်လေသည်။

သီရိဂုတ္တာသည် ဘုရားရှင်က လက်ခံသည်ကိုသိသောအခါ ပြန်လာ၍ ဂရဟာဒိန္နကို ဘုရားရှင်က လက်ခံကြောင်းပြောပြပြီး-

"လူသုံးပါး၏ အကြီးအမျူးဖြစ်သော ဘုရားရှင်အားပူဇော်သက္ကာရကိုပြုပါလော့"

ဟု တိုက်တွန်းပြီး ပြန်လာခဲ့လေသည်။

"ယခုအခါ သီရိဂုတ္တပြုလုပ်သလိုပြုလုပ်၍ တုံ့ပြန်အံ့" ဟုအကြံဖြစ်ပြီးလျှင် အိမ်နှလုံး၏အကြား၌ နွားချေးဖြင့်လိမ်းကျံပြီးသော် တွင်းကြီးတစ်ခုကိုတူးစေသည်။

တွင်းထဲ၌ လှည်းအစီး(၈၀)မျှသော ရှားထင်းတို့ဖြင့်ပြီးသော အလျှံရဲရဲငြီးသော ရှားမီးခဲအစိုကို ဖြစ်စေသည်။

မီးအထက်မှ ခပ်ကြဲကြဲသစ်သားကို ခင်းစေသည်။ အပေါ်၌ဖျာခင်းပြီး နွားချေးတို့ဖြင့် လိမ်းကျံထားသည်။

တစ်ဘက်စွန်း၌နင်းလိုက်လျှင် ပြုတ်ကျနိုင်သော တုတ်တံဖြင့် သစ်သားများကိုစီမံထားသည်၊နင်းလိုက်လျှင် ထိုသစ်သားကကျိုးကြပြီး မီးတွင်းထဲသို့ကျရန်ဖြစ်သည်။

နေအိမ်နောက်၌လည်း သီရိဂုတ္တကဲ့သို့ပင် ဘာမျှမထည့်ထားသော အိုးစရည်းကြီးများကို ငှက်ပျောဖက်ဖုံး၍ ပြထားလေသည်။

နောက်နေ့နံနက်တွင် သီရိဂုတ္တာသည်စောစောကပင် ဂရဟာဒိန္နအိမ်သို့သွား၍ အခြေအနေကိုမေးသည်၊ဂရဟာဒိန္န ကလုပ်ပြီးကြောင်းပြောပြသည်၊ပြသသည်၊သီရိဂုတ္တသည် ဂရဟာဒိန္နစီမံထားသည်ကို ကြည့်ရှုပြီး-

"အဆွေ၊ ကောင်းလှပါပြီ"

ဟု ပြောဆိုကာ ပြန်သွားလေသည်။

လူအပေါင်းတို့သည် တက္ကတွန်းတို့၏ဆရာဖြစ်သော

ဂရဟာဒိန္နသူကြွယ်က မြတ်စွာဘုရားကို ဆွမ်းကပ်လှူသည်ဟူသော ထူးခြားသောသတင်းကိုကြား၍ အခြေအနေကို အကဲခတ်ကြရန် စုဝေးရောက်လာကြသည်။

မြတ်စွာဘုရားရှင်သည် နံနက်မိုးသောက်သော် ရဟန်းငါးရာခြံရံလျက် ဂရဟာဒိန္နသူကြွယ်အိမ်သို့ ကြွလာတော်မူသည်။

ဂရဟာဒိန္နသူကြွယ်သည် ဘုရားရှင်ကြွလာသည်ကို မြင်သော် အိမ်ပေါက်ဝမှဆီးကြိုကာ ထိခြင်းငါးပါးဖြင့်ထိကာ ရှိခိုးပြီးလျှင် ဘုရားရှင်ရှေ့မှလက်အုပ်ချီရပ်ကာ-

"အရှင်ဘုရားတို့- အရှင်ဘုရားတို့သည် အလုံးစုံကို သိကုန်၏၊ သတ္တဝါတို့အား တစ်ဆယ့်ခြောက်ပါးသောအခြင်းအရာဖြင့် စိတ်ကိုပိုင်းခြားသိကုန်၏ဟု အရှင်တို့၏အလုပ်အကျွေးတပည့်က ပြောကြားအပ်သည်၊သင်တို့သည် အလုံးစုံကိုအကယ်၍ သိကုန်အံ့၊ငါ၏အိမ်ထဲ၌ မဝင်ကြကုန်လင့်၊ ဝင်သော်လည်း ငါ့မှာကျွေးမွေးစရာ တစ်စုံတစ်ရာမျှမရှိပါ၊ အလုံးစုံသောသင်တို့ကို မီးကျီးတွင်းသို့ကျစေ၍ ဖမ်းယူအံ့" ဟု စိတ်အကြံဖြစ်မိလေသည်။

ထို့နောက် ဘုရားရှင်ထံမှသပိတ်ကိုယူ၍-

"ဤအရပ်မှကြွတော်မူပါ"

ဟု လျှောက်ထားလေသည်၊တစ်ဖန်-

"အရှင်ဘုရား-တပည့်တော်တို့၏အိမ်သို့လာသော
သူတို့၏ဝတ်ကိုသိအပ်ပါ၏"
ဟု လျှောက်ထားသည်။

"ဒါယကာ-အဘယ်သို့သောဝတ်ကိုပြုရပါအံ့နည်း"

"အရှင်ဘုရား၊ ရှေးဦးစွာ တစ်ယောက်စီတစ်ယောက်စီ တန်းစီဝင်ထိုင်၍ မရနိုင်ပါ"

(ဂရဟာဒိန္နကလည်း သီရိဂုတ္တကဲ့သို့ပင် တစ်ပါးစီဝင်၍ ရှေးဦးပုဂ္ဂိုလ်မီးပုံထဲကျသွားက နောက်ပုဂ္ဂိုလ်များက ဆက်မကြွဘဲ နောက်ဆုတ်သွားမည်ကို စိုးရိမ်သောကြောင့် ဤသို့ပြောကြားခြင်းဖြစ်ပါသည်)

"ဒါယကာ၊ ကောင်းပါပြီ"
ဟု ဝန်ခံ၍ တစ်ပါးတည်းသာလျှင် ကြွသွားတော်မူလေသည်။

မီးကျင်းတွင်းအနီးသို့ရောက်သော် ဂရဟာဒိန္နသူကြွယ်သည်နောက်သို့ဆုတ်ဖယ်၍ လျှင်မြန်သောအဟုန်ဖြင့်ပြန်ဆုတ်ပြီးရပ်တည်လျက်-

"အရှင်ဘုရား၊ ကြွတော်မူပါ"
ဟု လျှောက်လေသည်။

မြတ်စွာဘုရား၏ခြေတော် မီးကျင်းတွင်းသို့လှမ်းလိုက်သည်နှင့်တပြိုင်နက်ထဲ ခင်းထားသောဖျာသည် ပျောက်ကွယ်သွားလေသည်။

မီးကျီစုကိုဖောက်ခွဲပြီးသော် လှည်းဘီးစက်ပမာဏ ရှိသော ပဒုမ္မာကြာတို့သည်ထ၍ ပေါက်ကုန်သည်။

ဘုရားရှင်သည် ပဒုမ္မာကြာချပ်တို့ကို တက်နင်း၍ကြွကာ ခင်းထားသောနေရာ၌ထိုင်ကာ သီတင်းသုံးတော်မူသည်

ရဟန်းများကလည်း အလားတူကြွတော်မူ၍ သီတင်းသုံးတော်မူလေသည်။

ဂရဟဒိန္နသူကြွယ်မှာ အံ့အားသင့်ခြင်း၊ကြောက်ရွံ့တုန်လှုပ်ခြင်းတို့ဖြင့် ကိုယ်မှမီးဖြင့်မြိုက်သော အခြင်းအရာပြင်းစွာပူလောင်သကဲ့သို့ ရှိလေသည်။

ဂရဟဒိန္နသူကြွယ်သည် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိဖြစ်ကာလျှင်သောအဟုန်ဖြင့် သီရိဂုတ္တအိမ်သို့ပြေးဝင်ပြီး သီရိဂုတ္တသူကြွယ်ကို-

"အဆွေသီရိဂုတ္တ၊ ငါ၏ကိုးကွယ်မှီခိုးရာဖြစ်ပါလော" ဟု တောင်းပန်စကားပြောဆိုလေသည်။

"အဆွေဂရဟဒိန္န ဘယ်လိုဖြစ်တာလဲ"

"အဆွေသီရိဂုတ္တ ရဟန်းငါးရာတို့အား ကျွေးမွေးလှူဒါန်းပေးကမ်းဖို့ရာ ငါ၏အိမ်၌ ယာဂုခဲဖွယ်ဘောဇဉ်တစ်စုံတစ်ရာမျှမရှိပါ၊အဘယ်ကဲ့သို့ပြုရပါအံ့နည်း"

"အသင်သည် အဘယ်ကဲ့သို့သောအစီအမံတို့ဖြင့် ပြုလုပ်ထားပါသလဲ"

"ထိုအခါ ဂရဟာဒိန္နသူကြွယ်သည်မိမိအကြံအစည်နှင့်ဘုရားရှင်ကြွလာသောအခါ ပဒုမ္မာကြာပွင့်တွေပေါက်လာပြီး ဘုရားရှင်နှင့်တကွရဟန်းတို့မှာ အန္တရာယ်မရှိထိုင်နေ၊ သီတင်းသုံးနေပုံတို့ကို အကြောင်းစုံပြောပြလေသည်။

"သင်သည် ငါတို့ဘုရားအမျိုးရှိသော ရဟန်းငါးရာကိုကျွေးမွေးရန် အိုးစရည်းများစီမံထားသည်ကို ပြသခဲ့သည်မဟုတ်ပါလော"

"အဆွေ-ငါသည် လိမ်လည်လှည့်ဖျား၍ မဟုတ်မမှန်စကားကိုပြောကြားမိပါသည်၊အိုးစရည်းအားလုံး၌ ဘာမျှမရှိပါ"

"အဆွေဂရဟာဒိန္န၊ အသင်ပြောဆိုအတိုင်းပင် ရှိပါစေအသင်ပြန်ပါ၊သင်ပြောသောအိုးစရည်းတို့၌ ယာဂု၊ထမင်းတို့ရှိ-မရှိ ဖွင့်လှစ်၍ကြည့်ပါလော့"

ဂရဟာဒိန္နသည် သီရိဂုတ္တပြောဆိုသည့်အတိုင်း အိမ်ပြန်ပြီး အိုးစရည်းများကို လှန်ကြည့်သည်။

-မိမိက အိုးစရည်းကယာဂုအပြည့်ဆိုသောအိုးသည် ယာဂုအပြည့်ရှိနေသည်။

-ဤအိုးကား ထမင်းအပြည့်ဆိုသောအိုးသည် ထမင်းအပြည့်ရှိနေသည်။

-ဤအိုးကား ခဲဖွယ်အပြည့်ဆိုသောအိုးသည် ခဲဖွယ်

အပြည့်ရှိနေသည်။

ထိုသို့ မိမိပြောဆိုခဲ့သည့်အိုးတို့၌ အလုံးစုံပြည့်နေသည်ကိုမြင်တွေ့ရသော် ဂရဟာဒိန္နသည် ဝမ်းသာခြင်း၊ကြည်နူးခြင်းစိတ် တဖိတ်ဖိတ်တက်လာပြီး ဘုရားအမှူးရှိသောသံဃာတော်များကို ကောင်းမွန်စွာပြုစုလုပ်ကျွေးတော်မူလေသည်။

ဆွမ်းလုပ်ကျွေးပြီးနောက် ဘုရားရှင်က ဆွမ်းအနုမောဒနာတရားကို ဟောကြားတော်မူသည်။

ခရီးလမ်းမ၌ စွန့်ပစ်အပ်သော၊ ညစ်ပတ်စက်ဆုပ်ဖွယ်ကောင်းသောအမှိုက်ပုံ၌ မွှေးကြိုင်သင်းပျံ့အနံ့ရှိသော ပဒုမ္မာကြာသည်ပွင့်ရာ၏၊စိတ်နှလုံးရွှင်ပြုံးစေတတ်၍ ချစ်ခင်နှစ်သက်ဖွယ်ကောင်းသော ထိုပဒုမ္မာကြာသည် မင်းအမတ်စသူတို့ဦးခေါင်းထက်၌ ပန်ဆင်ထိုက်သကဲ့သို့ အလားတူ အမှိုက်ချေးသဖွယ်ဖြစ်ကုန်သော ပုထုဇဉ်တို့၌ မွေးဖွားသော ပညာမျက်စိမရှိသောလူအပေါင်းတို့၏အလယ်၌ ဖြစ်သော်လည်း မိမိ၏ပညာအစွမ်းဖြင့်ကာမဂုဏ်တို့၌အပြစ်ကိုလည်းကောင်း၊တောထွက်ခြင်းအကျိုး၌လည်းကောင်းမြင်၍ ရဟန်းပြု၏၊ ရဟန်းပြုလျှင်ပြုချင်းသီလ၊သမာဓိ၊ပညာအရဟတ္တဖိုလ်ပစ္စဝေက္ခဏာဉာဏ် စသည်တို့ဖြင့် အလွန်နှစ်သက်စေ၍လည်း ဘုရားသားတော်ရဟန္တာဖြစ်သောရဟန်းသည်သူကန်းပုထုဇဉ်တို့ထက် အလွန်အထူးနှစ်သက်ဖွယ်ရှိ၍ တင့်တယ်

ပေ၏”

ဘုရားရှင်၏ဒေသနာတော်အဆုံးဝယ် သီရိဂုတ္တနှင့် ဂရဟဒိန္န သူငယ်ချင်းနှစ်ဦးတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေသည်။

ရှာမှီးမီးပုံအတွင်းမှ ကြာပဒုမ္မာတွေပေါက်လာသော ဘုရားရှင်၏တန်ခိုးတော် အံ့မခန်းဖြစ်ရပ်သည်လည်းကောင်း၊ ကြံကြံဖန်ဖန်စိတ်ကူးပြီး ပညာစမ်းခဲ့ကြသော သီရိဂုတ္တနှင့် ဂရဟဒိန္နတို့၏ အံ့မခန်းစီမံချက်များသည်လည်းကောင်း၊ နောက်ဆုံးဘဝဇာတ်လမ်းကောင်းခဲ့ကြရသော သူတို့နှစ်ဦး၏ ဘဝအဖြစ်အပျက်သည်လည်းကောင်း၊ အံ့မခန်းထူးဆန်း သောဇာတ်လမ်းများအဖြစ် ဂေါတမဘုရားရှင်၏ သာသနာဝယ် မှတ်တမ်းတင်ကျန်ရစ်ခဲ့ရပါတော့သည်။

*********

# မြစ်သုံးတန်အံ့ဖွယ်ကျော်ဖြတ်
# မဟာကပ္ပိနနှင့်အနော်ဇာဒေဝီ

ကုက္ကုဋဝတီပြည် မဟာကပ္ပိနမင်းသား မင်းပြု၍ မိဖုရားမှာ အနော်ဇာဒေဝီအမည်ရှိသည်။

ထိုမင်းနှင့်မိဖုရားတို့တွင် ရှေးရှေးလက်ထက်က အတူတကွဒါနပြုခဲ့ဖူးကြသော အမတ်တစ်ထောင်နှင့်အမတ်ကတော်များ၊ အခြံအရံများရှိလေသည်။

ထိုအမတ်နှင့်အမတ်ကတော်များတွင် အမတ်များသည် မဟာကပ္ပိနမင်းကြီး၏စည်းစိမ်နှင့်တူသောစည်းစိမ်ကို ခံစားသုံးဆောင်ကြရသလို အမတ်ကတော်များကလည်း အနော်ဇာမိဖုရားနှင့်အလားတူ စည်းစိမ်ကို ခံစားကြရလေသည်။

မင်းကြီးက အဝတ်တန်ဆာဆင်ပြီး ဆင်စီးခရီးလှည့်

လှည်လျှင် အမတ်တို့ကလည်း မင်းကြီးနည်းတူ ခရီးလှည့်လှည်ကြရသည်၊မင်းကြီးမြင်းစီးကမြင်း၊ရထားစီးကရထား၊တန်းတူအခွင့်အရေးရကြသည်။

ဤသည်မှာရှေးကပြုခဲ့ဖူးသော ကောင်းမှုကုသိုလ်၏အာနုဘော်ကြောင့် ဖြစ်လေသည်။

မဟာကပ္ပိနမင်းကြီးတွင် ဗလမည်သော မြင်း၊ဗုလဝါဟနမည်သောမြင်း၊ပုပ္ပမည်သောမြင်း၊ပုပ္ဖဝါဟနမည်သောမြင်းနှင့်သုပတ္တမည်သောမြင်း ဟူ၍ မြင်းကျော်(၅)စီး ရှိလေသည်။

မင်းကြီးသည် သုပတ္တမည်သောမြင်းကျော်ကို ကိုယ်တိုင်စီးနင်းလေသည်၊ကျန်သောမြင်း(၄)စီးကို မြင်းသည်ကျော်(၄)ယောက်အားပေးစီးပြီး အရပ်လေးမျက်နှာသို့ သတင်းထူးသတင်းဦးရစေရန် စေလွှတ်စုံစမ်းခိုင်းသည်။

မင်းကြီးသည် မြင်းသည်ကျော်(၄)ဦးတို့အား နံနက်စောစောစီးစီးပင် ထမင်း၊ဘောဇဉ်တို့ကို ကျွေးမွေးပြီးလျှင်ကုက္ကုဋဝတီနေပြည်မှ ပတ်ဝန်းကျင်နှစ်ယူဇနာ၊ သုံးယူဇနာတိုင်အောင် လှည့်လှည်သတင်းယူစေသည်။

"ဘုရား၊တရား၊သံဃာရတနာသုံးပါး လောက၌ပွင့်ပေါ်ဖြစ်ထွန်းနေပြီဖြစ်ကြောင်းသတင်းကောင်းကြားသိရလျှင်ထိုသတင်းကောင်းကို ငါ့ထံသို့ဦးစွာပို့ဆောင်ကြရမည်"

ဟူ၍လည်း မှာကြားထားသည်။

မြင်းသည်ကျော်လေးဦးသည် နေ့စဉ်အရပ်လေးမျက်နှာထွက်ပြီး သတင်းစုံစမ်းကြသည်၊ရလာသမျှသတင်းကို မင်းကြီးထံ လျှောက်ထားကြသည်။

တစ်နေ့သောအချိန်တွင် မဟာကပ္ပိနမင်းကြီးသည် အမတ်တစ်ထောင်ခြံရံလျက်ဥယျာဉ်တော်သို့ ထွက်လေသည်၊ လမ်းခရီးတွင် ခရီးပင်ပန်းနွမ်းနယ်လာဟန်တူသော ကုန်သည်တစ်စု မြို့ထဲသို့ဝင်လာသည်ကို တွေ့မြင်လေသည်။

"ဤကုန်သည်တို့သည် ခရီးပင်ပန်းလာဟန်တူသည်၊ ဤကုန်သည်တို့ထံတွင် သတင်းထူးများပါကောင်းပါမည်၊သူတို့ကို ရွှေ့တော်သို့ခေါ်ခဲ့ပေးပါ"

ဟု မိန့်ကြားလေသည်။

ကုန်သည်များ မင်းကြီးထံမှောက်ရောက်ကြသော် မင်းကြီးက ကုန်သည်များကို-

"အမောင်တို့-အဘယ်အရပ်ကလာကြပါသလဲ"

ဟု မေးသည်။

"အရှင်မင်းကြီး၊ ကျွန်ုပ်သည် ဤပြည်မှယူဇနာ(၁၂၀) ဝေးသော သာဝတ္ထိပြည်မှ လာခဲ့ကြပါသည်"

"အမောင်တို့-အမောင်တို့သာဝတ္ထိပြည်၌ တစ်စုံတစ်ခုသောသတင်းထူးသတင်းဆန်းများ ဖြစ်ပေါ်ထွန်းသည်များ

ရှိပါသလော"

"အရှင်မင်းကြီး၊ ထူးခြားသော သတင်းထူးသတင်း ဆန်းတော့မရှိပါ၊ ဒါပေမဲ့ ကျွန်ုပ်တို့ သာဝတ္ထိပြည်၌ ဘုရား ရှင်ပွင့်ထွန်းပေါ်ရောက်နေပါသည်"

မင်းကြီးသည်ထိုစကားကိုကြားရလျှင် အံ့ဩထူးဆန်း ဖွယ်ရာ နှစ်သက်ခြင်းပီတိ(၅)မျိုး တစ်ကိုယ်လုံးပျံ့နှံ့ဖြိုးလျက် တစ်စုံတစ်ရာကို မမှတ်သားနိုင်ဘဲ တမဟုတ်မျှ ငေးမော တွေဝေမိလေသည်။

"အမောင်တို့၊ ဘယ်လိုသတင်းစကားလျှောက်ထား လိုက်ပါသလဲ"

"အရှင်မင်းကြီး၊လောက၌ မြတ်စွာဘုရားပွင့်တော်မူ နေကြောင်း လျှောက်ထားခြင်းဖြစ်ပါသည် ဘုရား"

မဟာကပ္ပိနမင်းကြီးသည် ထိုသတင်းစကားကိုကြား လျှင် ဝမ်းသာပီတိဆို့ပြီး တစ်ခဏတာမျှမေ့၍မေ့၍သွားလေ ရာ နောက်တစ်ကြိမ်ထပ်မေးပြန်သည်၊ကုန်သည်တို့ကလည်း ထိုအတိုင်းပင် ယပ်ဖြေကြသည်။

လေးကြိမ်မြောက်မေးပြီးတွင် မင်းကြီးသည် ဝမ်းသာ မှုပီတိကိုထိန်းနိုင်လျက်-

"အမောင်တို့၊အမောင်တို့အား ဤသတင်းစကား ပြောဆိုလျှောက်ထားကြသည့်အတွက် အသပြာတစ်သိန်းကို

ငါဆုပေး၏"

ဟု မိန့်ကြားတော်မူလေသည်။

"အခြားတစ်စုံတစ်ရာ သတင်းထူးများကော ရှိပါသေးသလော"

ဟု ထပ်မံမေးတော်မူသည်။

"အရှင်မင်းကြီး၊ ရှိပါသေးသည်၊လောက၌ တရားရတနာလည်း ပေါ်ထွန်းနေပါပြီ"

မင်းကြီးသည်ထိုသတင်းစကားကိုကြားလျှင် ဝမ်းသာမှု ပီတိဖြစ်ကာ တခဏတာမျှ တွေဝေငေးမောသွားမိပြန်သည်။

ဒုတိယအကြိမ်၊ တတိယအကြိမ်၊ စတုတ္ထအကြိမ် မေးပြီးမှတစ်ဖန်တရားရတနာ ပေါ်သည်ကို သတင်းကိုပေးသည့်အတွက် ဆုတော်ငွေတစ်သိန်းကို ထပ်မံဆုချပြန်လေသည်။

မင်းကြီးကဆက်လက်၍ သတင်းထူးရှိ-မရှိ မေးပြန်ရာ ကုန်သည်တို့ကလည်း သံဃာရတနာပေါ်ထွန်းနေပြီဖြစ်ကြောင်း ဆက်လျှောက်ထားကြသည်။

မင်းကြီးသည် ထိုသတင်းကိုကြားလျှင် ယခင်နည်းတူ မေ့မျော၍ လေးကြိမ်မေးပြီးမှ သံဃာပေါ်ကြောင်းသတင်းစကားလျှောက်ထားသဖြင့် အသပြာတစ်သိန်း ထပ်မံဆုချပြန်လေသည်။

**ထို့နောက်** မင်းကြီးသည်မိမိနောက်ပါ အမတ်တစ်

ထောင်တို့ကိုကြည့်၍-

"အမောင်တို့၊ အဘယ်သို့ပြုကြမည်နည်း"

ဟု မေးလိုက်သည်။

"အရှင်မင်းကြီး၊အရှင်မင်းကြီးကော အဘယ်သို့ပြုရန် စီမံထားပါသနည်း"

"အမောင်တို့၊ ငါသည် ဘုရား၊တရား၊သံဃာရတနာ ပေါ် ထွန်းပြီဟူသောသတင်းကိုကြားသိရပြီးဖြစ်သောကြောင့် ရွှေနန်းတော်သို့မပြန်လိုတော့ပြီ၊ ဤနေရာ၌ပင် ဘုရားရှင်ကို ရည်ညွှန်းလျက် သွားရောက်ပြီးလျှင် ဘုရားရှင်ထံ၌ ရဟန်းပြု ပါတော့မည်"

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးတို့သည်လည်း အရှင် မင်းကြီးနည်းတူ အတူတကွ ရဟန်းပြုကြပါမည်"

အမတ်များက ပါရမီဖြည့်ဘက်များပီပီ တညီတညွတ် တည်းလျှောက်ထားကြသည်။

မင်းကြီးသည် ရွှေပြား၌ အမှာစာရေးသားထွင်းထု စေပြီးလျှင်-

"အမောင်တို့-အမောင်တို့သည် ဤရွှေပြားကိုယူ၍ အနော်ဇာဒေဝီမိဖုရားကိုပြပါ၊ မိဖုရားကြီးက သင်တို့အား ငွေအသပြာသုံးသိန်းကို ငါ၏ကိုယ်စား ထုတ်ပေးပါလိမ့်မည်၊ သင်တို့ကို ငါအထူးမှာလိုက်လိုပါသည်၊မင်းကြီးက အနော်ဇာ

ဒေဝီမိဖုရားကြီးကို မင်းစည်းစိမ်ဂုဏ်သိန်အားလုံးကို စွန့်ပေး လိုက်သည်၊အလိုရှိတိုင်း ချမ်းသာစွာ မင်းစည်းစိမ်ကို ခံစား သုံးဆောင်ပါ ဟု မိဖုရားကိုလျှောက်ထားပေးပါ၊အကယ်၍ များ မိဖုရာကြီးက မင်းကြီးဘယ်မှာလဲဟု မေးပါက မြတ်စွာ ဘုရားကိုရည်ညွှန်း၍ ရဟန်းပြုတော့မည် ဟု မိန့်ကြားကာ ထွက်ခွာသွားပါပြီ ဟု လျှောက်ထားကြပါ"

ဟု မှာတမ်းပြုပြီး ရွှေပြားကို ပေးလိုက်လေသည်။

အမတ်များသည်လည်း မိမိတို့၏အမတ်ကတော်များ ထံသို့ အလားတူပင် သတင်းစကားမှာကြားပို့သစေကြလေ သည်။

မင်းကြီးသည် ကုန်သည်တို့ကို လွှတ်လိုက်ပြီးလျှင် သုပတ္တမြင်းကျော်ကိုစီး၍ အမတ်တစ်ထောင်ခြံရံလျက် ထို ခဏမှာပင် ဘုရားရှင်ရှိရာ သာဝတ္ထိပြည်သို့ ရှေ့ရှုထွက်ခဲ့ လေသည်။

မြတ်စွာဘုရားရှင်သည် မဟာကပ္ပိနမင်းကြီး ထွက်ခွာ သောနေ့တွင် သတ္တလောကကိုကြည့်သည်၊မဟာကပ္ပိနမင်း ကြီး အမတ်တစ်ထောင်နှင့်မိမိထံသို့ ရဟန်းပြုရန်ထွက်ခွာ လာသည်ကို သိမြင်တော်မူ၍ ရွာစားငယ်ကိုခရီးဦးကြိုဆို သော စကြာဝတေးမင်းကြီးကဲ့သို့ ကိုယ်တော်တိုင်ပင် ယူဇနာ (၁၂၀)ခရီးကို သွားရောက်ကြိုဆိုကာ စန္ဒဘာဂါအမည်ရှိ

သောမြစ်ဆိပ်ကမ်းဘေး ပင်ညောင်ပင်ရင်း၌ ရောင်ခြည်တော် ခြောက်သွယ်လွှတ်လျက် ထိုင်နေတော်မူသည်။

မဟာကပ္ပိနမင်းကြီးသည် ဆက်လက်ထွက်ခွာလာခဲ့ရာ အပရစ္ဆာအမည်ရှိသော မြစ်ဆိပ်သို့ရောက်လာကြသည်။

မင်းကြီးသည် မြစ်၏အမည်ကိုမေးပြီး မြစ်၏အကျယ်ကိုပါ ဆက်လက်မေးလေသည်။

"အရှင်မင်းကြီး၊ဤမြစ်၏ပမာဏကား အနက်အားဖြင့် တစ်ဂါဝုတ်၊ အကျယ်အားဖြင့် နှစ်ဂါဝုတ် ရှိပါသည်"

"ဤမြစ်ကိုဖြတ်ကူးရန် လှေဖြစ်စေ၊ဖောင်ဖြစ်စေ၊ ရှိကြပါသလော"

"မရှိပါ-အရှင်မင်းကြီး"

ငါသည် လှေ၊ဖောင်တို့ကို ရှာကြံနေစဉ်ပင် ပဋိသန္ဓေနေခြင်းတရားက အိုမင်းတရားသို့ရောက်အောင် ပို့ဆောင်နေဘိ၏၊အိုမင်းတရားက သေမင်းတရားသို့ရောက်အောင်ပို့ဆောင်နေဘိတကား၊ငါသည် ယုံမှားကင်းသူဖြစ်၍ ရတနာသုံးပါးတို့ကိုရည်ညွှန်းကာ ရဟန်းပြုရန်ထွက်ခွာလာသူစစ်စစ်ဖြစ်သည်။ငါ့အဖို့ရာ ထိုရတနာသုံးပါး၏အာနုဘော်ကြောင့်ဤရေသည် ရေကဲ့သို့ မဖြစ်ပါစေလင့်"

ဟု ရဟနာသုံးပါး၏ဂုဏ်ကျေးဇူးကိုဆင်ခြင်လျက်-

**"ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ"**

အစရှိသည် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းအောက်မေ့ကာ

"မြတ်စွာဘုရားသည် အမှန်ပင် ဘဝသုံးသွယ်၊ ရေပြင်ကျယ်ကိုကူးမြောက်နိုင်ခဲ့ပါပြီ၊ လောက၏အဆုံးသို့လည်းဆိုက်ရောက်တော်မူလေပြီ၊ ခပ်သိမ်းသောတရားတို့ကိုလည်း ပိုင်းခြားထင်ထင်သိမြင်တော်မူပြီ၊ ဤမှန်သောသစ္စာစကားကြောင့် ကျွန်ုပ်၏ ဘုရားရှင်ထံ ရဟန်းပြုရန်သွားရောက်ခြင်းသည် အန္တရာယ်မရှောက် အမြန်ရောက်ရပါစေသား အရှင်ဘုရား"

**"ဘဝသောတံဟာဝေဗုဒ္ဓေါ၊ တိဏ္ဏောလောကန္တဂူဝိဒူ**

**ဧတေနသစ္စဝဇ္ဇေန၊ ဂမေနံမေသမိဇ္ဈတု"**

ဤသို့ သစ္စာပြုပြီး အခြံအရံအမတ်တစ်ထောင်၊ သိန္ဓောမြင်းတစ်ထောင်တို့နှင့်တကွ နှစ်ဂါဝုတ်ကျယ်သောရေအပြင်ကို ကူးလေသည်။

သိန္ဓောမြင်းတို့သည် ကျောက်ဖျာပေါ်၌ ပြေးလွှားသကဲ့သို့ အံ့ဩထူးဆန်းစွာရေများက တင်းခံ၍နေလေသည်။ မြင်း၏ခွာဖျားသော်မှ ရေမစွတ်စိုချေ။

မဟာကပ္ပိနမင်းကြီးနှင့်အမတ်တို့သည် ရှေ့သို့ခရီးဆက်ခဲ့ရာ ဒုတိယ နိလဝါဟိနီအမည်ရှိသော မြစ်ဆိပ်သို့ဆိုက်ရောက်ကြပြန်သည်။

မင်းကြီးသည် အမတ်တို့ကို မြစ်၏အမည်နှင့်အကျယ်

ကိုမေးပြန်သည်၊အမတ်တို့က ဤမြစ်သည် အစောက်အကျယ် အားဖြင့် ယူဇနာဝက်ရှိကြောင်းလျှောက်ထားကြလေသည်။

မင်းကြီးသည် ရှေးနည်းအတိုင်းပင် ထိုမြစ်ကို -

**"သွက္ခာတော ဘဂဝတာဓမ္မော"**

အစရှိသည် ဓမ္မာနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းအောက်မေ့ကာ

အရိယာမဂ်လေးပါးသည် အမှန်ပင် နိဗ္ဗာန်ကိုရောက် စေနိုင်၏၊နိဗ္ဗာန်တရားမြတ်သည်လည်းချမ်းသာစစ်ကေန်ဖြစ် ၏၊ဤမှန်သော သစ္စာစကားကြောင့် ကျွန်ုပ်၏ဘုရားရှင်ထံ ရဟာန်းပြုရန်သွားလာမှုသည်အန္တရာယ်မနှောက် အမြန်ရောက် ပါစေ အရှင်ဘုရား"

**"ယဒိသန္တိဂမောမဂ္ဂေါ၊ မောက္ခောစတ္တိကံသုခံ**

**ဧတေနသစ္စဝဇ္ဇေန၊ ဂဇမန်မေသမိဇ္ဈတု"**

ဟု ဤဂါထာကိုသစ္စာပြုရွတ်ဆိုပြီး မြစ်ကိုဖြတ်ကျော်ရာ မြစ် ရေသည် ကျောက်လွှာပြင်ကဲ့သို့ တင်းခံပြီး မြင်းများ၏ခြေဖျား သော်မျှ ရေမစွတ်စိုချေ။

ရှေ့သို့ခရီးဆက်ခဲ့ကြပြန်ရာ စန္ဒဘာဂမြစ်ဆိပ်သို့ ရောက်လာကြသည်။

မင်းကြီးသည် မြစ်အမည်နှင့်အကျယ်ကိုမေးပြန်သည် စန္ဒဘာဂမြစ်သည် အစောက်အကျယ်အားဖြင့် တစ်ယူဇနာ စီရှိကြောင်းလျှောက်ထားကြသည်။

မင်းကြီးသည်-

"သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော"

ဟူသောသံဃာဂုဏ်ကို စီးဖြန်းအောက်မေ့ကာ

"သံဃာတော်မြတ်သည် အမှန်ပင် သံသရာခရီးခဲကို တစ်ဘက်ကမ်းရောက်အောင် အတုမရှိလွန်မြတ်ဘိ၏၊ ကောင်းမှုမျိုးတို့စိုက်ပျိုးကြဲချရာ လယ်ယာမြေဖြစ်ပါပေ၏၊ ဤမှန်သောသစ္စာစကားကြောင့် ကျွန်ုပ်၏ဘုရားရှင်ထံ ရဟန်းပြုရန်သွားလာမှုသည်အန္တရာယ်မနှောက် အမြန် ရောက်ပါစေ အရှင်ဘုရား"

"သံဃော ဝေတိဏ္ဏကန္တာရော၊ ပုညခေတ္တာအနုတ္တရော

ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု"

ဟု ဤဂါထာကိုသစ္စာပြုရွတ်ဆိုပြီး မြစ်ကိုဖြတ်ကျော်ရာ မြစ်ရေသည် ကျောက်လွှာပြင်ကဲ့သို့ တင်းခံပြီး မြင်းများ၏ခြေဖျား သော်မျှ ရေမစွတ်စိုချေ။

မင်းကြီးနှင့်အမတ်များသည် စန္ဒဘာဂမြစ်ကိုကူး မြောက်၍သွားလျှင်ပင် ညောင်ပင်ရင်း၌ သီတင်းသုံးနေထိုင် ကြပြီး ရောင်ခြည်တော်ခြောက်သွယ်ကွန့်မြူးနေသည်ကို အံ့သြဖွယ်ဖူးတွေ့ကြရလေသည်။

ထိုအချိန်ဝယ် ညောင်ပင်ကြီးတစ်ပင်လုံးရှိ ပင်စည်၊ အကိုင်းအခက်၊ အရွက်တို့မှာ ရွှေသားစေတီပမာ ဝါဝင်းထိန်

ဝေလျက်ရှိသည်။

"ဤအနှရောင်ကား လ၏အရောင်လည်းမဟုတ်၊ နေ၏အရောင်လည်းမဟုတ်၊နတ်၊မာရ်၊နဂါး၊ ဂဠုန်စသည်တို့တွင် တစ်ဦးဦး၏အလင်းရောင်လည်းမဟုတ်၊ကေန်ပင် ငါသည် ဘုရားရှင်ကိုရည်မှန်းပြီး ရဟန်းပြုရန်လာရောက်သည်ကို သိမြင်တော်မူသော ဘုရားရှင်ဖြစ်လိမ့်မည်"

ဟု မင်းကြီးသည် စဉ်းစားဆင်ခြင်မိလေသည်။

မင်းကြီးသည် ထိုခဏမှာပင် မြင်းကျောက်ကုန်းမှ ဆင်းသက်၍ ကိုယ်ကိုညွတ်ကာ ရောင်ခြည်တော်ကွန့်မြူးရာ သို့အစဉ်လိုက်ပါလျက် ဘုရားရှင်ထံသို့ဆည်းကပ်ပြီးလျှင် ဆေးဒန်မြင်သီလာရေ၌ နှစ်မြှုတ်ငုပ်သောသူကဲ့သို့ ဘုရား ရောင်ခြည်တော်တို့အတွင်းဝင်ရောက်ကာ ဘုရားရှင်ကိုရှိသေ စွာရှိခိုးပြီး အမတ်တစ်ထောင်တို့နှင့်အတူ အပြင်လွတ်ရာ နေရာ၌ ထိုင်နေကြသည်။

ဘုရားရှင်သည် မင်းကြီးနှင့်တကွအမတ်တစ်ထောင် တို့ကိုဒါန၊သီလ၊သဂ္ဂ၊မဂ္ဂကထာ တရားတို့ကိုအစဉ်အတိုင်း ဟောကြားခဲ့ရာတရားအဆုံးတွင် မင်းနှင့်တကွ အမတ်တစ် ထောင်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေသည်။

ထိုအခါ အားလုံးပင်ထ၍ ဘုရားရှင်ထံ ရှင်ရဟန်း အဖြစ်ကို တောင်းခံကြလေသည်။

ဘုရားရှင်သည် ဤအမျိုးကောင်းသားများအဖို့ တန်ခိုးဖြင့်ပြီးသော သပိတ်၊သင်္ကန်းရှိ-မရှိ စူးစမ်းဆင်ခြင် ကြည့်တော်မူသည်။

ဤအမျိုးကောင်းသားများသည် အတိတ်ဘဝက ပစ္စေကဗုဒ္ဓါတစ်ထောင်အား သင်္ကန်းအစုံတစ်ထောင်လှူခဲ့ဖူး ပြီး ကဿပဘုရားရှင်လက်ထက်ကလည်း ရဟန္တာအပေါင်း နှစ်သောင်းကို သင်္ကန်းစုံနှစ်သောင်းလှူခဲ့ဖူးသည်ကို သိရှိ တော်မူသည်။

သို့အတွက် ဘုရားရှင်သည် လက်ျာလက်တော်ကို ဆန့်တန်းလျက်-

"ရဟန်းတို့-လာကြလော့၊သင်ချစ်သားတို့ ကောင်းပန် အပ်သောရှင်ရဟန်းအဖြစ်ကို ခံယူကြလော့၊တရားတော်ကို ငါဘုရားကောင်းစွာ ဟောကြားအပ်လေပြီ၊သင်ချစ်သားတို့ သည်ဝဋ်ဆင်းရဲအဆုံးကိုပြုခြင်းငှာ ဒိက္ခာသုံးရပ်မြတ်သော အကျင့်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြလော့"

ဟု ခေါ်တော်မူလိုက်သည်။

ထိုသို့ဧဟိဘိက္ခုခေါ်လိုက်သည်နှင့်တပြိုင်နက်ထဲ မဟာကပ္ပိနမင်းကြီးနှင့်အမတ်တစ်ထောင်တို့သည် သပိတ်၊ သင်္ကန်းအပြည့်အစုံနှင့်ဝါ(၆၀)ရ မထေရ်ကြီးကဲ့သို့ဖြစ်ကာ လူအသွင်ပျောက်ပြီး ရဟန်းအဖြစ်သို့ရောက်ကြကာ ကောင်း

ကင်သို့တက်ကြသည်၊ပြီးမှတစ်ဖန် ဆင်းလာ၍ ဘုရားရှင်အားရှိခိုးကာ ထိုင်နေကြသည်။

××××××××××××

သာဝတ္ထိပြည်သားကုန်သည်များသည် မင်းကြီး၏ ရွှေပေလွှာကိုယူ၍ ကုက္ကဋဝတီရွှေနန်းတော်သို့ သွားရောက်ကြသည်။မင်းကြီးစေလွှတ်သောအကြောင်းကို မိဖုရားကြီးအားသံတော်ဦးတင်စေသည်။

အနော်ဇာဒေဝီဖုရားကြီးက ဝင်ခွင့်ပြုသောအခါ မိဖုရားကြီးအဆောင်သို့ဝင်ကာ မိဖုရားကြီးကိုရှိခိုး၍ သင့်ရာအရပ်၌ ထိုင်ကြသည်။

"အမောင်တို့-အဘယ်အကြောင်းကြောင့် ဤနန်းတော်သို့ရောက်လာကြပါသလဲ"

"အရှင်မိဖုရားကြီး-အကျွန်ုပ်တို့ကို မင်းကြီးက မိဖုရားကြီးထံ စေလွှတ်လိုက်ပါသည်၊ အသပြာသုံးသိန်းကိုလည်း ဆုတော်လာဘ်တော်ပေးသနားလိုက်ပါသည်။"

"အမောင်တို့-အမောင်တို့သည် အလွန်များပြားသောငွေကိုပြောကြားသည်၊အမောင်တို့သည် မင်းကြီးအပေါ်၌အဘယ်သို့သောကျေးဇူးကိုပြုခဲ့ကြပါသလဲ၊ ဘယ်လိုကျေးဇူးကြောင့် မင်းကြီးကစိတ်ကြည်လင်ပြီး ဤမျှများပြားလှသောဆုတော်ငွေကို ဆုချပါသလဲ"

"အရှင်မိဖုရားကြီး-ကျွန်ုပ်တို့သည်မင်းကြီးအပေါ်၌ အခြားကျေးဇူးပြုကြသည် မဟုတ်ပါ။စင်စစ် ကျွန်ုပ်တို့သည် မင်းကြီးကိုသတင်းထူးတစ်ခုလျှောက်ထားခဲ့ကြပါသည်၊သို့အတွက် မင်းကြီးစိတ်ကြည်လင်ပြီး အသပြာသုံးသိန်းကို ဆုချပေးသနားခြင်း ဖြစ်ပါသည်"

"အမောင်တို့-ထိုသတင်းထူးကို ငါ့အားလည်း ပြောကြားနိုင်ပါသလော".

"ပြောကြားနိုင်ပါသည် အရှင်မိဖုရားကြီး"

"အရှင်မိဖုရားကြီး-လောက၌ ဘုရားပွင့်တော်မူခဲ့ပါပြီ"

ထိုသတင်းကိုကြားလျှင် မိဖုရားကြီးသည်လည်း မင်းကြီးနည်းတူ ပီတိငါးမျိုးကိုယ်လုံးဖြာလျက် သုံးကြိမ်တိုင်တိုင် တစ်စုံတစ်ခုကိုမှမမှတ်သားနိုင်ဘဲ လေးကြိမ်မြောက်၌ ဘုရားရတနာဟူသော ပုဒ်တစ်စိပ်ကိုမျှ ကြားသိရလျှင်ပင်-

"အမောင်တို့-ဤဘုရားဟူသောစကား၌ မင်းကြီးက အမောင်တို့ကို အဘယ်မျှဆုလာဘ်ပေးသနားလိုက်ပါသနည်း" ဟု မေးသည်။

"အရှင်မိဖုရားကြီး-အသပြာတစ်သိန်းဆုလာဘ်ပေးသနားတော်မူလိုက်ပါသည်"

"အမောင်တို့-ဤသို့ထူးဆန်းအံ့သြ ကြားခဲလှသည့် သတင်းစကားကိုကြားသိပါလျက် မင်းကြီးသည် အမောင်တို့

အား ဆုတော်ငွေအသပြာတစ်သိန်းပေးသနားလိုက်သည်မှာ သတင်းတန်ဘိုးနှင့်မသင့်တော်၊မသင့်လျော်သလို ပြုဘိ၏၊ ငါမူကား အမောင်တို့အား ငါ၏ဆင်းရဲသားလက်ဆောင် အသပြာသုံးသိန်းတို့ကို ပေးပါ၏၊မင်းကြီးအား အမောင်တို့ သည် အခြားမည်သည့် သတင်းထူးကို လျှောက်ထားကြပါ သေးသလဲ"

ကုန်သည်တို့က ကျန်သောဓမ္မရတနာဖြစ်ပေါ်နေ ကြောင်း၊သံဃရတနာဖြစ်ပေါ်နေကြောင်း သတင်းနှစ်ရပ်ကို အစဉ်အတိုင်းဆက်၍ လျှောက်ထားကြသည်။

မိဖုရားကြီးသည် ရှေးနည်းတူ ပီတိငါးမျိုးကိုယ်လုံး ဖြိုးလျက် သုံးကြိမ်တိုင်အောင် တစ်စုံတစ်ခုကို မမှတ်သားနိုင် ဘဲ လေးကြိမ်မြောက်ကျမှ တရားဟူသောပုဒ်၊ သံဃာဟူ သောပုဒ် တစ်စိပ်စီကိုကြားရလျှင်ပင် အသပြာသုံးသိန်းစီ ဆုလာဘ်ပေးသနားလေသည်။

ဤသို့ဖြင့် ကုန်သည်တို့သည် မင်းကြီးပေးသော အသပြာသုံးသိန်း၊ မိဖုရားကြီးပေးသော အသပြာကိုးသိန်း အားဖြင့် အသပြာတစ်သန်းနှစ်သိန်းဆုလာဘ်တို့ကို ရရှိကြ လေသည်။

ထို့နောက် မိဖုရားကြီးသည် မင်းကြီး၏အခြေအနေ ကိုဆက်လက်မေးရာ ကုန်သည်များက ဘုရားရှင်ထံ ရဟန်း

ပြုရန် အမတ်တစ်ထောင်နှင့်တကွ ထွက်ခွာသွားကြောင်း အကြောင်းစုံကို လျှောက်ထားကြလေသည်။

မိဖုရားကြီးသည် ကုန်သည်များကို ဆုချီးမြှင့်ပြန်လွှတ်တော်မူပြီးနောက်အမတ်ကတော်တို့ကို ခေါ်စေကာ ညှိနှိုင်းမှုပြုလေသည်။

"အမိတို့-အမိတို့၏အိမ်သားအမတ်များသည်မင်းကြီးနှင့်အတူရဟန်းပြုကြကုန်အံ့ ဟု ဆိုကာ လိုက်ပါသွားကြပြီး အမိတို့ အဘယ်အမှုပြုကြမည်နည်း"

"အရှင်မိဖုရားကြီး-ထိုအမတ်တို့က ကျွန်တော်မတို့အတွက် မည်သို့သောသတင်းစကားကို ပါးလိုက်ပါသလဲဘုရား"

"အမိတို့အိမ်သားအမတ်များက သူတို့၏စည်းစိမ်ဥစ္စာအားလုံးတို့ကို အမိတို့အား ပေးစွန့်ပါသတဲ့၊အမိတို့သည် ထိုစည်းစိမ်ကို အလိုရှိတိုင်း သုံးဆောင်သွားနေကြပါလို့ သတင်းစကားပါးလိုက်ပါသည်"

"အရှင်မိဖုရားကြီး-အရှင်မိဖုရားကော အဘယ်သို့ပြုရန် ကြံထားပါသလဲဘုရား"

"အမိတို့-ငါ့အရှင် မဟာကပ္ပိနမင်းကြီးသည် ရတနာသုံးပါးပေါ်ထွန်းကြောင်း သတင်းစကားကြားရ၍ ခရီးလမ်း၌ ရပ်တန့်ရင်းကပင် အသပြာသုံးသိန်းဖြင့် ရတနာသုံးပါးတို့ကို

ပူဇော်ပြီးလျှင် မင်းစည်းစိမ်ကို တံတွေးပေါက်ပမာ စွန့်ပယ် ခွာလျက် ငါရဟန်းပြုတော့မည်ဆိုပြီး ဘုရားရှင်ထံသို့ ထွက် ခွာသွားပါပြီ၊ ငါသည်လည်း ရတနာသုံးပါးပေါ် ထွန်းသည် သတင်းကြား၍ ရတနာသုံးပါးကို အသပြာကိုးသိန်းဖြင့် ပူဇော်အပ်လိုက်ပြီး ဖြစ်သည်။ ဤမင်းစည်းစိမ်မည်သည် မင်းကြီးအဖို့သာ ဆင်းရဲဒုက္ခဖြစ်စေနိုင်သည်မဟုတ်၊ ငါ့အဖို့ ရာလည်း ဆင်းရဲဒုက္ခဖြစ်စေနိုင်သည်သာ ဖြစ်သည်၊မင်းကြီး ထွေးစွန့်၍သွားသောတံတွေးပေါက်ကို ပညာရှိမူအဘယ်သူ သည် ပုဆစ်တုတ်ကာခံတွင်းဖြင့်ခံယူမည်နည်း၊ ငါ့အတွက် မင်းစည်းစိမ်ကို အလိုမရှိပါ၊ ငါသည်လည်း ဘုရားရှင်ကို ရည်ညွှန်းကာ ဘုရားရှင်ထံမှောက်သွားပြီး ရဟန်းပြုရန် စီမံ ထားပါသည်”

“အရှင်မိဖုရားကြီး-ဤသို့ဆိုလျှင် ကျွန်တော်မတို့ သည်လည်း အရှင်မိဖုရားကြီးနှင့်အတူတကွပင် ရဟန်းပြုကြ ပါမည်”

“အမိတို့-စွမ်းနိုင်လျှင် ကောင်းပါသည်”

“အရှင်မိဖုရားကြီး စွမ်းနိုင်ပါသည်”

“ကောင်းပြီအမိတို့၊ ထိုသို့ဖြစ်လျှင် ငါတို့လည်း ယခု ပင် လိုက်သွားကြစို့”

မိဖုရားကြီးနှင့်အမတ်တစ်ထောင်တို့သည် ဤသို့

ဆွေးနွေးတိုင်ပင်သဘောတူကြပြီးလျှင် ရထားစီးရေတစ်ထောင်ကကိုစေပြီး ရထားထက်သို့တက်စီးစေပြီးလျှင် မြို့မှထွက်ခဲ့ကြလေသည်။

မင်းကြီးနည်းတူ ပထမမြစ်သို့ရောက်၍ မြစ်အမည်ကို စုံစမ်းမေးမြန်းကြသည်။

"မင်းကြီးကူးသွားသောလမ်းကိုကြည့်ရှုရှာဖွေလော့" ဟု မင်းကြီးတို့ကူးသွားရာ မြစ်ဆိပ်လမ်းခရီးကို ရှာဖွေခိုင်းသည်။

"အရှင်မိဖုရားကြီး-သိန္ဓောမြင်းတို့၏ခြေရာကိုမျှ ရှာမတွေ့ရပါ"

"ငါ၏သခင် မင်းကြီးသည်ကား ရတနာသုံးပါးတို့ကို ရည်ညွှန်း၍ ရဟန်းပြုရန်ထွက်ခွာလျက် သစ္စာပြုကာဤမြစ်ကို ကူးသန်းသွားရောက်တော်မူသည် ဖြစ်လိမ့်မည်၊ငါသည်လည်း ရတနာသုံးပါးကိုရည်ညွှန်း၍ ရဟန်းပြုရန် ထွက်ခဲ့လေပြီ၊ရတနာသုံးပါးအာနုဘော်ကြောင့် ဤမြစ်ရေသည် ရေကဲ့သို့မဖြစ်ပါစေလင့်"

ဟု ရတနာသုံးပါး၏ဂုဏ်ကို အောက်မေ့ဆင်ခြင်၍ ရထားတစ်ထောင်ကိုမြစ်ရေအပြင်၌ မောင်းနှင်စေသည်။

ထိုအခါ ရေပြင်သည်အံ့ဩဖွယ်ရာ ကျောက်ဖျာကဲ့သို့ဖြစ်ပြီး ရထားဘီးတိုအကွပ်အနားကိုမျှ ရေမစွတ်စိုချေ။

ဤနည်းဖြင့် ကျန်သောမြစ်နှစ်တန်ကိုလည်း မင်းကြီး နည်းတူ ကူးမြောက်နိုင်ခဲ့သည်။

အနော်ဇာမိဖုရားနှင့် အမတ်ကတော်တစ်ထောင်တို့ သည် တတိယမြောက် စန္ဒဘာဂမြစ်ကိုကူးမြောက်မိလျှင်ပင် ရောင်ခြည်တော်ခြောက်သွယ်ကွန့်မြူးလျက် ညောင်ပင်ရင်း ၌ သီတင်းသုံးနေသော ဘုရားရှင်ကိုဖူးမြော်မိကြလေသည်။

"ဤအမျိုးသမီးများသည် မိမိတို့၏လင်သားများကို တွေ့မြင်ရလျှင် ဆန္ဒရာဂဖြစ်ပေါ်၍ မဂ်ဖိုလ်အန္တရာယ်ပြုရာ ရောက်မည့်တရားကိုလည်း ဖြောင့်တန်းစွာနာနိုင်ကြမည် မဟုတ်"

ဟု ဘုရားရှင်သည် ကြံစည်ဆင်ခြင် သိမြင်တော်မူ၍ သူတို့ အချင်းချင်း မမြင်ရလေအောင် တန်ခိုးတော်ဖြင့် ကွယ်ပထား လေသည်။

အမျိုးသမီးတို့သည် ဘုရားရှင်ထံသို့ရောက်သော် ဘုရားရှင်ကိုရှိခိုး၍ ထိုင်ကြလေသည်။

ဘုရားရှင်သည် ထိုအမျိုးသမီးများကိုလည်း ဒါန ကထာစသော တရားကိုအစဉ်လိုက်ဟောတော်မူရာ တရား တော်အဆုံးဝယ် အားလုံးသောအမျိုးသမီးတို့သည် သောတာ ပတ္တိဖိုလ်၌ တည်ကြလေသည်။

ထို့နောက် ဘုရားရှင်က တန်ခိုးကိုဖယ်ရှား၍ အချင်း

ချင်း မိမိတို့၏အရှင်သခင် လင်ယောကျ်ားတို့ကိုမြင်စေကုန်သည်။

ဘုရားရှင်သည် ဥပ္ပလဝဏ်ထေရီမသည်လာရောက်စေသတည်း ဟု ကြံစည်အောက်မေ့တော်မူလျှင် ထေရီမသည် ချက်ချင်းပင် တန်ခိုးဖြင့်ရောက်လာသည်။

ဘုရားရှင်က ဥပ္ပလဝဏ်အမျိုးသမီးများကို ရဟန်းမပြုပေးရန်မိန့်ကြားပြီး ရဟန်းမပြုပေးစေသည်။

ထို့နောက် ထိုရဟန်းမများကို ဥပ္ပလဝဏ်ထေရီမကိုခေါ်ဆောင်သွားစေလေသည်။

ဘုရားရှင်သည် ရဟန်းတစ်ထောင်ကို ခေါ်ဆောင်၍ကောင်းကင်ခရီးဖြင့် ဇေတဝန်ကျောင်းသို့ ကြွတော်မူလေသည်။

အရှင်ကပ္ပိနမထေရ်သည် ရဟန်းတရားကိုပွားများအားထုတ်သဖြင့် မကြာခင် အရဟတ္တဖိုလ်ပေါက် ရဟန္တာဖြစ်လေသည်။

မထေရ်သည် ရဟန္တာဖြစ်ပြီးနောက် မိမိအတူနေတပည့်ရဟန်းများကို တရားမဟောဘဲ အရဟတ္တဖိုလ်သမာပါတ်ဖြင့်သာ အချိန်ကုန်လွန်စေသည်။

တောသို့ကပ်ရောက်စဉ် သစ်ပင်ရင်းကပ်ရောက်စဉ် ဆိတ်ငြိမ်ရာကပ်ရောက်စဉ် သြ-ချမ်းသာစွာ-ချမ်းသာစွာ ဟု

အမြဲ ဥဒါန်းကျူးရင့်လေ့ရှိသည်။

ထိုသို့ကျူးရင့်သံကို အခြားရဟန်းတို့ကကြား၍-

“ကပ္ပိနမထေရ်သည် ပြည်စည်းစိမ်ကို အမှတ်ရ အောက်မေ့ကာ ဥဒါန်းကျူးရင့်လေသည်”
ဟု အထင်လွဲစကားပြောကြားပြီး ဘုရားရှင်ကို ထိုအကြောင်း လျှောက်ထားကြသည်။

“ငါ၏သားတော် ကပ္ပိနမထေရ်သည် မဂ်ချမ်းသာ ဖိုလ်ချမ်းသာကို အာရုံပြု၍ ဥဒါန်းကျူးရင့်ခြင်းသာ ဖြစ်သည်”
ဟု မိန့်ကြားတော်မူပြီး-

“ရဟန်းတို့-လောကုတ္တရာတရားကို သောက်သုံးရ သောပုဂ္ဂိုလ်သည် ကိလေသာကင်းစင် အထူးကြည်လင်သော စိတ်ဖြင့်ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနေရ၏အိပ်ရ၏၊ခန္ဓာကိုယ် ရေးကို သိမြင်သော ပညာရှင်သည် ဘုရားအစရှိသော အရိယာသူမြတ်တို့ဟောကြားအပ်သော ဗောဓိပက္ခိယတရား သုံးဆယ်ခုနှစ်ပါး၌ နေ့ညဥ့်ဆက်ကာအခါခပ်သိမ်းမွေ့လျော် ပျော်ပိုက်နှစ်ခြိုက်နေရ၏”
ဟု ရဟန်းများကို ဆက်လက်၍ တရားဟောတော်မူသည်။

နောင်တွင် မဟာကပ္ပိနမထေရ်ကို ဘုရားရှင်က ကြောင့်ကြခံမနေရန်နှင့် မိမိ၏တပည့်များကို တရားဟောရန် တိုက်တွန်းသဖြင့် မိမိ၏တပည့်တစ်ထောင်ကို တရားဟောရာ

တစ်ကြိမ်ဟောရုံမျှဖြင့်ပင် အားလုံးအရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေသည်။

ဘုရားရှင်သည် နှောင်တစ်ချိန်ဝယ် မဟာကပ္ပိန မထေရ်ကို ရဟန်းတို့ကိုဆုံးမဩဝါဒပေးရာ၌ အသာဆုံး-အမြတ်ဆုံး ဧတဒဂ်ရာထူးအရာ ပေးအပ်လေသည်။

မဟာကပ္ပိနနှင့်အနောဇာဒေဝီတို့၏ ဘဝဖြစ်စဉ်ကို ကြည့်လျှင် ရတနာသုံးပါးကြားရုံမျှဖြင့်အံ့ဩတနန်းဖြစ်ပုံ၊ ထို အတွက်ဆုလာဘ်ပေးပုံ၊သစ္စာဆို၍ မြစ်သုံးတန်ကျော်ဖြတ် ပုံ တို့သည် အံ့ဩဘနန်း အဖြစ်ဆန်းများ ဖြစ်ကြပါသည်။

ထိုမင်းနှင့်မိဖုရားတို့၏ ဘဝဖြစ်စဉ်များသည်ဂေါတမ ဘုရားရှင်၏ သာသနာသမိုင်းဝယ် အံ့ဖွယ်ဘဝဇာတ်လမ်းရှင် များအဖြစ် မှတ်တမ်းတင်ကျန်ရစ်ခဲ့ပါတော့သည်။

*********

# ငါးမျိုးသော်မှမသေ
# သက်ရှည်အံ့ဖွယ်မာကူလ

ကောသမ္ဗီပြည်ရှိသူဌေးကြီး၏သူဌေးကတော်သည် ကိုယ်ဝန်ဆောင်လာသည်၊ထိုကလေး ကိုယ်ဝန်ဆောင်သော အချိန်မှစ၍ကောသမ္ဗီသူဌေးအိမ်တွင် လာဘ်လာဘများပေါ များလာသည်၊ကောင်းသတင်းများ ကျော်စောပျံ့နှံ့ထွက်လာ လေသည်။

ထိုကိုယ်ဝန်သည် ကိုးလလွယ် ဆယ်လပြည့်သော် သားရတနာတစ်ဦးကိုဖွားမြင်ခဲ့လေသည်။

သူဌေးကတော်သည် သားကိုဖွားမြင်ပြီးသော်-

“ငါ ယခုမွေးဖွားလိုက်သောသားသည်ဘုန်းကံကြီး မားသူ၊အဓိကရကောင်းမှုပြုခဲ့သူဖြစ်သည်၊ငါ၏သားလေး အသက်ရှည်ကြာ အနာကင်းသရွေ့ပတ်လုံး ငါတို့အားစည်း

စိမ်ဥစ္စာရတနာများ ပေးစွမ်းနေမည်သာ ဖြစ်သည်၊မွေးဖွား သောနေ့၌ပင် ယမုံနာမြစ်၌ ရေချိုးပေးသောကလေးသူငယ် မှန်သမျှအသက်ရှည်၍အနာကင်းကြသည်ဟု ဆိုကြပါသည်၊ ငါသည် ငါ့သားငယ်ကို ယမုံနာမြစ်၌ ရေချိုးပေးစေအံ့" ဟု ကြံစည်ပြီးလျှင် မွေးပြီးငါးရက်မြောက်သောနေ့တွင် ယမုံ နာမြစ်၌ ရေချိုးပေးစေရန် အခမ်းအနားဖြင့် ပို့ပေးစေလေ သည်။

ယမုံနာမြစ်ဝယ် အထိန်းတော်ကြီးသည် သူငယ်ကို ငုပ်ချည်ပေါ်ချည်ပြု၍ရေကစားနေစဉ် ငါးကြီးတစ်ကောင် သည် သူငယ်ကိုမြင်၍မိမိ၏အစာဟု မှတ်ထင်ကာခံတွင်းကို ဖွင့်ဟလျက် သူငယ်ထံသို့ ချဉ်းကပ်လာလေသည်။

အထိန်းတော်ကြီးသည် ငါးကြီးကိုရုတ်တရက်မြင်၍ လန့်ဖြန့်ကာ ကလေးကိုလွှတ်ချကာထွက်ပြေးလေသည်၊ငါး ကြီးသည် ကလေးကိုဟပ်ယူ၍ မျိုလေသည်။

သာမညလူငယ်တစ်ယောက်ဖြစ်ပါက ငါးမျိုခံရလျှင် ခံရခြင်းပင် အသက်သေသွားနိုင်မည်၊သူငယ်မှာမူ နောင်အခါ တွင် ရဟန္တာဖြစ်မည့် အရဟတ္တဉာဏ်၏ ဘုန်းကံအာနုဘော် ကြောင့် မသက်မသေဘဲ ငါး၏ဝမ်းဗိုက်ထဲဝယ် အိပ်ရာတိုက် ခန်းထဲ၌ လဲလျောင်းအိပ်ရသကဲ့သို့ ချမ်းသာစွာ လဲလျောင်း နေရလေသည်။

ငါးကြီးသည် သူငယ်၏ဘုန်းကံတန်ခိုးအရှိန်ကြောင့် အလွန်ပူသည့်သံခဲတွေကို မျိုမိသည့်ပမာ အလွန်ပူလောင်၍အလွန်လျင်မြန်သောအဟုန်ဖြင့် ယူဇနာသုံးဆယ်တိုင်တိုင် မြစ်ကြောင်းအတိုင်း ပြေးသွားခဲ့သည်။

ဗာရဏသီဆိပ်ကမ်းရောက်၍ဗာရဏသီမြို့နေ တံငါသည်၏ ပိုက်ကွန်အတွင်းသို့ ဝင်မိလေသည်။

အထူးသဖြင့် ငါးကြီးများပိုက်ကွန်၌မိလျှင် တမင်သတ်မှသေကြစမြဲဖြစ်သော်လည်း ဤငါးကြီးသည်ကား သူငယ်၏ ဘုန်းတန်ခိုးကြောင့် ပိုက်ကွန်မှထုတ်လျှင်ထုတ်ချင်းပင် လူတို့ကမထုမရိုက်ရဘဲ သူ့အလိုလိုပင် သေသွားလေသည်။

တံငါသည်များသည် ငါးကြီးများကိုရကြလျှင် အစုစုခွဲစိတ်ပြီးမှ ရောင်းချမြဲဓမ္မတာဖြစ်သော်လည်း ထိုငါးကြီးကိုမူ သူငယ်၏ဘုန်းတန်ခိုးကြောင့် မခွဲမစိပ်ကြဘဲ ငါးအကောင်လိုက်ပင်ထမ်းပိုးဖြင့် ထမ်းဆောင်ယူကြကာ-

"ဤငါးကြီးကို ငွေတစ်ထောင်ကျပ်ရမှ ရောင်းမည်" ဟု ဆုံးဖြတ်ကြပြီး ဗာရဏသီမြို့ထဲသို့ လှည့်လှည်ရောင်းချကြသည်။တန်ဖိုးကြီးမားလှ၍ ထိုငါးကြီးကို မည်သူမျှမဝယ်နိုင်ကြချေ။

ထိုအချိန်ဝယ် ဗာရဏသီပြည်၌ ကုဋေရှစ်ဆယ်

ကြွယ်ဝပြီး သားသမီးတစ်ယောက်မျှ မထွန်းကားသော သူဌေးကြီးတစ်ဦးရှိလေသည်။

တံငါသည်များသည် ထိုသူဌေးကြီး၏အိမ်ရှေ့သို့ ရောက်သွားကြသည်၊ထိုငါးကြီးကို တွေ့မြင်ရသော သူဌေးလင်မယားသည် ငါးကြီးကိုဝယ်ယူလိုသဖြင့် ခေါ်ယူ၍ဈေးနှုန်းမေးရာ တစ်ထောင်ရမှ ရောင်းမည်ဟုတံငါသည်တို့က ဈေးဆိုသောကြောင့် တစ်ထောင်ပေး၍ပင် ဝယ်ယူလိုက်ကြသည်။

ယခင်ကသူဌေးကတော်ကြီးသည် သားငါးချက်ပြုတ်မှုကိုကိုယ်တိုင်စီမံလေ့မရှိပေ၊ယနေ့မူ ထူးခြားစွာကိုယ်တိုင်ခေါကိုင်၍ ငါးကိုခင်းတီးပျဉ်ချပ်၍တင်ကာ ခွဲစိတ်လေသည်။

ငါးကိုခွဲစိပ်လိုက်သော် ငါးဗိုက်ထဲမှ ရွှေအဆင်းကဲ့သို့ အဆင်းရှိသောသားငယ်ကို အိပ်ပျော်လျက်နေသည်ကို တွေ့ရ၍ အားရဝမ်းသာဖြစ်ကာ-

"ငါ့အတွက် ဝမ်းဗိုက်ထဲမှ သားငယ်ကိုရလေပြီ" ဟု ကျူးရင့်ပြောဆိုလျက် ကလေးကို ပွေ့ချီယူကာ သူဌေးကြီးကိုသွားရောက်ပြသအကြောင်းကြားလေသည်။

သူဌေးကြီးကလည်း ထူးဆန်းအံ့သြဖွယ် ငါးဗိုက်ထဲမှ ရွှေအဆင်းရှိသော သားရတနာကိုရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ထိုအကြောင်းကို မြို့တွင်းသို့ စက်လှည့်လှည်စေပြီး အသိပေးသည်။

ထို့နောက် ကလေးကိုယူဆောင်ပြီး ဗာရဏသီမင်းကြီးထံ ဝင်ရောက်ခစားပြီးလျှင်-

"အရှင်မင်းကြီး-ကျွန်တော်မျိုးသည် ငါး၏ဝမ်းဗိုက်ထဲမှ ကလေးကိုရအပ်ပါပြီ၊ ဤကလေးကို အဘယ်သို့ပြုရပါအံ့နည်း"

ဟု မေးလျှောက်ထားလေသည်။

"ငါး၏ဝမ်းဗိုက်ထဲ၌ အနာမဲ့ကင်းချမ်းသာစွာနေထိုင်နိုင်သောဤသူငယ်ကား ဧကန္တ ဘုန်းတန်ခိုးကြီးမားသူ ဖြစ်ပေလိမ့်မည်၊ ဤသူငယ်ကို သင်သူဌေးပင် မွေးပါလော့"

ဟု မင်းကြီးက မိန့်ကြားပြီး ပြန်လည်ပေးအပ်လိုက်သည်။

ဗာရဏသီပြည်သူဌေးလင်မယားတို့သည် သားသမီးမထွန်းကား၍ စိတ်အားလျော့နေသည့်အချိန်ဝယ် ထူးဆန်းအံ့ဩဖွယ်ကောင်းစွာ ငါးဗိုက်ထဲက ရွှေအဆင်းရှိသော သားငယ်ကိုရကြ၍ အတိုင်းမသိဝမ်းမြောက်ဝမ်းသာဖြစ်ကြကာ ကလေးကို ရွှေပေါ်မြတင် ရွှေဥလို ယုယုယယနှင့် မွေးထားကြလေသည်။

မကြာခင်ပင် ကောသမ္ဗီပြည်မှ မိဘအရင်းဖြစ်ကြသောသူဌေးကြီးလင်မယားသည်-

"ဗာရဏသီသူဌေးကြီးအိမ်တစ်အိမ်၌ ငါးဝမ်းဗိုက်ထဲကနေ ကလေးတစ်ယောက်ရ၍ မွေးစားထားသည်"

ဟူသော သတင်းစကားကို ကြားမိကြလေသည်။

သို့အတွက် ကောသမ္ဗီသူဌေးလင်မယားတို့သည် ဗာရဏသီသို့ထွက်လာခဲ့ကြပြီး ဗာရဏသီသူဌေးထံသို့ အကျိုးအကြောင်းပြောပြီး ဝင်ရောက်တွေ့ဆုံလေသည်။

သူငယ်၏မွေးမိခင်သည် ကျွေးမိခင်လက်ထဲ၌ အဆင်တန်ဆာဆင်ပြီး မြူးရွှင်ပျော်ပါးကစားနေသော သားငယ်ကို မြင်ရလျှင် စိတ်ကိုမထိန်းနိုင်တော့ဘဲ-

"ဤသူငယ်ကား အလွန်နှစ်သက်ဖွယ်ရှိစွတကား" ဟု ချီးမွမ်းစကားပြောပြီး ဤကလေးသည် မိမိ၏သားဖြစ်ကြောင်း ပြောကြားလိုက်လေသည်။

ကျွေးမိခင်ကလည်း မိမိသားကို သူတစ်ပါးလာရောက်စွပ်စွဲသော မိခင်ရင်းကို မကျေမနပ်ဖြစ်ကာအငြင်းအခုံပြုကြတော့သည်။

"ဤသူငယ်ကား ကျွန်မ၏သားဖြစ်ပါသည်" ဟု ကျွေးမိခင်က ဆိုသည်။

"သင်သည် ဤသားကိုဘယ်အရပ်က ရခဲ့ပါသနည်း" ဟု မွေးမိခင်က မေးသည်။

"ငါးကြီးက ဝမ်းကြာတိုက်ထဲက ရခဲ့ပါသည်"

"ဒါဆိုလျှင် ဤသူငယ်သည် သင့်သားမဟုတ်၊ ငါ၏သားသာဖြစ်သည်"

"သင်က သင့်သားဆိုရလေအောင် ဤသားကို သင်ကောဘယ်ကရလာပါသလဲ"

"ငါသည် ဤသားကို ဆယ်လကြာအောင် ဝမ်း၌လွယ်ဆောင်၍ မွေးဖွားအပ်ပါသည်၊ထိုသို့ မွေးဖွားပြီးနောက် ယမုံနာမြစ်၌ ရေချိုးပေးနေစဉ် ငါ၏သားကို ငါးမျိုသွားပါသည်"

"သင်၏သားကို အခြားငါးကမျိုသွားတာဖြစ်ပါလိမ့်မည်၊ဤသားကိုငါသည် ဝမ်းဗိုက်ထဲမှရခဲ့သည်မှာ အမှန်ပင်ဖြစ်ပါသည်"

ဤသို့လျှင် မွေးမယ်တော်နှင့်ကျွေးမယ်တော်တို့သည် သားကို သူ့သား-ငါ့သားနှင့် အငြင်းအခုန်ဖြစ်ကြရာ မဆုံးဖြတ်နိုင်ကြ၍ ဗာရဏသီမင်းထံသို့ အဆုံးအဖြတ်ခံယူရန် သဘောတူကြပြီး မင်းကြီးထံသို့ သွားကြလေသည်။

ဗာရဏသီမင်းသည် မှုခင်းကြောင်းစုံလျှောက်ထားချက်ကိုကြားနာပြီးနောက်-

"ဤကောသမ္ဗီသူဌေးကတော်အား ဆယ်လတို့ပတ်လုံး ဝမ်းဗိုက်၌လွယ်ပြီး မွေးခဲ့ရသူဖြစ်၍အမိမဟုတ်ဟူ၍ မဆုံးဖြတ်နိုင်ပါ၊ငါးကို ဝယ်ယူသူတို့ပည်သည် အညို၊အသည်းစသည်တို့ကိုအပြင်သို့ထုတ်၍ဝယ်ယူရိုးထုံးတမ်းစဉ်လာမရှိ၊ ဝမ်းတွင်းပါပစ္စည်းများအားလုံးကို ဝယ်ယူရိုးဖြစ်သောကြောင့်

ထိုငါး၏ဝမ်း၌ ရအပ်သောကြောင့်ဗာရဏသီသူဌေးကတော်ကိုလည်း အမမဟုတ်ဟူ၍ မဆုံးဖြတ်နိုင်၊ ဤသူငယ်ကား ကောသမ္ဗီသူဌေးကတော်အဖို့ ဒေါ်ဇသားဖြစ်၍ ဗာရဏသီသူဌေးကတော်အဖို့ကား ဒိန္နကသား ဖြစ်လေသည်။ သို့ဖြစ်၍ သူငယ်သည် ကောသမ္ဗီပြည်သူဌေးအိမ်၊ ဗာရဏသီသူဌေးအိမ် နှစ်အိမ်စလုံး၌အမွေခံသားဖြစ်စေ"

ဟု ဆုံးဖြတ်ချက်ချပေးလိုက်လေသည်။

ထိုဆုံးဖြတ်ချက်ကို နှစ်ဘက်မိဘတို့က သဘောတူကြသဖြင့် သူငယ်ကို (၄)လစီ (၄)လစီ နေစေရန် သဘောတူခဲ့ကြသည်။

ထိုအချိန်မှစ၍ သူဌေးအိမ်နှစ်အိမ်စလုံး၌ လာဘ်လာဘတိုးပွားပြီး အထွဋ်အထိပ်ရောက်ကြသလို ကောင်းသတင်းကျော်စောဂုဏ်များလည်း အထွဋ်အထိပ်သို့ ရောက်ကြလေသည်။

ထိုသူငယ်ကိုလည်း သူဌေးအိမ်နှစ်အိမ်စလုံးကပင် ချမ်းသာစွာကြီးပြင်းအပ်စေသောကြောင့် **ဗာကုလကုမာရ ဗာကုလသူဌေးသား** ဟူ၍ မှည့်ခေါ်ကြလေသည်။

ဗာကုလသူဌေးသားသည် အရွယ်ရောက်လတ်သော် ကောသမ္ဗီပြည်၊ ဗာရဏသီပြည် နှစ်ပြည်စလုံး၌ မယ်တော်ခမည်းတော်တို့က စံအိမ်ပြာသာဒ် သုံးဆောင်စီ၊ သုံးဆောင်စီ

ဆောက်လုပ်စေကြပြီး ဗာကုလကိုနေစေကာ ကခြေသည် မောင်းမမိဿံများစွာတို့ကို ပြုစုဖျော်ဖြေ ခ,စားစေကြသည်။

ဗာကုလသတို့သားသည် တစ်မြို့-တစ်မြို့၌ (၄)လ သာစံနေသည်။

ဗာကုလသူဌေးသားသည် တစ်မြို့၌(၄)လစံနေပြီးသော် ပေါင်းကူလှေကြီး၌ မဏ္ဍာပ်ကြီးစွာဆောက်လုပ်စေပြီးလျှင် မောင်းမမိဿံများနှင့်တကွ တင်ဆောင်၍ ကြီးစွာသော အခမ်းအနားဖြင့် အခြားမြို့သို့ပို့ပေးစေလေသည်။

ကျန်ရစ်ခဲ့သောမြို့မှ ကခြေသည်မောင်းမမိဿံတို့သည် နှစ်လတာအချိန်ရောက်သော် ငါတို့အရှင်သူဌေးသားသည် လမ်းထက်ဝက်သို့ ဆိုက်ရောက်တော်မူလိမ့်မည်ဟုဆိုကာ လမ်းထက်ဝက်ကပင် ခရီးဦးကြိုနှင့်ကြ၍ ဗာကုလသူဌေးသားကို ဝိုင်းဝန်းဖျော်ဖြေပြုစုယူယကြကာ နှစ်လတာအချိန်ဖြင့် မိမိတို့မြို့သို့ရောက်အောင် သယ်ယူခဲ့ကြသည်။

လိုက်ပို့ကြသော ကခြေသည်မောင်းမတို့ကလည်း လမ်းထက်ဝက်ကပင် ပြန်ကြရလေသည်။

ဤသို့ဖြင့် ဗာကုလသူဌေးသားသည် လေးလစီသွားချည်-လာချည်ဖြင့် အလွန်ကြီးမားသောသူဌေးစည်းစိမ်ကို ခံစားသုံးဆောင်လျက် ချမ်းသာစွာနေထိုင်လာခဲ့ရာ အသက်အရွယ် (၈၀)တင်းတင်းပြည့်ခဲ့လေသည်။

ဗာကုလသူဌေးသား အသက်(၈၀)တင်းတင်းပြည့်သောနေ့မှာပင် ဂေါတမဘုရားသည် သဗ္ဗညုတဉာဏ်တော်ကိုရရှိကာ ဘုံသုံးပါး၌ ဘုရားစစ်စစ်ဖြစ်နေတော်မူပြီး ဓမ္မစကြာတရားဟောကြားတော်မူပြီးနောက် ဒေသအသီးသီးသို့ ဒေသစာရီကြွချီတော်မူခဲ့လေသည်။

ဘုရားရှင် ဗာရဏသီမြို့တွင်းသို့ရောက်သောအချိန်ဝယ် ဗာကုလသူဌေးသားသည်လည်း ဗာရဏသီ၌ သူဌေးစည်းစိမ်ခံစားနေရသော အချိန်ဖြစ်သည်။

မြတ်စွာဘုရားရှင် ဗာရဏသီမြို့တွင်းသို့ကြွလာသည်ဟူသောသတင်းကိုကြားရလျှင် ဗာကုလသူဌေးသားသည် ရှေးဘဝကုသိုလ်အဟုန်တိုက်တွန်းမှုကြောင့် များစွာသောနံ့သာပန်းတို့ကိုယူဆောင်ပြီး ဘုရားရှင်ထံသို့သွားရောက်ပူဇော်ပြီး တရားနာလေသည်။

တရားနာပြီးနောက် သဒ္ဓါတရားကြီးစွာ ဖြစ်ပေါ်ကာ ဘုရားရှင်ထံ ရဟန်းပြုခွင့်တောင်းပြီး ရဟန်းပြုလေသည်။

ဗာကုလမထေရ်သည် (၇)ရက်သာလျှင် ပုထုဇဉ်ဘဝဖြင့်နေလျက် (၈)ရက်မြောက်သောအရုဏ်၌ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်တော်မူလေသည်။

ဗာရဏသီပြည် ကောသမ္ဘီပြည်ရှိ၌ကြသော အရှင်ဗာကုလလူဖြစ်စဉ်အခါက အလုပ်အကျွေးဖြစ်ကြသော

ကချေသည်မောင်းမမိဿံတို့သည် မိမိတို့မိဘများအိမ်သို့ ပြန်နေထိုင်ကြပြီး မိမိတို့မိဘအိမ်မှာနေရင်းပင် သက်န်းများ ဗာကုလမထေရ်မြတ်ထံသို့ ပို့ဆောင်လှူဒါန်းကြလေသည်။

မထေရ်မြတ်သည် လဝက်ပတ်လုံး ကောသမ္ဘီမြို့နေသူတို့က ပို့လှူသောသင်္ကန်းကိုပို့ဆောင်၍ အခြားလဝက်ပတ်လုံး ဗာရဏသီမြို့နေသူတို့က လှူဒါန်းသောသင်္ကန်းကို သုံးဆောင်တော်မူသည်။

ထို့ပြင် ဗာရဏသီ၊ ကောသမ္ဘီမြို့များရှိ ထူးခြားမွန်မြတ်သော အရာဝတ္ထုပေါ်တိုင်း အရှင်ဗာကုလထံသို့ ပေးပို့လှူဒါန်းကြလေသည်။

အရှင်ဗာကုလသည် လူ့ဘဝအနှစ်(၈၀)ကလည်း အနာရောဂါတစ်စုံတစ်ရာမျှ မဖြစ်ခဲ့သလို ရဟန်းဘဝတွင်လည်း အနာရောဂါတစ်စုံတစ်ရာမျှ ဖြစ်ခဲ့ဘူးသည်ဟူ၍ မရှိခဲ့ချေ။ပစ္စည်းလေးပါးဖြင့် ချို့တဲ့မှုဟူ၍လည်း လုံးဝမရှိခဲ့ချေ။

ထို့ကြောင့် ဘုရားရှင်က သာဝတ္ထိပြည်၌ သီတင်းသုံးနေစဉ် အရှင်ဗာကုလကို-

"ရဟန်းတို့-အနာရောဂါကင်းကြသည့် ငါဘုရား၏ တပည့်သာဝကတို့တွင် ဗာကုလသည် အသာဆုံး၊အမြတ်ဆုံး၊ ဖြစ်ပေ၏"

ဟု အမြတ်ဆုံး၊ အသာဆုံး ဧတဒဂ်ထားတော်မူခံရသည်။

အရှင်ဗာကုလသည် ရဟန်းဘဝသက်တော်(၈၀)နေပြီးနောက် အသက်စုစုပေါင်း (၁၆၀)ဝယ် သံဃပရိသတ်ကို စုဝေးစေပြီး သံဃာပရိသတ်အလယ်၌ပင် တေဇောဓာတ်လောင်ကာ ပရိနိဗ္ဗာန်ပြုလေသည်။

ငါးမျိုးသော်လည်းမသေ၊ စည်းစိမ်ဥစ္စာ အပြည့်အဝ ခံစားပြီး အနာကင်းရာတွင် အတုမဲ့ဖြစ်ခဲ့သော အရှင်ဗာကုလမထေရ်မြတ်၏ အံ့ဖွယ်သရဲထူးဆန်းသောဘဝဇာတ်လမ်းသည် ဂေါတမဘုရားရှင်၏ သာသနာတော်သမိုင်းဝယ် အံ့ဖွယ်မှတ်တမ်းအဖြစ် ကျန်ရစ်ခဲ့လေသည်။

*********

# ကျား–မနှစ်ဘဝ အံ့ဖွယ်သောရေယျ

"မိန်းမဘဝကနေ ယောကျ်ားဘဝပြောင်းပြီး ရဟန်းပြုလာတဲ့ရဟန်းတဲ့၊ မိန်းမဘဝက သားနှစ်ယောက်တောင် မွေးခဲ့သတဲ့၊ ဆန်းလိုက်တာ၊ အံ့ဩဖို့ကောင်းလိုက်တာဟယ်"

အရှင်သောရေယျမထေရ် ဆွမ်းခံကြွ၍ ဖူးမြင်ရသူတိုင်း၏နှုတ်ဖျားဝယ် ဤစကားသည် တိုးတိုးတစ်သွယ်၊ကျယ်ကျယ်တစ်မျိုး ပြောဆိုဆွေးနွေးမိကြသည်။

မထေရ်မြတ်ကို ထူးဆန်းအံ့ဩဖွယ်ကောင်းသော ရဟန်းအဖြစ် မြင်တွေ့လို၊ ဖူးတွေ့လိုသောသူတို့ကလည်း မထေရ်ကြွလာလျှင်ထွက်ကြည့်ကြသည်၊ ဆွမ်းလောင်းလှူကြသည်။

အချို့က မထေရ်ကို ဆွမ်းဖိတ်ကြားပြီး ဆွမ်းဘောဇဉ်

ကပ်ကာ မထေရ်မြတ်ကို သူတို့အတွက် အံ့သြဘနန်း ဆန်းကြယ်သော မထေရ်၏ဘဝဖြစ်စဉ်ကို မေးလျှောက်ကြသည်။

"အရှင်ဘုရား၊ ဤသို့ဖြစ်သောဟူသည် မှန်ပါသလော"

"ငါ့ရှင်တို့၊ သင်တို့ပြောဆိုကြားကြသည့်အတိုင်း မှန်ပါ၏"

"အရှင်မြတ်၊ ယောကျ်ားဘဝဖြစ်စဉ်က သားနှစ်ယောက်ရခဲ့သည်၊မိန်းမဖြစ်စဉ် ဝမ်း၌လွယ်ပြီး မွေးဖွားခဲ့သည့်သားနှစ်ယောက်ရခဲ့သည်၊ထိုသားတို့တွင် အရှင်မြတ်သည် အဘယ်သားတို့၌ အားကြီးသော ချစ်ခြင်းမေတ္တာရှိပါသလဲ ဘုရား"

"ငါ့ရှင်တို့၊ ဝမ်း၌လွယ်မွေးခဲ့ရသော သား၌ အားကြီးသောမေတ္တာရှိပါသည်"

အရှင်သောရေယျသည် ဤအမေးအဖြေကိုသိလို၍ လာမေးသူတိုင်း၊ လာမေးသူတိုင်းအား အဖြေပေးနေရသည်၊ ကြာသော် မိမိဘဝကိုရှက်စိတ်၊ ကြောက်စိတ်များ ဝင်လာမိပါသည်။

မိမိ၏ဘဝကုသိုလ်နှင့် တဒင်္ဂစိတ်ကလေး၏ပြစ်မှားမှုကြောင့် ခံစားခဲ့ရသော မိမိဘဝ၏ နာကြည်းကြေကွဲဖွယ်ရာများကို သတိရအောက်မေ့ပြီး တစ်ပါးတည်းသာ ထိုင်နေရပ်နေ၊ သွားနေမိတော့သည်။

မိမိဘဝ၏ တဒင်္ဂစိတ်ကလေးပြစ်မှားမှုကြောင့် ဆန်းကြယ်လှသောဘဝပြောင်းလဲမှုကို မထေရ်မြတ်သည် တစိမ့်စိမ့်တွေးပြီး တစ်သိမ့်သိမ့်ရင်နင့်အောင် ခံစားမိတော့သည်။

××××××××××××××

ကျွန်ုပ်သည် အမှန်စင်စစ် ရေယျမြို့မှ မြို့မျက်နှာဖုံးသူဌေးကြီး၏ တစ်ဦးတည်းသောသားပါ။

ကျွန်ုပ်မှာအခြွေအရံအပေါင်းအသင်း ဆိုတာကတော့ လိုလေသေးမရှိ၊ လိုတိုင်းရ ကြံတိုင်းပြည့်စုံစွာ ခံစားစံစားနေရသည့်ဘဝပါ။

ချစ်ယှစွာသောဇနီးနှင့်သားနှစ်ယောက်ဟာလည်း ကျွန်ုပ်၏ဘဝရိပ်မြုံ သာမောဘွယ်အစုံ လက်စွဲရတနာတွေပါဘဲ၊ ဤအမိ၊ ဤအဖ၊ ဤဇနီး၊ ဤသားများနှင့် ချမ်းမြေ့စွာဖြင့် လောကဘဝရိပ်မြုံမှာ ခိုလှုံနေရတဲ့ ကျွန်ုပ်၏ဘဝ ကံဆိုးမိုးမှောင် အကုသိုလ်အကြောင်းကံက ဆုံလာချင်တော့-

တစ်နေ့မှာ သူငယ်ချင်းသူဌေးသားကမြစ်ဆိပ်ရေချိုးသွားဖို့လာခေါ်ပါသည်၊အိမ်မှာလည်း ရေချိုးဖို့ဆိုကာ ကျေးကျွန်ခြွေရံသင်းပင်းတွေက စီမံပြုလုပ်ပေးထားလို့ လိုတာမရှိ၊ အားလုံးအဆင်သင့်ပါဘဲ။

ဒါပေမယ့် တစ်ခါတစ်ရံ ဤကဲ့သို့ သူငယ်ချင်းများနှင့် အတူထွက်ပြီး မြစ်ဆိပ်ရေသွားချိုးတာကလည်း တစ်မျိုးပျော်

စရာပါ၊စိတ်အပန်းဖြေရာလည်း ရောက်ပါသည်။

သူငယ်ချင်းလာခေါ်တော့ အလွယ်တကူပဲလိုက်ဖို့ စိစဉ်ပြီးရေချိုးထွက်ဖို့ ကျေးကျွန်ခြွေရံများကိုစီမံခိုင်းရပါသည်။

မိဘကစီမံပေးထားသည့် အလွန်လှပသည့် လှည်းယာဉ်ကြော့ကြော့လေးပေါ်မှာထိုင်ပြီး ကျွန်ုပ်နှင့်သူငယ်ချင်းတို့အတူ ယှဉ်တွဲထိုင်ပြီး ပျော်ပျော်ပါးပါးစကားစမြည်ပြောဆိုရင်း မြစ်ဆိပ်ထွက်လာခဲ့ကြပါသည်။

နောက်မှ ခြွေရံသင်းပင်းတို့ကလည်း စီမံထားသည့် အစီအမံအတိုင်း ကျွန်ုပ်တို့နောက်က ခြံရံပြီး လိုက်ပါလာကြပါသည်။

မြစ်ဆိပ်ရောက်တော့ စခန်းချပြီး ရေချိုးဖို့ပြင်ဆင်ကြပြီး ရေချိုးဆိပ်သို့ ဆင်းခဲ့ကြပါသည်။

အဲဒီအချိန်မှာပင် ဘုရားရှင်ရဲ့တပည့်သာဝကတစ်ပါးလည်းဖြစ်၊ချောမောလှပသည့်နေရာမှာ အတုမရှိသည့် ရှင်ကစ္စည်းမထေရ်မြတ်ကြီးက သောရေယျမြို့ထဲသို့ ဆွမ်းခံကြွဖို့ လာပါသည်။

ရေချိုးဆင်းရန် ပြင်ဆင်နေသည့် ကျွန်ုပ်သည်မထေရ်မြတ်၏ ဝင်းဝါချောမောလှပသည့် ရုပကာယကိုဖူးမြင်တွေ့မြင်လိုက်ရတော့ ဖြစ်ပေါ်လာသော အကုသိုလ်၊ကိလေသာစိတ်ကိုမထိန်းချုပ်နိုင်တော့ဘဲ-

"ဤမထေရ်သည် ငါ့မိန်းမ မယားဖြစ်ပါမူ ကောင်းမှာပဲ၊ ငါ့မိန်းမ၏ ကိုယ်အဆင်းသည် ဤမထေရ်အဆင်းကဲ့သို့ရှိပါက သိပ်ကောင်းမှာပဲ"

ကျွန်ုပ်၏မထိန်းနိုင် မသိမ်းနိုင်သော ကိလေသာစိတ်ဖောက်ပြန်စိတ်အကြံကို ကျွန်ုပ်သည် ကြံစည်စိတ်ကူးမိလိုက်ပါသည်။

စိတ္တက္ခဏာဆိုတာ လက်ဖျစ်တတွက် လျှပ်တပြက်မှာ ကုဋေတစ်သိန်းချုပ်တယ်လို့ ကြားဖူးထားသည်မှာ အလွန်မှန်ပါသည်။

ကျွန်ုပ် ဤသို့ကိစ္စများကြံစည်လိုက်သည့် ခဏမှာပင်တစ်ကိုယ်လုံးသည် ဖျဉ်းဖျဉ်းဖြစ်လာပြီး ကျွန်ုပ်၏ခန္ဓာကိုယ်သည် ပကတိယောကျ်ားအသွင်မှ မိန်းမဒေ့သွင်သို့ ပြောင်းလဲသွားပါတော့သည်။

ကျွန်ုပ်သည် အံ့သြခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ရှက်မိခြင်းတို့ဖြင့် တုန်လှုပ်ချောက်ချားကာကျွန်ုပ်စီးလာသော လှည်းယာဉ်ဆီသို့ ကဗျာကယာထွက်ပြေးပြီးသူငယ်ချင်းသူဌေးသားနှင့် အခြေအရံများမသိအောင်အဝတ်အစားများယူပြီး တိတ်တဆိတ် ခြေဦးတည့်ရာ ထွက်ပြေးလာခဲ့မိပါတော့သည်။

ကျွန်ုပ်ကို ခြွေရံသင်းပင်းများက ခပ်လှမ်းလှမ်းက မြင်

ကြပါသည်၊သို့သော် မိန်းမအသွင်ဖြစ်နေသော ကျွန်ုပ်ကို သူတို့မမှတ်မိကြတော့ပါ၊သူတို့မမှတ်မိခြင်းကပင် ကျွန်ုပ် အတွက် ထွက်ပြေးခွင့်ရရန် လမ်းပေါက်တစ်ခုဖြစ်ခဲ့ရပါသည်။

ကျွန်ုပ်သည် ကြောက်ကြောက်လန့်လန့် တုန်တုန် လှုပ်လှုပ်ဖြင့် ဝမ်းနည်းခြင်း၊ကြေကွဲခြင်းတို့ကို ခံစားကာခြေဦး တည့်ရာ ထွက်လာခဲ့ပါတော့သည်။

ကျွန်ုပ်ထွက်ပြေးခဲ့သောလမ်းသည်ကား တက္ကသိုလ် ပြည်ရှိရာသို့ ရှေးရှုသွားသောလမ်း ဖြစ်နေပါသည်။

နောက်ပိုင်း ကျွန်ုပ်သိရသည်မှာ ကျွန်ုပ်သူငယ်ချင်း များနှင့်ခြွေရံသင်းပင်းတို့သည်ရေချိုးဆိပ်မှာ ကျွန်ုပ်ပျောက် သွား၍ နေရာအနှံ့ရှာဖွေကြသည်ဟု ဆိုပါသည်။မတွေ့သော အခါ အိမ်သို့ပြန်သွားသည်ထင်ပြီး အိမ်သို့ပြန်၍မေးကြသည်၊ အိမ်မှာလည်းမတွေ့သောအခါ ရေနစ်သလားဟု မြစ်ရိုးတစ် လျှောက် ရှာကြသည်၊နေရာအနှံ့ရှာကြသည်၊ရှာမတွေ့သည့် နောက်ဆုံးဝယ် သေပြီဟုဆိုကာ သားအတွက်ရည်မှန်းလှူ သောမတကဘတ်ကို ပေးလှူပြီး အမျှဝေကြသည်ဟု သိရပါ သည်။

ယောကျ်ားဘဝမှ မိန်းမဘဝတဖြစ်လဲ ကျွန်ုပ်သည် ခရီးလမ်းမ၌ လှည်းကုန်သည်များနှင့်တွေ့၍ ထိုလှည်းများ နောက်သို့ တစိုက်မတ်မတ် လိုက်သွားပါမိသည်။

မကြာမီ ကျွန်ုပ်၏နွမ်းနယ်သောခြေတို့သည် ရောင်ဖူးလာပါသည်၊ခြေတို့သည် ကွဲအက်လာပါသည်၊ကျွန်ုပ်ဆက်မလျှောက်နိုင်တော့ပါ၊ကျွန်ုပ်သည် လှည်းတစ်စီးနောက်သို့အားတင်းမှီအောင် လိုက်သွားမိပါသည်၊လှည်းမှူး၏ လှည်းသို့အမီတွင် လှည်းမှူးကို ကျွန်ုပ်က-

"အရှင်-ဤလက်စွပ်ကိုလှည်းခအဖြစ်ယူပြီး ကျွန်မကိုတင်ခေါ်သွားပေးပါ၊ ကျွန်မ ခြေလျှင်ဆက်မလျှောက်နိုင်တော့လို့ပါ"

ဟု မေတ္တာရပ်ခံတောင်းပန်ပြီး လက်စွပ်ကို ပေးလိုက်ပါသည်။

လှည်းမှူးက ကျွန်ုပ်ပေးလိုက်သောလက်စွပ်ကို သေချာကြည့်ပြီး ကုန်သည်ပီပီ လက်စွပ်အဖိုးတန်မှန်းသိလေတော့ရှောရှောရှူရှူပင် လှည်းပေါ်တက်ပြီး ခွင့်ပြုလိုက်ပါသည်။

လှည်းမှူးသည် ကျွန်ုပ်ကို တစ်စေ့တစ်စောင်းနှင့်သေချာစွာအကဲခတ်ကြည့်ပါသည်။

"ဘယ်လိုမိန်းကလေးလဲ-မိန်းမပျက်လား၊အဆင့်အတန်းရှိသူလား"

အလွန်တရာနွမ်းနယ်ပြီး ချောမောလှပသော ကျွန်ုပ်၏ရုပ်ရည်နှင့်ကျွန်ုပ်ပေးလိုက်သောလက်စွပ်အဆင့်အတန်းကိုကြည့်ရှုဆုံးဖြတ်ပြီး ကျွန်ုပ်ကို အဆင့်အတန်းရှိသော မိန်းမတစ်ယောက်ဟု သတ်မှတ်သွားပါသည်။

သူ့စိတ်ထဲမှာလည်း ကျွန်ုပ်ကို သူတို့ရဲ့သားမယား မရှိသေးတဲ့သူဌေးသားကို ပေးဆပ်လိုက်ရလျှင် ငါ့အဖို့ ဆုလာဘ်ပဏ္ဏာတွေ များစွာရမှာဘဲဟု ထင်မှတ်ထားပါသည်။

"ကျွန်ုပ်တို့ တက္ကသိုလ်ပြည်ရောက်ခဲ့ပြီးပါပြီ"

လှည်းမျိုးသည် သူဌေးအိမ်တွင်ရပ်နားပြီး သူဌေးသားထံဝင်ရောက်ကာ-

"အရှင့်သားအတွက် ထိုက်တန်သော မိန်းမရတနာကို ယူဆောင်လာပါသည်"

ဟု သတင်းပို့ကြသည်၊ သူဌေးသားက ကျွန်ုပ်ကိုတွေ့လိုကြောင်းပြောပြ၍ ကျွန်ုပ်သည် မိန်းမတို့၏ကြွေပြည့်စုံစွာဖြင့် သူဌေးသားကိုသွားတွေ့ရပါသည်။

သူဌေးသားသည် ကျွန်ုပ်၏အလွန်အဆင်းလှသော အသွင်သဏ္ဍာန်နှင့်တင့်တယ်သော ကြွေကိုမြင်သောအခါ လွန်စွာချစ်မြတ်နိုးခြင်း ရှိဟန်တူပါသည်။

ချက်ချင်းပင် ကျွန်ုပ်ကို သူ၏မယားအဖြစ်သိမ်းပိုက် လက်ခံလိုက်ပါသည်၊ကျွန်ုပ်သည်လည်း မိန်းမဘဝရ၍ မထူးတော့သည့်ဘဝတွင် ယခုကဲ့သို့အားကိုးအားထားရ လင်ယောကျ်ားရလာ၍ နာကြည်းသောဝေဒနာကြားကပင် ကျေနပ်နှစ်သိမ့်မှုဝေဒနာကို ခံစားနိုင်အောင် ကြိုးစားတည်ဆောက်ရပါတော့သည်။

မကြုံစည်မပြစ်မှားအပ်သောပုဂ္ဂိုလ်၌ ကြံစည်ပြစ်မှားမိခဲ့သော ကျွန်ုပ်၏တဒင်္ဂမကောင်းသောစိတ်ကြောင့် ခံလိုက်ရသော ကျွန်ုပ်၏ဘဝခန္ဓာသည် ဘယ်လိုဖြေမှမဖြေနိုင်သောဘဝဖြစ်ရပါတော့သည်။

တစ်စိမ့်စိမ့်တွေးပြီး တစ်သိမ့်သိမ့်ရင်နာပြီး ငိုရှိုက်ခဲ့ရပါသည်။ကျန်ရစ်ခဲ့သော ဇနီး၊သားသမီးတို့ကိုလည်း တွေးမိပြီး မိမိဘဝ ယူကျုံးမရ ခံစားရမိတော့ပါသည်။

ယခုတော့ ဘယ်သူမပြု မိမိမှုပင် ခံစားရပါတော့သည်။

ကျွန်ုပ်သည်ပေါက်သည့်နဖူး မထူးတော့သည့်ဘဝဝယ် တက္ကသိုလ်ပြည်သားသူဌေးသားနှင့်ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာမယားဝတ္တရားနှင့်အညီ ကျင့်သုံးနေထိုင်ပြီး သူဌေးသားလင်ကို ပြုစုလုပ်ကျွေးခဲ့ပါသည်။

မကြာခင် ကျွန်ုပ်တွင် ကိုယ်ဝန်ရှိခဲ့ပြီး ပထမသားဦးကိုမွေးဖွားခဲ့ပါသည်၊မွေးဦးစ သားရတနာဖြစ်၍ ယောက္ခမအပါအဝင် လင်ရောဆွေမျိုးများကကပါ ကျွန်ုပ်ကိုချစ်မြတ်နိုးကြပါသည်၊ဖူးဖူးမှုတ်ထားကြ၊ အရေးပေးကြပါသည်။

ပထမသားဦးကလေး တစ်နှစ်ပြည့်မြောက်ပြီးနောက် ကျွန်ုပ်တွင် ဒုတိယကိုယ်ဝန်ရှိခဲ့ပြီး ဒုတိယသားရတနာကို မွေးဖွားခဲ့ရပါသည်။

သားရတနာချည်းမွေးဖွားခဲ့သော ကျွန်ုပ်ကိုမိန်းမမြတ်ဟုဆိုကာ အားလုံးက ဆတက်ထမ်းပိုးချစ်မြတ်နိုးပြီး အရေးပေးကြသည်။

ဒီသားကလေးနှစ်ယောက်ကိုမြင်ရလေတိုင်းကျွန်ုပ်၏ယောကျ်ားဘဝကရခဲ့သော သားကလေးနှစ်ယောက်ကိုတသသသတိရမိသည်၊ရှင်လျက်နှင့်ရှင်ကွဲ-ကွဲခဲ့ရသောကျွန်ုပ်၏ဘဝနှင့်သားကလေးများ၏ဘဝကိုတွေးမိတိုင်း ကျွန်ုပ်မှာရင်နာရပါသည်၊ဆွေးမြေ့ကြေကွဲစွာ ခံစားရပါသည်။

ဆန်းကြယ်လှသော ဘဝကုသိုလ်ကံကိုလည်း ဘယ်လိုနားလည်ရမှန်းမသိအောင် ဖြစ်မိပါသည်။

ကျွန်ုပ်သည် တစ်နေ့သောအခါ သောရေယျပြည်ဝယ်ကျန်ရစ်သော မိဘ၊ဇနီး၊သားတို့ကို စဉ်းစားတွေးမိရင်းစိတ်ထဲ၌ တမြေ့မြေ့ဆွေးရင်း တိုက်အပေါ်ထပ်ရှိ လေသာပြတင်းကိုဖွင့်ကာ အဝေးလမ်းမသို့ လှမ်းမျှော်ငေးကြည့်နေမိပါသည်။

အဝေးမှ ကုန်သည်လှည်းငါးရာသည် ကျွန်ုပ်တို့လမ်းထဲသို့တဖြည်းဖြည်းဝင်လာသည်ကို တွေ့ရပါသည်၊ကုန်သည်လှည်းတို့၏ခေါင်းဆောင်သူဌေးသားသည် ကောင်းမွန်လှသောလှည်းယာဉ်စီးလျက် ထိပ်မှလိုက်ပါလာသည်။

ထိုသူဌေးသားသည်ကား တစ်ချိန်တုန်းက ကျွန်ုပ်၏

မိတ်ဆွေသူငယ်ချင်း ရေချိုးအတူဆင်းခဲ့သော သူငယ်ချင်း ဖြစ်နေပါသည်။

ကျွန်ုပ်သည် အိမ်ရှေ့လမ်းမသို့လှည်းများအရောက် တွင် လှည်းယာဉ်တွင် အငြိမ့်သားထိုင်စီးလာသော သူဌေး သားလှည်းကုန်သည်ခေါင်းဆောင်ကို သေချာစွာစူးစိုက် ကြည့်မိပါသည်။

ကျွန်ုပ်သည် အလွန်အံ့ဩဝမ်းမြောက်သွားမိပါသည်၊ ထိုလှည်းယာဉ်ပေါ်ပါလာသော သူဌေးသားကား တစ်ချိန်က ကျွန်ုပ်သူငယ်ချင်းပါတကား။

ကျွန်ုပ်သည် အစေခံတစ်ယောက်ကို ချက်ချင်းခေါ် ကာ ထိုသူဌေးသားကို အမြန်ခေါ်ခိုင်းလိုက်ပါသည်။

သူဌေးသားလည်း ကျွန်ုပ် ထိုသူဌေးကတော်အိမ်ရှင် ကြီးကခေါ်တော့ သူ့ကုန်အရောင်းအဝယ်ဖြစ်မလားဆိုသော အတွေးဖြင့် လိုက်လာရှာပါသည်။

ကျွန်ုပ်သည် ကြီးကျယ်ခမ်းနားလှသော ဧည့်ခန်းမ ကြီး၌ သူ့ကိုဖိတ်ခေါ်ပြီး ကောင်းမွန်စွာ ဧည့်ခံကျွေးမွေးပြုစု သည်။

သူသည် ကျွန်ုပ်ကိုမမှတ်မိရှာပါ၊ကျွန်ုပ်ကသာ သူ့ကို မှတ်မိနေခြင်းဖြစ်ပါသည်၊သူသည်ကြီးကျယ်ခမ်းနားသော ဧည့်ခန်းမဝယ်ဖော်ဖော်ရွေရွေပြုစုလုပ်ကျွေးနေသော ကျွန်ုပ်

ကိုကြည့်ပြီး နားမလည်နိုင်လောက်အောင် အံ့ဩမှုဖြင့် ကျွန်ုပ်ကိုလေ့လာအကဲခတ်နေသည်ကို ကျွန်ုပ်သတိပြုမိပါသည်။ သူသည် ကြာကြာသည်းမခံနိုင်တော့၍-

"ချစ်နှမ-သင့်ကိုရှေးကလည်းမတွေ့ဖူး၊မမြင်ဖူးပါဘဲလျက် ဒီလိုခမ်းနားကြီးကျယ်စွာပြုစုပြီး မြတ်မြတ်နိုးနိုးပူဇော်လုပ်ကျွေးနေရပါသလဲ၊ငါတို့ကို ချစ်နှမသိပါသလော"

ဟု တုန်တုန်ရီရီ လှိုက်လှိုက်မောမောနှင့် မေးရှာပါသည်။

"အရှင့်ကို ကျွန်မသိပါသည်၊အရှင် သောရေယျမြို့၌နေတာမဟုတ်ပါလော"

"ချစ်နှမ-ဟုတ်ပါ၏၊ သောရေယျမြို့၌နေပါ၏"

"အရှင်-သောရေယျမြို့မှာ သောရေယျသူဌေးကြီးနှင့်မိသားစုတွေကော ကျန်းမာပကတိချမ်းသာစွာရှိကြပါရဲ့လား"

"ချစ်နှမ-ထိုသူတို့သည် ကျန်းမာပကတိချမ်းသာစွာရှိကြပါတယ်၊ချစ်နှမ သူတို့ကိုကောသိကြပါသလား"

"အရှင်သိပါတယ်၊ သူတို့မှာ သားတစ်ယောက်ရှိတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ရှိပါတယ်"

"အဲဒီသားဟာ အခြားမဟုတ်၊ ကျွန်မပါဘဲ"

"ချစ်နှမ-ဤသို့မဟုတ်သောစကားကိုမပြောပါနဲ့၊အဲဒီသူဌေးသားက ကျွန်ုပ်နှင့်ရေချိုးအတူသွားရင်း ပျောက်ဆုံး

သွားပါပြီ"

"မသေပါဘူး၊ ကျွန်မပါဘဲ"

"ချစ်နှမ-မဟုတ်တာတွေမပြောပါနဲ့၊သင်အဘယ်သို့သောစကားတွေပြောနေပါသလဲ၊အဲဒီသူဌေးသားက ငါ၏သူငယ်ချင်းပါ၊သူဟာ နတ်လုလင်ကဲ့သို့ အလွန်ပင်အဆင်းသဏ္ဍာန်ကြန်အင်လက္ခဏာပြည့်စုံသူပါ၊အလွန်လှပတင့်တယ်သော ယောက်ျားကောင်းတစ်ယောက်ပါ၊သင့်လိုမိန်းမမဟုတ်ပါဘူး"

"မှန်ပါတယ်အရှင်၊ ကျွန်မကို သေသေချာချာကြည့်ပါဦး၊ ကျွန်မဟာ ယောက်ျားဘဝကနေမိန်းမဘဝပြောင်းသွားရတဲ့ သောရေယျသူဌေးသား ရှင့်သူငယ်ချင်းအစစ်ပါ"

"အို-ချစ်နှမ၊ ဒီအမှုဟာ ဆန်းကြယ်လှချည်လား၊ဘယ်လိုဖြစ်တာလဲ ဖြစ်စဉ်ကိုပြောပြပါဦး"

"အရှင့်သားနှင့်ကျွန်ုပ် လှည်းယာဉ်စီးပြီး ရေချိုးဆိပ်သွားခဲ့ကြတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"အဲဒီတုန်းက အရှင့်သား ရှင်မဟာကစ္စည်းမထေရ်ကြွလာတာကို မြင်လိုက်ရပါသလား"

"မြင်တွေ့လိုက်ပါတယ်"

"ကျွန်မလည်း တွေ့လိုက်ပါတယ်၊တွေ့လိုက်တော့

ကျွန်မက ကုသိုလ်မပွားဘဲ အကုသိုလ်ပွားမိတယ်လေ၊ဤ မထေရ်သည် ငါ့မယားဖြစ်မူကား ကောင်းပေစွ ဟု စိတ်က ပြစ်မှားမိခဲ့ပါတယ်၊ အဲဒီလိုပြစ်မှားမိလိုက်တာနဲ့တစ်ပြိုင်နက် တည်း ကျွန်မဟာ ယောကျ်ားအသွင်ပျောက်ပြီး မိန်းမအသွင် သို့ ဆန်းကြယ်စွာထွက်လာတာပါဘဲ၊ အဲဒီအခါမှာ ကျွန်မ လည်းရှက်ကြောက်ပြီး ခြေဦးတည့်ရာထွက်ပြေးခဲ့တာပါဘဲ၊ အဲဒီလိုထွက်ပြေးရင်း ဒီတက္ကသိုလ်ပြည်ရောက်ပြီး ဒီသူဌေး သားနှင့်ညားနေရတာပါ"

"အို-ချစ်နှမ သူငယ်ချင်း၊အလွန်တရာပင် ဆန်းကြယ် အံ့သြဖွယ်ရာဖြစ်စဉ်ပါတကား၊သူငယ်ချင်းရယ် မင်းဟာဝန် လေးသောအမှုကို ပြုမိပါတကား၊ဟိုတုန်းက ငါ့ကိုဘာဖြစ်လို့ ဖွင့်မပြောဘဲမတိုင်ပင်ရပါသလဲ သူငယ်ချင်းရယ်၊မထေရ်မြတ် ကို မင်းကန်တော့လိုက်ရင် ဒီလိုဖြစ်မှာမဟုတ်ဘူး၊ ယခုကော မထေရ်မြတ်ကို ပြန်ကန်တော့ပြီးပြီလား"

မကန်တော့ရသေးပါဘူး၊ ကန်တော့လို့ကော ဒီဝဋ် ကြွေးကြမ္မာက လွတ်နိုင်ပါမလား"

"ကန်တော့ရင် လွတ်နိုင်ပါတယ်"

"ဒါဆို ရှင်မဟာကစ္စည်းမထေရ်မြတ် ဘယ်မှာသီတင်း သုံးနေထိုင်တယ်ဆိုတာ သိသလား"

"သိပါတယ်၊ မထေရ်မြတ် ယခုဒီမြို့မှာ သီတင်းသုံး

နေထိုင်ပါတယ်လို့ သိရတယ် သူငယ်ချင်း ချစ်နှမ"

"ဒါဆိုရင် မထေရ်မြတ်အား ဆွမ်းဘောဇဉ်ဆက်ကပ်လှူဒါန်းပါရစေ သူငယ်ချင်း"

ကောင်းပါပြီ သူငယ်ချင်းချစ်နှမ၊ပေးကမ်းလှူဒါန်းဖွယ်အသွယ်သွယ်သော ပူဇော်သက္ကာရဝတ္ထုတွေကို ပြုပြင်စီမံထားပါ။ငါ မထေရ်မြတ်ကို ပင့်ဆောင်ပြီး ချစ်နှမ၏ အပြစ်ကိုလည်းခံစေရန် လျှောက်ထားပေးပါ့မယ်"

ကျွန်ုပ်သည် သူငယ်ချင်း၏အကြံပေးစီမံချက်ဖြင့် ရှင်မဟာကစ္စည်းမထေရ်မြတ်ကို ဆွမ်းဆက်ကပ်ပူဇော်ရန် အခြေအရံကို စီမံရလေသည်။

သူငယ်ချင်းသည် မထေရ်မြတ်သီတင်းသုံးနေရာကို စုံစမ်းမေးမြန်းပြီးမထေရ်မြတ်ရှိရာအရပ်သို့ သွားရောက်ပင့်ပါသည်။

"ဘုန်းတော်ကြီးသော အရှင်ဘုရား၊နက်ဖြန်ခါ၌ တပည့်တော်၏ဆွမ်းကို အလှူခံတော်မူပါဘုရား"

"သူဌေးသား သင်သည် ခရီးသွားညှေ့သည်မဟုတ်ပါလော"

"အရှင်ဘုရား-တပည့်တော်ကို ခရီးသွားဟုတ်သည်-မဟုတ်သည်ကို မေးတော်မမူပါနဲ့ဘုရား၊ နက်ဖြန်ခါ တပည့်တော်၏ဆွမ်းကိုသာ အလှူခံတော်မူပါဘုရား"

သူငယ်ချင်းကမထေရ်မြတ်ကို ဤသို့လျှောက်ထားပြီး ပင့်ဖိတ်ရာ မထေရ်မြတ်က ဆိတ်ဆိတ်နေ၍ ပင့်ဖိတ်ခြင်းကို လက်ခံတော်မူပါသည်။

သူငယ်ချင်းက မထေရ်မြတ်ဆွမ်းဖိတ်လက်ခံသည်ကို ကျွန်ုပ်အားလာရောက်ပြောကြားပြီး ပြင်ဆင်စရာရှိသည်တို့ကို ဝိုင်းဝန်းစီမံပြင်ဆင်ပေးပါသည်၊ ကျွန်ုပ်မှာ ဝမ်းမြောက်ပီတိဖြစ်လျက် သူငယ်ချင်းကို အထူးပင် ကျေးဇူးတင်နေမိပါသည်။

နောက်နေ့နံနက်ဆွမ်းအတွက် မထေရ်မြတ်ကို သူကိုယ်တိုင်ပင် ပင့်ဆောင်လခဲ့ပါသည်။

သူငယ်ချင်းသူဌေးသားသည် သူကိုယ်တိုင်ပင် မထေရ်မြတ်ကို မွန်မြတ်သောဘောဇဉ်တို့ဖြင့် ပြုစုလုပ်ကျွေးသည်၊ ပြီးလျှင် ကျွန်ုပ်ကို မထေရ်မြတ်ရှေ့သို့ ခေါ်ဆောင်ကာမထေရ်မြတ်၏ခြေရင်း၌ ဝပ်စင်းညွတ်ကျိုး ရှိခိုးနေစေပါသည်။

"အရှင်ဘုရား၊ တပည့်တော်၏ သူငယ်ချင်းအား သည်းခံတော်မူပါဘုရား"

သူငယ်ချင်းကပင် ဦးဆောင်ပြီး ကျွန်ုပ်အတွက် တောင်းပန်လျှောက်ထားပါသည်။

"ဤသည်းခံရမည့်အရာကား အဘယ်နည်းဒါယကာ"

"အရှင်ဘုရား၊ ဤဒါယိကာမသည် ရှေးအခါက

တပည့်တော်၏ သူငယ်ချင်းမိတ်ဆွေ ဖြစ်ခဲ့ပါသည်၊အရှင်ဘုရားကိုကြည့်ပြီး အရှင်ဘုရားကို သူ့မယားဖြစ်တော်မူကကောင်းလေစွ၊ ငါ့မယား၏အဆင်းသည် ဤမထေရ်၏အဆင်းကဲ့သို့ဖြစ်မူကောင်းလေစွ ဟု မှားသောအကြံကို ကြံစည်မိပါသည်။ထိုသို့ကြံစည်မိသဖြင့် တပည့်တော်၏သူငယ်ချင်းးသည် ယောကျ်ားအသွင်ပျောက်ပြီး မိန်းမအသွင်ပြောင်းသွားရပါသည်၊အရှင်ဘုရားသည်လည်း သည်းခံတော်မူပါဘုရား"

"ထိုသို့ဖြစ်က ထပါလော့၊သင့်ကို ငါသည် သည်းခံပါ၏"

မထေရ်မြတ်၏ ငါသည်သည်းခံပါ၏ ဟူသောစကားအဆုံးဝယ် ကျွန်ုပ်၏မိန်းမကိုယ်အသွင်သည် ကွယ်ပျောက်ပြီး ယောကျ်ားအသွင် အင်္ဂါများပြန်လည်ဖြစ်ပေါ်လာပါတော့သည်။

ကုသိုလ်ကံ-အကုသိုလ်ကံတို့၏ မာယာပရိယာယ်သည်ကား ဆန်းကြယ်လှပေသည်၊အံ့သြဖွယ်ရှိလှပေသည်။

မိသားစုတို့သည် အံ့သြဘနန်းဆန်းကြယ်သော ကျွန်ုပ်ဘဝနှစ်ဘဝပြောင်းကိုလည်းကောင်း၊ကုသိုလ်ကံ-အကုသိုလ်ကံ၏ဆန်းကြယ်မှုကိုလည်းကောင်း တအံ့တသြရင်သပ်ရှုမောပြီး ကြက်သေသေကာ ကျွန်ုပ်ကို ဝိုင်းဝန်းကြည့်ကြပါ

သည်။

ကျွန်ုပ်သည်လည်း မိန်းမအသွင်မှယောကျ်ားအသွင် ပြောင်းလဲသွားသော ကိုယ့်ရုပ်ကိုကိုယ့်ဘာသာ တအံ့တသြ စမ်းသပ်ကြည့်နေမိပါသည်၊မထေရ်မြတ်ကိုလည်း ရိုကျိုးကာ ဝပ်တွား၍ အကြိမ်ကြိမ်ဦးချမိပါတော့သည်။

ကျွန်ုပ်ဘဝပြောင်းသည်က ကျွန်ုပ်အတွက် အလွန် ဝမ်းမြောက်ဝမ်းသာဖြစ်ရသော်လည်း မိသားစုအတွင်းတော့ ပြဿနာပေါ်ရပါတော့သည်။

သူ့ဌေးသားသည် မယားမဲ့သွားပါပြီ၊

သားနှစ်ယောက်မှာလည်း မိခင်မဲ့သွားရပါပြီ၊

သို့သော် ဘဝကြမ္မာ ကံမာယာအရ ဖြစ်ပေါ်လာမှုကို တော့မည်သူမျှ မတတ်နိုင်၊ မဖန်တီးနိုင်တော့ပါ။

"အဆွေ-ဤသားငယ်နှစ်ယောက်တို့သည် သင်၏ ဝမ်းဗိုက်တွင်း၌ ကိန်းအောင်း၍ဖြစ်ပေါ်လာသော သား သူငယ်တို့ဖြစ်ပါသည်၊ငါ့ကိုစွဲ၍လည်း ဖြစ်သည်မှန်ပါ၏၊ငါတို့ နှစ်ယောက်၌ သားများနှင့်အတူတူနေကြပါစို့၊ အဆွေ-ဤ နေရာမှ ခွဲမသွားပါနှင့်"

ကျွန်ုပ်ကို ကျွန်ုပ်ခင်ပွန်းဟောင်းဖြစ်သူက မေတ္တာ ရပ်ခံတောင်းပန်ပါသည်၊ ကျွန်ုပ်ကတော့ ကျွန်ုပ်ဘဝကိုကြည့် ပြီး အလွန်ထိတ်လန့်သံဝေဂရနေပါတော့သည်။

"အဆွေ-ငါသည်ဘဝတစ်ခုမှာ ရှေးဦးစွာယောကျ်ား ဖြစ်ခဲ့ရပါ၏၊တစ်ဖန် ဘဝအကုသိုလ်ကံပြစ်မှားမှုကြောင့် မိန်းမဖြစ်ရပြန်ပါ၏၏၊မိန်းမအဖြစ်မှ ယခုယောကျ်ားဖြစ်ရပြန် ပါ၏၊ဤမျှ ဖောက်ပြန်မှုတွေဖြစ်ရပါ၏၊ဤဖောက်ပြန်မှုတွေ ကြောင့် ပထမဘဝတွင်သားနှစ်ယောက်ရခဲ့ပါ၏၊ယခု ဒုတိယ ဘဝတွင် သားနှစ်ယောက်ကို ကိုယ်တိုင်မွေးခဲ့ရပါ၏၊ကျွန်ုပ် သည် ခန္ဓာကိုယ်တစ်ဘဝတည်း ဖောက်ပြန်မှုနှစ်သွယ်ဖြစ် သည်ကို မြင်ရပြီးဖြစ်၍တစ်ဖန်အိမ်၌နေမှုကို မနှစ်သက်တော့ ပါ၊ဤမထေရ်မြတ်ထံမှာသာ ရဟန်းပြုပါတော့မည်၊ဤသား နှစ်ယောက်ကို သင်သာဆက်လက်စောင့်ရှောက်ပါ၊ကျွေးမွေး ထိန်းသိမ်းပါတော့"

ကျွန်ုပ်သည် သားများကိုပွေ့ဖက်နမ်းရှုံ့မိပါသည်၊ ထို့နောက် သားများကို ရင်ခွင်ထဲတွင်အိပ်စေပြီးနောက်သူတို့ တတွေကို သူတို့ဖခင်ထံအပ်ကာ သူငယ်ချင်းသူဌေးသားကို ခေါ်ဆောင်ပြီး ရှင်မဟာကစ္စည်းမထေရ်ထံသို့ သွားရောက် ပါသည်၊ရှင်ရဟန်းပြုခွင့်ကို လျှောက်ထားပြီး ရှင်ရဟန်းပြုခဲ့ ပါတော့သည်။

ရှင်ရဟန်းပြုပြီး မထေရ်မြတ်က ကမ္မဋ္ဌာန်းပေး၍ ကမ္မဋ္ဌာန်းတရားကိုကြိုးစားအားထုတ်ခဲ့ပါသည်၊သို့သော် ပါရမီကမရင့်ကျက်သေး၍ ဘဝကိလေသာပြတ်တရားမြတ်

ကို မရနိုင်ခဲ့သေးပါ။

ထိုကာလမှာပင် မထေရ်မြတ်က သာဝတ္ထိပြည်သို့ ကြွရောက်သဖြင့် သာဝတ္ထိသို့ ကျွန်ုပ်လိုက်ပါလာရပါသည်။

သာဝတ္ထိပြည်တွင် ကျွန်ုပ်၏ဘဝဇာတ်ကြောင်းသည် အံ့ဩဘနန်းဆန်းကြယ်သောဖြစ်စဉ်ဖြစ်၍ လူတို့က တအံ့တဩဖြစ်ကာလာရောက်မေးကြ၊စုံစမ်းကြသည်မှာ ကျွန်ုပ်အတွက် ပရိသတ်မစဲ တဖွဲဖွဲဖြစ်နေပါတော့သည်။

ယခုတော့ ကျွန်ုပ်ဘဝရှက်ဖွယ်လိလိ ဖြစ်နေရပါပကောလား

"သောရေယျ-မင်းကိုယ်မင်း ပြန်စဉ်းစားစမ်း၊စဉ်းစားစမ်း၊မင်းခန္ဓာကိုယ်ကြီး ယောကျ်ားဖြစ်လိုက်၊ မိန်းမဖြစ်လိုက်တစ်ဖန် ယောကျ်ားပြန်ဖြစ်လိုက်နဲ့ တစ်ဘဝတည်းမှာဘဲ ကြောက်စရာကောင်းလောက်အောင် ဖြစ်လိုက်ပျက်လိုက်တာ ဒီခန္ဓာကိုယ်ကြီး မြဲတယ်၊လှပတယ်၊နူးတယ်၊ချောတယ်ဆိုတာ ဘယ်မှာလဲ၊ ခန္ဓာကိုယ်ရဲ့အနှစ်သာရဟာ ဘယ်မှာလဲ မင်းရှာကြည့်စမ်း"

အရှင်သောရေယျသည် ဆိတ်ငြိမ်စွာ တစ်ပါးတည်းနေရင်း ခန္ဓာကိုယ်၏ ဖြစ်မှု၊ ပျက်မှု၊ အသုံးမကျမှုတို့ကို စဉ်းစားဆင်ခြင်မိနေသည်။

ထိုခဏမှာပင် လျှပ်စစ်လက်လိုက်သကဲ့သို့ ခန္ဓာကိုယ်

၏အစိုးမရဖြစ်မှု၊ပျက်မှုကိုသိသောဉာဏ်သည် ဖြစ်ပေါ်လာခဲ့ပြီး မကြာမီပင် ပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ရလေတော့သည်။

လူတို့သည် လည်းကောင်း၊ရဟန်းတို့သည် လည်းကောင်း၊ အရှင်သောရေယျ ရဟန္တာဖြစ်ကြသည်ကို မသိကြ။

ယောကျ်ားကမိန်းမ၊ မိန်းမကယောကျ်ားတစ်ဖန်ဖြစ်၊ မိန်းမဘဝ၌ သားနှစ်ယောက်မွေးခဲ့သူအဖြစ် အံ့ဩမှုမကုန်ဆုံးကြဘဲလာရောက်မေးကြသည်၊ စူးစမ်းကြသည်၊အကဲခတ်ကြသည်။

"အရှင်ဘုရား-အရှင်ဘုရားသည် အရှင်မဟာကစ္စည်းမထေရ်ကို ပြစ်မှားမိ၍ ယောကျ်ားမိန်းမဖြစ်ရသည်၊မိန်းမဘဝတွင် သားနှစ်ယာက်မွေးခဲ့သည်ဟု ပြောဆိုကြသည်မှာမှန်ပါသလားဘုရား"

"ငါ့ရှင်တို့ ဟုတ်မှန်ပါသည်"

"အဘယ်သားတို့၌ အရှင်ဘုရား ချစ်ခြင်းအားကြီးပါသလဲ ဘုရား"

ငါ့အားတစ်စုံတစ်ခုသောဝတ္ထု၊အာရုံ၌ ခုံမင်နှစ်သက်ခြင်း၊ စုံမက်၊ချစ်ခင်ခြင်းမရှိပြီ"

အရှင်သောရေယျ၏ ရဟန္တာဘဝရောက်ချိန်၌ ဖြေသောအဖြေကို မေးသောသူတို့က မကျေနပ်ကြတော့။

"ဤသောရေယျမထေရ်သည် မဟုတ်မမှန်သော စကားကိုပြောဆိုဘိ၏၊ရှေးကတော့ ဝမ်း၌လွယ်မွေးရသော သား၌ ချစ်ခြင်းအားကြီးသည်ဟု ဖြေဆိုခဲ့၏ယခုတော့မူ တစ်စုံတစ်ခုသောဝတ္ထုအာရုံ၌ ခုံမင်နှစ်သက်ခြင်းမရှိပြီဟု ဆိုလေပြန်သည်"

ဤသို့ပြောဆိုကဲ့ရဲ့ကြသည်၊ ထိုအကြောင်းကိုလည်း ဘုရားရှင်ထံ ဝင်ရောက်လျှောက်ထားကြသည်။

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား၊ဤသောရေယျ မဟုတ်မမှန်သောစကားကိုပြောကြားဘိလေသည်၊မထိုက်တန်သော အရဟတ္တဖိုလ်အဆင့်စကားကို ပြောကြားဘိသည်။

"ချစ်သားရဟန်းတို့-ငါ၏သားတော်သည် မထိုက်တန်သောအရဟတ္တဖိုလ်ကိုဖြေကြားပြောဆိုသည်မဟုတ်ပါ၊ ကောင်းစွာဆောက်တည်အပ်သောစိတ်ဖြင့် မဂ်ကိုမြင်သောကာလမှစ၍ တစ်စုံတစ်ခုသောဝတ္ထုအာရုံ၌ ခုံမင်နှစ်သက်ခြင်း မရှိသည်ဖြစ်ပေ၏၊ ဤမဂ်ဖိုလ်တည်းဟူသော စည်းစိမ်ချမ်းသာကို အမိသည်လည်း ပြုပြင်ပေးခြင်းငှာမစွမ်းနိုင်၊ အဖသည်လည်း ပြုပြင်ပေးခြင်းငှာမစွမ်းနိုင်၊ မဂ်ဖိုလ်တည်းဟူသောစည်းစိမ်ချမ်းသာကို ဤသတ္တဝါတို့၏ကိုယ်တွင်းသဏ္ဌာန်၌ ကောင်းစွာဖြစ်စေအပ်သောစိတ်သည်သာလျှင် ပေးလေသည်သာ"

မှန်ပါသည်၊လောကဝယ် မိဘတို့သည် သားသမီးတို့ကိုဥစ္စာပစ္စည်းပေးရာ၌ ဤဘဝအတွက်သာ အလုပ်မလုပ်ဘဲချမ်းသာစွာအသက်မွေးနိုင်သော ဥစ္စာကိုပေးနိုင်ပါသည်။

လေးကျွန်းစလုံး၌ စကြာဝတေးမင်းစည်းစိမ်ကို သားသမီးတို့အားပေးနိုင်သော မိဘမည်သည်မရှိသလို နတ်ပြည်ရှိ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်၊ လောကုတ္တရာမဂ်ဖိုလ် ချမ်းသာစည်းစိမ်တို့ကို ပေးနိုင်ဖို့ဆိုသည်မှာ ဝေလာဝေး ဖြစ်ပါသည်။

လောက၌ စိတ်စေတနာကောင်းထားခြင်းသည်သာ အလုံးစုံသော ဤစည်းစိမ်များကို ပေးနိုင်ပါသည်။

ဘဝနှစ်ခုပြောင်းပြီး သားလေးနှစ်ယောက် ထွန်းကားဖြစ်ပေါ်ခဲ့ရသော သောရေယျမထေရ်မြတ်၏ဘဝဖြစ်စဉ်သည် ဂေါတမဘုရားရှင်၏သာသနာဝယ် အံ့ဖွယ်ဇာတ်လမ်းအဖြစ် တင်ကျန်ရစ်ခဲ့ပါတော့သည်။

*********

# ဧကောတိကသတို့သားနှင့် အံ့ဖွယ်နန်းပြသာဒ်

ရာဇဂြိုဟ်ပြည်၌ သူဌေးတစ်ဦး၏အိမ်၌ သားငယ် တစ်ဦးမွေးဖွားနေစဉ် ရာဇဂြိုဟ်ပြည်တစ်ပြည်လုံးရှိ လက်နက် အားလုံးသည် ထူးဆန်းစွာ မီးဟုန်းဟုန်းတောက်သည့်ဟန် အလျှံတပြောင်ပြောင်တောက်လောင်ကြသည်။

လူအားလုံးကိုယ်ဝယ် ဝတ်ဆင်ထားကြသော အဆင် တန်ဆာတို့သည်လည်း အခိုးအလျှံလွှတ်သည့်ပမာ အရောင် အဝါကိုလွှတ်ကြကုန်သည်။

သို့အတွက် ရာဇဂြိုဟ်ပြည်တစ်ပြည်လုံးသည်တစ်ခဲ နက်အရောင်တောက်ပြောင်လျက်ရှိသည်။

သူငယ်၏ဖခင် သူဌေးကြီးသည်လည်း စောစောပင် ဗိမ္ဗိသာရမင်းကြီးထံသို့ အခစားဝင်ရောက်လေသည်။

"ယနေ့ လက်နက်အားလုံး တလျှံတပြောင်ပြောင် တောက်လောင်ကြသည့်မြို့အားလုံးသည်လည်း တခဲနက် အရောင်အဝါများ တောက်ပြောင်လျက်ရှိသည်၊ဤဖြစ်ပေါ်မှု အကြောင်းကို အရှင်သူဌေးကြီး သိပါသလော"

"သိပါသည် အရှင်မင်းကြီး"

"သူဌေးကြီး အဘယ်သို့သောအကြောင်းကြောင့်နည်း"

"ကျွန်ုပ်၏အိမ်ဝယ် အရှင်မင်းကြီး၏ကျွန်တစ်ယောက် ဖွားမြင်ခဲ့ပါသည်၊ထိုကလေး၏ကောင်းမှုရှိန်စော် အာနုဘော်ကြောင့် ဤကဲ့သို့ တစ်မြို့လုံး အလျှံအရောင်များ တောက်ပခြင်း ဖြစ်ပါသည်"

"သူဌေးကြီး အသို့နည်း၊သင်မွေးသောသားသည် သူခိုးလူဆိုးဖြစ်မည်လော"

"အရှင်မင်းကြီး ကျွန်ုပ်၏သားသည် ခိုးဆိုးတိုက်ခိုက် သူဖြစ်ရန် အကြောင်းမရှိပါ၊ ဘုန်းကံကြီးလှသည့် ရှေးကပြုဖူး သောကုသိုလ်ထူးရှိသူသာဖြစ်ပါမည်"

"သူဌေးကြီး ဤသို့ဆိုလျှင် သင်၏ကလေးကိုကောင်း စွာစောင့်ရှောက်မွေးမြူပါမှ သင့်လျော်ပါမည်၊ယခု အသပြာ တစ်ထောင်ကို ထိုကလေးနို့ဘိုးအတွက် ယူသွားပါလော့"

ဗိမ္ဗိသာရမင်းကြီးသည် ထိုကလေးအတွက် နေ့စဉ်ပင် နို့ဖိုးအနေဖြင့် အသပြာတစ်ထောင်-တစ်ထောင် ပေးစေ

လေသည်။

ထိုကလေးအမည်ပေးသောနေ့တွင် တစ်မြို့လုံးတစ်ခဲနက်အရောင်အဝါထွက်ခဲ့သူကို အကြောင်းပြု၍“ဇောတိကသတို့သား”ဟူ၍ အမည်ပေးခဲ့သည်။

ထိုဇောတိကသူဌေးသား အရွယ်ရောက်သောအခါသူ့အတွက် နေအိမ်ဆောက်လုပ်ရန် မြေပြင်ကို ရှင်းလင်းကြသည်။

ထိုအခါ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည်ပူနွေးသော အခြင်းအရာကိုပြုသဖြင့် သိကြားမင်းသည် စုံစမ်းဆင်ခြင်ကြည့်သည်။

ဇောတိကသတို့သားအတွက် အိမ်နေရာဆောက်မည့် အခြေအနေကို သိမြင်သည်။

“ဤဇောတိကကား လူတို့ဆောက်လုပ်အပ်သောအိမ်၌ နေရမည့်သူမဟုတ်၊ ငါသည် ထိုအရပ်သို့သွားမှသင့်မည်”

သိကြားမင်းသည် ဤသို့ကြံစည်မိပြီး လက်သမားအသွင်ဖြင့် ထိုအရပ်သို့ သွားသည်။

“အမောင်တို့ အဘယ်အမှုပြုနေကြပါသလဲ”

“ဇောတိကသတို့သားအတွက် အိမ်ဆောက်ရန်နေရာ ရှင်းလင်းနေကြပါသည်”

“ဒါဆို အမောင်တို့ဖယ်ရှားကြလော့၊ဇောတိကသတို့

သားသည် အမောင်တို့ဆောက်လုပ်အပ်သောအိမ်၌ နေရမည့်သူ မဟုတ်ချေ။

သိကြားမင်းလက်သမားသည် ထိုသို့ပြောပြီး(၁၆)မင်းကျယ်ဝန်းသောမြေအရပ်ကို စူးစူးစိုက်စိုက်ကြည့်ရှုလိုက်လေသည်။

ထိုမြေအရပ်သည် ခဏမှာပင် ကသိုဏ်းဝင်းပမာ ညီညွတ်သောမြေအရပ်ဖြစ်သွားလေသည်။

"ဤအရပ်၌ မြေကိုဖောက်ခွဲ၍ ရတနာခုနစ်ပါးဖြင့်ပြီးသော ဘုံခုနစ်ဆင့်ပြာသာဒ်ကြီး ထပေါ်စေသတည်း" ဟု ကြံစည်၍ စူးစူးစိုက်စိုက်ကြည့်လိုက်သည်။

ထိုခဏမှာပင် ဘုံခုနစ်ဆင့်ပြာသာဒ်ကြီးသည် မြေကိုခွဲ၍ ထွက်ပေါ်လာလေသည်။

တံတိုင်းတို့၏အကြား၌ ပဒေသာပင်တို့ ထပေါ်စေသတည်း"

ဟုကြံစည်၍ စူးစူးစိုက်စိုက်ကြည့်လိုက်ရာ ထိုခဏမှာပင် ပဒေသာပင်တို့သည် ထ၍ ပေါ်လာကုန်သည်။

"ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ကြီး၏ ထောင့်လေးထောင့်တို့၌ ရွှေအိုးကြီးလေးလုံးတို့ ထပေါ်ကြစေသတည်း" ဟု ကြံစည်၍ စူးစူးစိုက်စိုက်ကြည့်ပြန်ရာ မျက်နှာဝဖြတ်ထားသော ထန်းသီးပမာ ရတနာအပြည့်ရှိသောရွှေအိုးကြီးများ

သည် ဖြစ်ပေါ်လာသည်။

ပြသာဒ်ကြီး၏ထောင့်လေးထောင့်တို့တွင် ထန်းပင် ပျိုးပင် စည်လုံးခန့်လုံးပတ်ပမာဏရှိသော ရွှေကြံပင်ကြီးလေး ပင်တို့သည်ပေါက်လာကုန်သည်၊ ထိုကြံပင်ကြီးတို့၏အရွက် တို့မှာ မြရတနာဖြင့် ပြီးကုန်၍ ပင်စည်တို့မှာ ရွှေဖြင့်ပြီးကုန် သည်။

ပြသာဒ်ကြီး၏တံခါးခုနှစ်မုဒ်တို့၌နတ်ဘီလူး(၇)ဦး တို့သည် အစောင့်အရှောက်ကိုယူကြသည်။

| | |
|---|---|
| ပထမတံခါးမုဒ်၌ | -ယမကောဠိအမည်ရှိသောနတ်ဘီလူးစစ်သူကြီးနှင့်အခြံအရံ(၁၀၀၀)စောင့်သည် |
| ဒုတိယတံခါးမုဒ်၌ | -ဥပ္ပလာအမည်ရှိသောနတ်ဘီလူးစစ်သူကြီးနှင့်အခြံအရံ (၂၀၀၀)စောင့်သည် |
| တတိယတံခါးမုဒ်၌ | -ဝဇိရအမည်ရှိသောနတ်ဘီလူးစစ်သူကြီးနှင့် အခြံအရံ (၃၀၀၀)စောင့်သည် |
| စတုတ္ထတံခါးမုဒ်၌ | -ဝဇိရဗာဟုအမည်ရှိသော နတ်ဘီလူးစစ်သူကြီးနှင့်အခြံအရံ(၄၀၀၀)စောင့်သည် |

ပဉ္စမတံခါးမုဒ်ဦး -ကာသကန္ဒအမည်ရှိသော နတ်ဘီလူးစစ်သူကြီးနှင့်အခြံအရံ (၅၀၀၀) စောင့်သည်

ဆဋ္ဌမတံခါးမုဒ်ဦး -ကဋ္ဌတ္တာအမည်ရှိသောနတ်ဘီလူးစစ်သူကြီးနှင့်အခြံအရံ (၆၀၀၀) စောင့်သည်

သတ္တမတံခါးမုဒ်ဦး -ဒိသာမုခအမည်ရှိသောနတ်ဘီလူးစစ်သူကြီးနှင့်အခြံအရံ (၇၀၀၀) စောင့်သည်

"ဇောတိကသတို့သားအတွက် ရတနာခုနှစ်ပါးဖြင့်ပြီးသော ဘုံခုနှစ်ဆင့်ပြသာဒ်ကြီး မြေကြီးထဲမှတက်ပေါ်သတဲ့၊တံတိုင်းကြီးခုနှစ်ထပ်၊ တံခါးမုဒ်ခုနှစ်ရပ်တို့နှင့်တကွရွှေအိုးကြီးလေးလုံး မြေထဲမှထပေါက်သတဲ့"

ဟူသော သတင်းစကားသည် ဥက္ကောင္မေယျပျံ့နှံ့ပြီး ဗိမ္ဗိသာရမင်းကြီးထံ သတင်းပေါက်သွားသည်။

သို့အတွက် ဗိမ္ဗိသာရမင်းကြီးသည် ဇောတိကသတို့သားထံသို့ သူဌေးထီးဖြူနှင့်တကွ အဆောင်အယောင် အခမ်းအနားဖြင့်ပို့ပေးစေလေသည်။

ဇောတိကသတို့သားသည် ထိုအချိန်မှစ၍ ဇောတိကသူဌေးဟူ၍ အမည်ထင်ရှားကျော်ကြားလေသည်။

ဇောတိကသူဌေးဖြစ်လာသောအခါ သူဌေး၏ပါရမီ ဖြည့်ဘက်သည် သတုလကာယီအမည်ဖြင့် မြောက်ကျွန်း၌ ဖြစ်နေသည်။

ထိုသတုလကာယီကို နတ်တို့က မြောက်ကျွန်းမှ သယ်ဆောင်၍ ဇောတိက၏ခုနစ်ထပ်တိုက်၏ ကျက်သရေ တိုက်ခန်း၌ ထိုင်နေစေလေသည်။

သတုလကာယီသူဌေးကတော်သည် မြောက်ကျွန်းမှ ရောက်လာသောအခါ ဆန်တစ်စလယ်နှင့်မီးကျောက်သုံးလုံး ကိုသာ ယူဆောင်လာခဲ့သည်။

သူဌေးဇနီးမောင်နှံအတွက်အသက်ထက်ဆုံး ထိုဆန် တစ်စလယ်ဖြင့်ပင် ထမင်းဖြစ်ရလေသည်။

အကယ်၍ အခြားသူများက ဆန်အလှည်းစီးတစ်ရာ ထိုဆန်ထည့်သောခွက်၌ထည့်စေကာ ထိုဆန်တစ်စလယ် သည် အံ့ဩဖွယ် တစ်စလယ်သာလျှင် ဖြစ်၍တည်လေသည်။

ထမင်းချက်လိုသောအခါ ဆန်တို့ကို ထမင်းအိုး၌ ထည့်၍ မီးကျောက်သုံးလုံးအပေါ်၌ တည်ထားလိုက်ရသည်။

ကျောက်တို့သည် ထိုခဏမှာပင် အလျှံတပြောင် ပြောင် တောက်လောင်လာ၍ ထမင်းကျက်လျှင်ကျက်ခြင်း မီးအလျှံများ ငြိမ်း၍သွားလေသည်။

ထိုမီးငြိမ်းသောအမှတ်ဖြင့်ပင် ထမင်းကျက်သည့်အ

ဖြစ်ကို သိရပါသည်၊ဟင်းလျာချက်သောအခါ၌လည်း ဤနည်းအတူပင်ဖြစ်သည်။

ဇောတိကသူဌေးဇနီးမောင်နှံတို့အဖို့ ထမင်း၊ဟင်းတို့ကို ထင်း၊မီးစသည်ဖြင့် မချက်ရ၊ထိုမီးကြောင့်တို့ဖြင့်သာ အစာအာဟာရများ ချက်ပြုတ်ကြရသည်။

နေ့ညဥ့်သောအခါ ဆီမီးရောင်ကိုလုံးဝမသုံးစွဲ၊မြကျောက်ရတနာအရောင်ဖြင့်သာ သုံးစွဲနေထိုင်ကြသည်။

ဇောတိကသူဌေးကြီး၏ အံ့သြထူးဆန်းဖွယ်သောစည်းစိမ်ချမ်းသာသည့်သတင်းစကားသည် ဇမ္ဗူထိပ်ကျွန်းလုံးပျံ့နှံ့သွားလေသည်။

လူများအပေါင်းသည် ယာဉ်စသည်တို့ဖြင့် ဇောတိကသူဌေး၏စည်းစိမ်ချမ်းသာကို ဥဒဟိုလာရောက်ကြည့်ရှုကြလေသည်။

ဇောတိကသူဌေးသည် လာတိုင်းလာတိုင်းသောသူတို့အား မြောက်ကျွန်းဆန်ဖြင့် မီးကျောက်ပေါ်ဝယ် ထမင်းချက်ခိုင်း၍ ပေးလှူကျွေးမွေးလွှတ်လေသည်။

ပဒေသာပင်တို့မှ အလိုရှိရာအဝတ်အထည်တို့ကိုဆွတ်ခူးယူစေသည်၊တစ်ဂါဝုတ်ရှိ ရွှေအိုးကြီးအဝကိုဖွင့်၍ သုံးစွဲလောက်အောင် ရွှေငွေများကိုယူသွားစေသည်။

ထိုသို့ ပေးလှူသော်လည်း ပဒေသာပင်ရွှေအိုးတို့မှာ

ကုန်ခမ်းသည်ဟူ၍မရှိ၊ အမြဲပြည့်လျှံနေသည်သာ ဖြစ်သည်။

ဤသည်မှာ ဝိပဿီဘုရားလက်ထက်က အပရာဇိတ သူကြွယ်ဖြစ်စဉ်က ဂန္ဓကုဋိတိုက်ကျောင်း ဆောက်လှူပြီး ပရဝုဏ်အတွင်းဝယ်သံဖြူခင်း၍ သုံးကြိမ်တိုင်တိုင် ရတနာ ခုနှစ်ပါးတို့ကို ပုဆစ်ဒူးနစ်လုံးမျှ ကြဲဖြန့်လှူဒါန်းခဲ့သော ကောင်းမှုကုသိုလ်၏အကျိုးဆက် ဖြစ်ပါသည်။

ဗိမ္ဗိသာရမင်းသည် ဇောတိကသူဌေး၏ပြဿာဒ်ကို ကြည့်ရှုလိုသော်လည်း လူများမပြတ်သွားရောက်ကြည့်နေ သဖြင့် ကြည့်ခွင့်မရဖြစ်နေရသည်။

အချိန်ကြာ၍ လာရောက်ကြည့်ရှုသူနည်းသွားသော နေ့တစ်နေ့ဝယ် မင်းကြီးသည် ဇောတိက၏ဖခင်သူဌေးကြီးကို-

"သင့်သား၏ ပြဿာဒ်ကိုငါကြည့်လိုသည်"

ဟု မိန့်ကြားသည်။

ဇောတိကသူဌေး၏ဖခင်သည် ထိုအကြောင်းကို သားထံသို့ အကြောင်းကြားသည်။ဇောတိက-ကလည်း ပြည့်ရှင်မင်းကြီး ကြွလာတော်မူပါစေဟု လက်ခံစကားပြန်ကြား လိုက်သည်။

ဗိမ္ဗိသာရမင်းကြီးသည် များစွာသောအခြံအရံများနှင့် ဇောတိကသူဌေး၏ ဘုံနန်းပြဿာဒ်ကို သွားရောက်ကြည့်ရှု သည်။

ရှေးဦးစွာသော တံခါးမုဒ်၌ တံမျက်လှည်း၍ အမှိုက်စွန့်သိမ်းသောကျွန်မသည် မင်းကြီးအား မိမိလက်ကို ကမ်းလိုက်လေသည်၊မင်းကြီးသည် သူဌေးကတော်ဟုထင်ပြီး ရှက်နိုး၍ ထိုကျွန်မ၏လက်ရုံး၌ မိမိလက်ကို မတင်ထားချေ။

အလားတူပင် အခြားမုဒ်ဦးတို့၌လည်း ကျွန်မများကို သူဌေးကတော်များဟု မှတ်ထင်ကာ ကျွန်မတို့၏လက်ရုံး၌ မိမိလက်ကို မတင်ချေ။

ဤသို့လျှင် ဇောတိကသူဌေး၏ ဘုံနန်းပြဿာဒ်၌ ကျွန်မများကို သူဌေးကတော်တွေဟုထင်မှတ်လောက်အောင် အံ့သြဖွယ်ဘနန်း ခမ်းနားထည်ဝါလှပေသည်။

ဇောတိကသူဌေးသည် လာရောက်၍ မင်းကြီးကို ခရီးဦးကြိုဆိုကာ ရိုသေစွာရှိခိုးပြီးလျှင် မင်းကြီးနောက်မှ လိုက်ပါလျက်-

"ရှေ့မှကြွတော်မူပါ အရှင်မင်းကြီး"

ဟု လျှောက်ထားတော်မူလေသည်။

မြကျောက်ရတနာခင်း၍ ထားအပ်သောမြေသည် အထူတစ်ရာနက်သော ချောက်ကမ်းပါးကြီးအသွင်မြင်နေရ၍ မင်းကြီးသည်-

"ဤဇောတိကသူဌေးကား ငါ့ကိုဖမ်းယူရန် တွင်းကြီးကိုတူးထားအပ်လေပြီ"

ဟု အထင်လွဲကာ ခြေမချဝံ့ဘဲ ရှိလေသည်၊ဇောတိကသူဌေး
ကရိပ်မိ၍-

"အရှင်မင်းကြီး-ဤနေရာသည်ကား တွင်းမဟုတ်ပါ၊
ကျွန်တော်မျိုးနောက်မှ လိုက်ပါတော်မူပါ"
ဟု ပြောပြီး မင်းကြီးရှေ့မှ သွားပြတော်မူသည်။

မင်းကြီးသည် ဇောတိကသူဌေး ရှေ့ကနင်း၍သွား
သောအခါမှ မြရတနာမြေကိုနင်း၍ အောက်အမြင့်မှအစပြု
ကာ ပြသာဒ်ကိုလှည့်လှည့်ကြည့်ရှုလေသည်။

ထိုအချိန်ဝယ် အဇာတသတ်မင်းသားငယ်သည်
ခမည်းတော်လက်ကိုစွဲကိုင်လိုက်ပါရင်း-

"ဩော်-ငါ၏ခမည်းတော်သည် မသိဆိုးဝါးမိုက်ကန်း
လှဘိတကား၊ ငါတို့အောက် ဇာတ်နိမ့်သောသူကြွယ်ဖြစ်သူ
က ရတနာခုနှစ်ပါးဖြင့်ပြီးသော ပြသာဒ်ကြီး၌နေထိုင်ရပြီး
ငါ၏ခမည်းတော်ကြီးသည်ကား ကေရာဇ်မင်းဖြစ်ပါလျက်
သစ်သားဖြင့်ပြီးသော နန်းအိမ်၌နေဘိ၏၊ငါသည် မင်းဖြစ်ခဲ့
သော် ဤသူဌေးကို ရတနာပြသာဒ်၌နေရန် ခွင့်ပေးမည်
မဟုတ်ချေ။
ဟု ကြံစည်အောက်မေ့လေသည်။

မင်းကြီးက ပြသာဒ်အထပ်ထပ်များကိုတက်ရောက်
လေ့လာကြည့်ရှုနေစဉ်ပင် နံနက်ပွဲတော်စာ စားသုံးရန်အချိန်

ရောက်လာသည်။

"သူဌေး၊ ငါတို့သည် နံနက်ပွဲတော်စာကို သင့်အိမ်မှာ စားသုံးမည်"

"အရှင်မင်းကြီး၊ သိပါသည်၊ နံနက်ပွဲစာကို အသင့် ပြင်ဆင်ထားပြီး ဖြစ်ပါသည်"

ထို့နောက် မင်းကြီးသည် ဇောတိကသူဌေးစီမံပေး သောနံ့သာရေအိုး(၁၆)အိုးဖြင့် ရေချိုးပြီးလျှင် ညှော်ခံမဏ္ဍာပ် အတွင်းခင်းထားသောနေရာ၌ ထိုင်စေသည်။

ထို့နောက် လက်ဆေးရေကို ပေးပြီးနောက် မင်းကြီး ရှေ့မှောက်သို့ အဖိုးတစ်သိန်းတန်ရွှေခွက်၌ ပျော့ပျောင်း၍ လက်ကော်ရသော နို့ယနာထမင်းကို လာရောက်ချပေးသည်။

မင်းကြီးသည် စားရမည့်ဘောဇဉ်ဟု မှတ်ထင်ကာ စားရန်ဟန်ပြင်လိုက်သည်။

"အရှင်မင်းကြီး၊ဤအရာသည်ကား စားသုံးရန်မဟုတ် သေးပါ၊ဤအရာသည်ကား အငွေ့ကောင်းကောင်းပေးဖို့ရန် စီမံထားသော ပျော့ပျောင်းသော နို့ယနာထမင်းသာ ဖြစ်ပါ သေးသည်"

ထိုအချိန်မှာပင် ဇောတိကသူဌေး၏တပည့်များက အခြားအဖိုးတစ်သိန်းတန်ရွှေခွက်၌ မြောက်ကျွန်းဆန်ဖြင့် ချက်အပ်သောထမင်းကို နို့ယနာထည့်ထားသော ရွှေခွက်၏

အပေါ်၌ တင်ထားပေးကြသည်။

ထိုသို့ ပြုလုပ်၍ အောက်နို့ယနာရွှေခွက်မှအငွေ့ဟပ်သဖြင့် အထက်ရွှေခွက်ရှိ မြောက်ကျွန်းဆန်ထမင်းမှာ အစအဆုံးပူနွေးလျက် စားသုံးရာမှာ အရသာထူးမြတ်လေသည်။

မင်းကြီးသည် အလွန်ချိုမြိန်အရသာရှိသော မြောက်ကျွန်းဆန်ထမင်းကို စားသုံးရသော်လည်း အလွန်စားကောင်းသဖြင့် အတိုင်းအရှည်ကို မသိနိုင်ဘဲရှိလေသည်။

ထိုအခါ မင်းကြီးကို ဇောတိကသူဌေးက လက်အုပ်ချီပြီး-

"သင်တော်လောက်ပါပြီ-အရှင်မင်းကြီး၊ဤမျှသာလျှင် စားသုံးစေချင်ပါသည်၊ဤထက်ပိုသွားလျှင် အစာကြေနိုင်လိမ့်မည် မထင်ပါဘုရား"

ဟု လျှောက်ထားလေသည်။

"ဘယ့်နှယ်-သူဌေးကြီး၊မိမိထမင်းကို ဂုဏ်တင်၍ ပြောဆိုသလော"

"အရှင်မင်းကြီး၊ မိမိထမင်းကို ဂုဏ်တင်ပြောသည် မဟုတ်ပါ၊အရှင်မင်းကြီး၏ နောက်ပါစစ်သည်ဗိုလ်ပါတို့ကိုလည်း ဤထမင်းကိုပင် ကျွေးမွေးပါသည်၊ကျွန်တော်မျိုးသည် အရှိန်အလွန်မဲ့ မကောင်းသတင်းဖြစ်မည်ကို ကြောက်ရွံ့မိပါသည်"

"အဘယ်အကြောင်းကြောင့်ပါနည်း"

"အကယ်၍များ အရှင်မင်းကြီး၏ကိုယ်ခန္ဓာမှာ အစာကြေဇာများလှသောကြောင့် လေးလံပျင်းတွဲမှုအနည်းငယ်ဖြစ်ခဲ့ပါလျှင် မင်းကြီးသည် ယမန်နေ့က ဇောတိကသူဌေးအိမ်၌ ထမင်းပွဲတော်စားသုံးခဲ့ရသည်၊ ဇောတိကသူဌေး တစ်စုံတစ်ရာပြုလုပ်လိုက်သည်ဖြစ်မည်ဟု အထင်မှား အမြင်မှားဖြင့်လူအများကအပြစ်တင်စကားပြောကြမည်ကို ကြောက်လန့်ပါသည် အရှင်မင်းကြီး"

ထိုသို့ဆိုလျှင် ထိုထမင်းပွဲကိုသိမ်းပါ၊ ရေကြည်တော်သာဆက်ကပ်ပါ"

မင်းကြီး နံနက်စာပွဲတော်တည်ပြီးသော် မင်း၏အခြွေအရံနှင့်ဗိုလ်ပါစစ်သည်အားလုံးတို့ကိုလည်း မြောက်ကျွန်းဆန်ထမင်းနှင့်ကျောက်ချက်ဟင်းကိုပင် ဆက်လက်ကျွေးမွေးလေသည်။

ထို့နောက် မင်းကြီးနှင့်ဇောတိသူဌေးတို့သည် ကျန်းမာချမ်းသာကြောင်း စကားလက်ဆုံပြောဆိုဆွေးနွေးကြသည်၊ တစ်ဖန် မင်းကြီးက သတိရ၍မေးသည်။

"သူဌေး ဤအိမ်၌ သူဌေးကတော်မရှိဘူးလား"

"အရှင်မင်းကြီး ရှိပါတယ်"

"ယခု သူဌေးကတော် အဘယ်မှာနေပါသလဲ"

“ကျက်သရေတိုက်ခန်း၌နေပါသည်၊မင်းကြီး ရောက်လာသည်ကိုမသိ၍ ဖြစ်ပါလိမ့်မည်”

ဇောတိကသူဌေးသည် မင်းကြီးက ငါ၏ဇနီးကိုတွေ့လိုဟန်ရှိသည်၊ငါကလည်း ဇနီးကိုပြောမထားမိဖြစ်သည်။ သို့အတွက် မင်းကြီးရှေ့မှထ၍ သူဌေးကတော်အခန်းသို့ သွားလေသည်။

“ရှင်မ-မင်းကြီး ငါတို့အိမ်သို့ကြွလာသည်၊ သင့်အဖို့ မင်းကြီးကိုဖူးတွေ့ရန် မသင့်တော်ဘူးလား”

ဟု မေးလေသည်၊ သတုလကာယီသည် ကျက်သရေခန်းဆောင်စောင့်ဝယ် လဲလျောင်းရင်း-

“အရှင်-၎င်းမင်းကြီးဆိုသောသူသည် အဘယ်သို့သောသူဖြစ်ပါသနည်း”

ဟု မေးလေသည်။

“ရှင်မ-မင်းဆိုသည်က ငါတို့အပေါ်၌ အစိုးရသောသူ၊အုပ်ချုပ်သောသူ ဖြစ်သည်”

ထိုစကားကိုကြားလျှင် သတုလကာယီသည် မင်းဆိုသည်ကို မနှစ်သက်သောသဘောကို ထင်ရှားစွာထုတ်ဖော်ပြောကြားလို၍-

“ငါတို့သည် ကုသိုလ်ကောင်းမှုတို့ကို မကောင်းသဖြင့် ပြုအပ်ခဲ့ကုန်လေပြီတကား၊သို့အတွက် ငါတို့အပေါ်၌ အစိုး

ရသောသူဟူ၍လည်း ရှိတုံဘိသေး၏၊ ငါတို့သည် သဒ္ဓါတရား အဟုန်ဖြင့် ကုသိုလ်ကောင်းမှုတို့ကို ပြုခဲ့မိကြ၍ စည်းစိမ် ဥစ္စာကုန်လုံကြွယ်ဝခြင်းသို့ ရောက်ကြပါသော်လည်း သူတစ်ပါးတို့ စိုးမိုးပိုင်သဘောနေရာ၌ လူဖြစ်၍လာကုန်ကြ၏၊ကေန် ပင်ငါတို့သည် ကံ-ကံ၏အကျိုးကို မယုံကြည်ကြဘဲ အလှူ ဒါနကို ပေးလှူခဲ့ကြသည် ဖြစ်ပေလိမ့်မည်၊ဤသို့ သူတစ်ပါး စိုးမိုးပိုင်သရာနေရာ၌ လူလာဖြစ်ရခြင်းသည် ထိုကဲ့သို့ သဒ္ဓါ တရားမရှိဘဲ ဝတ်ကြေဝတ်ကုန် လှူဒါန်းခဲ့သည့်ကောင်းမှု၏ အကျိုးတည်း"

ဟု ညည်းတွားသည်။

"အရှင်-ယခု ကျွန်မအဘယ်အမှုကို ပြုရမည်နည်း"

"ရှင်မ-ထန်းရွက်ယပ်ကိုယူဆောင်လာ၍ မင်းကြီးကို ယပ်ခပ်ပေးပါ"

ထိုသို့စေခိုင်းချက်အရ သတုလကာယီသူဌေးကတော် သည် ထန်းရွက်ယပ်ကိုယူဆောင်ကာ မင်းကြီးကိုယပ်ခပ် ပေးလေသည်။

ယပ်ခပ်ပေးနေစဉ် မင်းကြီး၏ခေါင်းတော်မှအနံ့လေ သည် သူဌေးကတော်၏မျက်လုံးနှစ်ဖက်ကို တိုက်ခတ်မိသေ သည်။

ထိုအခါ သူဌေးကတော်၏မျက်လုံးတို့မှ မျက်ရည်တို့

သည် တသွင်သွင်စီးကျလာလေသည်၊ထိုအခြင်းအရာကို မြင်သော့မင်းကြီးက ဇောတိကသူဌေးကို-

"သူဌေး-မိန်းမတို့မည်သည်မှာ ဉာဏ်ပညာနည်းပါး လှ၏၊မင်းကြီးသည် ငါ့အရှင်၏စည်းစိမ်ကိုသိမ်းယူရာ၏ ဟု အောက်မေ့ကာ မင်းဘဏ္ဍာအဖြစ်သိမ်းယူမည်မှ ကြောက်ရွံ့ ရှာသောကြောင့် သင်၏ဇနီးသည် ငိုကြွေးနေသည် ထင်ပါ၏၊ ငါ့အဖို့ သင်၏စည်းစိမ်ကို အလိုမရှိ ဟု သင်၏ဇနီးကို ပြောပြ နှစ်သိမ့်ပါလော့"

ဟု မိန့်ကြားလေသည်။

"အရှင်မင်းကြီး၊ ဤသူဌေးကတော်သည် မငိုပါ"

"သူဌေး၊ သင်၏ကတော်မငိုလျှင် ယခု အဘယ် ကြောင့်မျက်ရည်များ တသွင်သွင်ကျနေရပါသနည်း"

"အရှင်မင်းကြီး-မင်းကြီး၏ ဦးရည်ခေါင်းပေါင်းမှ ထွက်သောရနံ့ကြောင့် သူဌေးကတော်မှာ မျက်ရည်များ ကျဆင်းရခြင်း ဖြစ်ပါသည်။ဤသူဌေးကတော်သည် ဆီမီး အလင်းရောင်၊ပကတိအလင်းရောင်ကိုမကြည့်ရဘဲ ကျောက် မျက်ရတနာအရောင်ဖြင့်သာ စားသောက်နေထိုင်အိပ်စက်သူ ဖြစ်ပါသည်။အရှင်မင်းကြီးကား ဆီမီးရောင်ဖြင့် နေထိုင်သူ ဖြစ်တော်မူပါလိမ့်မည်"

"အိမ်း-ဟုတ်ပေသည် သူဌေး"

"အရှင်မင်းကြီး-ယနေ့မှစ၍ အရှင်မင်းကြီးသည် ကျောက်မျက်ရတနာအရောင်ဖြင့်သာ နေတော်မူပါ"

ဤသို့ လျှောက်ထားပြီးလျှင် သခွားသစ်သီးလုံးခန့် ရှိသော အဖိုးအနဂ္ဃထိုက်တန်သော ကျောက်မျက်ရတနာကြီး ကို ဆက်သလိုက်သည်။

"ဇောတိကသူဌေး၏စည်းစိမ်ကား အံ့ဩဘနန်း ခမ်း နားကြီးကျယ်လှပါဘိ၏"

ဟု မင်းကြီးသည် ချီးမွမ်းစကားပြောကြားပြီးလျှင် ရွှေနန်း တော်သို့ ပြန်လေသည်။

×××××××××

အဇာတသတ်မင်းသားသည် ဒေဝဒတ်မင်း၏တိုက် တွန်းမှုဖြင့် အဘကိုသတ်ကာမာဂဓတိုင်းနန်းကို ဆက်ခံရရှိပြီး သောအချိန်ကာလဖြစ်သည်။

တစ်နေ့သောအချိန်တွင် အဇာတသတ်မင်းသည် ဖခင်လက်ထက်ကပင် ကြံစည်စိတ်ကူးခဲ့သော ဇောတိကသူဌေး ပြဿာဒ်သိမ်းပိုက်ရေးအစီအစဉ်ကို စတင်အကောင်အထည် ဖော်ဆောင်ရွက်လေသည်။

"ယနေ့ပင် ဇောတိကသူဌေး၏ ဘုံနန်းပြဿာဒ်ကို သိမ်းယူအံ့"

ဟု စစ်မိန့်ထုတ်ပြန်ကာ ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်

အစုံဖြင့် ဇောတိကသူဌေး၏ ဘုံနန်းပြာသာဒ်သို့ချီတက်ရန် စီမံပြီး ထွက်ခွာခဲ့သည်။

ထိုနေ့၌ ဇောတိကသူဌေးသည် ဥပုသ်စောင့်သုံးကာ စောစောစီးစီးပင် နံနက်စာကိုစားပြီးလျှင် ဘုရားရှင်စံကျောင်းတော်သို့သွားပြီး ဘုရားရှင်ထံ၌ တရားနာယူနေလေသည်။

အဇာတသတ်မင်းသည် ဇောတိကသူဌေးပြာသာဒ်ကြီး၏ အရံအကာကျောက်မျက်ရတနာတံတိုင်း၌ အခြံအရံနှင့်တကွသော မိမိစစ်တပ်ကြီး၏ အရိပ်ကိုမြင်ရ၍-

"ဇောတိကသူဌေးသည် စစ်ကြီးဆင်လျက် ဗိုလ်ပါထုနှင့်ငါ့ကိုတိုက်ခိုက်ရန် ထွက်လာလေပြီ"

ဟု မှတ်ထင်ကာ တံတိုင်းအနီးသို့ ရုတ်တရက်မချဉ်းကပ်ဝံ့ဘဲ ရှိလေသည်။

ဇောတိကသူဌေး၏ နန်းပြာသာဒ် ပထမမုခ်တံခါး၌ စောင့်ရှောက်နေသော ယမကောဠိနတ်ဘီလူးသည်-

"သင်တို့ဘယ်ပြေးနိုင်လိမ့်မည်နည်း"

ဟု ခြိမ်းခြောက်ဟစ်ကြွေးကာ အခြံအရံနှင့်တကွသော အဇာတသတ်မင်းကို တိုက်ခိုက်ဖျက်ဆီးလေသည်။

အဇာတသတ်၏စစ်သည်ဗိုလ်ပါတို့သည် စစ်ကြီးပျက်ကာ အရပ်မျက်နှာများသို့ ပြန့်ကြဲထွက်ပြေးကြလေသည်၊ နတ်ဘီလူးစစ်သည်များသည်အဇာတသတ်၏စစ်တပ်များသို့

အရပ်ရှစ်မျက်နှာနယ်ပယ်အဆုံးအထိ လိုက်လံဖျက်ဆီးကြလေသည်။

အဇာတသတ်မင်းသည် စစ်ကြီးပျက်ရှုံး၍ ဦးတည်မိရာပြေးခဲ့ရာ ဘုရားရှင်ကျောင်းတော်သို့ရောက်ပြီး ကြောက်လန့်တကြားနှင့် ကျောင်းတော်သို့ပြေးဝင်မိလေသည်။

ကျောင်းထဲသို့ အမောတကောကြောက်လန့်တကြားနှင့်ပြေးဝင်လာသော အဇာတသတ်ကို မင်းကြီးမြင်လိုက်သည်။

"အရှင်မင်းကြီး၊ အဘယ်သို့သော အကြောင်းရှိပါသနည်း"

ဇောတိကသူဌေးသည် ခရီးဦးကြိုဆိုနေရာပေးရင်းမေးလိုက်မိသည်။

အဇာတသတ်သည် ဇောတိကသူဌေးကိုတွေ့သော်ဒေါသထွက်ပြီး-

"ဩော်-သူဌေး၊ သင်က သင့်လူများကိုငါနှင့်စစ်တိုက်ခိုင်းပြီး သင်က ဤကျောင်းမှာ လာထိုင်နေသည်"

ဟု မကျေမနပ်နှင့်ဒေါသပေါက်ကွဲပြီးပြောလေသည်။

"ဩော်-အရှင်မင်းကြီး၊ ကျွန်ုပ်၏အိမ်ကို သိမ်းယူရန်သွားသလော"

ဟု ဟည်ငြိမ်အေးဆေးစွာလျှောက်လေသည်။

"အေး-သွားသိမ်းတယ်"

ဟု ဒေါသသံဖြင့်ပြန်ဖြေသည်။

"အရှင်မင်းကြီး-ကျွန်ုပ်သဘောမတူလျှင် ကျွန်ုပ်၏ အိမ်၊ ကျွန်ုပ်၏ပစ္စည်းများကို အရှင်မင်းကြီးတစ်ဦးတည်း မဆိုထားနှင့်၊မင်းပေါင်းထောင်သောင်းသော်မှ သိမ်းယူခြင်း ငှာ မတတ်နိုင်ပါ"

ဟု တည်ကြည်ရဲဝင့်စွာ ပြန်လည်လျှောက်တင်လေသည်။

"သင်က မင်းဖြစ်မည့်လူမို့လို့လား"

ဒေါသအမျက် ခြောင်ခြောင်ထွက်သောအသံဖြင့် မေးသည်။

"အရှင်မင်းကြီး-ကျွန်ုပ်ဟာ မင်းမဟုတ်ပါ၊သို့သော် လည်းကျွန်ုပ်၏ဥစ္စာကို မြိတ်ဆာချည်တစ်ပင်ကိုမျှ ကျွန်ုပ် သဘောမတူလျှင် မင်းများ၊ခိုးသူများ သိမ်းပိုက်တိုက်ခြင်းငှာ မစွမ်းနိုင်ပါ"

"ငါကဲ့သို့သောမင်းက သင်သဘောတူမှ သင့်ပစ္စည်း ကို ယူလို့ရမှာတဲ့လား"

"အရှင်မင်းကြီး ထိုသို့ဖြစ်လျှင် ကျွန်ုပ်၏လက်ချောင်း နှစ်ဘက်မှ လက်စွပ်နှစ်ဆယ်တို့ရှိကြပါသည်၊ထိုလက်စွပ်တို့ ကို ကျွန်ုပ်သည် အရှင်မင်းကြီးကို မပေးပါ၊ အရှင်မင်းကြီး စွမ်းနိုင်က ဖြုတ်ယူပါလော့"

ဇောတိကသည် လက်ဖမိုးနှစ်ဘက်ကိုဆန့်တန်းကာ ရဲဝင့်စွာပင် ပြောဆိုလေသည်။

အဇာတသတ်မင်း၏စွမ်းအားသည်ကား မြေ၌ဆောင့်ကြောင့်ထိုင်၍ခုန်လိုက်လျှင် (၁၈)တောင်အရပ်ထိ မြင့်တက်သည်၊ရပ်၍ခုန်လိုက်လျှင် အတောင်(၈၀)ထိ မြင့်တက်နိုင်သည်၊ဤမျှ အားကောင်းသောမင်းယောကျ်ားမျိုးဖြစ်သည်။

အဇာတသတ်သည် ဇောတိကသူဌေး၏စကားအဆုံဝယ် ဇောတိက၏လက်မှလက်စွပ်တို့ကို ဗယ်မှညာ၊ညာမှဗယ် အပြန်ပြန်လှည့်၍ အားဖြင့်ချွတ်ယူလေသည်။

ရာဇက္ကန္ဓြေသာပျက်သည်၊လက်စွပ်တစ်ကွင်းမျှ ချွတ်ယူ၍မရချေ။

အရှင်မင်းကြီး အလိုရှိတော်မူလျှင် ဝတ်လဲတော်ဖြန့်၍ခံယူတော်မူပါ"

ဟု ဇောတိကသူဌေးကပြောပြီးလျှင် မင်းကြီး၏ဝတ်လဲတော်အထက်ရှိ လက်ချောင်းများကို ဖြောင့်တန်းအောင်ပြုပြီး အောက်သို့စိုက်ချလိုက်သည်၊လက်စွပ်အကွင်းနှစ်ဆယ်တို့သည် ကျွတ်၍ကျလာကြသည်။

"အရှင်မင်းကြီး-မင်းကြီးမြင်သည့်အတိုင်းပင် ကျွန်ုပ်သဘောမတူလျှင် သိမ်းယူ၍မရနိုင်ပါ"

ဟု လျှောက်ထားပြီး ဇောတိကသူဌေးသည် အဇာတသတ်မင်း၏ရိုင်းပြသော အပြုအမူများကြောင့် သံဝေဂရပြီးလျှင်-

"အရှင်မင်းကြီး-ကျွန်ုပ်အား ရဟန်းပြုခွင့်ပေးတော်မူပါ"

ဟု ဆက်၍လျှောက်ထားလိုက်လေသည်။

"ဤသူဌေးရဟန်းပြုလျှင် သူ၏ပြဿာဒ်ကို အလွယ်တကူ သိမ်းယူနိုင်မည်"

အဇာတသတ်သည် ဤသို့ကြံစည်အောက်မေ့ကာ တစ်ကြိမ်တောင်းခံရုံမျှပင်-

"သင်ရဟန်းပြုလိုကပြုလော့"

ဟု အလွယ်ပင် ခွင့်ပြုလိုက်လေသည်။

ဇောတိကသူဌေးသည် သံဝေဂကြီးစွာရ၍ ဘုရားရှင်ထံ ရဟန်းပြုခွင့်တောင်းပြီး ရဟန်းပြုလေရာ မကြာခင် အရဟတ္တဖိုလ်ဆိုက်ပြီး ရဟန္တာဖြစ်လေသည်။

ဇောတိကမထေရ် အရဟတ္တဖိုလ်ဆိုက်ရောက်သောနေ့မှာပင် ဘုံနန်းပြဿာဒ်အစရှိသော စည်းစိမ်ဥစ္စာအလုံးစုံတို့သည် အံ့ဩထူးဆန်းစွာ ပျောက်ခြင်းမလှ ပျောက်ကွယ်ကြသည်၊ဇောတိက၏ဇာတော် သတုလကာယီကိုလည်း နတ်တို့က မြောက်ကျွန်းသို့တစ်ဖန်ပြန်၍ပို့ဆောင်ကြလေသည်။

အတိတ်ဘဝကပြုခဲ့သောကုသိုလ်ထူးကြောင့် ယခု

ဘဝတွင် ထူးခြားသောကုသိုလ်အဟုန်ဖြင့် ထူးဆန်းအံ့သြဖွယ်ကောင်းသော ဘုံနန်းပြဿာဒ်ပေါ်ခဲ့ရခြင်း၊ရွှေအိုးများနှင့်မြောက်ကျွန်းသူ သူဌေးကတော်ကို နတ်တို့ကသယ်ယူပို့ဆောင်ပေးခြင်းခံရသော ဇောတိကသူဌေး၏ ဘဝဖြစ်စဉ်များသည် ဂေါတမဘုရားရှင်၏သာသနာ့သမိုင်းဝယ် အံ့မခန်းထူးဆန်းသော ဘဝဇာတ်လမ်းအဖြစ် မှတ်တမ်းတင်ကျန်ရစ်ခဲ့ပါတော့သည်။

# ပန်းတော်ဆက်မောင်သုမန၏ အံ့ဖွယ်ဒါန

"ရာဇဂြိုဟ်ပြည်သား သုမနပန်းသည်"

သူသည် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရကို နေ့စဉ်နံနက်တိုင်း ရှစ်ကွမ်းစားမျှလောက်သော မုလေးပန်းအစုကို ပြုလုပ်ကာ ဆက်သရသော ပန်းတော်ဆက်ဖြစ်သည်။

ထိုမုလေးပန်းဆက်ရသဖြင့် တစ်နေ့လျှင် ရှစ်အသပြာ ရသည်။

တစ်နေ့နံနက်အချိန်တွင် သုမနသည် မုလေးပန်းများကိုရှစ်ပြုပြီး မင်းထံဆက်သရန်ထွက်ခွာလာခဲ့သည်၊ ထိုအချိန်တွင် ဘုရားရှင်သည် ရောင်ခြည်တော်ခြောက်စုံကွန့်မြူးဖြန့်ကျက်လျက် ရာဇဂြိုဟ်မြို့အတွင်းသို့ ဆွမ်းခံရန်ကြွလာခိုက်

သုမနပန်းသည်နှင့်လမ်းမှာဆုံမိသည်။

သုမနပန်းသည်သည် ဘုရားရှင်၏ တုနှိုင်းမရသော ရောင်ခြည်တော်ခြောက်သွယ်ကိုဖူးတွေ့ရသောအခါ ယိုဖိတ်လာသော သဒ္ဓါကြည်ညိုစိတ်ကို ထိန်းမရဖြစ်လာမိသည်။

"ဘုရားရှင်ကို ငါသည် အဘယ်ဝတ္ထုဖြင့် ထောက်ပံ့ကော်ရော် ပူဇော်ရသော် ကောင်းမည်နည်း"

ဤသို့လျှင် ကြည်ညိုဝမ်းမြောက်သောစိတ်ဖြင့်ကြံစည်ပြီးလျှင်ရန် တစ်စုံတစ်ရာကို ပတ်ဝန်းကျင်တွင် ရှာကြည့်မိသည်။

ပတ်ဝန်းကျင်တွင်ဘာမျှမတွေ့၊ မိမိလက်ထဲက မုလေးပန်းအစုသာတွေ့ရသည်၊ကြည်ညိုသောသဒ္ဓါစိတ်ကလည်း တဖျက်ဖျက်လှုပ်ရှားနေလေသည်။

"ငါ့တွင်ပါလာသော ဤမုလေးပန်းတို့ဖြင့် ဘုရားရှင်ကိုလှူဒါန်းပူဇော်အံ့"

ဤသို့ကြံစည်မိပြီး လှူရန်ဆုံးဖြတ်လိုက်သည်၊ထိုခဏမှာပင်စိတ်ထဲတွင် အတွေးတစ်ခုက ပေါ်လာပြန်သည်။

ယခု ငါယူဆောင်လာသောပန်းတို့သည် ပြည့်ရှင်မင်းအားနေ့စဉ်မပြတ်ဆက်သအပ်သော ပန်းတို့ဖြစ်သည်၊မင်းသည် နေ့စဉ်ရနေကြ ပန်းတို့ကိုမရရှိသော် ငါ့ကိုသတ်လိုမူက သတ်ရာ၏၊ဖမ်းဆီးထောင်ချမူလည်း ချရာ၏၊တိုင်းပြည်မှ

နှင်ထုတ်မူလည်းထုတ်ရာ၏၊ငါသည်အဘယ်သို့ပြုရပါအံ့နည်း"

သုမနပန်းသည် သည် အတန်ကြာစဉ်းစားပြီးနောက်

"ပြည့်ရှင်မင်းကြီးသည် ငါ့ကိုသတ်လိုမူလည်း သတ်စေတော့၊နှောင်ဖွဲ့လိုမူလည်း နှောင်ဖွဲ့ပါစေ၊တိုင်းပြည်ကနှင်ထုတ်မူလည်း နှင်ထုတ်ပါစေ၊ဤပန်းတို့ကို မင်းအားဆက်သွင်းခဲ့သော်လည်း မင်းသည်ငါ့ကိုအသက်မွေးမှုလောက်ရုံသာပစ္စည်းဉစ္စာကိုပေးလေး၏၊ဘုရားရှင်အား လှူဒါန်းပူဇော်ရသည်ရှိသော် ကမ္ဘာကုဋေများစွာစီးပွားချမ်းသာ ဖြစ်ပေလိမ့်မည်၊ ငါသည် အသက်စွန့်၍ပင် ဘုရားရှင်ကို လှူဒါန်းပါအံ့"

"ငါ၏စိတ်သည် အကြင်မျှလောက်ကာလပတ်လုံး မတွန့်တိုမဆုတ်နစ်သေး၊ ထိုကာလတွင်း ပူဇော်အံ့"

ဤသို့ နှိုင်းယှဉ်ဆင်ခြင်ဆုံးဖြတ်ပြီးလျှင် သုမနပန်းသည်-သည် ဘုရားရှင်ထံသို့ ရှေးရှုသွားကာ ရှေးဦးစွာနှင်ဆုပ်မျှလောက်သောပန်းတို့ကို ဘုရားရှင်အထက်သို့မြှောက်၍ ပစ်တင်လိုက်ပြီး ပူဇော်လိုက်သည်။

ထိုပန်းတို့သည် ဘုရားရှင်၏အထက်ဝယ် အံ့ဩဖွယ်ရာဗိမာန်ကဲ့သို့ဖြစ်၍ တည်ကုန်သည်၊သုမနပန်းသည်-သည် ထိုပန်းတို့ပြန်မကျဘဲ ဘုရားရှင်၏အထက်၌ ဗိမာန်ကဲ့သို့ တည်နေသည်ကိုတွေ့ရသောအခါ အလွန်ရွှင်လန်းတက်ကြွသောသဒ္ဓါစိတ်၊ကြည်ညိုစိတ်များ တဖွားဖွားယိုဖိတ်ပြီး တစ်ဖန်

နှစ်ဆုပ်သောပန်းတို့ကို ကြဲမြောက်လိုက်ပြန်သည်။

ထိုပန်းတို့သည် အံ့ဩဖွယ်ရာပင် လက်ျာနံပါး၌ ပန်းဖြင့်ဖုံးလွှမ်း၍ အောက်သို့သက်၍တည်ပြန်၏၊သုမန၏ သဒ္ဓါယိုဖိတ်မှုတို့သည် ထိန်းမရတော့ဆက်ပြီး နောက်နှစ်ဆုပ်ကြဲဆုပ်ကာ ပူဇော်လိုက်ပြန်သည်။

ထိုပန်းတို့သည် နောက်ဘို့ဖြင့် အောက်သို့တွဲလွဲသက်ဆင်းပြီး ရှေးနည်းတူတည်ပြန်၏၊ သဒ္ဓါကြည်ညိုစိတ် တသိမ့်သိမ့်တက်နေသောသုမနပန်းသည်-သည်တစ်ဖန် ပန်းနှစ်ဆုပ်ကိုဆက်လက်၍ ကြဲဖြန့်ပူဇော်လိုက်ပြန်သည်။

"ထိုပန်းတို့သည် အံ့ဩဖွယ်ရာ လက်ဝဲနံပါးဖြင့်သက်၍ရှေးနည်းတူတည်ပြန်လေသည်"

ဤသို့သောနည်းဖြင့် ရှစ်ကွမ်းစားမျှလောက်ကုန်သောပန်းတို့ကို ကြဲဖြန့်ပူဇော်လိုက်သောအခါ ပန်းတို့သည် ဘုရားရှင်၏ဦးထိပ်အထက်၊လက်ဝဲလက်ျာ၊အောက်အဘို့အားဖြင့်လေးမျက်နှာသောအရပ်တို့၌ ဘုရားရှင်ကိုယ်တော်ကိုဝန်းပတ်ခြံရံ၍တည်ကုန်သည်၊ဘုရားရှင်၏ရှေ့တည့်တည့်မှာမူ တံခါးသဖွယ်ယှက်သွယ်ခြင်းမရှိ၊လစ်လပ်လျက်ရှိသည်။

ရှိရှိသမျှသောပန်းတို့သည် အံ့ဩဖွယ်ရာအတွင်းသို့ အညှာရိုးတန်ပြုလျက် အပြင်ဘက်သို့ပွင့်ချပ်ထွက်လျက် ပန်းကွန်ယက်ဖြင့် ဖုံးအုပ်ဝန်းရံ၍ ထားဘိသကဲ့သို့ရှိလေသည်။

မြတ်စွာဘုရားသည် ငွေပြားဝန်းရံသကဲ့သို့ရှိပြီး ဘုရားရှင်သည် ထိုငွေပြားဝန်းရံသကဲ့သို့ပင် ဆက်လက်ကြွတော်မူလေသည်။

ထိုမှုလေးပန်းတို့သည် စိတ်စေတနာမရှိသောသက်မဲ့ပင်ဖြစ်သော်လည်း စိတ်စေတနာရှိသော သက်ရှိဘုရားရှင်ကိုမှီ၍ သက်ရှိသကဲ့သို့ဖြစ်ကာ အောက်သို့ပြုတ်မကျဘဲ ဘုရားရှင်နှင့်အတူတကွဖြစ်နေသည်။

ဘုရားရှင်ကြွသည်ရှိသော် သွား၏၊ ရပ်သည်ရှိသော် တည်နေ၏။

ဘုရားရှင်၏ကိုယ်တော်မှာလည်း မိုးဥတုအခါ မိုးကောင်းကင်မှ တစ်သိန်းမျှသော လျှပ်ပန်းတို့လျှပ်သကဲ့သို့ ရှေ့နောက်နှစ်ဖြာ လက်ဝဲလက်ျာ ဦးထိပ်ထက်တို့မှ တလက်လက်တဝင်းဝင်းရောင်ခြည်တော်မျိုးစုံတို့သည် ထွန်းပထွက်လျက်ရှိသည်။

ထိုရောင်ခြည်တော်အပေါင်းတို့သည် ဘုရားရှင်၏ ရူပကာယာမှထွက်တော်မူလျှင် ရှေ့ရှုရာအရပ်သို့ ဦးစွာပေးမသွားဘဲ အလုံးစုံသောရောင်ခြည်တော်တို့သည် ဘုရားသခင်ကိုသုံးကြိမ်သုံးခါတိုင်တိုင် လက်ျာရစ်လှည့်လှည်ပြီးမှ ထန်းပင်လုံးခန့်ရှိလျက် ဘုရားရှင်မှ ပြေးသွားကြကုန်သည်။

ရာဇဂြိုဟ်မြို့တစ်မြို့လုံးသည် တုန်လှုပ်သွားသည်၊

မြို့သူမြို့သားအားလုံး မည်သူမျှမနေနိုင်ဘဲ လှူဖွယ်ဝတ္ထုတို့ကို ယူဆောင်ကာ ထွက်လာကြသည်။

လူအပေါင်းတို့သည် ရဲရင့်စွာသောအသံကိုကြွေးကြော်ကြပြီး တစ်သောင်းမျှလောက်ကုန်သော ပုဆိုးဦးရစ်မြှောက်ခြင်းစသည်တို့ကိုပြုကြပြီး ဘုရားရှင်ကို ပူဇော်ကြသည်။

ဘုရားရှင်သည် သုမနပန်းသည်၏ ကျေးဇူးဂုဏ်ကို ထင်ရှားအောင်ပြုခြင်းငှာ သုံးဂါဝုတ်ပမာဏရှိသောမြို့၌ စည်လှည့်လှည်သောခရီးဖြင့် ကြွတော်မူသည်။

သုမနပန်းသည်၏ကိုယ်သည် ပီတိငါးဖြာဖြင့် ပြည့်နေသည်၊သူသည် အနည်းငယ်မျှသာ ဘုရားရှင်နှင့်အတူ လိုက်ပြီး ဘုရားရှင်၏ရောင်ခြည်တော်အတွင်းသို့ဝင်ပြီးသော် ဘုရားရှင်ကို ချီးမွမ်းရှိခိုးလေသည်။

ထို့နောက် ပန်းမရှိ၊ လက်ချည်းသာ အိမ်သို့ပြန်လာခဲ့သည်၊ပန်းမပါဘဲ လက်ချည်းသာပြန်လာသော သုမနပန်းသည်ကို မယားက-

"ရှင်-မင်းကိုဆက်ဖို့ ပန်းတွေ့ကော"

ဟု ဆီးမေးသည်။

"ငါ-ဘုရားရှင်ကို ပူဇော်လှူဒါန်းလိုက်ပြီ"

"ရှင်-မင်းကိုဆက်ဖို့ ပန်းတွေကော"

ဟု ထပ်မေးပြန်သည်။

"ရှင်-ပန်းတွေကို ဘုရားရှင်ကိုပူဇော်လှူဒါန်းလိုက်ရင် မင်းကြီးအတွက် ဘယ်လိုလုပ်မလဲ"

"ချစ်နှမ-မင်းကြီးက ပန်းမရ၍ သတ်လိုကသတ်ပါစေ၊ တိုင်းပြည်ကနှင်ထုတ်လည်းနှင်ထုတ်ပါစေ၊ငါကတော့ အသက်စွန့်ပြီး ဘုရားရှင်ကိုပန်းလှူခဲ့ပါပြီ၊ငါလှူသောပန်းက ရှစ်ဆုပ်မျှသာရှိပါသည်၊ငါ၏အလှူသည် အံ့ဖွယ်သရဲဖြစ်နေ၍ လူတို့သည်ကြွေးကြော်ပြီး ဦးရစ်ပုဆိုးကိုမြှောက်ပင့်သည်၊ အပြိုင်အဆိုင်လည်းလှူနေကြပါသည်၊ဘုရားနောက်သို့ တကောက်ကောက်လိုက်ပြီး ငါလှူသောပန်း၏အံ့ဖွယ်သရဲကို လိုက်ဖူးနေကြပါသည်။ချစ်နှမ၊ သင်သည်ထိုကြွေးကြော်သံကိုမကြားဘူးလော၊ယခု ကြွေးကြော်သံများသည် ငါ၏ပန်း အလှူကြောင့်ဖြစ်သော အသံတို့ဖြစ်ပါသည်။

သုမနပန်းသည်က အလှူ၌ ဝမ်းမြောက်သောပီတိဖြင့် ခပ်အေးအေးပင် ပြောလိုက်လေသည်။

သုမန၏မိန်းမသည် စဉ်းစားတွေးခေါ်ဉာဏ်မရှိ၊ မိုက်မဲသူဖြစ်သည်၊ဘုရားရှင်၏တန်ခိုးပြာဋိဟာ အံ့ဖွယ်သူရဲကိုလည်း ကြည်ညိုတတ်သူမဟုတ်၊သို့အတွက် သုမနပန်းသည်လင်ကို ဆဲရေးတိုင်းထွာပြီး-

မင်းတို့မည်သည် ရက်စက်ကြမ်းကြုတ်သောသဘောရှိ၏၊ အမျက်တစ်ကြိမ်ထွက်ရုံဖြင့် ခြေလက်စသည်တို့ကို

ဖြတ်ပြီး အကျိုးစီးပွားမဲ့အောင် ပြုတတ်ပေ၏၊သင်ပြုလုပ်သောအမှုသည် ငါ့ကိုလည်း အကျိုးစီးပွားမဲ့ဖြစ်တော့မည်၊ ငါပါ မင်းဒဏ်သင့်ခံရတော့မည်၊ သင်ပြုခဲ့တဲ့အမှုအတွက် သင်သာခံပါ၊ငါမပါကြောင်း ယခုပင် မင်းထံသွား၍ လျှောက်ထားပြမည်"

သုမနပန်းသည်၏မိန်းမသည် ဤသို့ပြောဆိုပြီး သားငယ်ကိုဆွဲယူပွေ့ချီပြီး မင်းနန်းတော်သို့သွားကာ မင်းကိုဖူးတွေ့လေသည်။

"အဘယ်ကိစ္စကြောင့် ငါ့ကို လာရောက်ဖူးတွေ့ပါသနည်း"

အရှင်မင်းကြီး-ကျွန်မ၏လင်သည်အရှင်မင်းကြီးအား နေ့စဉ်ပန်းဆက်သူဖြစ်ပါသည်၊ယခု ကျွန်မလင်သည် အရှင်မင်းကြီးအား ဆက်သမည့်ပန်းတို့ကို ဘုရားရှင်ကို ပူဇော်လှူဒါန်းပြီး ပန်းမပါ လက်ချည်းသာပြန်လာပါသည်၊ပန်းတို့ဘယ်မှာလည်းဟု ကျွန်မကမေးသောအခါ ဘုရားရှင်ကိုလှူလိုက်သည် ဟုပြောပါသည် ဘုရား"

ကျွန်တော်မ၏လင် ပန်းသည်အား မင်းတို့မည်သည် ရက်စက်ကြမ်းကြုတ်သည်၊အမျက်တစ်ကြိမ်ထွက်ရုံမျှဖြင့် ခြေလက်တို့ကိုဖြတ်၍ အပြစ်ပေးတတ်သည်၊သင်ပြုသောအမှု ငါ့ကိုပါ မင်းပြစ်မင်းဒဏ်သင့်နိုင်သည်ဟု ဆိုပြီး သူ့ကိုဆဲရေး

ရေရှွတ်ပြီး သူ့ကိုလင်အဖြစ်မှ ရပ်စဲပြီး အရှင်မင်းကြီးထံ အကျိုးအကြောင်းလာရောက်လျှောက်ထားရခြင်း ဖြစ်ပါသည်ဘုရား၊ အရှင်မင်းကြီး-သုမနပြုသောအမှုသည် ကောင်းသည်ဖြစ်စေ၊မကောင်းသည်ဖြစ်စေ၊ သူ့အမှုသာဖြစ်ပါသည်၊ ကျွန်တော်မျိုးမနှင့်မသက်ဆိုင်ပါဘုရား"

ဗိမ္ဗိသာရမင်းကြီးသည် ရှေးဦးစွာဘုရားရှင်ကို ဖူးမြင်စဉ်ကပင် သောတာပတ္တိဖိုလ်ဆိုက်ရောက်နေသူဖြစ်သည်။ သဒ္ဓါတရားအားကြီးသော၊ နှစ်သက်ကြည်ညိုခြင်းရှိသော အရိယာသာဝကဖြစ်သော မင်းကြီးဖြစ်ပါသည်။

မင်းကြီးသည် သုမနပန်းသည် မိန်းမလျှောက်ထားသံကို နားထောင်ပြီးနောက်-

"သြော်-အံ့ဖွယ်ရှိပေစွတကား၊ဤမိန်းမသည် အလွန်မိုက်မဲပေစွတကား၊ဤသို့သဘောရှိသော ကျေးဇူးဂုဏ်၌ နှစ်သက်ကြည်ညိုခြင်းကို မဖြစ်နိုင်ပါစေတကား"

ဟု စဉ်းစားဆင်ခြင်တော်မူမိလေသည်။

ဗိမ္ဗိသာရမင်းကြီးသည် သုမနအပေါ် အမျက်ထွက်သကဲ့သို့ သဘောပြုပြီး-

"အသင်ပန်းသည်မ-အဘယ်ကိုအသင်လျှောက်ထားပါသလဲ၊သုမနသည်ငါ့အားဆက်သမည့်ပန်းတို့ဖြင့် ဘုရားရှင်ကိုလှူဒါန်းပူဇော်လိုက်သည်၊ ငါသည် သုမနပြုသောအမှုအား

အရေးယူအံ့”

မင်းကြီးက သုမနမိန်းမကို ဤသို့ပြောပြီး ပြန်လွှတ်လိုက်သည်၊ထို့နောက် လျင်မြန်စွာ ဘုရားရှင်ထံသွားရောက်ပြီး ရှိခိုးကာ ဘုရားရှင်နောက်သို့လိုက်ပြီး ဘုရားရှင်နှင့်အတူလှည့်လေသည်။

ဘုရားရှင်သည် ဗိမ္ဗိသာရမင်းကြီး၏စိတ်ကြည်လင်နှစ်သက်ခြင်းဖြစ်နေသည်ကို သိတော်မူ၍ အစဉ်လှည့်လှည်သောလမ်းခရီးအစဉ်ဖြင့် မြို့ကိုလှည့်လှည်ပြီးနောက် မင်းအိမ်နန်းတော်တံခါးဝသို့ ကြွတော်မူလေသည်။

မင်းကြီးသည် သပိတ်တော်ကိုယူ၍ နန်းတော်သို့သွင်းယူရန်စီစဉ်၏၊ဘုရားရှင်က မင်းရင်ပြင်၌သာ သီတင်းသုံးလိုသောအမူအရာပြတော်မူသည်။

မင်းကြီးသည် ဘုရားရှင်၏အလိုဆန္ဒကို သိတော်မူ၍ မင်းရင်ပြင်၌ မဏ္ဍာပ်အလျင်အမြန်ဆောက်လုပ်ပြီးသောအခါ ဘုရားရှင်သည် ရဟန်းသံဃာများနှင့်တကွ မဏ္ဍာပ်၌ သီတင်းသုံးနေထိုင်တော်မူသည်။

ဘုရားရှင်နန်းတော်ထဲသို့ဝင်၍ သီတင်းမသုံးခြင်းမှာ နန်းတော်တွင်းသီတင်းသုံးက လူအများကဖူးခွင့်ရမည်မဟုတ်၍ သုမနပန်းသည်၏ဂုဏ်ကျေးဇူးကို လူအများကပြသခွင့်ရမည် မဟုတ်သောကြောင့် နန်းတွင်း၌ သီတင်းမသုံးဘဲ မင်း

ရင်ပြင်၌သာ သီတင်းသုံးခြင်းဖြစ်လေသည်။

ဘုရားရှင် မင်းရင်ပြင်၌ သီတင်းသုံးနေစဉ် သုမန လှူလိုက်သောပန်းဗိမာန်တို့သည် လေးပါးသောအရပ်မျက်နှာတို့၌ တည်ကုန်သည်။

လူအပေါင်းတို့သည် ဘုရားရှင်ကိုခြံရံနေကြသည်၊ ဗိမ္ဗိသာရမင်းကြီးသည် ဘုရားအမျှုးရှိသော သံဃာတော်များကိုမွန်မြတ်သောခဲဖွယ်ဘောဇဉ်တို့ဖြင့် ဆက်ကပ်လှူဒါန်းပူဇော်လေသည်။

ဘုရားရှင်ဆွမ်းဘုဉ်းပေးပြီးသောအခါ ဆွမ်းအနုမောဒနာပြုပြီး ကျောင်းတော်သို့ကြွတော်မူသည်၊ပန်းဗိမာန်လေးခုသည် ဘုရားရှင်ကိုဗိမာန်ပြုလျက် လိုက်ပါလာလေသည်၊ ဘုရားရှင်သည် လူအပေါင်းခြံရံလျက် ကျောင်းတော်သို့ကြွတော်မူသည်။

ဗိမ္ဗိသာရမင်းသည် ဘုရားရှင်နောက် အနည်းငယ်လိုက်ပြီး နောက်သို့ပြန်လှည့်ကာ သုမနပန်းသည်ကို ခေါ်ယူစေသည်။

သုမနပန်းသည်-သည် မင်းရှေ့သို့ရောက်သောအခါ-

"သင်သည် ငါ့အတွက်ယူလာသော ပန်းကို အဘယ်သို့နှလုံးသွင်းပြီး ဘုရားရှင်ကိုလှူဒါန်းလိုက်ပါသနည်း" ဟု မေးသည်။

"အရှင်မင်းမြတ်၊ ကျွန်ုပ်သည် အရှင်မင်းမြတ်သတ်လိုကသတ်၊ တိုင်းပြည်ကနှင်ထုတ်လိုကနှင်ထုတ်ပါစေ ဟုကြံ့ပြီး အသက်ကိုစွန့်ကာ လှူဒါန်းလိုက်မိပါသည် ဘုရား"

"သုမန-သင်သည် ယောကျ်ားမြတ်ဖြစ်ပေသည်တကား"

ဟု မိန့်တော်မူသည်။

ထို့နောက် ဗိမ္ဗိသာရမင်းသည် သုမနပန်းသည်ကို-

-ရှစ်ကောင်သောဆင်

-ရှစ်ကောင်သောမြင်း

-ရှစ်ယောက်သောကျွန်မိန်းမ

-ရှစ်ယောက်သောကျွန်ယောကျ်ား

-ရှစ်ခုသောတန်ဆာတို့ကို ပေးသနားတော်မူသည်။

ထို့နောက်-

-အသပြာရှစ်ထောင်

-မင်းမျိုးမင်းနွယ်ဖြစ်သည့် အလုံးစုံသောတန်ဆာတို့ဖြင့်တန်ဆာဆင်ထားသည့် အပျိုကညာရှစ်ယောက်

-အခွန်ကောင်းစွာထွက်သော ကျေးလက်ရှစ်ရွာ

ဤသို့လျှင် ရှစ်စု-ရှစ်စုအရေအတွက်(အဋ္ဌကဒါန)ကို ပေးသနားတော်မူသည်။

ဘုရားရှင်ကို ရှင်အာနန္ဒာမထေရ်က ထိုသုမနပန်း

သည်၏ ယခုပြုထားသော ကုသိုလ်အကျိုးဆက်၏ အနာဂါတ်ဘဝကို မေးလျှောက်ထားရာ-

"အာနန္ဒာ-ယခုပြုရသောအကျိုးအာနိသင်သည် ကမ္ဘာတစ်သိန်းကာလပတ်လုံး အပါယ်လေးပါးမရောက်ရဘဲ လူ့ရပ်၊နတ်ပြည် ကောင်းသောဂတိတို့၌သာလားရပြီး နောင်သောအခါ သုမနမည်သော ပစ္စေကဗုဒ္ဓဖြစ်ပေလိမ့်မည်" ဟု ဘုရားရှင်က ဗျာဒိတ်စကား မိန့်ကြားခဲ့လေသည်။

သုမနပန်းသည်၏ တဒင်္ဂ၊ တစ်မိနစ်၊ တစ်စက္ကန့်ဆုံးဖြတ်ချက်ချပြီး အသက်စွန့်လွှတ်ကာ လှူလိုက်ရသောအကျိုးသည်ကား အံ့မခန်းရှိပေစွ၊ ပစ္စေကဗောဓိဆုကိုပင် ပန်ဆင်လွှမ်းနိုင်ခဲ့လေသည်တကား။

*********

# တွန်မြေအခဲမှ
# အံ့ဖွယ်ရွှေတုံးများပိုင်ရှင်

ပုဏ္ဏသီဟသည် ရာဇဂြိုဟ်ပြည်ရှိ သုမနသူဌေးကြီး၏ လယ်ကူလီတစ်ဦးဖြစ်သည်၊သူ့တွင် သမီးဥတ္တရာနှင့်အမေ နာမည်နှင့်အမည်တူပေးထားသော သမီးဥတ္တရာ ရှိသည်။

ရာဇဂြိုဟ်မြို့တွင် နက္ခတ်ပွဲသဘင်ကျင်းပသောအချိန် ကာလရောက်လာချိန်ဖြစ်သည်၊မြို့သူမြို့သားတို့သည် နက္ခတ်ပွဲသဘင်၌ ဝတ်ကောင်းစားလှတို့ဝတ်ဆင်ကာ ပျော်ပွဲရွှင်ပွဲသဘင် ဝင်ဆင်နွှဲကြသည်။

ထိုနေ့တွင် ပုဏ္ဏသီဟသည် သူဌေးထံသို့လာခဲ့သည်၊ သူဌေးကြီးသည် ပုဏ္ဏသီဟလယ်ကျွန်ကိုမြင်လျှင်-

"အမောင်ပုဏ္ဏ-နက္ခတ်သဘင်ဝင်ကစားပျော်ပါးခြင်း သည်လည်းကောင်း၊ဥပုသ်စောင့်သုံးခြင်းသည်လည်းကောင်း၊

ဆင်းရဲသောမောင်တို့အဖို့ ဘယ်လိုအကျိုးရှိမှာလဲ၊ဒါပေမဲ့ အမောင်သည်ပွဲသဘင်အဖို့ ရိက္ခာကိုယူ၍ ပွဲလမ်းသဘင်ကို ပင်ပျော်ရွှင်မည်လော၊ဒါမှမဟုတ် အားကောင်းသောနွားများ ကိုယူ၍ လယ်ထွန်မည်လော၊အမောင် ကြိုက်နှစ်သက်ရကို ရွေးပါလေ"

"အရှင်-ကျွန်ုပ်၏အိမ်ရှင်မနှင့်တိုင်ပင်ပြီးမှ ပြောပါ ရစေ"

"ကောင်းပါပြီ၊ တိုင်ပင်ပါဦး"

ပုဏ္ဏာသီဟသည် အိမ်သို့ပြန်လာပြီးလျှင် သူဌေးကြီး ပြောပြသောစကားကို ဇနီးအားပြောပြသည်။

"အရှင်-သူဌေးဟူသည် ကျွန်ုပ်တို့၏ အရှင်သခင် အစိုးရသူ ဖြစ်ပါသည်။အရှင်သခင် အစိုးရသူဖြစ်၍ သူပြော သမျှသူ့အဖို့ရာတင့်တယ်ပါသည်၊ဒါပေမဲ့ အရှင်သည် မိမိ လုပ်ငန်းဖြစ်သောလယ်ထွန်မှုကို မစွန့်ပါလင့်"

ဟုဥတ္တရာက တိုက်တွန်းစကားပြောကြားသည်။

ပုဏ္ဏာသီဟသည် ဥတ္တရာပြောကြားသည်ကို လက်ခံ ပြီး သူဌေးကြီးထံသို့ပြန်သွားကာ လယ်ထွန်မည့်အကြောင်း ပြောပြပြီး အားကောင်းသောနွားတို့နှင့်အတူ ထွန်တုံးထွန်တံ ကိုယူကာလယ်ထဲသို့ ထွက်ခဲ့လေသည်။

ထိုနေ့၌ အရှင်သာရိပုတ္တရာမထေရ်သည် နိရောဓ

သမာပါတ်မှထချိန်ဖြစ်၍-

"ယနေ့ ငါသည် အဘယ်သူအား ချီးမြှောက်မှုပြုလုပ်လျှင် သင့်မည်နည်း"

ဟု ဆင်ခြင်တော်မူသည်။

ပုဏ္ဏသီဟဆင်းရဲသားလယ်ကူလီ၏ ရှေးကောင်းမှုကိုမြင်တော်မူ၍ ဆွမ်းခံချိန်ဝယ် သပိတ်သင်္ကန်းကိုယူဆောင်ကာ ပုဏ္ဏသီဟလယ်ကူလီလယ်ထွန်ရာအရပ်သို့ ကြွတော်မူလျက် မနီးမဝေးဝယ် ကိုယ်တော်ကိုပြလေသည်။

ပုဏ္ဏသီဟလယ်ကူလီသည် မထေရ်ကိုမြင်လျှင် လယ်ထွန်မှုကို ခေတ္တရပ်ကာ မထေရ်မြတ်ထံသို့သွားပြီးလျှင် ထိခြင်းငါးပါးဖြင့်ရှိခိုးလေသည်။

မထေရ်သည် ပုဏ္ဏသီဟကို ချီးမြှောက်တော်မူလိုသဖြင့် ပုဏ္ဏကိုရေချမ်းသာမည့်အရပ်ကို မေးတော်မူသည်။

"အရှင်မြတ်ကြီးက မျက်နှာသစ်တော်မူလိုသည် ဖြစ်လိမ့်မည်"

ဟု ပုဏ္ဏသီဟသည်ကြံစည်အောက်မေ့ကာ တံပူကို အပ်စပ်အောင်ပြုလုပ်၍ မထေရ်မြတ်ကိုဆက်ကပ်သည်၊ထို့နောက် သပိတ်ကိုယူ၍ ရေစစ်ကိုထုတ်ယူကာ ရေအပြည့်ခပ်ဆောင်ယူကာ ကပ်လှူလေသည်။

အရှင်သာရိပုတ္တရာသည် တံပူတိုက် မျက်နှာသစ်ပြီး

သော် ဆွမ်းခံခရီးကြွတော်မူလေသည်။

"အခြားတစ်ပါးသောနေ့တို့၌ မထေရ်မြတ်ကြီးသည် ဤခရီးကိုကြွတော်မမူ၊ယနေ့မူကား ငါ့အားချီးမြှောက်ရန် ကြွတော်မူသည်ဖြစ်လိမ့်မည်၊ငါ၏ အိမ်ရှင်မသည် ငါ့အတွက် ယူဆောင်လာမည့်ထမင်းကို မထေရ်မြတ်၏သပိတ်တော်၌ လောင်းလှူလိုက်ပါမူ ကောင်းလေစွ"
ဟု ကြံစည်ဆင်ခြင်မိလေသည်။

ဥတ္တရာသည်လည်း ယနေ့ပွဲသဘင်နေ့ဖြစ်သည် ဟု ကြံစည်အောက်မေ့ပြီး စောစောပင်ချက်ပြုတ်၍ မောင်ပုဏ္ဏ လယ်ထွန်ရာသို့ ထမင်းပို့ရန် ထွက်ခဲ့သည်။

လမ်းခရီးတွင် မထေရ်မြတ်ကြီးကိုတွေ့၍-

"သြော်-အခြားနေ့တို့၌ ငါ့အဖို့ရာ မထေရ်မြတ်ကို ဖူးတွေ့ရသော်လည်း လှူဖွယ်ဝတ္ထုကပ်ရန် မရှိဘဲဖြစ်နေရသည်၊လှူဖွယ်ဝတ္ထုရှိပြန်တော့လည်း မထေရ်မြတ်နှင့်မဆုံခဲ့ရ၊ ယနေ့မူကား လှူဖွယ်ကလည်းရှိနေပြီ၊အလှူခံမထေရ်မြတ်ကြီးကိုလည်း ဖူးတွေ့နေရပြီ၊ ငါ့အရှင်အတွက် ထမင်းကိုပြီးမှ ပြန်ချက်ပြီးပို့မည်၊ ယခု ငါယူဆောင်လာသောထမင်းကို မထေရ်မြတ်အားလှူမည်"
ဟု ဆင်ခြင်ပြီး စေတနာသုံးတန်ပြဋ္ဌာန်းလျက် မထေရ်မြတ်ကို လောင်းလှူလိုက်လေသည်၊လောင်းလှူပြီးလျှင်-

"ဤသို့သဘောရှိသော ဆင်းဆင်းရဲရဲအသက်ရှင်ရခြင်းမှ လွတ်မြောက်ရပါလို၏ အရှင်ဘုရား" ဟု ဆုတောင်းလျှောက်ထားလိုက်သည်။

"သင်၏အလိုဆန္ဒပြည့်ဝပါစေ"

မထေရ်မြတ်သည် ဥတ္တရာဝမ်းမြောက်ဖွယ်ရာ တရားစကားကိုမိန့်ကြား၍ ထိုအရပ်မှာပင် ကျောင်းတော်သို့ပြန်ကြွတော်မူလေသည်။

ဥတ္တရာသည် အိမ်သို့ပြန်၍ ထမင်းချက်လေသည်၊ ပုဏ္ဏသည် ဇနီးသည်မှာ အချိန်တန်၍မရောက်လာသည့်အတွက် လယ်ထွန်မှုကိုရပ်ကာ နွားများကိုလွှတ်၍သစ်ပင်ရပ်ကန်ဇင်းပေါ်၌ နားနေလေသည်။

ဥတ္တရာသည် ချက်ပြုတ်ပြီး၍ချက်ချင်းပင်သွက်သွက်လက်လက်ဖြင့် လင်၏လယ်ထွန်ရာသို့လာခဲ့သည်။

လယ်ထွန်ရာသို့ရောက်ခါနီးတွင် လင်အနားယူနေသည်ကိုတွေ့ရသည်။

"ငါ့အရှင်သည် ထမင်းပို့နောက်ကျ၍ အမျက်ထွက်ခဲ့သည်ရှိသော် ငါ၏အလှူသည် အကျိုးမရဖြစ်လိမ့်မည်" ဟု ဆင်ခြင်ပြီး လင်သားကို သည်းခံချော့မော့ပြောဆိုရန် စိတ်ကူးပြီး လင်အနားသို့လာခဲ့သည်။

"အရှင်-ယနေ့တစ်ရက်အတွက်တော့ အရှင့်စိတ်ကို

ထိန်း၍ အမျက်မထွက်ပါလင့်"
ဟု ကြိုတင်ပြောကြားလိုက်သည်။

"ရှင်မ အဘယ်အကြောင်းကြောင့်ပါလဲ"

ထိုအခါ ဥတ္တရာသည် ပုဏ္ဏအတွက် ယူဆောင်လာသောထမင်းကို ရှင်သာရိပုတ္တရာအား လှူဒါန်းလိုက်ပုံ၊နောက်မှထမင်းပြန်ချက်ရ၍ နောက်ကျရပုံ အကြောင်းစုံကို ရှင်းပြလိုက်သည်။

"ရှင်မ-သင်သည် နှစ်သက်ဖွယ်သောအမှုကို ပြုလိုက်လေပြီ၊ငါလည်း နံနက်စောစောကပင် မထေရ်မြတ်ကို တံပူမျက်နှာသစ်ရေများ လှူလိုက်ရသေးသည်၊ယနေ့ ငါတို့အဖို့ကောင်းသောမိုးသောက်ခြင်း ဖြစ်လေသည်၊ယနေ့ မထေရ်မြတ်ကြီး သုံးဆောင်သမျှအလုံးစုံတို့သည် ငါတို့၏ဥစ္စာသာဖြစ်လေသည်"
ဟု ဝမ်းသာအားရ ပြောဆိုသည်။

ဇနီးမောင်နှံနှစ်ဦးတို့၏ သန္တာန်ဝယ် တစ်ထပ်တည်းတူမျှသောကုသိုလ်စိတ်များတဖွားဖွား ဖြစ်ပေါ်နေတော့သည်။

ထို့နောက် ပုဏ္ဏသီဟသည် ထမင်းစားပြီးနောက်တွင် ဥတ္တရာ၏ပေါင်ပေါ်ဝယ် ခေါင်းတင်ကာ ခေတ္တလဲလျောင်းလေသည်တွင် ခဏတာမျှ အိပ်ပျော်သွားလေသည်။

ပုဏ္ဏသီဟသည် အိပ်ရာမှနိုးသည်ရှိသော် မိမိထွန်

ထားသောလယ်မြေကို လှမ်းမျှော်ကြည့်လိုက်မိသည်။

ပုဏ္ဏသီဟကြည့်လိုက်သောအရပ်သည် သပွတ်ခါး ပွင့်ကြီးတို့ ပြန့်ကြဲထားသကဲ့သို့ ဝါဝါဝင်းရွှေ ထိန်ထိန်ဝေလျက် ရှိသည်ကို တွေ့ရသည်၊ ပုဏ္ဏသည် မိမိမျက်စိကို ပွတ်သပ်လျက်-

"ရှင်မ-လယ်ကွက်ထဲရှိ ထိုအရာများကား ဘယ်လိုဟာတေလဲ ကြည့်စမ်းပါဦး"

ဟု လယ်ကွက်ကို လက်ညှိုးထိုးပြီး မေးလိုက်သည်။

"ယနေ့ ငါထွန်ယက်ပြီးသမျှ ဤလယ်မြေအရပ်သည် ငါ့အမြင်တွင် ရွှေရောင်အဆင်းရှိသည်ကို မြင်နေရပါသည်။

"အရှင်-အရှင်သည် လယ်ထွန်ပင်ပန်း၍ မျက်စိများ မှောက်မှားနေသည် ထင်ပါသည်"

"ရှင်မ-ငါ့ကိုမယုံကြည်က ရှင်မကိုယ်တိုင်ကြည့်ပါဦး"

ထိုအခါကျမှ ဥတ္တရာသည် လယ်မြေကိုလှမ်းမျှော်ကြည့်မိသည်။

"အရှင်-အရှင်သည်မှန်သောစကားကိုပြောဆိုပါ၏၊ အရှင်ပြောသည့်အတိုင်း ဤဝတ္ထုများသည်ရွှေစိုင်ရွှေခဲတုံးများ ဖြစ်ကြပါသည်"

ပုဏ္ဏသီဟသည် ကိုယ်တိုင်သွား၍ထွန်စိုင်မြေခဲတုံး တစ်လုံးကိုယူပြီးလျှင် ထွန်တုံးဦး၌ ထုနှက်ကြည့်လေသည်၊

ထွန်စိုင်မြေတုံးကြီးသည် ရွှေတုံးရွှေစိုင်ကြီးဖြစ်ကာ တင်လဲခဲကြီးကဲ့သို့ ထွန်တုံးဦး၌ ကပ်ငြိ၍ တည်နေလေသည်။

ပုဏ္ဏသီဟသည် ဇနီးသည်ကို လှမ်းခေါ်ကာ-

"ရှင်မရေ-အခြားသူများစိုက်ပျိုးအပ်သော မျိုးစေ့သည် သုံးလ(သို့မဟုတ်)လေးလကြာမှ အသီးသီး၏၊ငါတို့၏ အရှင်သာရိပုတ္တရာမထေရ်မြတ်ဟူသော လယ်ယာမြေကောင်း အတွင်း၌ စိုက်ပျိုးအပ်သောသဒ္ဓါမျိုးစေ့သည်ကား ယနေ့ပင် မချွတ်ဧကန်အမှန်ပင် အသီးကိုသီးစေသော အကျိုးကိုပေးလေပြီ၊ဤတစ်ပါယ်မျှလောက်သောမြေအရပ်၌ သျှိသျှားသီးမျှသော မြေစိုင်ခဲသော်မှလည်း ရွှေမဟုတ်သောမည်သည် မရှိချေ။

ဟု လက်တွေ့ပြ၍ ပြောပြသည်။

"အရှင်-ဒါဆို အဘယ်သို့ပြုမည်နည်း"

"ရှင်မ-ဤမျှများပြားသောရွှေတွေကို ငါတို့တတွေ တိတ်တဆိတ်ထား၍သုံးစွဲလို့ ဘယ်လိုဖြစ်နိုင်ပါမည်လဲ"

ပုဏ္ဏသီဟသည် ဤသို့ပြောဆိုပြီး ဥတ္တရာကိုထားခဲ့ကာ ထမင်းထည့်လာသောခွက်တွင် ရွှေအပြည့်ထည့်ပြီး မင်းနန်းတော်သို့ သွားရောက်ကာ-

"လူတစ်ယောက် ရွှေခွက်ကိုယူဆောင်လာ၍ ရွှေနန်းတော်တံခါးဝ၌ ရပ်တည်လာပါ၏"

ဟုတံခါးစောင့်မင်းချင်းကို ဘုရင်ထံလျှောက်ထားစေပါသည်။

မင်းကြီးက ပုဏ္ဏကို ရှေ့တော်သို့သွင်းစေသည်။

"အမောင်-သင်သည် ဤရွှေများကို ဘယ်ကရလာပါသလဲ"

"အရှင်မင်းကြီး-ယနေ့ ကျွန်ုပ်လယ်ထွန်အပ်သောမြေတစ်ခုလုံး ရွှေတုံးရွှေစိုင်ခဲကြီးများ ဖြစ်နေပါသည်၊မင်းမှုထမ်းများစေလွှတ်၍ မင်းဘဏ္ဍာအဖြစ် သိမ်းပိုက်တော်မူပါဘုရား"

"အသင်သည် အဘယ်အမည်ရှိပါသလဲ"

"အကျွန်ုပ်သည် ပုဏ္ဏအမည်ရှိပါသည်ဘုရား"

ထို့နောက် မင်းကြီးက မင်းမှုထမ်းများကို-

"အချင်းတို့သွားကြလော့၊လှည်းများဖြင့် လယ်ထွန်ရာအရပ်မှ ရွှေများကိုသယ်ယူခဲ့ကြပါလော့"

ဟု စေခိုင်းသည်၊မင်းမှုထမ်းတို့သည်လည်း လှည်းများနှင့်တကွသွား၍ လယ်သို့ရောက်သော်-

"မင်းကြီး၏ ဘုန်းတန်ခိုးတည်း"

ဟု ပြောဆို၍ ရွှေစိုင်ခဲတို့ကို ကောက်ယူကြလေသည်။

ထိုအခါ ရွှေစိုင်ခဲတို့သည် ပကတိရွှံ့တုံးအသွင်သို့သာပြောင်းကုန်သည်။

မင်းချင်းတို့သည် ရွှေနန်းတော်သို့သွားရောက်၍ မင်း

ကြီးအားတွေ့ကြုံသမျှ အကြောင်းစုံကိုလျှောက်ထားကြပြန်သည်။

"အချင်းတို့-ထိုသို့ဖြစ်လျှင် သင်တို့သည် မောင်ပုဏ္ဏ၏ဘုန်းတန်ခိုးတည်းဟု ပြော၍ ကောက်ယူကြကုန်လော့" ဟု အကြံပေးမိန့်ကြား၍ ပြန်လွှတ်လိုက်လေသည်။

မင်းချင်းတို့သည် တစ်ဖန် လယ်သို့ပြန်သွား၍ မင်းကြီးပြောပြအကြံပေးသည့်အတိုင်း မြွက်ဆို၍ ကောက်ယူကြရာ အားလုံးရွှေတုံးချည်းဖြစ်ကြလေသည်။

မင်းမှုထမ်းတို့သည် ထိုရွှေစိုင်ခဲတို့ကို လှည်းအစီးပေါင်းငါးရာတို့ဖြင့် တိုက်ယူခဲ့၍ မင်းကြီး၏အမိန့်အရ နန်းယင်ပြင်၌ ထားကြလေသည်၊ရွှေတုံးအပုံကြီးကား အမြင့်ပမာဏထန်းတစ်ဆင့်ခန့် မြင့်လေသည်။

မင်းကြီးသည် ရာဇဂြိုဟ်မြို့အတွင်းရှိကုန်သည်များကိုခေါ်ယူ၍-

"ဤမြို့ဝယ် အဘယ်သူအိမ်၌ ဤမျှများပြားသောရွှေများရှိပါသနည်း"

ဟု မေးလေသည်။

"အရှင်မင်းကြီး-ဤမျှများပြားသောရွှေများ တစ်ဦးတစ်ယောက်အိမ်မျှ မရှိပါဘုရား"

"ဤမျှ များပြားလှသော ဥစ္စာရှင်ဖြစ်သူ မောင်ပုဏ္ဏ

အား အဘယ်သို့ပြုရသော် သင့်မည်နည်း"

"ပုဏ္ဏကို 'ဓနသေဋ္ဌိ' ဘွဲ့ပေး၍ သူဌေးကြီးအရာ၌ ခန့်အပ်ရန် သင့်ပါသည်ဘုရား"

ဟု တညီတညွတ်တည်း လျှောက်ထားအကြံပြုကြသည်။

ထိုသို့ဆိုလျှင် မောင်ပုဏ္ဏအား ရာဇဂြိုဟ်ပြည်ဝယ် ယနေ့မှစ၍ ဓနသေဋ္ဌိ ဟူသောဘွဲ့တံဆိပ်ခပ်နှိပ်၍ သူဌေး အရာကို ခန့်အပ်ကြစေ"

ဟု အမိန့်တော်ထုတ်ပြန်ပြီး ရွှေများကိုလည်း မောင်ပုဏ္ဏကို ပြန်ပေးစေသည်။

ထိုနေ့တွင်ပင် ပုဏ္ဏကို ကြီးကျယ်ခမ်းနားသော မင်း အဆောင်အယောင်ဖြင့် မဟာသေဋ္ဌိရာထူးပေးအပ်ချီးမြှောက် လေသည်။

ပုဏ္ဏသီဟသူဌေးကြီးသည် သူဌေးဘွဲ့ရ မင်္ဂလာပွဲ သဘင်(၇)ရက်ကျင်းပသည်၊ထို(၇)ရက်တွင် ဘုရားအမှူးရှိ သောသံဃာများအား အလှူဒါနကြီးစွာ ပေးလေသည်။

(၇)ရက်မြောက်သောနေ့တွင် ဘုရားရှင်၏ ဒါနအနု မောဒနာတရားကိုနာကြားပြီးနောက် သူဌေးကြီးနှင့်ဇနီး၊သမီး ဥတ္တရာတို့သည် သောတာပန်တည်ကြလေသည်။

ဗိမ္ဗိသာရမင်းကြီး၏ အာဏာစက်ပျံ့နှံ့ရာ ရာဇဂြိုဟ် ပြည်၌ သုံးမကုန်စွဲမကုန် အံ့သြဖွယ်စွာ စည်းစိမ်ချမ်းသာရ

ခဲ့ကြသောပုဏ္ဏာတို့၏ အံ့မခန်းသဒ္ဓါတရားနှင့်အကျိုးပေးပုံ ဘဝဇာတ်လမ်းသည် မှတ်တမ်းသဖွယ် ကျန်ရစ်ခဲ့ပါတော့သည်။

*********

# ရတနာရွှေလက်ပိုင်ရှင်၏
# အံ့ဖွယ်ဘဝဇာတ်လမ်း

"ကံအဟုန်ကုန်က စီးပွားအားလုံးပျက်တတ်သည်"

နိမိကဏ္ဍသုတ္တန်၌ ဘုရားရှင်ဟောကြားထားသည် အတိုင်း သာဝတ္ထိပြည်ဝယ် ကုဋေလေးဆယ်မျှသော ရွှေငွေ ပစ္စည်း ပိုင်ဆိုင်သည့် သူဌေးတစ်ဦးသည် ကုသိုလ်ကံအဟုန် ကုန်သောကြောင့် အားလုံးသည် အံ့သြဖွယ်ရာ မီးသွေးခဲ ချည်း ဖြစ်နေလေတော့သည်။

ထိုထူးဆန်းအံ့သြဖွယ် မယုံနိုင်အောင် အဖြစ်အပျက် နှင့်ကြုံတွေ့ခဲ့ရသော သူဌေးကြီးသည် ဥစ္စာပစ္စည်းသောကဖြင့် မစားနိုင်၊မသောက်နိုင်၊ တမှိုင်မှိုင်တတွေတွေဖြစ်ကာ ညောင် စောင်းပေါ်၌သာ လဲလျောင်းနေလေသည်။

တစ်နေ့တွင် ထိုသူဌေး၏ သူငယ်ချင်းတစ်ယောက်

သည် အိမ်သို့ရောက်လာပြီး သူငယ်ချင်းသူဌေး၏ အခြေအနေကို မြင်တွေ့ရ၍-

"သူငယ်ချင်း-အဘယ်အကြောင်းကြောင့် မစားနိုင်၊ မသောက်နိုင်ဖြစ်ကာ စိုးရိမ်ပူဆွေးနေရပါသလဲ"

ဟု မေးသည်။

ထိုအခါ သူဌေးက သူ့ဥစ္စာပစ္စည်းများအားလုံး မီးသွေးခဲချည်း ဖြစ်သွားရပုံအကြောင်းစုံကို ပြောပြသည်။

အကြောင်းစုံကိုသိရှိသွားသော သူငယ်ချင်းသည် အတန်ငယ်စဉ်းစားပြီး-

"သူငယ်ချင်း-မစိုးရိမ်လင့် အကြောင်းဥပါယ်တစ်မျဉ်ကို ငါစဉ်းစားမိပါသည်၊ ထိုဥပါယ်တစ်မျဉ်းအတိုင်း အသင်ဆောင်ရွက်ပါ"

ဟု ပြောပြသည်။

"သူငယ်ချင်း အဘယ်သို့ပြုရပါမည်နည်း"

"သူငယ်ချင်း မင်းရဲ့အိမ်ရှေ့ လူအများမြင်လောက်သောနေရာ၌ ဖျာကြီးတစ်ချပ်ကို ခင်းပါ၊ ထိုအပေါ်၌ မီးသွေးခဲများကို စုပုံထားပြီး မင်းကဈေးရောင်းသူကဲ့သို့ ထိုင်နေပါ၊ မင်းအိမ်ရှေ့သွားလာကြသော လူများက မင်းကို အရှင်သူဌေး အခြားသူများသည် အဝတ်အထည်၊ ဆီများ၊တင်လဲ စသည်တို့ကို ရောင်းပါကုန်၏၊အရှင်သူဌေးကား ထူးဆန်းစွာ မီးသွေး

တွေကို ရောင်းနေသကိုး ဟုပြောလာသူ ရှိကောင်းရှိပါမည်၊ ထိုသူတို့ကို စကားအရှည်မပြောဘဲ ကိုယ့်ဥစ္စာကိုယ်ရောင်းသည်၊ မရောင်းလို့ ဘာလုပ်ရမလဲ ဟူ၍ တိုတိုတုတ်တုတ်သာပြောလိုက်ပါ။ မီးသွေးဟု မြင်ကြသောသူတို့သည် ဘုန်းကံရှိသူများ မဟုတ်ကြပါ။

ထိုသို့မဟုတ်ဘဲ သူဌေး အခြားသူများသည် အဝတ်အထည်၊ဆီများ၊တင်လဲ စသည်တို့ကို ရောင်းကြပါကုန်၏၊ အရှင်သူဌေးသည်ကား ရွှေငွေတွေကို ဖျာခင်းပြီးတောင်ရောင်းချနေသလား ဟု ပြောဆိုသူပေါ်လာမည်၊ထိုသူကို ဘယ်မှာလဲ ရွှေငွေတွေဟု ပြန်မေးလိုက်ပါ၊ထိုသူက ဒါတွေက ရွှေ၊ ငွေတွေမဟုတ်ဘူးလား ဟုလက်ညှိုးညွှန်က အဲဒီပစ္စည်းတွေ ကိုယူပေးစမ်းပါ ဟုပြောပြီး မင်းက လက်နှစ်ဘက်ဖြင့်ခံယူ ပါ၊ထိုသူသည် ဘုန်းကံရှင်ဖြစ်ပါသည်၊ဤနည်းဖြင့် ထိုသူပေးအပ်သောဥစ္စာသည် မင်း၏လက်ထဲ၌ ပကတိအတိုင်းရွှေငွေတွေ ဖြစ်နေပါလိမ့်မည်၊ထိုသို့ ဖြစ်က မင်းကို အထူးအကြံပေးလိုသည်မှာ ထိုသို့ပြောသူသည် အကယ်၍ သတို့သမီးဖြစ်ခဲ့လျှင် မင်းမှာသားရှိကသားနှင့်ပေးအပ်၍ ထိုကုဋေလေးဆယ်သော ရွှေငွေများကို မင်းချွေးမအား အပ်နှင်ထားပါ၊ထိုချွေးမက စီမံပေးသောဥစ္စာကိုသာ မင်းသုံးဆောင်ပါ၊ အကယ်၍ ယောက်ျားလေးဖြစ်ပါက မင်းအိမ်၌အရွယ်ရောက်

သောသမီးကို သူနှင့်ပေးစား၍မင်း၏ရွှေငွေများကို သမက်ကိုအပ်နှံထားပါ၊သမက်စီမံပေးသော ဉစ္စာကို သူငယ်ချင်းသုံးဆောင်ပါ"

"သူငယ်ချင်း-မင်းပေးသောနည်းလမ်းသည် အလွန်ကောင်းပါသည်၊ဤနည်းအတိုင်း ဆောင်ရွက်ပြုမူပါမည်"

စီးပွားပျက်သူဌေးသည် သူငယ်ချင်းပြောပြအကြံပေးသည့်အတိုင်းအိမ်ရှေ့တွင် ဖျာခင်း၍ မီးသွေးဆိုင်ဖွင့်ပြီး မိမိကိုယ်တိုင်ထိုင်၍ ရောင်းချလေသည်။

သူဌေးက မီးသွေးရောင်း၍ ဂုဏ်နှင့်မလိုက်အောင်ရှိနေ၍ လူများကထူးဆန်းအံ့သြပြီး သူဌေးဘာပြုလို့ မီးသွေးတွေရောင်းနေရပါသလဲ ဟုမေးလာပါက ကိုယ့်ပစ္စည်းကိုယ်မရောင်းဘဲထားက ဘာလုပ်မှာလဲ ဟု တိုတိုတုတ်တုတ်သာအဖြေပေးလွှတ်လိုက်လေသည်။

ထိုအချိန်တွင် သာဝတ္ထိပြည်၌ ဉစ္စာစီးပွားပျက်၍ဆင်းရဲရောက်နေသော သူဌေးတစ်ဦး၌ ဂေါတမီအမည်ရှိသော သမီးတစ်ယောက်ရှိသည်။

ဂေါတမီသည် သေးသွယ်ပိန်လှီးလှ၍ သူမကိုအများက ကိသာဂေါတမီ(ပိန်သေးဂေါတမီ)ဟု ခေါ်ဝေါ်ကြသည်။

တစ်နေ့တွင် ကိသာဂေါတမီသည် မိမိ၏ကိစ္စတစ်ခုဖြင့် ဈေးသို့လာရင်း ထိုသူဌေးအိမ်ရှေ့သို့ရောက်လာပြီး ဖျာ

ပေါ်၌ခင်းကျင်းရောင်းချနေသော ရွှေတုံး၊ငွေတုံးများကို တွေ့၍ ရွှေတုံး၊ငွေတုံးများကို ဖျာပေါ်မှာ ဟင်းရွက်၊ကန်စွန်းရွက်ရောင်းသလို ရောင်းချနေသည်ကို တအံ့တဩဖြစ်မိပြီး သူဌေး၏ အိမ်ရှေ့ဆိုင်သို့သွားကာ မေးမိလေသည်။

"အို-ဖခင် အသို့နည်း၊ သူတကာတွေက အဝတ်အထည်၊ဆီ၊ဖျာ၊တင်လဲ စသည်ရောင်းသည်၊ဖခင်က ရွှေငွေတွေကို ဟင်းရွက်၊ကန်စွန်းရွက် ရောင်းသလို ရောင်းချနေပါတကား"

"သမီး-သမီးပြောသော ရွှေ၊ငွေတွေကဘယ်မှာပါလဲ ပြစမ်းပါဦး"

ဟု သူဌေးကြီးက ကိသာဂေါတမီကိုကြည့်ပြီး အားရဝမ်းသာ မေးမိသည်။

"ဖခင်-ဖခင်သည် ရွှေ၊ငွေတွေကိုကိုင်၍ ထိုင်ရောင်းနေသည် မဟုတ်ပါလော"

"သမီး-သမီးမြင်ရသော ရွှေ၊ငွေတုံးတွေ ယူပြစမ်းပါ"

သူဌေးက အထူးအားရဝမ်းသာသောစိတ်ဖြင့် ကိသာဂေါတမီကို ပြောသည်၊ကိသာဂေါတမီကလည်း မိမိလက်ခုပ်အပြည့်ရွှေ၊ငွေများကို ယူပြီး သူဌေးလက်ထဲသို့ ထည့်ပေးလိုက်သည်။

ထိုပစ္စည်းများအားလုံးသည် မူလအတိုင်းပင် ရွှေ၊ငွေ

များဖြစ်နေပါတော့သည်။

ထိုအခါ သူဌေးသည် အားရဝမ်းသာဖြစ်ပြီး ကိသာဂေါတမီ၏ အမျိုးအနွယ်၊မိဘအခြေအနေ၊နေရပ်လိပ်စာ၊ အိမ်ထောင်ရှိ-မရှိ စသည်တို့ကို စုံစမ်းမေးမြန်းပြီး ကိသာဂေါတမီ၏အိမ်သို့လိုက်သွားလေသည်။

ကိသာဂေါတမီ၏ မိဘတို့နှင့်တွေ့သောအခါ ဖြစ်ပျက်ပုံအလုံးစုံကိုပြောပြပြီးလျှင် ကိသာဂေါတမီကို မိမိ၏သားနှင့် လက်ထပ်ခွင့်ပြုရန် တောင်းပန်သည်။

ကိသာဂေါတမီ၏မိဘများကလည်း သမီး၏ရှေးဘုန်းရှေးကံ အံ့သြဖွယ်ဖြစ်ရပ်ဆန်းကိုသိရှိကြပြီး ထိုသူဌေး၏သားနှင့်လက်ထပ်ရန် သဘောတူလိုက်လေသည်။

သူဌေးသည် မိမိသားနှင့်ကိသာဂေါတမီတို့ကို လက်ထပ်ပေးပြီးနောက် ကုဋေလေးဆယ်သောဥစ္စာတို့ကို ကိသာဂေါတမီအား အပ်နှံထားပြီး ကိသာဂေါတမီ စီမံပေးသည့်အတိုင်း အေးချမ်းစွာသုံးဆောင်နေလေသည်။

သူဌေး၏အချို့သောဆွေမျိုးသားချင်းတို့က ကိသာဂေါတမီ၏ဘုန်းရိပ်ကို မှီနေရသည်မှန်သော်လည်း ကိသာဂေါတမီသည်ဆင်းရဲသောအမျိုးမှလာပြီး ကိသာဂေါတမီက စီမံဆောင်ရွက်ပေးနေသည်ကို မနာလိုဝန်တိုဖြစ်ကြသည်၊ ဆင်းရဲသူမဟုခေါ်ကာ အပေါ်စီးမှဆက်ဆံပြောဆိုကြသည်။

နောင်တစ်ချိန်တွင် ကိသာဂေါတမီမှ သားယောကျ်ား လေးတစ်ဦးဖွားမြင်လာသည်၊ထိုသားလေးမွေးသည့်အတွက် အိမ်သားအားလုံးသည် ဝမ်းမြောက်ဝမ်းသာဖြစ်ကြသည်၊ ယခင်က အပေါ်စီးဆက်ဆံကြသူများကပင် ကိသာဂေါတမီ ကို တလေးတစားဆက်ဆံပြောဆိုလာကြသည်။

ကိသာဂေါတမီ၏သားလေးသည် ပြေးလွှားကစား နိုင်သောအရွယ်ရောက်သောအချိန်တွင် ကလေးငယ်သည် ရုတ်တရက်ရောဂါဖြင့် သေဆုံးလေသည်။

ကိသာဂေါတမီသည် သားသေဆုံးသဖြင့် ရှူးမတတ် ခံစားရပြီး သားသေလေးအား သုဿန်သို့ပို့မည့်အချိန်တွင် သားသေကို အတင်းပွေ့ယူထွက်ပြေးပြီး-

"ကျွန်မ သားအတွက် အသက်ရှင်ဆေးပေးကြပါ" ဟု နှုတ်ကတတွတ်တွတ်ရွတ်ဆိုပြီး အိမ်ပေါက်စေ့ဝင်ကာ တောင်းလေသည်။

"အဘယ်အရပ်၌ သေပြီးသောသူကို အသက်ရှင် ဆေးပေးနိုင်သည် ဟု ကြားဖူးပါသလဲ"

ဟု အချို့သောသူတို့က ကိသာဂေါတမီကို ပြက်ရယ်စကား ပြောပြီး နှင်လွှတ်ကြသည်။

ကိသာဂေါတမီသည် ထိုစကားကိုနားမဝင်၊အရူးမ သဖွယ်ကလေးသေကိုပိုက်လျက် တစ်အိမ်ဝင်တစ်အိမ်ထွက်

ဆက်လက်ပြီး မသေဆေးကို တောင်းခံနေလေသည်။

တစ်နေရာတစ်အိမ်အရောက်တွင် ပညာရှိသူတစ်ယောက်ကတွေ့မြင်ပြီး-

"ဤသူငယ်မသည်သားသောကကြောင့် စိတ်ပျံ့လွင့်ခြင်းသို့ရောက်ရသူဖြစ်လိမ့်မည်၊ ဤသူငယ်မအတွက် ဖြေဆေးကို မြတ်စွာဘုရားရှင်မှတစ်ပါး အခြားမည်သူမျှ သိနိုင်မည်မထင်"

ဟု ကြံစည်မိပြီး ကိသာဂေါတမီကို အနားခေါ်ယူကာ-

"ချစ်သမီး-သင့်သားလေး၏အသက်ပြန်ရှင်ဆေးကို ဘုရားရှင်မှတစ်ပါး အခြားမည်သူမျှမသိနိုင်ပါ၊ ဘုရားရှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးနေပါသည်၊ ဘုရားရှင်ထံသို့သွား၍ မသေဆေးကိုမေးပါလေ"

ဟု တိုက်တွန်းစကားပြောကြားလေသည်။

"ဤပညာရှိပုဂ္ဂိုလ်သည်အမှန်ပြောဆိုသူဖြစ်ရမည်"

ကိသာဂေါတမီသည် ဤသို့စဉ်းစားမိပြီးကလေးသေကိုပိုက်ကာဇေတဝန်ကျောင်းဘက်သို့သုတ်ခြေတင်ခဲ့လေသည်။

ထိုအချိန်တွင် ဘုရားရှင်သည် ပရိတ်သတ်အားတရားဟောရင်း ဓမ္မပလ္လင်ထက်ဝယ် သီတင်းသုံးနေချိန်ဖြစ်သည်။

ကိသာဂေါတမီသည်ပရိသတ်အစွန်း၌ရပ်ကာ-

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား၊တပည့်တော် ၏ သားကလေးအတွက်အသက်ရှင်ဆေးကို ပေးတော်မူပါဘုရား" ဟု အော်ဟစ်၍ လျှောက်ထားလေသည်။

ဘုရားရှင်သည် ကိသာဂေါတမီ၏မဂ်ဖိုလ်ရကြောင်း ရေးကောင်းမှု ဥပနိဿယကိုမြင်တော်မူသည်။

"ချစ်သမီး ကိသာဂေါတမီ-သားကလေးအသက်ရှင် ရေးအတွက် ဆေးအလို့ငှာ ဤအရပ်သို့လာရောက်ခြင်းသည် သင်ချစ်သမီးအတွက် ကောင်းမှုကိုပြုသကဲ့သို့ ကောင်းမွန်လှ ပေသည်၊ချစ်သမီး သွားပါချေ၊ သာဝတ္ထိပြည်ထဲသို့ဝင်၍ အစွန်အဖျားအိမ်မှစကာ တစ်မြို့လုံးလှည့်ပတ်ပြီးလျှင် လူ တစ်ယောက်မျှမသေဖူးသောအိမ်မှ မုန်ညင်းဆီအနည်းငယ် ကို တောင်းယူခဲ့ပါလော့"

ဟု ဘုရားရှင်က ကိသာဂေါတမီ၏သန္တာန်၌ အသိမှန်အမြင် မှန်ရ၍ သောကငြိမ်းအေးစေရန်စိတ်ရည်သန်ပြီးသားကလေး ကို အသက်ပြန်ရှင်စေမည်ဟု အာမခံပါသော မိန့်ကြားချက် ကို မမိန့်ကြားဘဲ အထထ်ပါလူတိုင်းလူတိုင်း ဤဆင်းရဲဒုက္ခ မျိုးနှင့်ရင်ဆိုင်ရသည်ကို သိစေလိုသောဆန္ဒဖြင့် စေခိုင်းလိုက် လေသည်။

ကိသာဂေါတမီကမူ မုန်ညင်းဆီကိုရလျှင် မိမိ၏ သားလေး အသက်ပြန်ရှင်မည်ဟု မှတ်ထင်ကာ-

"ကောင်းလှပါပြီ မြတ်စွာဘုရား"
ဟု လျှောက်ထားပြီး သားသေကိုပွေ့ပိုက်ကာ အားရဝမ်းသာ စွာပင် မြို့တွင်းသို့ပြေးဝင်ပြီးလျှင် ပထမဦးဆုံးသောအိမ်သို့ ဝင်ကာ-

"မြတ်စွာဘုရားက ကျွန်မ၏သားလေးအသက်ပြန် ရှင်ဆေးအတွက် မုန်ညင်းဆီအနည်းငယ်ကို ယူခိုင်းပါသည်၊ ကျွန်မအား မုန်ညင်းဆီအနည်းငယ်ကို ပေးကြပါ"
ဟု တောင်းပန်လေသည်။

"ယူလော့-ချစ်သမီး"
ဟု အိမ်ရှင်တို့က မုန်ညင်းဆီအနည်းငယ်ကို ထုတ်ပေးကြ သည်။

ကျွန်မက မမေးမမြန်းဘဲမယူနိုင်သေးပါ၊ရှေးက ဤ အိမ်တွင်တစ်စုံတစ်ယောက်သေသောမည်သည် မရှိဘူးလော"

"ဘယ့်နှယ်ပြောပါလိမ့်-ချစ်သမီး၊ရှေးက ဤအိမ်တွင် သေသောသူသည်အဘယ်သို့ရေတွက်နိုင်ပါမည်နည်း၊ သေ သောသူတို့အစဉ်အဆက် မရေတွက်နိုင်ပါ"

"ထိုသို့ဖြစ်လျှင် တော်ပါပြီ၊ ကျွန်မ မုန်ညင်းဆီကို မယူတော့ပါ၊မြတ်စွာဘုရားရှင်က လူမသေဖူးသောအိမ်မှ မုန်ညင်းဆီကိုသာ ယူခိုင်းပါသည်"
ဟု ပြောဆိုကာ ထိုအိမ်မှထွက်ခွာခဲ့ပြန်သည်။

ကိသာဂေါတမီသည် ဤနည်းဖြင့် နှစ်အိမ်၊သုံးအိမ် ဝင်ထွက်ခဲ့ရာ တတိယအိမ်ဝင်ရောက်အပြီးတွင်-

"တစ်မြို့လုံး၌လည်း ဤနည်းသာပင်ဖြစ်လိမ့်မည်၊ ဤအချက်ကို သတ္တဝါတို့၏အစီးအပွားကိုလိုလားတော်မူသောမြတ်စွာဘုရားသည်မြင်တော်မူလိမ့်မည်သာ"

ဟု သတိသံဝေဂကြီးစွာရလျက် တတိယအိမ်မှပင် မြို့ပြင်သို့ ထွက်ခဲ့၍ သုသာန်၌ သားငယ်ကိုထားကာ သားငယ်၏ရုပ်အလောင်းကိုလက်ဖြင့်ကိုင်၍-

"ချစ်သား-ငါအမေသည်ကား ဤသေခြင်းသဘောသည် သင်ချစ်သားအား ကွက်၍ဖြစ်ခဲ့သည်ဟု ကြံစည်မှားခဲ့လေပြီ၊ဤသေခြင်းသဘောကား စင်စစ် သင်ချစ်သားသာဖြစ်သည်မဟုတ်၊ဤသေခြင်းသဘောသည် လူအများနှင့် သက်ဆိုင်သောသဘောဖြစ်နေပါပကောလား"

ဟု ဆိုကာ သားငယ်ကို သုသာန်၌စွန့်ပစ်ပြီး ဘုရားရှင်ထံသို့ ပြန်လာခဲ့လေသည်။

လမ်းခရီးတွင် အောက်ပါမှသဘောကို ရွတ်ဆိုလာခဲ့သည်။

"ရုပ်နာမ်နှစ်ဖြာ၊ငါးခန္ဓာတို့၊ ဖြစ်လာတိုင်းပင်၊
ကွယ်ချုပ်ဝင်လည့်ဤသင်္ခါရသဘာဝကား၊ ဌာနနယ်ချဲ့
တနိဂုံးနှင့်။ခေါ်ထုံးဝေါဟာ၊တစ်မြို့ရွာဝယ်၊မျက်နှာ

မဲ့လျှင်၊တစ်အိမ်တွင်း၌၊သင်သီးသန့်ခြား၊တစ်ကန့်ထား၍၊ဖြစ်ပွားလေ့လာ၊မဟုတ်ပါဘူး၊ပြဟ္မာ၊လူနတ်ထုတ်ချင်းခပ်အောင်၊ဥပါဒ်စလျှင် ငြိသို့ဝင်၍ဘင်္ဂကွဏာမရဏာဖြင့်၊ရွရွလှုပ်လှုပ်၊တစ်ချုပ်ချုပ်လျှင်၊နာမ်ရုပ်နှစ်မျိုး၊ဖြစ်တိုင်းညိုးသည်-

အစိုးအနိစ္စချည်းသာတည်း

အစိုးဒုက္ခချည်းသာတည်း

အစိုးအနတ္တချည်းသာတည်း

ဘုရားရှင်ထံသို့ရောက်သောအခါ ဘုရားရှင်ကိုရိုသေစွာရှိခိုး၍နေသည်။

“ဂေါတမီ-သင်သည် မုန်ညင်းဆီကိုရခဲ့ပြီကော”

“မြတ်စွာဘုရား-မုန်ညင်းဆီဖြင့်ပြုရန်ကိစ္စကား ပြီးပါပြီ၊အရှင်ဘုရားသည် တပည့်တော်မအား ဆောက်တည်ရာကိုသာ ပေးတော်မူပါဘုရား”

“ချစ်သမီး-ဂေါတမီ၊သမီးနှင့်သား ကျွဲနွားတို့ဖြင့်တအားတက်ကာ ယစ်မူးမေ့လျော့နေပြီး ရအပ်သောဥစ္စာပစ္စည်းတို့၌ ညိကပ်တွယ်တာစိတ်ရှိနေသောထိုလူကို အိပ်ပျော်နေသောရွာသူအပေါင်းကို ချောင်းရေအလျဉ်သည်ခွေးမျှမကျန်အောင် တိုက်စားယူဆောင်သွားသကဲ့သို့ သေခြင်းတရားသည် ယူဆောင်သွားတတ်သည်သာဖြစ်သည်”

ဘုရားရှင်၏ဤတရားအဆုံး၌ ကိသာဂေါတမီသည် သောတာပတ္တိဖိုလ်၌ တည်လေတော့သည်။

ကိသာဂေါတမီသည် သောတာပတ္တိဖိုလ်တည်ပြီးနောက် ဘုရားရှင်ထံ မိမိအားရဟန်းမအဖြစ်ပြုခွင့်ပေးရန် လျှောက်ထားလေသည်။မြတ်စွာဘုရားကလည်း ခွင့်ပြုတော်မူလေသည်။

ထို့နောက် ကိသာဂေါတမီသည် လက်ျာရစ်သုံးပတ်လှည့်လှည်ကာရှိခိုးပြီးနောက်ဘိက္ခုနီမကျောင်းသို့ လိုက်သွားပြီး ရဟန်းမပြုလေသည်။

ကိသာဂေါတမီသည် ဘိက္ခုနီမပြုပြီးနောက်ဝိပဿနာတရားကို ဆက်လက်အားထုတ်တော်မူသည်။

တစ်နေ့သောအချိန်၌ ဥပုသ်အိမ် သိမ်အပြင်၌ မိမိအလှည့်အကြိမ်ရောက်သဖြင့် ဆီမီးထွန်းညှိပူဇော်သည်၊ ထိုဆီမီး၏မီးတောက်ကို ကြည့်ရှုကာ ထိုင်နေသည်။

ဆီမီးအလျှံတို့ တဖြစ်ပျက်ပျက်ရှိနေသည်ကို မြင်ရ၍

"ဤဆီမီးအလျှံများသည် ဖြစ်၍ဖြစ်၍ ပျက်နေသကဲ့သို့ ဤအတူပင် သတ္တဝါတို့သည်လည်း ဖြစ်လည်းဖြစ်ကြ၊ ပျက်လည်းပျက်ကြကုန်၏၊နိဗ္ဗာန်သို့ရောက်ကြသူများသာ မထင်ဘဲရှိကုန်၏"

ဟု အာရုံနိမိတ်ကို ရယူလေသည်။

ဘုရားရှင်သည် ဂန္ဓကုဋိတိုက်၌ ထိုင်တော်မူရင်းပင် ရောင်ခြည်တော်ကိုဖြန့်လွှတ်၍ ထေရီမ၏မျက်မှောက်၌ ထိုင်နေကာ ဟောတော်မူသကဲ့သို့-

"ချစ်သမီး-ဂေါတမီ၊ချစ်သမီး စဉ်းစားမိသည့်အတိုင်း မှန်လှပေသည်၊ဤသတ္တဝါတို့သည် ဆီမီးအလျှံကဲ့သို့ ဖြစ်လည်း ဖြစ်ကြ၊ပျက်လည်းပျက်ကြကုန်၏၊ နိဗ္ဗာန်သို့ရောက်ကြသူများ သာ မထင်ဘဲရှိကုန်၏၊ ဤသို့ နိဗ္ဗာန်တရားကို မဂ်ဉာဏ်ဖိုလ် ဉာဏ်ဖြင့် မမြင်ရသောသူတို့၏ အနှစ်တစ်ရာ အသက်ရှင် ရခြင်းထက် နိဗ္ဗာန်ကို မဂ်ဖိုလ်ဉာဏ်ဖြင့်မြင်ရသောသူ၏ တခဏတာမျှအသက်ရှင်ရခြင်းကား ချီးမွမ်းအပ်မြတ်လှပါ သည်"

ဟု ဟောတော်မူရာ တရားအဆုံး၀ယ် ဂေါတမီသည် အရဟတ္တဖိုလ်သို့ဆိုက်ရောက်၍အာသဝေါကုန်ခမ်းရဟန္တာ ထေရီမဖြစ်ရလေသည်။

ကိသာဂေါတမီသည် ရဟန္တာဖြစ်သည်မှနောက်၀ယ် ညှိုဖျင်းသောဆိုးရည်ဖြင့်ဆိုးအပ်သော သင်္ကန်းကိုသာ ဝတ်ရုံ သုံးဆောင်၍ လှည့်လှည်သွားလာခဲ့သည်။

သို့တွက် ဘုရားရှင်က ကိသာဂေါတမီကို ခေါင်းပါး ညှိုဖျင်းသောသင်္ကန်းကိုသုံးဆောင်ရာ၌ အသာဆုံး အမြတ် ဆုံးဧတဒဂ်ဘွဲ့ထူးကို ချီးမြှင့်ခံလေသည်။

ရတနာရွှေလက်ပိုင်ရှင် ကိသာဂေါတမီ၏ ဘဝဇာတ်လမ်းသည် ဂေါတမဘုရားရှင်၏ သာသနာ့ဝယ် အံ့ဖွယ်ထူးဆန်း အံ့မခန်းဇာတ်လမ်းအဖြစ် မှတ်တမ်းတင်ကျန်ရစ်ခဲ့ပါတော့သည်။

*********

# သေဘောအသွယ်သွယ်ကြားမှ အံ့ဖွယ်သူဌေးလောင်း

မြတ်စွာဘုရားရှင်လက်ထက်ဖြစ်သည်။

ကောသမ္ဗီပြည်၌ ခုတေနဘုရင် အုပ်စိုးသောအချိန်ကာလဖြစ်သည်၊ကောသမ္ဗီပြည်ရှိ ပြည့်တန်ဆာမတစ်ယောက်သည် အရုဏ်တက်ခါနီး အချိန်ကာလ၌ ကလေးတစ်ယောက်ကို ဖွားမြင်လေသည်။

မိခင် ပြည့်တန်ဆာမသည် မွေးပြီးစကလေးကို သားလော-သမီးလော ဟုကြည့်ရှုလိုသည်ဖြစ်၍ အစောင့်အရှောက်ကျွန်ကိုမေးသည်။

"အရှင်မ-သားသူငယ် ဖြစ်ပါသည်"

ထိုစကားကိုကြားရသော ပြည့်တန်ဆာမသည် စိတ်ဝယ်မချမ်းသာ၊ပြည့်တန်ဆာမတို့မည်သည် သမီးကိုသာ

အလိုရှိကြသည်၊သားကို အလိုမရှိကြပေ၊ သမီးကသာ ပြည့်တန်ဆာမ အဆက်အနွယ်ကို ဆက်လက်ခံယူသွားမည်ဖြစ်သောကြောင့် သမီးကိုသာအလိုရှိပြီး ကျွေးမွေးသုတ်သင်မွေးမြူထားကြလေ့ရှိသည်။

"အို-ကျွန်မ၊ ယခုပင် ဤသူငယ်ကို ဗန်းစကောထဲ၌ထည့်၍ အမှိုက်ပစ်ရာ၌စွန့်ပစ်ပါလော့"

ဟု ကျွန်မကို စေခိုင်းလိုက်သည်။

ကျွန်မသည် အရှင်မအမိန့်ပေးစေခိုင်းသည့်အတိုင်း မွေးကင်းစကလေးကို ဗန်းထဲထည့်ပြီး အမှိုက်စွန့်ရာ၌ စွန့်ပစ်ထားလိုက်လေသည်။

နံနက်မိုးသောက် အရုဏ်ပျောက်၍ အလင်းရောက်သော် ကျီးငှက်တို့သည်လည်းကောင်း၊ခွေးတို့သည်လည်းကောင်း သူငယ်ကို ဝိုင်းရံ၍နေကြသည်။

ကလေးငယ်သည် တစ်ချိန်သောဘဝခွေးဖြစ်စဉ်က ရှင်ပစ္စေကဗုဒ္ဓါအပေါ်၌ ချစ်ခင်မြတ်နိုးခြင်းရှိခဲ့သော အစွမ်းသတ္တိအကျိုးကျေးဇူးကြောင့် ခွေး၊ကျီးတို့သည် သူငယ်၏အနီးသို့ချဉ်းကပ်နေခြင်းငှာ မစွမ်းနိုင်ကြပေ။

ထိုခဏမှာပင် ကောသမ္ဗီပြည်သားတစ်ယောက်သည် အလုပ်ကိစ္စအတွက် မြို့ပြင်ထွက်လာစဉ် ခွေး၊ကျီးတို့ဝိုင်းရံနေသောအရာကိုမြင်၍ ဘာလဲ-ဟုသိလိုသောကြောင့် အနီး

သို့သွားရောက်ကြည့်သည်။

ကလေးမှန်းသိသောအခါ ကလေးကိုကောက်ယူပွေ့ချီပြီး ကလေးအပေါ်၌သားတည်းဟူသော ချစ်ခြင်းမေတ္တာကိုဖြစ်စေပြီး-

"ငါ့မှာ သားတစ်ယောက်ရလေပြီ"

ဟု ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ကလေးကို အိမ်သို့ယူဆောင်သွားလေသည်။

×××××××××××

ထိုနေ့နံနက်တွင် ကောသမ္ဗီသူဌေးကြီးသည် မင်းထံခစားရန် နန်းတော်သို့ထွက်ခဲ့သည်။

နန်းရှေ့အရောက်တွင် မင်းနန်းတော်မှသက်ဆင်းလာသော ပုရောဟိတ်ပုဏ္ဏားနှင့်ဆုံတွေ့မိကြသည်။

"ဆရာ-ဘယ်လိုလဲ၊ ယနေ့ဖြစ်ပေးလာသော အတိတ်နိမိတ်များနှင့် နက္ခတ်များကို ကြည့်ရှုမိပါသလော"

"ဩော်-သူဌေးကြီး ကြည့်ရှုမိပါသည်"

"ဒါဆိုရင် အသင်ပုရောဟိတ်ဆရာ၊ ငါတို့အားဘယ်လိုဖြစ်နိုင်ပါသလဲ၊သူတစ်ပါးတို့အားလည်း ဘယ်လိုဖြစ်နိုင်ပါသလဲ၊ ဇနပုဒ်များကော ဘယ်လိုဖြစ်နိုင်ပါသလဲ"

"အဆွေသူဌေးကြီး၊ တစ်ပါးသောအကြောင်းမရှိ၊ ကောသမ္ဗီ၌ ယနေ့မွေးဖွားသောကလေးသည် သူဌေးကြီး ဖြစ်

ပါလိမ့်မည်”

ထိုအချိန်တွင် သူဌေးကြီး၏ဇနီးတွင် ကိုယ်ဝန်ရှိပြီး မွေးဖွားကာနီးအချိန်ကာလဖြစ်သည်၊သူဌေးကြီးသည် မိမိနှင့်ပါလာသော အစေခံတစ်ယောက်ကို အမြန်စေလွှတ်ပြီး သူ၏ဇနီး မီးဖွားသည်- မဖွားသည်ကို ကြည့်ရှုခိုင်းလိုက်သည်။

ထိုကျွန်သည် မကြာခင်ပြန်လာပြီး သူဌေးကတော်မှာ မီးမဖွားသေးကြောင်း ပြောကြားသည်။

သူဌေးကြီးသည် တာဝန်အရ မင်းထံသို့သွားရောက်ခစားပြီးလျှင် လျင်စွာအိမ်သို့ပြန်လာခဲ့လေသည်၊အိမ်သို့ရောက်လျှင်ရောက်ခြင်း ကျွန်မ ကာဠီကိုခေါ်ကာ-

“ကျွန်မ-ဤငွေတစ်ထောင်ကိုယူပြီး မြို့ထဲ၌ သွားရောက်စုံစမ်းပါ။ယနေ့နံနက်စောစော မွေးဖွားသောကလေးကိုတွေ့ပါက ဤအသပြာတစ်ထောင်ပေး၍ ဝယ်ယူခဲ့ပါလော့”ဟု မှာကြားစေလွှတ်လိုက်လေသည်။

ကျွန်မသည် သူဌေးကြီးစေခိုင်းသည့်အတိုင်း နေရာအနှံ့လိုက်၍စုံစမ်းသည်၊သူငယ်ကို ကောက်ယူရရှိသောအိမ်သို့ရောက်သွား၍သူငယ်ကိုမြင်လျှင် အိမ်ရှင်တို့ကို မေးမြန်းစုံစမ်းသည်။

“အရှင်တို့-ဤကလေးသည် ဘယ်နေ့၊ဘယ်အချိန်ခါ၌ မွေးဖွားသောကလေးဖြစ်ပါသလဲ”

အဆွေမ-ယနေ့နံနက်ကပင် မွေးဖွားသောကလေး ဖြစ်ပါသည်"

"ဤသို့ဆိုလျှင် ဤအသပြာတစ်ထောင်ကိုယူ၍ ဤကလေးကိုကျွန်မအား ပေးပါလော့"

"အဆွေမ-ကောင်းပါပြီ ယူပါလော့"

ကလေးငယ်ကောက်ယူခဲ့သော မိသားစုသည် ကိုယ်ပိုင်သားလည်းမဟုတ်၊ကောက်ယူခဲ့သောသား ဖြစ်သည်၊ထိုကလေးအတွက် အသပြာတစ်ထောင်ကို အချောင်ရသဖြင့် လွယ်ကူစွာပင် ပေးလိုက်ကြသည်။

ကျွန်မကာဠီသည် ထိုကလေးကိုယူ၍ သူဌေးကြီးအား ပြသသည်၊သူဌေးကြီးသည် ကလေးကိုတွေ့ရ၍ အားရဝမ်းသာဖြစ်ပြီးလျှင်-

"ငါ၏ဇနီးမှ သမီးလေးမွေးက ဤသူငယ်နှင့်လက်ထပ်ပေး၍ သူဌေးအရာ၌ထားအံ့၊ အကယ်၍ ဇနီးက သားလေးမွေးပါက ဤသူငယ်ကို သတ်ပစ်အံ့"

ဟု ကြံစည်စိတ်ကူးထားပြီး ကျွန်မအား ကလေးငယ်ကိုပြုစုစောင့်ရှောက်ထားစေသည်။

နောက်နှစ်ရက်၊ သုံးရက်လွန်သော် သူဌေးကြီး၏ဇနီးမှ သားလေးမွေးဖွားလာလေသည်။

"ဤသူငယ်ရှိသည်ရှိသော် ငါ့မွေးသောသားသည်

သူဌေးအရာကိုရလိမ့်မည်မဟုတ်၊ ယခု ဤသူငယ်ကို သတ်မှဖြစ်တော့မည်"

ဟု သူဌေးကြီးက ဤသို့ကြံစည်မိပြီး ကျွန်မကာဠိကိုခေါ်ကာ ကလေးကိုနွားခြံမှနွားတို့ထွက်ရာအပေါက်၌ ချထားစေပြီး နွားများကနင်းသတ်စေရန် စီမံခိုင်းလိုက်လေသည်၊ပြီးလျှင် အခြေအနေကိုပြန်လည်ပြောကြားရန် မှာကြားလိုက်သည်၊ ကျွန်မသည် သူဌေးကြီးခိုင်းလိုက်သည့်အတိုင်း ကလေးကို ယူကာ နံနက်စောစောနွားများထွက်ရာအပေါက်၌ ကန့်လန့် ချထားလိုက်ပြီး အခြေအနေစောင့်ကြည့်နေလေသည်။

နံနက်စောစော နွားကျောင်းသားကျွန်သည် နွားတို့ကို ခြံပေါက်မှလွှတ်လေသည်၊ထိုအချိန်တွင်နွားတို့၏ အကြီးအမှူးနွားလားဥသဘကြီးသည် လျင်မြန်စွာထွက်လာပြီးလျှင် ကလေးကို မိမိ၏ခြေချောင်းအတွင်း၌ထားပြီး တန့်ရပ်နေလေသည်။

ရာပေါင်းများစွာသောနွားတို့သည် နွားလားဥသဘကြီး၏ဘေးနှစ်ဘက်မှ အသီးသီးထွက်ခွာသွားကြလေသည်။

"ဤနွားလားဥသဘသည် ယခင်-ယခင်က နွားတို့၏နောက်မှထွက်လေ့ရှိသည်၊ယခုသော် ဦးစွာထွက်ပြီး ခြံပေါက်ဝ၌ ရပ်တန့်နေဘိ၏၊အကြောင်းမည်သို့ရှိသနည်း"

နွားကျောင်းသားသည် ကြံစည်စိတ်ကူးပြီး နွားလား

ဥဿဘရှိရာသို့လာခဲ့ရာ နွားလားဥဿဘ၏ ခြေစုံလေးဘက် အောက်၌အိပ်နေသောသူငယ်ကို အံ့ဩစွာတွေ့ရသည်။

"ငါ့အတွက် သားတစ်ယောက်ရပေပြီ"

နွားကျောင်းသားသည် ဤသို့ပြောဆိုပြီး အားရဝမ်းသာစွာ ကလေးကို ပွေ့ချီယူပြီးအိမ်သို့သယ်ဆောင်လာလေသည်။

ကျွန်မကာဋီသည် ကလေးနှင့်ပတ်သက်၍ မိမိ၏ တွေ့ကြုံဖြစ်ပျက်ခဲ့သော အခြေအနေများကို သူဌေးကြီးအား ပြန်လည်ပြောပြသည်။

သူဌေးကြီးသည် အသပြာတစ်ထောင်ပေး၍ကလေးကိုပြန်ဝယ်စေပြန်သည်၊နွားကျောင်းသားကလည်းအသပြာ တစ်ထောင်ရ၍ ဝမ်းမြောက်ဝမ်းသာစွာ ကလေးငယ်ကို ပြန်ပေးလိုက်လေသည်။

နောက်တစ်နေ့တွင် သူဌေးကြီးသည် ကျွန်မကာဋီကို ခေါ်ယူကာ-

"ဤကောသမ္ဗီပြည်မှ ကုန်သည်များသည် စောစောပင်လှည်းများဖြင့် ကုန်ရောင်းထွက်ကြလိမ့်မည်၊သင်သည် ဤကလေးကိုလှည်းလမ်းကြောင်းအလယ်၌ ချထားပါ၊ကလေးကိုနွားကနင်းချင်နင်းမည်၊ဒါမှမဟုတ် လှည်းဘီးက ကြိတ်ချင်ကြိတ်သွားလိမ့်မည်၊သင်သည် အစအဆုံးကြည့်ပြီးမှ ပြန်လာ

ခဲ့ပါ”
ဟု မှာကြားစေခိုင်းလိုက်ပြန်သည်။

ကာဠီကျွန်မသည် သူဌေးကြီးစေခိုင်းသည့်အတိုင်း ကုန်သည်လှည်းတို့ထွက်ရာ လှည်းလမ်းကြောင်း၌ ကလေးကို ချထားပြီး အခြေအနေကိုစောင့်ကြည့်နေလေသည်။

ကုန်သည်လှည်းများသည် နံနက်ဝေလီဝေလင်း လူလုံးသူလုံးသဲကွဲစွာမမြင်ချိန်တွင် လှည်းမောင်းပြီး မြို့မှထွက်လာခဲ့ကြသည်။

လှည်းကုန်သည်မှူးကြီးသည် မိမိကိုယ်ကိုဦးဆောင်၍ ထွက်လာခဲ့သည်၊ကလေးချထားသော နေရာသို့အရောက်တွင် နွားများသည် ဆက်လက်မသွားဘဲ တန့်ရပ်နေကြသည်၊ လှည်းကုန်သည်က အမျိုးမျိုးမောင်းနှင်သော်လည်း နွားများက ရှေ့သို့မလှမ်းကြတော့ချေ။

သို့အတွက် လှည်းကုန်သည်မှူးသည် ဘယ်လိုအခြေအနေကြောင့်နွားများမသွားသလဲ ဟု စုံစမ်းရန် လှည်းပေါ်က ဆင်းကာ နွားများအရှေ့သို့သွားပြီး အခြေအနေကြည့်သည်။

နွားရှေ့လှည်းလမ်းမပေါ်တွင် အိပ်ပျော်နေသော ကလေးငယ်ကို တွေ့မြင်ရ၍-

“ငါ့အတွက် သားတစ်ယောက်ကောက်ရပေပြီ”
ဟုနှလုံးပိုက်ပြီး အားရဝမ်းသာစွာဖြင့် ကလေးကို အိမ်သို့ပြန်

ခေါ်ယူလာခဲ့သည်။

ကာဠီကျွန်မသည် အခြေအနေမှန်ကို သူဌေးကြီးအားပြန်လည်ပြောပြရာ သူဌေးကြီးက ချက်ချင်းပင် ငွေတစ်ထောင်ပေးပြီး ပြန်ဝယ်ခိုင်းပြန်သည်။

ကာဠီကျွန်မကလည်း သူဌေးကြီးစေခိုင်းလိုက်သည့်အတိုင်း လှည်းကုန်သည်မှူးထံသို့သွားပြီး ကလေးကိုငွေတစ်ထောင်ပေးကာ ဝယ်ယူခဲ့ပြန်လေသည်။

သူဌေးကြီးသည် နောက်တစ်ညတွင် ကလေးကို သုသာန်သို့ သွားပစ်ခိုင်းပြန်သည်။

သုသာန်တွင်းရှိ ခြုံတစ်ခုထဲပစ်ထားလိုက်က ခွေးအတို့လည်း ကိုက်စားနိုင်သည်၊ဘီလူးသရဲတို့လည်း ပုတ်ခတ်၍ သေဆုံးနိုင်သည်ဟု သူဌေးကြီးက တွက်ဆ၍သုသာန်သို့ ပစ်ခိုင်းသည်၊အခြေအနေစောင့်ကြည့်ပြီး ပြန်လည်ပြောပြရန် လည်း မှာလိုက်သည်။

ကာဠီကျွန်မသည် အရှင်သခင်စေခိုင်းသည့်အတိုင်း လိုက်နာဆောင်ရွက်ရန် ညဥ့်အချိန်တွင် သုသာန်သို့သွား၍ သုသာန်အတွင်းရှိ ခြုံတစ်ခုတွင် ကလေးကိုပစ်ချထားသည်။

သုသာန်ထဲသို့ အစာရှာလာကြသော ခွေး၊ဘီလူးတို့သည် ကလေးကိုမည်သို့မျှ အန္တရာယ်မပြုနိုင်ကြသည့်အပြင် အနီးသို့ပင် မကပ်နိုင်ကြပေ။

ဤကလေးကို ဘီလူးသရဲခွေးစသည်တို့မကပ်ရောက်နိုင်သော အတိတ်ဘဝကုသိုလ်က ရှိခဲ့သည်။

အတိတ်ဘဝဇာတ်လမ်းမှာ-အလ္လကပ္ပတိုင်းတွင် ဝတ်မွတ်ခေါင်းပါးဘေး၊ရောဂါဘေးဆိုးကြီး ကျရောက်နေသော အချိန်ကာလဖြစ်သည်။

ကောတုဟာလိကအမည်ရှိသော အမျိုးသားသည် ထိုငတ်မွတ်ဘေး၊ ရောဂါဘယဘေးမှကင်းဝေးစေရန် မိမိ၏ ဇနီးနှင့်မွေးကင်းစကလေးကို ခေါ်ကာ စားနပ်ရိက္ခာအချို့ကို ယူပြီးလျှင် ကောသမ္ဗီပြည်သို့ ရွှေ့ရှူထွက်ခဲ့ကြသည်။

သူတို့သားအမိသားအဖသုံးဦးသည် အစဉ်အတိုင်းလာခဲ့ရာ လမ်းခရီးတွင် ရိက္ခာပြတ်ကြသည်၊ရိက္ခာပြတ်သဖြင့် ဆာလောင်မွတ်သိပ်မှုအားကြီးပြီး အားအင်များပင် ကုန်ခမ်းလာ၍ ကလေးကိုပွေ့ချီယူသွားခြင်းငှာပင် မစွမ်းနိုင်လောက်အောင်ပင် ရှိနေတော့သည်။

သို့အတွက် လင်ကမယားကို ကလေးအားပစ်ထားရန် တိုင်ပင်သည်။

“ငါတို့အသက်ရှင်နေက ကလေးထပ်မံရနိုင်သည်၊ ဤကလေးကို တောတစ်နေရာ၌ ပစ်ထားခဲ့ကြပြီး ငါတို့ချည်းသာ အားခဲသွားကြပါစို့”

သားသမီးအပေါ်၌ မိခင်၏နှလုံးမေတ္တာမည်သည်

ကား အလွန်နူးညံ့သိမ်မွေ့လှသည်ဖြစ်၍-

"သားငယ် အသက်ရှင်လျက်ကတော့ သားငယ်ကို ပစ်၍ မသွားနိုင်ပါ"

ဟုငြင်းဆိုပြီး သားငယ်ကို မိမိကတလှည့်၊ လင်ကတလှည့် ချီယူသွားရန်သာ အကြံပြုပြောပြသည်။

မိမိသည် မိမိ၏အလှည့်တွင် သားငယ်ကိုရင်ခွင်တွင် ပန်းပွေ့သကဲ့သို့ ပွေ့ဖက်ပြီး သယ်ယူခဲ့သည်။

ဖခင်အလှည့်အရောက်တွင် ဖခင်မှာဆာလောင်မွတ်သိပ်မှုအားကြီးပြီး အားအင်မရှိသောကြောင့် ကြာရှည်စွာ မသယ်ယူနိုင်ဘဲ ကလေးကိုလမ်းတွင် ပစ်ထားရန်ကိုသာ မိန်းမကို နားချသည်၊မိန်းမကလည်း ထိုသို့ပြုလုပ်ရန် လုံးဝ လက်မခံပေ။

ဤသို့ဖြင့် ခရီးဆက်ခဲ့ကြပြန်ရာ လမ်းခရီးတစ်နေရာ အရောက် လင်ယောကျ်ားက ကလေးကို ချီပိုးသယ်ယူသော အချိန်တွင် လင်က မယားကိုရှေ့ကသွားစေပြီး မိမိကကလေးကိုချီပြီး နောက်ကလိုက်သည်၊ကလေးကလည်း ဆာလောင်ခြင်း၊ ပင်ပန်းခြင်းတို့ကြောင့် အိပ်ပျော်သွားသည်။

ထိုအချိန်တွင် ဖခင်သည် နောက်တွင်အတန်ငယ်ချန်နေခဲ့ပြီး ကလေးကိုတောခြုံတစ်နေရာ၌ ပစ်ထားခဲ့လေသည်။

မိခင်သည် နောက်သို့လှည့်ကြည့်သော် ယောကျ်ား

လက်ထဲ၌ ကလေးကိုမတွေ့သောအခါ ပြန်လှည့်လာပြီး-

"အရှင် ကျွန်မကိုမဖျက်ဆီးပါနှင့်၊ ကျွန်မသားလေး ဘယ်မှာလဲ"

ဟု စိုးရိမ်သောကကြီးစွာဖြင့် မေးလေသည်။

"နှမ-ကလေးကို တောခြုံတစ်နေရာ၌ သိပ်ထားခဲ့ပါသည်"

ဟု ပြောပြသည်။

"အရှင်-ကျွန်မသည် ကျွန်မ၏သားငယ်နှင့်သေအတူရှင်မကွာရှိပါမည်၊ ကလေးကို ပစ်မထားရက်ပါ"

ဟု ပြောပြီး နောက်ကြောင်းပြန်ကာ ကလေးကို ရှာဖွေယူပြီး ပြန်ချီပိုးသယ်ယူခဲ့သည်။

သားငယ်သည်လည်း ဆာလောင်သည့်ဒဏ်၊ပင်ပန်းသည့်ဒဏ်ကြောင့် လမ်းတွင်ပင် သေဆုံးလေသည်။

ထိုအချိန်ကျမှ ကလေးအလောင်းကိုစွန့်ပစ်၍ လင်မယားနှစ်ယောက် အနိုင်နိုင်အားခဲပြီးမှ ခရီးဆက်ခဲ့ကြသည်။

(ထိုသို့ သူ၏သားကိုစွန့်ပစ်ခဲ့သော အကုသိုလ်ကံကြောင့် ယခု လူ့ဘဝပြန်အရောက်တွင် ယခုကဲ့သို့ စွန့်ပစ်ခံရသော ဝဋ်ကြွေးကို ပြန်လည်ပေးဆပ်ရခြင်း ဖြစ်ပါသည်)

ထိုလင်မယားသည် အစဉ်အတိုင်းလာခဲ့ကြရာ နွားကျောင်းသားရွာသို့ ရောက်ခဲ့ကြသည်။

သူတို့ရောက်သောနေ့တွင် နွားကျောင်းသားငယ်အိမ်၌ နွားမမှနွားနို့ညစ်မင်္ဂလာပွဲ ကျင်းပချိန်ဖြစ်သည်၊ထိုနွားကျောင်းသားအိမ်၌ ပစ္စေကဗုဒ္ဓါတစ်ပါးသည် အမြဲဆွမ်းခံကြွသည်၊နွားကျောင်းသားသည် ပစ္စေကဗုဒ္ဓါကို နွားနို့ဆွမ်းဖြင့် ဆွမ်းကျွေးမင်္ဂလာပြုသည်။

အရှင်ပစ္စေကဗုဒ္ဓါအား ဆွမ်းကျွေးခဲ့ပြီးတွင် ထိုလင်မယားသည် ထိုအိမ်သို့ရောက်လာ၍ နွားကျောင်းသားသည် ထိုလင်မယားအခြေအနေကိုမြင်၍ အလွန်သနားလှသောကြောင့် ဘယ်အရပ်ကလာခဲ့ကြပါသလဲ ဟု အခြေအနေအကြောင်းစုံကို မေးသည်။

ထိုလင်မယားသည် သူတို့၏ဘဝအခြေအနေအကြောင်းစုံကို ပြောပြကြရာ နွားကျောင်းသားက သနားဂရုဏာဖြစ်ပြီး စိမ်ထားသော နွားနို့ထမင်းနှင့်ထောပတ်တို့ကို ပေး၍ ကျွေးလေသည်။

မယားသည် လင်ယောကျ်ားကိုငဲ့ညှာပြီး-

"အရှင်အသက်ရှည်သည်ရှိသော် ကျွန်မလည်း အသက်ရှည်ပါသည်မည်ပါသည်၊ ကာလရှည်စွာ အစာအာဟာရမစားသောက်ခဲ့ရ၍ အရှင်၏ဝမ်းမှာ ပိန်ချုံးကျနေပါသည်။ သို့အတွက် အရှင်သည် အလိုရှိတိုင်းစားပါ"

ဟု ပြောပြီး နို့ထမင်းထောပတ်တို့ကို များစွာပေးစားစေပြီး

မိမိအနည်းငယ်သာ စားသည်။

လင်ယောကျ်ားသည် ခုနှစ်ရက်၊ရှစ်ရက် ဝေါ်ပြတ်လာပြီး ယခု အစားကောင်းရလာသောအခါ တပ်မက်သောတဏှာရမ္မက်အားကြီးပြီး ထောပတ်နှင့်နို့ထမင်းကို မချိမဆံ့စားသောက်မိလေသည်။

အိမ်ရှင်နွားကျောင်းသားသည် မိမိကိုယ်တိုင် နို့ထမင်းကိုစားသည်၊ကွပ်ပျစ်အောက်၌ရှိသော ခွေးကိုလည်း နို့မင်းခဲကိုပေး၍ ကျွေးလေသည်။

ကောတုဟလိကသည် ထိုအရာကိုငေးမောကြည့်ရင်း

"ဤအိမ်၌ဖြစ်ရသော ခွေးမသည် ဘုန်းကံကြီးမားလှသည်၊ဤသို့သော အရသာရှိလှသောနို့ထမင်းကို စားနေရသည်"

ဟု ကြံစည်မိလေသည်။

ထိုညတွင် ကောတုဟလိကသည် စားထားသောအစာမကြေချက်နိုင်ဘဲ သေလွန်လေသည်၊သေလွန်ပြီး ခဏမှာပင် ခွေးမ၌ စွဲလမ်းစိတ်ကြောင့် ခွေးမဝမ်း၌ သန္ဓေယူလေသည်။

ကောတုဟလိက၏မယားသည် မိမိလင်ယောကျ်ား၏အလောင်းကိုကောင်းစွာသင်္ဂြိုဟ်ပြီး ထိုနွားကျောင်းသားအိမ်၌ပင် နွားကျောင်းသားကပေးသော ရိက္ခာကိုယူပြီး ချက်

ပြုတ်ကာ ရှင်ပစ္စေကဗုဒ္ဓါကိုလောင်းလှူပြီး သေဆုံးသူလင်အတွက် ကုသိုလ်အဖို့ကို အမျှပေးဝေလေသည်။

ထို့နောက် ဤနွားကျောင်းသားအိမ်၌နေရခြင်းသည် လှူစရာပစ္စည်းမိမိ၌မရှိသော်လည်း ပစ္စေကဗုဒ္ဓါကို နေ့စဉ်ဖူးရသည်၊ ဝေယျာဝစ္စပြုရသော ကုသိုလ်လည်းရသည်၊ နေ့တိုင်းပစ္စေကဗုဒ္ဓါကိုဖူးရ၍ စိတ်ကြည်လင်ချမ်းသာရသည်၊ကုသိုလ်များစွာ ပွားများခွင့်ရသည်။

ဟု ဆုံးဖြတ်ပြီး ကာဠီအမျိုးသမီးသည် ထိုနွားကျောင်းသားအိမ်မှာပင် အခစားပြု၍နေလေသည်။

နွားကျောင်းသားခွေးမသည် ခြောက်လ၊ခုနှစ်လပတ်လုံးပဋိသန္ဓေတည်၍ တစ်ကောင်တည်းသောခွေးငယ်ကို ဖွားမြင်လေသည်၊နွားကျောင်းသားသည် ထိုခွေးငယ်ကို အလွန်ချစ်မြတ်နိုးသဖြင့် နေ့စဉ် နွားနို့ကိုတိုက်ကျွေးပြုစုပေးသည်၊ ဤသို့ဖြင့် ခွေးငယ်သည် တဖြည်းဖြည်းကြီးထွားလာခဲ့သည်။

နွားကျောင်းသားသည် တစ်နေ့လျှင် နှစ်ကြိမ် အမြဲတမ်း ရှင်ပစ္စေကဗုဒ္ဓါအား သွားရောက်ဖူးမြော်ခစားသည်၊ သွားရောက်တိုင်းလည်း လမ်းခရီးကြားသားရဲရှိရာအရပ်၌ တုတ်တံဖြင့် ခြုံကိုလည်းကောင်း၊မြေကြီးကိုလည်းကောင်း၊ ပုတ်ခတ်၍ ဝူးဝူးဟူသောအသံကို သုံးကြိမ်တိုင်တိုင်ပြုပြီး သားရဲတို့ကို ပြေးစေသည်။

ခွေးငယ်သည် နွားကျောင်းသားသွားတိုင်းပင်နောက်ကလိုက်သည်၊ခွေးငယ်သည် မိမိအရှင်သခင်ပြုလုပ်သည်တို့ကို မှတ်သားထားသည်။

တစ်နေ့တွင် နွားကျောင်းသားသည် ရှင်ပစ္စေကဗုဒ္ဓါကို "အရှင်ဘုရား၊ တစ်ခါတစ်ရံ တပည့်တော်ကိုယ်တိုင် မလာနိုင်ခဲ့သည်ရှိအံ့၊ ဤခွေးငယ်ကို စေလွှတ်ပါမည်၊ဤခွေးငယ်စေလွှတ်သောအမှတ်ဖြင့် ကြွတော်မူပါလော့"
ဟု လျှောက်ထားလေသည်။

ထိုနေ့မှစ၍ နွားကျောင်းသားသည် မိမိမအားလပ်သောနေ့တွင် "ချစ်သား-သွားချေ အရှင်မြတ်တို့ကို ပင့်ဆောင်ချေ" ဟု စေလွှတ်လေသည်။

ခွေးငယ်သည် တစ်ခွန်းတည်းသောစကားဖြင့်ပင်ပြေးသွား၍ အရှင်ဖခင်၏ခြံပုတ်ကိုပုတ်ခတ်သောနေရာအရောက်တွင် အသံသုံးကြိမ်တိုင်အောင် အူဟောင်ပြီး သားရဲတို့ကိုပြေးစေသည်။

အရှင်ပစ္စေကဗုဒ္ဓါသည် နံနက်စောစောပင် ကိုယ်လက်သုတ်သင်သန့်ရှင်းပြီးနောက် သစ်ခတ်ကျောင်းထဲတွင် သီတင်းသုံးနေလေသည်။

ခွေးငယ်သည် အရှင်ပစ္စေကဗုဒ္ဓါသီတင်းသုံးနေသော သစ်ခတ်တဲရှေ့သို့သွားပြီးလျှင် သုံးကြိမ်တိုင် အူဟောင်ပြီး

လျှင် မိမိလာသောအဖြစ်ကို သိစေပြီး ကျောင်းရှေ့သင့်တော်သောအရပ်၌ ဝပ်နေလေသည်။

အရှင်ပစ္စေကဗုဒ္ဓါသည် အခါကိုမှတ်၍ ထွက်သည်ရှိသော် ခွေးငယ်သည် အူဟောင်လျက် ရှေ့မှပြေးသွားလေသည်။

လမ်းခရီးကြား၌ အရှင်ပစ္စေကဗုဒ္ဓါသည် ထိုခွေးကို စမ်းသပ်လိုသဖြင့် ခရီးလမ်းကြောင်းလွှဲ၍ ကြွဟန်ပြုသည်၊ ထိုအခါ ခွေးငယ်သည် အရှင်ပစ္စေကဗုဒ္ဓါရှေ့မှ ဖီလာကန့်လန့်ရပ်နေတော်မူပြီး အူဟောင်လျက် လမ်းမှန်ခရီးကိုကြွစေသည်။

တစ်နေ့တွင် အရှင်ပစ္စေကဗုဒ္ဓါသည် ကန့်လန့်ခံနေသောခွေးကိုပုတ်ခတ်၍ ဆက်လက်ကြွသည်၊ထိုအခါ ခွေးငယ်သည် အရှင်ပစ္စေကဗုဒ္ဓါ၏သင်္ကန်းစကို ကိုက်ဆွဲခေါ်ကာ လမ်းမှန်သို့တင်ပေးပြန်သည်။

ဤသို့ဖြင့် ခွေးငယ်သည် အရှင်ပစ္စေကဗုဒ္ဓါအပေါ်၌ အလွန်အားကြီးသောချစ်ခြင်းကို ဖြစ်နေလေသည်။

အခါတစ်ပါး၌ အရှင်ပစ္စေကဗုဒ္ဓါအား သင်္ကန်းသည် ဟောင်းနွမ်းလာသည်၊သို့အတွက် နွားကျောင်းသားက ပိတ်စကိုလှူလေသည်။

"အသင်-ဒါယကာ၊ဤပိတ်စကိုသင်္ကန်းပြုရန်အတွက်

တစ်ပါးတည်းမပြုလုပ်နိုင်၊ချမ်းသာရာအရပ်သို့သွားရောက် ၍ ပြုပါအံ့”

ဟု အရှင်ပစ္စေကဗုဒ္ဓါက မိန့်ကြားသည်။

“အရှင်ဘုရား၊ ဤအရပ်သာပြုပါဘုရား”

“ဒါယကာ၊ ငါသည် တစ်ပါးတည်း မစွမ်းနိုင်”

“အရှင်ဘုရား၊ ဤသို့ဆိုက ကြာမြင့်စွာမနေပါလင့်၊ အမြန်ပြန်ကြွလာခဲ့စေလိုပါသည်”

ခွေးငယ်သည် မိမိသခင်နှင့် အရှင်ပစ္စေကဗုဒ္ဓါတို့ စကားပြောနေသည်ကို မှတ်သားနာခံလျက်နေလေသည်။

“ဒါယကာ နေရစ်ခဲ့ပါလော့”

အရှင်ပစ္စေကဗုဒ္ဓါသည် ဤသို့မိန့်ကြားပြီး ကောင်းကင်သို့ပြန်တက်ပြီးလျှင် ဂန္ဓမာတောင်သို့ ကြွတော်မူသည်။

ခွေးငယ်သည် အရှင်မြတ်ကြွသည်ကိုကြည့်မျှော်လျက် အရှင်မြတ်၏ရုပ်၊မိမိ၏မြင်ကွင်းမှ မြင်သည်ရှိသော် နှလုံးရင်ဝမ်းကွဲ၍ သေဆုံးလေသည်။

ခွေးငယ်သည် အရှင်ပစ္စေကဗုဒ္ဓါ၌ ကြည်ညိုစွဲလမ်းသောစိတ်ဖြင့်သေဆုံးပြီးနောက် တာဝတိံသာနတ်ပြည်၌ နတ်သမီးတစ်ထောင်အခြံအရံရှိသော နတ်သားဖြစ်ပြီး နတ်စည်းစိမ်ကို ခံစားရလေသည်။

ထိုနတ်သား၏နားရင်း၌ ပြောဆိုတိုင်းပင် အပ်သော

အသံသည် တစ်ဆယ့်ခြောက်ယူဇနာအရပ်သို့ ပျံ့နှံ့လေသည်၊ ပကတိပြောဆိုသောစကားသည် ယူဇနာတစ်သောင်းရှိသော နတ်ပြည်ကို ဖုံးလွှမ်းသောကြောင့် ထိုနတ်သားကို ဃောသက နတ်သားဟူသော အမည်ကို ရလေသည်။

ဤသို့သောအကျိုးခံစားရသည်မှာ အရှင်ပစ္စေကဗုဒ္ဓါ အပေါ်၌ အားကြီးသောချစ်ခြင်းမေတ္တာဖြင့် အူဟောင်ခဲ့သော ကံ၏ အကျိုးပင်ဖြစ်ပါသည်။

ဃောသကနတ်သားသည် ယခု ဂေါတမဘုရားပွင့်သောကာလဝယ် နတ်ပြည်မှစုတေ၍ လူ့ပြည်၌ ပြည့်တန်ဆာမဝမ်း၌ ပဋိသန္ဓေတည်နေရသည်။

အတိတ်ဘဝ၏ ဤကုသိုလ်ကံများကြောင့်သုသာန်တော၌ပစ်ခံရသော်လည်းခွေး၊ ဘီလူး၊ သရဲတို့သည် အနားသို့မကပ်နိုင်ခြင်း ဖြစ်ပေသည်။

နောက်တစ်နေ့ မိုးသောက်သော် ဆိတ်ကျောင်းသား တစ်ဦးသည် ထောင်ပေါင်းများစွာသောဆိတ်များကို သုသာန်ဘေးမှမောင်း၍သွားလေသည်၊ထိုဆိတ်အုပ်ထဲမှ ဆိတ်မတစ်ကောင်သည် သစ်ရွက်ကိုစားလျက်ခြုံထဲသို့ဝင်သည်ရှိသော် သူငယ်ကိုတွေ့၍ နောက်ဒူးဆစ်ကိုထောက်ကာ ကလေးကို နို့တိုက်လေသည်။

ဆိတ်ကျောင်းသားက ဆိတ်မ ခြုံကထွက်စေရန်

ဟေး- ဟေး ဟုအော်ဟစ်သော်လည်း ဆိတ်မကမထွက်၍ နွားကျောင်းသားသည် ထိုဆိတ်မကို တုတ်ဖြင့်ရိုက်နှက်ထုတ်ရန်အကြံဖြင့် ချုံကြားသို့ဝင်လိုက်လာသည်ရှိသော် ဒူးထောက်၍ နို့တိုက်နေသော ဆိတ်မကိုတွေ့၍ သူငယ်ကို သားဟူသောချစ်ခြင်းဖြစ်ပြီး ကောက်ယူပွေ့ချီကာ အိမ်သို့ယူဆောင်လာခဲ့လေသည်။

ကာဠီကျွန်မသည် ထိုအဖြစ်အပျက်အလုံးစုံတို့ကို သူဌေးကြီးအားပြောပြရာသူဌေးကြီးကငွေတစ်ထောင်ပေး၍ ကလေးကိုပြန်ဝယ်စေပြန်သည်။

နောက်မကြာခင်သူဌေးကြီးသည် ကာဠီကျွန်မကို ခေါ်၍ ကလေးကိုခိုးသားများပစ်ချသတ်ရာ တောင်ထိပ်မှ ပစ်ချသတ်ရန် စေခိုင်းပြန်လေသည်။

ကာဠီကျွန်မကလည်း ခိုင်းသည့်အတိုင်းတောင်ထိပ်မှ ပစ်ချပြန်သည်၊ထိုတောင်ကမ်းဘေး၌ ကြီးမားသောဝါးတောကြီးက ပေါက်နေပြီး ဝါးများပေါ်၌ နွယ်ချုံများကို ရစ်သိုင်းဖုံးအုပ်ထားသဖြင့် ကလေးသည် ထိုအပေါ်သို့ကျနေသဖြင့် အသက်မသေဘဲရှိပြန်သည်။

ထိုအချိန်တွင် ကျူထရံသည်တစ်ဦးသည် ဝါးခွဲအဖိုကို ပေးအပ်ရန်ရှိ၍ သားနှင့်တကွ ထိုဝါးတောကိုလာရောက်ပြီး ဝါးခုတ်လေသည်၊ဝါးချုံသည် ခုတ်၍လှုပ်ရှားသည်ရှိသော်

ကလေးငယ်ကအသံပြုလေသည်။

ကျုထရံသည်သားအဖသည် ကလေးအသံကိုကြားရသဖြင့် နံပါးတစ်ဘက်ဖြင့်တက်၍ ကြည့်ကြသည်၊ကလေးမှန်းသိ၍ကလေးကိုယူပြီး အိမ်သို့သယ်ဆောင်သွားကြပြန်လေသည်။

ကာဠိုကျွန်မသည် ထိုအကြောင်းကို သူဌေးကြီးအား ပြန်လည်ပြောပြပြန်ရာသူဌေးကြီးက ငွေတစ်ထောင်ပေး၍ ဝယ်ယူခိုင်းပြန်လေသည်။

ဤသို့ဖြင့် ကလေးငယ်သည် သေဘေးအမျိုးမျိုးမှ လွတ်ခဲ့သည်။

သူဌေးကြီးသည် ကလေးငယ်ကိုသတ်ရန် အမျိုးမျိုး ကြံစည်ပြုလုပ်ခဲ့သော်လည်း သတ်မရ၍ ဤအတိုင်းပင် ကျွေးမွေးပြုစုထားခဲ့ရာ တဖြည်းဖြည်းကြီးလာပြီး ဆော့ကစားသည့် အရွယ်ရောက်လာခဲ့သည်။

သူငယ်ကိုလည်း'ဃောသက'ဟူသောအမည်ကို မှည့်ပေးထားသည်။

သို့သော် သူဌေးကြီးသည် ဤကလေးကြီးလာလေလေ၊ မိမိ၏သားရင်းအတွက် သူဌေးရာထူးစွန့်လွှတ်ပေးရမည်ကို စိုးရိမ်မိလေလေဖြစ်ကာ ဃောသကကလေးအပေါ်၌ အမြင်လုံးဝမကြည်လင်ဖြစ်နေလေသည်၊ဃောသကလေးကို

မိမိ၏မျက်စိထဲဝယ် စူညှောင့်သဖွယ် ထင်နေလေသည်။

သို့အတွက် တစ်နည်းနည်းဖြင့် သတ်ရန်သာ စိတ်က အကြံဖြစ်နေလေသည်။

တစ်နေ့တွင် သူဌေးကြီးသည် မိမိ၏အပေါင်းအဖော်ဖြစ်သော အိုးထိန်းသည်ထံသို့ သွားရောက်ပြီး-

"အဆွေ-အိုးဖုတ်ရန်တွင်းကျင်းကို အဘယ်အခါ ပြုလုပ်၍ အိုးများကိုမီးဖုတ်ပါသနည်း"

ဟု မေးသည်။

"သူဌေး နက်ဖြန်ပင် အိုးများကို မီးဖုတ်ပါမည်"

"ဒါဆိုလျှင် ဤအသပြာတစ်ထောင်ထုပ်ကိုယူ၍ ငါ့အား အမှုတစ်ခုကို ပြုပေးပါ"

"အဘယ်သို့သော အမှုကိစ္စပြုရပါမည်လဲ"

"ငါ့မှာ ယုတ်မာညစ်နွမ်း ဆိုးသွမ်းသောသားတစ်ယောက်ရှိပါသည်၊ထိုသားကို အသင့်ထံသို့စေလွှတ်လိုက်ပါမည်၊ထိုသူငယ်ကိုခေါ်ယူ၍ အိုးဖုတ်ရာတိုက်အတွင်းသွင်းပြီး အပိုင်းပိုင်းခုတ်ဖြတ်ပေးပါ၊ ပြီးလျှင် အိုးထဲထည့်ပြီး မီးဖုတ်ပစ်ပေးပါ၊ ဤတစ်ထောင်သည် ဤအမှုဆောင်ရွက်ခ ဖြစ်ပါသည်၊အမှုကိစ္စပြီးက နောက်ထပ်တစ်ဖန် ထပ်မံချီးမြှင့်ပါဦးမည်"

"အရှင်သူဌေး-ကောင်းပါပြီ၊ ဆောင်ရွက်ပေးပါမည်"

အိုးထိန်းသည်သည် သူဌေးထံမှ လက်ဆောင်ငွေတစ်ထောင်ကိုယူ၍သူဌေးသားကိုရှင်းလင်းပေးရန် တာဝန်ယူလိုက်လေသည်။

နောက်နေ့ရောက်သော် သူဌေးသည် ဃောသကသတို့သားကိုခေါ်၍-

"ချစ်သား-ယမန်နေ့က ငါသည် အိုးထိန်းသည်ထံအမှုကိစ္စတစ်ခု အပ်ထားပါသည်၊ထိုအမှုကိစ္စပြီး-မပြီး သွားရောက်မေး၍ ပြီးအောင်ဆောင်ရွက်ခိုင်းပါ"

ဟု ပြောကြားသည်။

ဃောသကသည် ဖခင်၏စေခိုင်းချက်ကိုကောင်းပါပြီဟုဝန်ခံ၍ အိမ်မှထွက်ခဲ့လေသည်။

သွားကာနီးတွင် သူဌေးကြီး၏သားအရင်းသည် ဖန်စာဂုံညင်းကစားနေရာမှ လမ်းခရီးတွင်လာနေသော ဃောသကကိုတွေ့မြင်၍ လှမ်းခေါ်သည်။

"နောင်တော် အဘယ်သို့သွားမည်နည်း"

"ညီငယ် ဖခင်၏သတင်းစကားကိုယူ၍ အိုးထိန်းသည်ထံသွားပါမည်"

"နောင်တော် ထိုအရပ်သို့ ကျွန်ုပ်သွားပါမည်၊ယခုကျွန်ုပ်သည် ဂုံညင်းများစွာရှုံးနေပါသည်၊နောင်တော်သည် ပြန်နိုင်အောင် ကြိုးစား၍ကစားပေးပါ"

"ညီလေး-ငါ့ကိုဖခင်က ခိုင်းသည်၊ ဖခင်ကိုငါသည် ကြောက်လှပါသည်"

"နောင်တော်မကြောက်ပါလင့်၊ကျွန်ုပ်သာ ထိုသတင်းစကားကိုဆောင်ပါမည်၊ကျွန်တော် ဂုံညင်းများစွာ ရှုံးနေပါသည်၊ကျွန်ုပ်သွားနေတဲ့ကာလအတွင်း နောင်တော်မှ ကျွန်ုပ်ရှုံးထားသမျှ ပြန်ရအောင်လုပ်ပေးပါ"

ယောသကသည် ဂုံညင်းကစားခြင်း၌ အလွန်တော်သည်ကို သူဌေးသားအစစ် ညီငယ်ကသိထားသည်၊သို့အတွက်ညီငယ်က ဤသို့တောင်းပန်နေခြင်း ဖြစ်သည်။

ညီငယ် အတန်တန်တောင်းပန်သောအခါ ယောသကသည် ညီငယ်အပေါ်၌ သနားဂရုဏာစိတ်ဝင်ပြီးလျှင် ဖခင်မှာကြားထားသော စကားအလုံးစုံကိုညီငယ်အားပြောကြားပြီး အိုးထိန်းသည်ထံ စေလွှတ်လိုက်သည်၊ မိမိက ညီငယ်အစားကစားပေးလေသည်။

အိုးထိန်းသည်သည် မိမိထံရောက်လာသောသူငယ်ကို မီးအိုးတိုက်ထဲသို့သွင်းကာ သတ်ဖြတ်ပြီး အိုးထဲထည့်ကာ မီးဖုတ်လိုက်လေတော့သည်။

ယောသကသတို့သားသည် နေ့အဖို့ကစားပြီး ညနေချိန်ရောက်သောအခါ ညီငယ်မလာ၍ အိမ်ပြန်သွားနှင့်ပြီအထင်နှင့်အိမ်သို့ ပြန်လာခဲ့လေသည်။

သူဌေးကြီးသည် အိမ်သို့ပြန်လာသော ယောသက သတို့သားကိုမြင်လျှင် အံ့အားသင့်ကာ-

"ချစ်သား-အသို့နည်း၊အိုးထိန်းသည်ထံသို့ မသွားဘူးလော"

ဟု ဆီးမေးသည်။

ထိုအခါ ယောသကသတို့သားက အကြောင်းစုံကို ပြောပြသည်၊ထိုစကားကိုကြားလျှင် သူဌေးကြီးသည် စက်ဆုပ်ရွံရှာဖွယ်ရှိလေစွတကား-

ဟု ပြင်းပြသောမြည်တွန်းခြင်းကို ပြောဆိုလျက်တစ်ကိုယ်လုံးသည် ကျိုက်ကျိုက်ဆူသော ရေနွေးကဲ့သို့ သွေးဆူပြီးလျှင်-

"အိုး-အချင်းအိုးထိန်းသည် ငါ့ကို မဖျက်ဆီးပါလင့် ငါ့ကို မဖျက်ဆီးပါလင့်"

ဟု ဟစ်အော်လျက် လက်နှစ်ဘက်ကိုမြှောက်ချီပြီး ငိုကြွေးမြည်တမ်းကာ အိုးထိန်းသည်အိမ်သို့ အလျင်အမြန်ပြေးလေသည်။

အိုးထိန်းသည်သည် အဝေးမှပြေးလာသော သူဌေးကြီးကိုမြင်၍-

"အရှင့်အသံကိုမပြုပါလင့်၊အရှင်မှာထားသော အမှုကိစ္စ ဆောင်ရွက်ပြီးပါပြီ"

ဟု ဆီး၍ပြောဆိုလေရာ သူဌေးကြီးမှာ တောင်ကြီးဖြင့် လွှမ်း

မိုးခံရသကဲ့သို့ သောကကြီးစွာဖြင့် သတိမေ့လုမတတ် ခံစားသွားရလေသည်။

သူဌေးကြီး၏ ဤကဲ့သို့ကြီးစွာသော နှလုံးမသာယာခြင်း ပြင်းစွာခံစားရခြင်းသည် မပြစ်မှားထိုက်သောသူ၌ ပြစ်မှားကြံစည်မိ၍လက်ငင်းဒိဋ္ဌခံစားရသော အကျိုးပင် ဖြစ်ပါသည်။

သူဌေးကြီးသည် မိမိ၏အကြံလည်းပျက်၊သားလည်းသေဆုံးရသဖြင့် ယူကြုံးမရဖြစ်နေရသလိုဃောသကကိုလည်း စိတ်ထဲတွင် လုံးဝကြည့်မရဖြစ်နေရသည်။

သို့အတွက် ဃောသကကို ဘယ်လိုနည်းနှင့်သတ်ရမလဲဟု တစ်နည်းနည်းဖြင့် ထပ်မံသတ်ရန်သာ စိတ်ကူးနေလေသည်။

တစ်နေ့တွင် သူဌေးကြီးသည် ဃောသကကို သတ်ရန် အကြံတစ်ခုရလာပြန်သည်။

"ငါ၏ပိုင်စားရာဖြစ်သော ရွာတစ်ရွာ၌ ငါ၏အမှုကိုပြုစု၍ ဆောင်ရွက်နေသော စာရင်းကိုင်ထံသို့စေလွှတ်၍ ဃောသကကို သတ်စေအံ့"

ထိုသို့အကြံရပြီးနောက် သူဌေးကြီးသည် ထိုစာရင်းကိုင်ထံသို့ အောက်ပါစာတစ်စောင်ကို ရေးသားလေသည်။

"အမောင်စာရင်းကိုင် ငါ့အတွက် ယုတ်မာမှုကိုပြုနေ

သောသားဖြစ်သည်၊ ဤသူငယ်ကိုသတ်၍ ကျင်းထဲ၌မြှုပ်နှံထားပါ၊သင်သည် ငါမှာသည့်အတိုင်းပြုလုပ်ပါက သင့်အားပေးကမ်းပြုစုဖွယ်နှင့်ပတ်သက်၍ သိပါမည်"

သူဌေးကြီးသည် ဤစာကိုရေးပြီးလျှင် ဃောသကကိုခေါ်ကာ-

"ချစ်သားဃောသက-ငါတို့ပိုင်စားရာဖြစ်သော ဤမည်သောရွာ၌ စာရင်းကိုင်ဖြစ်သော သူငယ်ရှိပါ၏၊ဤကမ္ပည်းစာကိုယူ၍ ထိုစာရင်းကိုင်သူငယ်အားပေးပါလော့"

ဟု ပြောကြားပြီး ဃောသက၏ ပုဆိုးစွန်း၌စာကို ဖွဲ့ချည်ပေးလိုက်သည်။

ဃောသကသည် ငယ်စဉ်ကထဲက သတ်ရန်သာစီမံနေရသောသားဖြစ်၍ စာပေသင်ကြားမှုလုံးဝမရှိခဲ့၍ စာလုံးဝမတတ်၊မဖတ်တတ်ပါချေ။ဃောသကသည်အိမ်မှထွက်ခါနီးဖခင်ကို ရှိခိုးကာ-

"ဖခင် ကျွန်ုပ်အား လမ်း၌ စားသုံးစရာရိက္ခာမရှိပါ"

ဟု ပြောကြားသည်။

"ချစ်သား- လမ်းခရီး၌စားသုံးစရာ ရိက္ခာမလိုပါ၊ဤမည်သောရွာရှသည်၊ထိုရွာ၌ ငါ၏အဖော်ခင်ပွန်းသူဌေးရှိသည်၊သူ့ထံ၌ နံနက်စာဝင်စား၍ ခရီးဆက်သွားပါလေ"

"ကောင်းပါပြီ ဖခင်"

ယောသကသည် ဤသို့ဝန်ခံပြီးလျှင် မြို့မှထွက်ခဲ့သည်၊ခရီးစဉ်အတိုင်းလာခဲ့ရာ ဖခင်မှာသောရွာသို့ရောက်၍ သူဌေးအိမ်ကိုစုံစမ်းမေးမြန်းပြီး ဝင်ခဲ့သည်။

သူဌေးလင်မယားသည် ယောသကကိုအကြောင်းစုံမေးကြည့်ကြသည်၊ ကောသမ္ဗီပြည်က သူဌေးသားမှန်းသိကြ၍ ကောင်းမွန်စွာလက်ခံသည်၊တောသူဌေး၏မယားသည် ယောသကကိုမြင်လျှင်မြင်ချင်းပင် သားကဲ့သို့ချစ်ခြင်းမြတ်နိုးမိလေသည်။

တောသူဌေးတွင် အရွယ်ရောက်ပြီး (၁၅-၁၆)နှစ်အရွယ် သမီးတစ်ယောက်ရှိလေသည်၊ထိုသမီးသည် အလွန်အဆင်းလှသည်၊ကြည့်ရှုမဝ-ကြည်ညိုဖွယ်သောကြွေ့သိကွာနှင့်ပြည့်စုံသည်။

မိဘများသည် သမီးကိုစောင့်ရှောက်ရန် အခိုင်းအစေကျွန်မ မိန်းကလေးတစ်ယောက်နှင့်အတူ ဘုံခုနှစ်ဆင့်ရှိသောပြသာဒ်၏အထက် ကျက်သရေရှိသောတိုက်ခန်း၌ နေစေသည်။

ယောသကသူဌေးသားရောက်ချိန်ဝယ် သူဌေးသမီးသည် ကျွန်မိကို အိမ်ဈေးသို့စေလွှတ်သည်။

ထိုကျွန်မကို သူဌေးကတော်ကလှမ်းမြင်၍ ခေါ်ကာ-
"အဘယ်အရပ်သို့သွားမည်နည်း" ဟုမေးသည်။

"အရှင်မသမီးက စေခိုင်းလိုက်၍ အိမ်ဈေးသို့သွား ရန်ထွက်လာပါသည်"

"ဒါဆိုနေဦး ငါ့ထံလာပါဦး၊သင့်အရှင်မစေလွှတ် သည်ကိုနောက်မှသွားပါ၊ငါ၏သားအတွက် ခုတင်၊အိပ်ရာ နေရာခင်းပေးပါ၊သား၏ခြေတို့ကိုဆေးပြီး ဆီဖြင့်လိမ်းကျံပေး ပါဦး၊စီကကိစ္စတွေပြီးမှ သင့်အရှင်မခိုင်းတာကို သွားလုပ်ပါ"

ကျွန်မသည် သူဌေးကတော်ခိုင်းသည့် အမှုကိစ္စဟူ သမျှတို့ကို တစ်ခုမကျန်ပြုလုပ်ပေးရလေသည်။

ကျွန်မသည် ထိုကိစ္စများအားလုံးပြီးမှ သူမ၏အရှင်မ စေခိုင်းသည့်ကိစ္စတို့ကိုဆောင်ရွက်ပြီး သူဌေးသမီးထံ ပြန်လာ ခဲ့သည်။

သူဌေးသမီးက ဤမျှကြာရမည်လောဟု ပြောဆိုကာ ကျွန်မကို ဆူပူကြိမ်းမောင်းလေသည်။

"အရှင်မ-ကျွန်မအား အမျက်မထွက်ပါလင့်၊သူဌေး သားဃောသက လာရောက်သောကြောင့် အရှင်မမိခင်က အမှုကိစ္စတွေခိုင်းနေ၍ လုပ်ပေးနေရသဖြင့် ကြန့်ကြာနေရ ပါသည်။

သူဌေးသမီးသည် ဃောသကဟူသော အသံကြား လိုက်ကထဲက ဃောသကကိုမမြင်ဘူးသေးပါလျက် ချစ်ခြင်း မေတ္တာဖြစ်မိသည်၊ရှေးအတိတ်ဘဝက ကောတုဟလံဘဝက

မယားတော်ခဲ့သူဖြစ်သည်။သူမသည် ရှင်ပစ္စေကဗုဒ္ဓါကို တစ်နပ်စာသောအလှူကိုပေးလှူခဲ့ဖူးသော ကုသိုလ်အရှိန်ကြောင့် ယခု ဤဘုရားရှင်လက်ထက်ဝယ် တောသူဌေးသမီးဖြစ်လာရသည်။

အတိတ်ရှေးရှေးဘဝက ပေါင်းသင်းကြည်ဖြူအတူတကွ နေဖူးသဖြင့်လည်းကောင်း၊ယခု ပစ္စုပ္ပန်ဘဝ၌ စောင်မဖွံ့ဖြိုးအကျိုးစီးပွားကိုလိုဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ ဤအကြောင်းနှစ်ပါးကြောင့် မြင်လျှင်မြင်ချင်း ပြင်းစွာချစ်ခင်နှစ်သက်ခြင်းသည် ဖြစ်ရလေ၏။

ဟု ဘုရားရှင်ဟောပြောထားသည့်အတိုင်း သူဌေးသမီးသည် အတိတ်ဘဝက မယားတော်ခဲ့၍ ယောသကကို ကြားလျှင်ကြားချင်း ချစ်ခင်မြတ်နိုးမိလေသည်သာ။

ထိုအခါ သူဌေးသမီးက ကျွန်မကို-

"သူဌေးသားကား ယခု ဘယ်မှာနည်း"

ဟု မေးသည်။

"အရှင်မ-အိပ်ရာထက်၌ လဲလျောင်းအိပ်နေပါသည်"

"ထိုသူဌေးလက်ထဲ၌ ဝတ္ထုတစ်စုံတစ်ခု ရှိပါသလော"

ပုဆိုးစွန်း၌ ကမ္ဗည်းစာတစ်ခုရှိပါသည်"

"ဤကမ္ဗည်းစာသည် အဘယ်သို့သော ကမ္ဗည်းစာဖြစ်မည်နည်း"

သူဌေးသမီးသည် ကမ္ဗည်းစာကိုသိလိုသောဆန္ဒဖြစ်ပေါ်မိသည်။

သို့အတွက် မိဘများ အခြားအလုပ်ဖြင့် အာရုံစိုက်နေစဉ် မိဘများမသိအောင် ပြဿာဒ်ထက်မှဆင်းလာပြီး ဃောသကအိမ်ခန်းထဲသို့ တိတ်တဆိတ်ဝင်လာခဲ့သည်။

အိပ်နေသော ဃောသကကိုတွေ့၍ ဃောသက၏ ပုဆိုးစွန်း၌ချည်ထားသောကမ္ဗည်းစာကို ဃောသကလည်း မနိုးအောင် အသာအယာဖြုတ်ပြီး မိမိတိုက်ခန်းထဲသို့ ပြန်လာခဲ့လေသည်။

မိမိတိုက်ခန်းသို့ရောက်သော် လေသာပြတင်းပေါက်ကိုဖွင့်၍ ကမ္ဗည်းစာကို ဖတ်ကြည့်လေသည်။

တောသူဌေးသမီးသည် စာကိုဖတ်ပြီးသော်-

"ဩော်-အံ့ဖွယ်ရှိလေစွတကား၊ ဤသူမိုက်သည် မိမိသေလတ္တံ့သော ကမ္ဗည်းစာကို ပုဆိုးစွန်း၌ချည်ဖွဲ့ပြီးသကာလ လှည့်လှည်နေသည်တကား၊ ငါသည် အကယ်၍ မတွေ့မမြင်ခဲ့ငြားအံ့၊ထိုသူသည် အသက်ရှိတော့မည် မဟုတ်ချေတကား" ဟု ကြံစည်ပြီး ထိုစာကိုဆုတ်ဖြဲပစ်လိုက်ပြီးလျှင် သူဌေးကြီး၏စကားဟန်ဖြင့် အောက်ပါစာကို ပြင်ရေးပေးလိုက်သည်။

"ဤသတို့သားသည် ငါ၏သားဖြစ်သူ ဃောသက အမည်ရှိသောသူတည်း၊ဤသူတို့သားကို ငါ၏ပိုင်စားရာရွာ

တစ်ရွာမှ လက်ဆောင်ပဏ္ဏာကာရတို့ကို ယူဆောင်စေ၍ ဤ မည်ရှိသော ဇနပုဒ်သူဌေးသမီးနှင့်အတူတကွ လက်ထပ်ထိမ်း မြားခြင်းမင်္ဂလာကိုပြုပြီးလျှင် မိမိနေရာဖြစ်သော ရွာ၏ အလယ်၌ ဘုံခုနစ်ဆင့်ရှိသောအိမ်ကိုပြုစေ၍ တံတိုင်းဝန်းရံ ခြင်းဖြင့် လည်းကောင်း၊ယောကျ်ားတို့အစောင့်အရှောက်ဖြင့် လည်းကောင်း၊ကောင်းစွာစီမံလျက်စောင့်ရှောက်ခြင်းကိုပြုပါ လော့၊ငါ့အားလည်း ဤသို့ဤသို့သောအမှုကို ကျွန်ုပ်သည် ပြုအပ်သည်ဟူ၍ သတင်းစကားပြန်ကြားပို့လွှတ်လိုက်ပါ လော့၊ဤသို့ပြုအပ်သည်ရှိသော် ငါသည် ဦးရီးအား ပြုအပ် သော ကျေးဇူးကိုပြုပါမည်"

ထိုစာကို တောသူဌေးသမီးသည် ယောသက၏ ပုဆိုးစွန်း၌ ချည်ပေးလိုက်လေသည်။

ယောသကသည် နေ့အဖို့ နားနားနေနေအိပ်ပြီး၍ စားသောက်ပြီးသော် ခရီးဆက်လက်ထွက်ခွာလာခဲ့သည်။

နောက်တစ်နေ့ မိုးသောက်သော် သွားရမည့်ရွာသို့ ရောက်၍ စာရင်းကိုင်သူဌေးငယ်အိမ်သို့ ဆိုက်ရောက်လေ သည်၊အိမ်တွင် အလုပ်လုပ်နေသော စာရင်းကိုင်သူဌေးငယ် ကိုတွေ့၍ ယောသကသည် အကျိုးအကြောင်းပြောပြ၍ ကမ္ဗည်းစာကိုပေးလေသည်။

စာရင်းကိုင်သူဌေးသည် ပါလာသောစာကိုဖတ်ပြီး

သော် အလွန်နှစ်သက် ရွှင်လန်းသောစိတ်ရှိလျက် မိမိလက်အောက်များကို အားချင်းခေါ်ယူကာ-

"အို-အချင်းတို့၊ ငါ၏အရှင်သည် ငါ့ကိုအလွန်နှစ်သက် အားထားသည်ကို သင်တို့ရှုကြကုန်လော့၊သူ၏ သားမင်္ဂလာကိစ္စကို ငါ့အားဆောင်ရွက်ခိုင်းပြီး ယခု သားကြီးကို ငါ့ထံစေလွှတ်လိုက်ပါသည်၊သင်တို့သည် ငါ့အရှင်သူဌေးကြီးမှာကြားလိုက်သော အမှုကိစ္စကို အမြန်ဆောင်ရွက် လုပ်ကိုင်ပေးကြရမည်"

ဟု ပြောဆိုပြီးလျှင် စီမံစရာရှိသည်တို့ကို အမြန်ဆုံးစီမံသည်၊ အိမ်များကိုလည်း အမြန်ဆုံးဆောက်လုပ်စေသည်။

ထို့နောက် ရွာတစ်ရွာမှ လက်ဆောင်ပဏ္ဏာယူပြီးလျှင် ဇနပုဒ်သမီးကိုဆောင်ယူပြီး ထိမ်းမြားလက်ထက် မင်္ဂလာပြုပေးလိုက်သည်။

ထိုသို့အားလုံးဆောင်ရွက်ပြီးသောအခါ သူဌေးကြီးထံသို့ အမှုကိစ္စဆောင်ရွက်ပြီးဖြစ်ကြောင်း အလုံးစုံစာရေးပြီး အကြောင်းကြားလိုက်လေသည်။

တိုစာကိုဖတ်ရသော သူဌေးကြီးသည် ကြီးစွာသော နှလုံးမသာယာခြင်းဒေါသဖြစ်ရလေသည်။

"အကြင်အမှုကို ငါသည်ပြုသည်၊ထိုသို့ပြုသောအမှုသည် တစ်ခါတစ်ရံမျှမဖြစ်ဘဲ ငါသည် မပြုအပ်သော အမှု

တို့သည်သာ ဖြစ်၍ဖြစ်၍နေပေတော့သည်"
ဟု ညည်းတွားရင်း သား၌ခံစားခဲ့ရသော သောကနှင့်ယော သကအပေါ်၌မကျေနပ်သောဒေါသသည် ပေါင်းဆုံကာ ဝမ်းတွင်း၌နှလုံးသွေးပူလောင်ခြင်းကိုဖြစ်စေ၍လွန်ကဲသောဝမ်းနည်းခြင်းရောဂါ ဖြစ်ပေါ်ခံစားရတော့သည်။

တောသူဌေးသမီးသည် မိမိ၏အစောင့်အရှောက်များကို-"သူဌေးကြီးထံမှ တစ်စုံတစ်ယောက်သောသူ လာသည်ဖြစ်အံ့၊ ငါ့ကိုအရင်အသိပေးပါ၊ ငါမသိခင် သင်တို့အရှင်သူဌေးမသိပါစေနှင့်"ဟု မှာကြားထားလေသည်။

သူဌေးကြီးသည် မကျေမခဲသော သောကစိတ်၊ ဒေါသစိတ်တို့ဖြင့်-

ယခုအခါ ထိုကြမ်းကြုတ်ခက်မာခဲစွာသောသားကို ငါ၏ပစ္စည်းဥစ္စာရတနာပိုင်ရှင်အစစ်မပြုအံ့"
ဟု ကြံစည်မိပြန်လေသည်။

သို့အတွက် မိမိ၏စာရင်းကိုင်ကိုခေါ်ကာ-

"ဦးရီး-ငါ၏သားကိုတွေ့လိုပါသည်၊သင်၏တပည့်တစ်ယောက်ကိုအရေးလွှတ်၍ ငါ၏သားကိုခေါ်ပေးပါ"
ဟု မှာကြားစေခိုင်းလိုက်သည်။

စာရင်းကိုင်သည် သူဌေးကြီးမှာသည့်အတိုင်းပင် တပည့်တစ်ယောက်ကို စာရေးပေး၍ယောသကထံရှိရာသို့

စေလွှတ်သည်။

ထိုစာပို့သူ ယောသကရှိရာရွာနှင့်အိမ်ပေါက်ဝသို့ ရောက်သည်ရှိသော် အစောင့်တို့က အကျိုးအကြောင်းမေး ပြီး သူဌေးကတော်ထံသို့ ပို့ပေးကြလေသည်။

သူဌေးကတော်သည် ထိုသူပေးသောစာကိုဖတ်ရှုပြီး နောက်-

"အမောင်သူဌေးကြီး-အဘယ်သို့သောကိစ္စကြောင့် ခေါ်ပါသလဲ"

"အရှင်သူဌေးကြီးသည် မကျန်းမမာ ရောဂါစွဲကပ်နေ ပါသည်၊ သားကိုကြည့်ရှုလို၍ ခေါ်ခိုင်းခြင်းဖြစ်ပါသည်။

"အမောင်-ရောဂါစွဲကပ်သောသူဌေးကြီးသည် အားရှိ ပါသေးသလော၊ အားနည်းပါသေးသလော"

"အရှင်မ-ခွန်အားကြီးလှပါသေးသည်၊အစာအာဟာ ရကိုလည်း စားသောက်ပါသေး၏"

သူဌေးသမီးသည် သူဌေးကြီး၏အကြောင်းကိုသိပြီး သော်ယောသကကိုအသိမပေးသေးဘဲ စေခိုင်းသောတမန် ကို အဝတ်အစား၊အိပ်ရာနေရာ၊ရိက္ခာပေး၍-

"ငါစေလွှတ်မှ သင်ပြန်ပါ"

ဟု ပြောပြီး မပြန်စေဘဲထားလိုက်သည်။

သူဌေးကြီးသည် စာရင်းကိုင်ကို-"ဦးရီး ဘယ်လိုလဲ

သားကိုမခေါ်ခိုင်းဘူးလား” ဟုမေးသည်။

“အရှင်၊ ကျွန်ုပ်သည် စေလွှတ်ပါသည်၊စေလွှတ်သော သူသည်ယခုထက်ထိမပြန်လာသေးပါ”

“ဒါဆိုရင် နောက်တစ်ယောက်ထပ်လွှတ်ပါဦး”

အမှုဆောင်စာရင်းကိုင်သည် နောက်တစ်ယောက် ထပ်မံစေလွှတ်ပြန်သည်၊သူဌေးသမီးကလည်း ယခင်လူတိုင်း ပင်မေးမြန်းစုံစမ်းပြီး မပြန်စေဘဲ လုပ်ကျွေးပြုစုထားသည်။

သူဌေးကြီး၏အနာရောဂါသည် ပြင်းစွာအားကြီးဖြစ် ပေါ်လာသည်၊သွေးသွန်းမှုသည် မပြတ်ဒလစပ်ဖြစ်လာ၍ တစ်အိုးပြီးတစ်အိုး သွန်ပစ်နေရသည်။

သူဌေးကြီးသည် အမှုဆောင်စာရင်းကိုင်ကို တစ်ဖန် သားထံစေလွှတ်-မလွှတ် မေးပြန်သည်၊စာရင်းကိုင်ကလည်း စေလွှတ်ထားကြောင်း ဒုတိယစေလွှတ်သူလည်း ပြန်မလာ သေးကြောင်း ပြောပြသည်။

သူဌေးကြီးက နောက်တစ်ယောက်စေလွှတ်ခိုင်းပြန် ၍ စာရင်းကိုင်အမှုဆောင်က နောက်တစ်ယောက်စေလွှတ် ပြန်သည်။

သူဌေးသမီးသည် ယခင်လူများအတိုင်းပင် သတင်း စုံစမ်းမေးမြန်းသည်။

“သူဌေးကြီးသည် အနာရောဂါပြင်းထန်စွာခံစားနေ

ရပါသည်၊အစာအာဟာရပင် မဝင်တော့ပါ၊သေရာညောင်စောင်းလဲဖြစ်နေရပါပြီ၊သွေးများသွန်းနေသည်က တစ်အိုးပြီး တစ်အိုး လဲပေးနေရသည်မှာ မပြတ်ဖြစ်နေရပါသည်”

ထိုသတင်းစကားကိုကြားရသောအခါ သူဌေးသမီးသည် “ယခုအခါ သွားရန်သင့်ပြီ”ဟု ယောသကကိုအသိပေးလေသည်။

“အရှင်၏ဖခင်သည် မကျန်းမမာရောဂါစွဲကပ်နေပါသည်”

“ချစ်နှမ-အဘယ်သို့ပြောဆိုပါသနည်း”

“အသင်၏ဖခင်သည် မချမ်းမသာရောဂါဝေဒနာပြင်းစွာခံစားနေရပါသည်”

“ချစ်နှမ-အဘယ်သို့ပြုလုပ်ကြမည်နည်း”

“အရှင်ပိုင်စားရာရွာတစ်ရွာမှ လက်ဆောင်ပဏ္ဏာများယူဆောင်ပြီး ဖခင်ကိုသွားတွေ့ကြလျှင် ကောင်းပါမည်”

“ချစ်နှမ-ကောင်းပါပြီ”

ယောသကသည် လက်ဆောင်တို့ကို လှည်းများတွင်တင်ပြီး ကောသမ္ဗီပြည်သို့ထွက်ခဲ့သည်။

လမ်းခရီးတွင် သူဌေးသမီးက ယောသကကို-

“အရှင်-ကျွန်မတို့ ဤပဏ္ဏာကရလှည်းတွေနှင့်သွားနေလျှင် အချိန်ကြာလိမ့်မည်၊ဤလက်ဆောင်တွေကို ပြန်ထား

ပြီး ကိုယ့်ဘာသာကိုယ်သွားကြပါစို့၊ ဒါမှ ဖခင်ထံသို့အမြန်ရောက်ပါမည်”

ဟု အကြံပြုလေသည်၊ဃောသကကလည်းသဘောတူ၍လက်ဆောင်ပဏ္ဏာများကို ဆွေမျိုးအိမ်တစ်အိမ်၌ ထားစေပြီးဆက်လက်ထွက်ခွာခဲ့ကြလေသည်။

ကောသမ္ဗီပြည်သူဌေးကြီးအိမ်သို့ရောက်၍ သူဌေးကြီးထံဝင်တွေ့ချိန်ရောက်သော် သူဌေးသမီးကဃောသကကို-

“အရှင်-ဖခင်ထံတွေ့သည့်အခါ သင်က ဖခင်ခြေရင်းနံပါး၌နေပါ၊ကျွန်မက ဖခင်ခေါင်းရင်း၌နေပါမည်”

ဟု မှာကြားထားသည်။

မိမိနှင့်ပါလာသော အစောင့်အရှောက်များကိုလည်းသူဌေးကြီး၏အိမ်ပတ်ဝန်းကျင်မှ နေရာယူပြီးစောင့်ရှောက်နေကြရန် မှာကြားထားလေသည်။

သူဌေးကြီးသည် ပက်လက်အိပ်နေလေသည်၊အမှုဆောင်စာရင်းကိုင်သည် သူဌေးကြီး၏ခြေတို့ကို ဆုပ်နှယ်လျက်-

“အရှင်သူဌေးမင်း-အရှင့်သားရောက်လာပါပြီ”

ဟု ပြောကြားသည်။

“ဃောသကသည် အဘယ်မှာနည်း”

“အရှင့်သားသည် အရှင့်၏ခြေရင်း၌ ရပ်နေပါသည်”

သူဌေးကြီးသည် ယောသကကိုမြင်၍ စာရင်းကိုင်ကို ခေါ်ကာ-

"ငါပိုင်ဥစ္စာပစ္စည်းကား အဘယ်မျှရှိပါသနည်း" ဟု မေးသည်။

"အရှင်၏ရွှေငွေဟူသောဥစ္စာကား ကုဋေလေးဆယ် ရှိပါသည်၊နေ့စဉ်မပြတ် သုံးဆောင်ခံစားအပ်သော အဆောက် အဦးဘဏ္ဍာတို့၏ ပမာဏနှင့်လယ်ယာကျွဲနွားပိုင်စားရသော ရွာတို့က ဤမျှအတိုင်းအရှည်ရှိပါသည်"

ဤမျှအတိုင်းအရှည်ရှိသော ပစ္စည်းဥစ္စာတို့ကို ငါ၏ သားအား မပေးကမ်းဟု စိတ်ထဲကရည်ရွယ်ဆိုလိုက်သော် လည်း တကယ်တမ်းအသံထွက်လာသောအခါ "ပေးကမ်း" ဟု အသံထွက်မိလေသည်။

"ဤသူဌေးကြီးသည် တစ်ဖန်ပြောဆိုပြန်သည်ရှိသော် တစ်ပါးသောတစ်စုံတစ်ခုသောစကားကို ဆိုရာ၏" ဟုသူဌေးသမီးသည် စိုးရိမ်ပူပန်ခြင်းတို့ ကျင့်နှိပ်စက်ဘိသကဲ့ သို့ ဆံတို့ကိုကြဲဖြန့်လျက် ငိုမြည်တမ်းပြီးလျှင်-

"ဖခင်သူဌေး-အဘယ်သို့သောအကြောင်းကြောင့် ဤစကားကိုဆိုပါသလဲ"

"ဖခင်သူဌေး ဤမည်သောစကားကိုကြားရသည်မှာ ကျွန်မတို့အဖို့ ဘုန်းကျက်သရေမရှိပါ၊ ဖခင်သည် မသေနိုင်

သေးပါ"

ဟု ပြောဆိုပြီး ဦးခေါင်းဖြင့် သူဌေးကြီး၏ရင်ဝယ်၌ ပုတ်ခတ် တိုးဝှေ့ခြင်းကို ပြုလေသည်။

ထိုသို့ပြုသဖြင့် သူဌေးကြီးသည် နောက်ထပ်စကား မဟာနိုင်တော့ဘဲ ထိုသူဌေးသမီး၏ဦးခေါင်းဖြင့် တိုက်ခိုက်မှု ကြောင့်ပင် ကွယ်လွန်သွားရလေတော့သည်။

ကောသမ္ဘီသူဌေးကြီး ကွယ်လွန်သောသကင်းကို ဥတေနမင်းအား အကြောင်းကြားကြကုန်သည်၊မင်းကြီးက သူဌေးကြီး၏ရုပ်အလောင်းကို သူဌေးတို့၏အဆောင်အယောင် ဖြင့် ကောင်းမွန်စွာ မီးသင်္ဂြိုဟ်စေသည်။

သူဌေးကြီး၏အလောင်း သင်္ဂြိုဟ်ပြီးသောအခါ ဥတေနမင်းကြီးက သူဌေးကြီးထံတွင် သားထောက်သမီးခံရှိ- မရှိ မေးတော်မူရာ 'ဃောသက'ဟူသော သားတစ်ယောက် ရှိကြောင်း သတင်းပို့လျှောက်ထားကြသည်။

တစ်နေ့တွင် ဥတေနမင်းကြီးသည် ဃောသကကို နန်းတော်သို့ ဆင့်ခေါ်လေသည်။

ထိုခေါ်သောနေ့တွင် မိုးရွာထား၍ နန်းရင်ပြင်တွင် အချို့သောနေရာ၌ ရေအိုင်များ ဖြစ်ပေါ်နေလေသည်။

ဃောသကသည် မင်းကြီး၏အမိန့်အရ မင်းကြီးကို ဖူးမြော်ရန်နန်းတော်သို့လာစဉ် မင်းကြီးသည် လေသာပြတင်း

ကိုဖွင့်၍ ယောသကအလာကို အမှတ်မထင် စောင့်မျှော်ကြည့်ရှုနေမိသည်။

ယောကသည် မင်းရင်ပြင်မှရေအိုင်များကိုခုန်ကျော်လွှား၍လာသည်ကို မင်းကြီးက မြင်တော်မူသည်။

ယောသကလုလင် မိမိရှေ့ရောက်၍ ရှိခိုးဦးချနေသောအခါ မင်းကြီးက-

"အမောင်လုလင်သည် ယောသက အမည်ရှိသောသူငယ်လား"

ဟု မေးသည်။

"အရှင်မင်းကြီး-မှန်ပါသည်"

"အမောင်လုလင် သင့်ဖခင်သေဆုံးသွားပြီဟု ငါ့အားလျှောက်ထားကြသည်၊သင်သည်မစိုးရိမ်လင့်၊ အသင်ဖခင်၏အမွေဖြစ်သော သူဌေး၏အရာကို အသင့်အားသာလျှင်ငါပေးမည်"

ဟု မင်းကြီးက ယောသကကို သက်သာရစေကြောင်းစကားကိုမိန့်ကြားပြီး ယောသကကို ပြန်လွှတ်လိုက်လေသည်။

မင်းကြီးသည် ပြန်သွားသော ယောသကကို လှမ်းမျှော်ကြည့်ပြန်သည်။

ယောသကသည်လာစဉ်က ခုန်ကျော်ခဲ့သောရေအိုင်များကို မခုန်ကျော်တော့ဘဲ ရေအိုင်ထဲမှဆင်း၍ လျှောက်

လေသည်၊ထိုအခြင်းအရာကို မင်းကြီးကမြင်၍ ယောသကကို ချက်ချင်းပြန်ခေါ်ကာ-

"အမောင်လုလင်-အသို့နည်း၊အသင်သည် ငါ၏ထံသို့လာစဉ်က ရေအိုင်ငယ်များကိုခုန်လွှား၍ လာခဲ့သည်၊ပြန်သွားသောအခါ၌ ထိုသို့မခုန်တော့ဘဲ သက်ဆင်း၍သွား၏၊ အကြောင်းမည်သို့နည်း"

ဟု မေးသည်။

"အရှင်မင်းကြီး ဟုတ်ပါ၏၊ ယခင် ကျွန်ုပ်မင်းကြီးထံလာစဉ်ကကလေးသူငယ်ဖြစ်သောကြောင့် ကစားခုန်လွှား၍ လာခဲ့သည်၊မင်းကြီးထံအပြန်တွင်မူ မင်းကြီးက ရာထူးဌာနန္တရ ပေးသနားရန် မိန့်ကြားထား၍ ရှေးက ကလေးအပြုအမူကျင့်ရန် မသင့်တော်တော့၍ သိမ်မွေ့နူးညံ့စွာ ပြုမူဆောင်ရွက်ရန် သင့်တော်သည် ဟုကြံစည်မိပြီး ရေအိုင်ကို ခုန်မကျော်တော့ဘဲ သက်ဆင်းသွားပါသည်ဘုရား"

"ဤယောက်ျားသည်ကား ပညာရှိလှပေ၏၊ ယခုပင်လျှင် သူ့အား သူဌေးရာထူးကိုပေးအံ့"

မင်းကြီးသည် ဤသို့ကြံစည်မိပြီး သဘောကျလှသောကြောင့် အဖသုံးဆောင်အပ်သော စည်းစိမ်ချမ်းသာနှင့် အဆောင်အယောင်တို့ကို ပေးသနားချီးမြှင့်လိုက်လေသည်။

ယောသကသူဌေးသည် ရထား၌ စီးနင်းလျက် မြို့ကို

လက်ျာရစ်လှည့်လှည်သည်ကို ပြုသည်။

ယောသကသူဌေး၏ကြည့်ရှုတိုင်း-ကြည့်ရှုတိုင်းသော အရပ်သည် တုန်လှုပ်လေသည်။

သူဌေးကတော်သည် ကာဠီမည်သော ကျွန်မနှင့် အတူ စကားစပ်တိုင်းပြောဆိုနေမိကြသည်။

"မိခင် ကာဠီ အသင်မွေးမြူအပ်သော အသင်သား ယောသကအား ဤမျှအတိုင်းအတာရှိသော စည်းစိမ်ချမ်းသာကိုခံစားရသည်မှာ ကျွန်မကိုအကြောင်းပြု၍ ရရှိခံစားရပါသည်"

"အရှင်မ-အဘယ်အကြောင်းကြောင့်ပါနည်း"

"ဤသူသည် မိမိအားသတ်စေအပ်သော ကမ္ဗည်းစာကို ပုဆိုးစွန်း၌ချည်လျက် ငါတို့အိမ်သို့ရောက်လာသည်၊ ထိုအခါငါသည် ထိုကမ္ဗည်းစာကိုဆုတ်ဖြဲလျက် ငါနှင့်လက်ထပ်ပေးရန် ကမ္ဗည်းသာ အသစ်ရေးပေးပြီး ဆောင်ရွက်ခဲ့၍ယခု ငါနှင့်လက်ထပ်ခဲ့ရပြီး ငါကပင် အစောင့်အရှောက်ပြုလုပ်ခဲ့ရသည်"

သူဌေးသမီးက မိမိဆောင်ရွက်ခဲ့ပုံအကြောင်းစုံကို ပြန်လည်ရှင်းပြ ပြောပြသည်။

"ချစ်သမီး-ဤလုလင်ကို ငယ်စဉ်ကပင် အကြိမ်ကြိမ် သတ်ခဲ့သည်၊သတ်၍မရခဲ့ပါ၊ သူဌေးကြီးမှာ သူ့ကိုသတ်ရန်

ငွေကြေးများစွာအကုန်ခံကာ ဆောင်ရွက်ခဲ့ပါသည်”

ကာဠိကျွန်မကလည်း ဃောသကငယ်စဉ်က ဖခင်သူဌေးကြီး သတ်ခိုင်းပုံအလုံးစုံကို ပြောပြသည်။

“မိခင် ထိုသို့ဆိုက သူဌေးကြီးသည် အလွန်ဝန်လေးသောအမှုကို ပြုခဲ့လေသည်တကား”

သူဌေးသမီးသည် ဤသို့ပြောဆိုပြီးနောက် မြို့ကိုလှည့်ပြီး၍ အိမ်ထဲသို့ဝင်လာသော ဃောသကကိုတွေ့လျှင်-

“ဤမျှလောက်သောစည်းစိမ်ချမ်းသာသည် ငါ့ကိုအမှီပြု၍ ဖြစ်ရလေသည်”

ဟု ဟက်ဟက်ပက်ပက် ရယ်မောပြောဆိုလေသည်။

“ချစ်နှမ-သင် အဘယ့်ကြောင့် ဟက်ဟက်ပက်ပက်ရယ်မောနေရပါသလဲ”

“တစ်စုံတစ်ခုသောအကြောင်းကို အမှီပြု၍ ရယ်မောနေမိပါသည်”

“ထိုအကြောင်းကိုစုံစမ်းပါဦး”

သူမသည် ဘာမျှမပြောမဆိုဘဲနေလေသည်၊ထိုသို့မပြောမဆိုနေသည့်အတွက် ဃောသကသည် အမျက်ထွက်ကာ-

“သင်သည်အကယ်၍ မပြောမဆိုဘဲနေသည်ဖြစ်အံ့၊ အသင့်ကို နှစ်ပိုင်းနှစ်ဖြာ သတ်ဖြတ်အံ့”

ဟု ဆိုကာ သံလျက်ကိုဆွဲကိုင်ငင်ထုတ်လေသည်။

"အရှင်-အသင်သည် ဤမျှအတိုင်းအရှည်ရှိသော စည်းစိမ်ချမ်းသာကို ငါ့အားအမှီပြု၍သာ ရခဲ့လေသည်ဟု ကြံစည်ဆင်ခြင်မိသောကြောင့် ရယ်ရွှင်မိပါသည်"

"နှမ-ငါ့ဖခင်သေ၍ ဤဥစ္စာပစ္စည်းများကို ငါ့ဖခင်က ငါ့ကို ပေးအပ်နှင်းလေသည်၊ဤသို့ပေးအပ်ဆောင်နှင်းရာ၌ အသင်ပြုအပ်သော လုံ့လဝီရိယကား အဘယ်နည်း"

ဃောသကသူဌေးသားသည် မိမိအသတ်ခံရသော အဖြစ်အပျက်အလုံးစုံကိုမသိခဲ့၍ ထိုသူဌေးသမီး၏စကားကို မယုံကြည်ချေ။

သူဌေးကြီးသည် ကမ္ဘည်းစာအကြောင်းမှစ၍ အလုံးစုံသောအကြောင်းစုံကိုပြောပြသည်။

အသင်သည် မဟုတ်မမှန်သောစကားကို ပြောဆိုလေသည်"

ဟု ဃောသက-ကပြောပြီး မယုံကြည်သောကြောင့် မိခင်ကာဠီကိုမေးအံ့ ဟုကြံစည်ကာမိခင်ကာဠီကို-

"မိခင် ကျွန်ုပ်၏ဖခင်ဖြစ်သော သူဌေးသည် ဤသို့သောအမှုကိုပြုသူဟူသည် မှန်ပါသလော"

ဟု မေးလေသည်။

"ချစ်သား၊ ဟုတ်ပေ၏"

ကာဠိက ငယ်စဉ်က သူဌေးကြီးသတ်ဖြတ်ရန်ကြံစည်ခဲ့ပုံနှင့်သေဘေးမှလွတ်ခဲ့ပုံအကြောင်းစုံကိုပြောပြလေသည်၊ ဃောသကသည်အကြောင်းစုံကိုသိလျှင်-

"ဤအမှုသည်ကား စင်စစ် ဝန်လေးစွတကား၊ဤသို့သဘောရှိသော သေဘေးမှင့်ါအား မေ့လျော့သောအားဖြင့်အသက်ကိုကြာရှည်စွာတည်နေခြင်းငှာ မလျောက်ပတ်၊မမေ့မလျော့ဘဲနေမှ သင့်ပေမည်"

ဟု ကြံကာ တစ်နေ့လျှင် အသပြာတစ်ထောင်စွန့်လွှတ်ပြီးလျှင်-ခရီးသွားနှင့်အထီးကျန်သောသူတို့အား အမြဲလှူဒါန်းမှုပြုလေသည်။

ဃောသကသည် အလှူဝတ်ကို မိတ္တအမည်ရှိသောသူကြွယ်က ဦးဆောင်စီရင်ပြီး လှူဒါန်းပေးလေသည်။

ဤသို့လျှင် ဃောသကသူဌေးကြီး၏သေဘေးမှအကြိမ်ကြိမ်လွတ်မြောက်မှုနှင့် သူဌေးကြီးဘဝရောက်ရပုံဘဝဇာတ်လမ်းစုံသည် ဂေါတမဘုရားရှင်၏သာသနာဝင်မှတ်တမ်းတွင်အံ့ဩထူးဆန်းဖွယ်ဘဝဇာတ်လမ်းအဖြစ် မှတ်တမ်းတင်ကျန်ရစ်ခဲ့ပါတော့သည်။

*********

# အံ့ဖွယ်အနှိုင်းမဲ့မေတ္တာရှင်

ထွန်းခဲမှုရှေတုံးဖြစ်ပြီး ချမ်းသာကြွယ်ဝခဲ့သောပုဏ္ဏသီဟသူဌေးကြီး၌ ဥတ္တရာအမည်ရှိသောသမီးတစ်ယောက်ရှိလေသည်။

ထိုသမီးအရွယ်ရောက်သော် ယခင်က ပုဏ္ဏသီဟလယ်ကျွန်ဘဝက ပိုင်ရှင်သူဌေးဖြစ်သော သုမနသူဌေးသည် မိမိ၏သားနှင့်ဥတ္တရာကို ပေးစားထိမ်းမြားလိုကြောင်း ကမ်းလှမ်းလာသည်။

သုမနသူဌေးမိသားစုသည် မိစ္ဆာဒိဋ္ဌိအယူရှိကြသူများဖြစ်၍ ပုဏ္ဏသီဟသူဌေးက မိမိ၏သမီးနှင့်မပေးစားမထိမ်းမြားလိုချေ၊ သို့အတွက် မိမိ၏သမီးနှင့် မပေးစားနိုင်ကြောင်း စကားပြတ်ဖြင့် ပြန်ကြားလိုက်သည်။

သုမနသူဌေးသည် ယခင်က ပိုင်ရှင်ဖြစ်ခဲ့ဖူးသော မာန်၊ သူဌေးမာန်ဖြင့်မခံမရပ်နိုင်ဖြစ်ကာ-

"သင်သည် ယခင်က ငါ၏အိမ်ကိုမှီ၍ နေသွားပြီးမှ ယခုအခါ အစိုးရသူအထက်တန်းစား သူဌေးဖြစ်သွား၍ ငါ့အပေါ် မာန်တက်ကာသမီးကိုမပေးစားလိုသလော"

ဟု တုံ့ပြန်စကားပို့လေသည်။

ပုဏ္ဏသီဟသူဌေးကလည်း အညံ့မခံဘဲ သတင်းပို့လာသူကို-

"အမောင်တို့၏သုမနသူဌေးကား ယခုမချေမငံ စကားကို ပြောကြားလိုက်သည်မှာ-သဘာဝဟုတ်မှန်သည်ကို ပင်ပြောကြားဦးတော့၊ မင်းယောက်ျားမည်သည်ကိုအခါခပ်သိမ်း သူဆင်းရဲဖြစ်နေရမည်ဟု မမှတ်ယူသင့်ပါ၊ယခုအခါ ငါတို့သည် မင်းတို့ဆရာသုမနသူဌေးကဲ့သို့သော ပုဂ္ဂိုလ်များကို ကျွန်ပြုလုပ်၍ သိမ်းယူခြင်းငှာပင် စွမ်းနိုင်ပါသည်၊ငါသည် သင်တို့ဆရာ သုမနသူဌေး၏မျိုးရိုးဇာတိအနွယ်ကို ဖျက်လို ဖျက်ငြားပြောကြားသည်မဟုတ်ပါ၊အမှန်ပြောရလျှင် ငါ့သမီးသည် သောတာပန်အရိယာ မြတ်စွာဘုရားရှင်၏ တပည့်မဖြစ်နေသည့်အတွက် နေ့စဉ်နေ့စဉ် အသပြာတစ်ကျပ်တန်ပန်းတို့ဖြင့် ရတနာသုံးပါးအား ပူဇော်မှုပြုနေသူ ဖြစ်သည် ငါ၏ သမီးကို သင်တို့၏ မိစ္ဆာဒိဋ္ဌိအယူရှိသောသူ၏အိမ်သို့ အ ဂယ်

နည်းမျှ မပို့သနိုင်၊ မပေးစားနိုင်ပါ"
ဟု တင်းတင်းမာမာပင် ပြန်လည်ပြောကြားလိုက်သည်။

သုမနသူဌေးသည် ပုဏ္ဏသီဟသူဌေး၏တင်းမာသော အဖြစ်ကိုသိရလေလျှင် လေပျော့အလျော့ပေးကာ-

"ရှိရင်းစွဲဖြစ်သော ခင်မင်ရင်းနှီးမှုကို မဖျက်ဆီးစေချင်ပါ။ငါသည် ငါ့ချွေးမအတွက် နေ့စဉ်နေ့စဉ်အသပြာနှစ်ကျပ်တစ်ပန်းတို့ကို စီမံပေးပါမည်"
ဟု တောင်းပန်စကားဆိုပြီး သတင်းတစ်ဖန် ပို့စေပြန်ပါသည်။

ထိုအခါကျမှ ပုဏ္ဏသီဟသူဌေးသည် ကျေးဇူးသိတတ်သူ၊ ကျေးဇူးတရားမမေ့တတ်သူပီပီ သမီးကို သုမနသူဌေးသားနှင့်ထိမ်းမြားပေးရန်သဘောတူလိုက်လေသည်။

မကြာခင် သုမနသူဌေးသားနှင့်ပုဏ္ဏသီဟသူဌေး၏ သမီးဥတ္တရာတို့ကို ခမ်းနားစွာမင်္ဂလာဆောင်၍ ဥတ္တရာကို သုမနအိမ်သို့ ပို့ဆောင်ပေးလေသည်။

ဤသို့ထိမ်းမြားပြီးနောက် တစ်နေ့သောအချိန်ဝယ် ဥတ္တရာသည် မိမိ၏အရှင်သခင် လင်ဖြစ်သောနန္ဒကို-

"အရှင်-ကျွန်မသည် မိဘအိမ်ဝယ် တစ်လလျှင် ရှစ်သီတင်းအမြဲမပြတ်ရှစ်ပါးသီလစောင့်သုံးခဲ့ပါသည်၊ ယခုအခါ အရှင်တို့က သဘောတူလက်ခံပါလျှင် ရှစ်ပါးသီလဥပုသ်ကို ခံယူဆောက်တည်ကျင့်သုံးလိုပါသည်"

ဟု သာယာပျော့ပျောင်းစွာဖြင့် တိုးလျှိုးတောင်းပန်ပန်ကြားသည်။

သူဌေးသားသည် ခွင့်မပြုနိုင်ဟု အပြတ်ပင် ငြင်းဆိုလိုက်လေသည်။

ဥတ္တရာသည် သူဌေးသားကို အသိမှန် အမြင်မှန်ရစေရန် မတတ်နိုင်ရှာသည်ဖြစ်၍ ဆိတ်ဆိတ်သာနေခဲ့ရလေသည်၊နောင်တစ်ကြိမ်ဝါတွင်း၌ ဥပုသ်စောင့်ထိန်းရန် ကြိုးပမ်းမည် ဟုကြံစည်၍ နေလေသည်။

ဝါတွင်းရောက်၍ ဥပုသ်စောင့်ရန်သူဌေးသားထံ ထပ်မံ၍ခွင့်တောင်းပြန်ရာ သူဌေးသားကခွင့်မပြုပြန်ချေ။

ဥတ္တရာသည် ဝါတွင်းသုံးလအနက် နှစ်လခွဲလွန်မြောက်၍ (၁၅)ရက်သာကျန်ပြီးသော် မိဘတို့ထံ သတင်းစကားပို့လိုက်သည်။

"မိခင်-ဖခင်တို့ သမီးကို အိမ်ထောင်တည်းဟူသော လှောင်အိမ်အတွင်းသွင်းထားခဲ့၍ ဤမျှရှည်ကြာသောကာလအတွင်း၌ တစ်ရက်တာမျှပင် ဥပုသ်သီလတို့ကို ဆောက်တည်ကျင့်သုံးခွင့်မရခဲ့ပါ၊သမီးထံသို့ အသပြာတစ်သောင်းငါးထောင်တို့ကို ပို့ပေးလိုက်စေလိုပါသည်။

မိဘတို့သည် သမီးထံမှ သတင်းစကားကိုကြားရလျှင် ဘာကြောင့်ငွေတောင်းရသည်ကိုပင် မစိစစ်မမေးမြန်းတော့

ဘဲ သမီးတောင်းသောငွေကို ပို့ပေးလိုက်သည်။

ဥတ္တရာသည် မိဘထံမှ ငွေရသော် ရာဇဂြိုဟ်မြို့ရှိ ဆရာဇီဝက၏နှမ နာမည်ကြီးပြည့်တန်ဆာ သီရိမာကို ခေါ်ယူကာ-

“အမိသီရိမာ-ငါသည် ဤလဝယ် (၁၅)ရက်ပတ်လုံး ဥပုသ်သီတင်းဆောက်တည်ကျင့်သုံးလိုပါသည်၊ အမိသည် ဤအသပြာတစ်သောင်းငါးထောင်ကိုယူ၍ ဤလဝက်ကာလ ပတ်လုံး ငါ၏အရှင်သူမြေးသားကို ပြုစုစောင့်ရှောက်ဖျော်ဖြေပေးစေချင်ပါသည်”

ဟု ပြောပြသည်။

သီရိမာသည် ဥတ္တရာ၏ပြောကြားချက်ကို လက်ခံသဘောတူလေသည်၊ဥတ္တရာသည် ထိုအကြောင်းကို မိမိအရှင်သူမြေးသားကိုပြောပြပြီး ဥပုသ်သီတင်းစောင့်ရန်ခွင့်ပန်ပြန်လေသည်။

ငါ့အား အချောအလှ သီရိမာနှင့်လဝက်အတူတကွ ပျော်ပါးစွာနေရတော့မည်၊ကောင်းလေစွ”

ဟု နှစ်ခြိုက်သဘောကျကာ ဥတ္တရာ၏ခွင့်ပန်မှုကို ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုလိုက်လေသည်။

ဥတ္တရာသည် မိမိ၏အရှင်သူမြေးသား၏ခွင့်ပြုချက်ကိုရလာသောအခါ နေ့စဉ်နေ့တိုင်းစောစောထ၍ ကျွန်မများ

ဖြင့် ခြံရံလျက် ကိုယ်တိုင်ကိုယ်ကျ ခဲဖွယ်ဘောဇဉ်များကို စီမံပြီးလျှင် ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းဆက်ကပ်သည်၊သီလခံယူသည်၊ဘုရားရှင်ပြန်ကြွသော် မြတ်သောပြဿာဒ်ထက်သို့တက်ပြီး မိမိ၏သီလတို့ကို ဆင်ခြင်တော်မူလျက် နေထိုင်လေသည်။

ဤသို့ဖြင့် နေ့စဉ်ဆွမ်းကပ် သီလဆောက်တည်နေခဲ့ရာ (၁၅)ရက်လွန်မြောက်၍ သီတင်းကျွတ်လပြည့်ကျော်(၁)ရက်နေ့ ရောက်ခဲ့သည်။

ဥတ္တရာသည် ထိုနေ့နံနက်တွင်လည်း ထုံးစံအတိုင်းပင် အခြံအရံများခြံရံလျက် စောစောစီးစီးပင် ယာဂုခဲဖွယ်တို့ကို ကိုယ်တိုင်ချက်ပြုတ်စီမံနေလေသည်။

ထိုအချိန်ဝယ် သူဌေးသားသည် သီရိမာနှင့်အတူတကွပြဿာဒ်ထက်ဝယ် ပျော်ပါးနေရာကနေပြီး နှစ်ယောက်အတူလေသာပြဲတင်းသို့လာကာ အိမ်ဝိုင်းအတွင်း လှမ်းကြည့်မိကြလေသည်။

ထိုအခိုက်မှာပင် ဥတ္တရာကလည်း အိမ်ဘက်လေသာပြတင်းသို့ လှမ်းမျှော်ကြည့်မိရာ အကြည့်ချင်းဆုံမိသွားကြလေသည်။

"ဤဥတ္တရာသည် ငရဲသူမသဘောရှိစွတကား၊ဤသို့သဘောရှိသော သူဌေးမစည်းစိမ်ကိုစွန့်ပယ်၍ ထမင်းအိုး၊

ဟင်းအိုး၊မီးသွေးမင်များဖြင့် လူးလဲပေညစ်ကာ အကြောင်းမဲ့ ကျွန်မတို့၏အကြား၌ ဟိုသွားဒီသွားလှည့်လှည်ကျက်စားနေဘိ၏”

ဟု ကြံစည်အောက်မေ့ကာ ဥတ္တရာကိုငေးမောစိုက်ကြည့်ရင်း ပြုံးရွှင်မှုပြုလေသည်။

ဥတ္တရာကလည်း သူဌေးသားမှာ သီရိမာနှင့်ပျော်မွေ့ပြီး ကုသိုလ်ကောင်းမှုပြုရန် မေ့နေသည်ကိုကြံစည်ဆင်ခြင်ပြီး-

“ဤသူမိုက်သည်ကား မိမိ၏စည်းစိမ်သည် အခါခပ်သိမ်းတည်နေလိမ့်မည် ဟု မှတ်ထင်နေပေလိမ့်သည်”

ဟု ပြုံးရယ်မှုပြုလေသည်။

သီရိမာသည်ဥတ္တရာနှင့်သူဌေးသားနန္ဒတို့ တစ်ဦးနှင့် တစ်ဦးကြည့်ကာ ပြုံးရယ်သည်ကိုမြင်သောအခါ ဥတ္တရာအပေါ်၌မနာလိုဝန်တိုစိတ်ဖြစ်မိလေသည်၊မိမိကိုယ်ကိုမိမိ သူဌေးသားနန္ဒာ၏မယားအစစ်ဟု သတိလက်လွတ်ဖြစ်ကာ ထင်မှတ်နေမိသည်။

“ဤဥတ္တရာကား ငါရှိလျက်ပင် ငါ့ရှေ့မှာ ပြုံးပြုံးရယ်ရယ်ပြုနေဘိသည်”

ဟု အမျက်ထွက်ကာ အောက်ထပ်သို့ကပျာကယာပြေးဆင်းလာခဲ့လေသည်။

ဥတ္တရာသည် ဒေါနှင့်မောနှင့် မိမိထံပြေးဆင်းလာသောသီရိမာကိုမြင်ပြီး-

"ဤသူငယ်မသည် လဝက်မျှ ဤအိမ်၌ ငါ့ယောက်ျားနှင့်နေရသည်ကို ငါ့အိမ်-ငါ့လင် ဟု ထင်မှတ်နေဟန်ရှိသည်၊ သို့သော် ဘာပဲပြောပြော သူကူညီခဲ့လို့ လဝက်ဥပုသ်သီတင်းစောင့်နိုင်သည်၊ သူမသည် ငါ့အတွက် အလွန်ကျေးဇူးကြီးမားသူ ဖြစ်သည်"

ဟု စဉ်းစားဆင်ခြင်ပြီး ဒေါသနှင့်ပြေးဆင်းလာသော သီရိမာအပေါ် ဒေါသမထွက်ဘဲ မေတ္တာအပ္ပနာစျာန်ကို ဝင်စားကာ အိန္ဒြေမပျက် ရပ်တည်လျက်သာ နေလေသည်။

သီရိမာသည်ကျွန်မတွေကြားက ဖြတ်ကျော်ဝင်ကာ ယောက်ချိုတစ်ခုကိုဆွဲယူပြီးလျှင် မုန့်ကြော်ရန်ကြိုက်ကြိုက်ဆူနေသောဆီကိုခပ်ယူပြီး ဥတ္တရာ၏ခေါင်းပေါ်မှ တအားလောင်းချလိုက်လေသည်။

ဥတ္တရာသည် မေတ္တာစျာန် ဖြန့်ကျက်ထားသောကြောင့် ခေါင်းပေါ်သို့လောင်းချလိုက်သော ပွက်ပွက်ဆူနေသောဆီသည် ပဒုမ္မာကြာရွက်ပေါ်၌ လောင်းချလိုက်သောရေကဲ့သို့ အံ့သြထူးဆန်းစွာ လျှောကျသွားလေသည်၊ ဥတ္တရာအား လုံးဝအပူလောင်မှုမရှိချေ။

သီရိမာသည် ဒုတိယအကြိမ်လောင်းချရန် ဆီများကို

ခပ်ယူနေစဉ် ဥတ္တရာ၏အခြံအရံများသည် သီရိမာကို-

"ဟယ်-ကျွန်မ၊ သင်သည်ကား ငါတို့၏အရှင်မထံမှ အဖိုးအခကိုယူ၍ လာနေသူဖြစ်လျက် ဤအိမ်ဝယ် (၁၅)ရက်တာမျှ အနေကြာရသည်ဖြစ်၍ ငါတို့၏အရှင်မနှင့်တူမျှသူဖြစ်အောင် အားထုတ်နေရော့သလား"

ရေရွတ်ပြောဆိုကာ သီရိမာကို ဝိုင်းဝန်းပြောဆိုပြီးထုနှက်ရိုက်ကြလေသည်။

ဥတ္တရာသည် မိမိ၏အခြံအရံများကို သီရိမာအား မရိုက်နှက်ကြရန် မေတ္တာရပ်ခံပြောကြားသည်။ပြီးလျှင် သီရိမာကို ယုယုယယပြုစုပေးလေသည်။

ထိုအခါကျမှ မေ့လျော့မာန်တက်မိသော သီရိမာသည် မိမိ၏ဘာဝအမှန်ကိုသိရှိကာထိုနေရာမှာပင် ဥတ္တရာ၏ခြေရင်း၌ဝပ်ဆင်းပြီး-

"အရှင်မ-ကျွန်တော်မသည် မစူးစမ်းမဆင်ခြင်ပြုမှားခဲ့ပါပြီ၊ကျွန်မအား သည်းခံပေးပါ"

ဟု တောင်းပန်ဝန်ချစကားပြောဆိုလေသည်။

"အမိသီရိမာ- ငါက သင့်အား ဤနေရာ၌ အကန်တော့မခံနိုင်ပါ၊ ငါကား ဖခင်ရှိသောသမီးဖြစ်သည်၊မြတ်စွာဘုရားရှင်ဟူသော ငါ၏ဖခင်ကိုကန်တော့၍ငါ့ဖခင်က သည်းခံပါမှ ငါကသည်းခံပေအံ့"

ဟု ပြောကြားလေသည်။

ထိုခဏမှာပင် ဘုရားရှင်သည် ရဟန်းအပေါင်းခြံရံလျက် ဥတ္တရာ၏ အိမ်သို့ ဆွမ်းအလို့ငှာကြွလာပြီး အသင့်ခင်းထားသောနေရာ၌ ထိုင်တော်မူလေသည်။

ထိုအခါ ဥတ္တရာသည် သီရိမာကို ဘုရားရှင်ထံသို့ ခေါ်သွားသည်၊သီရိမာသည် ဘုရားရှင်၏ခြေတော်ရင်း၌ ဝပ်ဆင်းကာ-

"မြတ်စွာဘုရားသည် တပည့်တော်မသည် ဥတ္တရာအပေါ်၌ အပြစ်တစ်ခုကျူးလွန်မိခဲ့ပါသည်၊ထိုအပြစ်ကို အရှင်ဘုရားက သည်းခံပါမှ သူမကတပည့်တော်ကို သည်းခံမည်ဟုပြောပါသည်၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား တပည့်တော်မအား သည်းခံခွင့်လွှတ်တော်မူပါ ဘုရား"

ဟု တောင်းပန်လျှောက်ထားလေသည်။

"သီရိမာ-သင့်အား ငါဘုရားသည်းခံ၏"

ဘုရားရှင်က ဤသို့မိန့်ကြားသောအခါ သီရိမာသည် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးလျှင် ဥတ္တရာကိုလည်း ချက်ချင်းကန်တော့ပြီး သည်းခံစေပါသည်။

ထို့နောက် ဘုရားရှင်သည် ဥတ္တရာ၏ဆွမ်းကိုဘုဉ်းပေးပြီးနောက် ဆွမ်းအနုမောဒနာတရားဟောတော်မူရာ-

"အမျက်ထွက်သူကို မေတ္တာလက်နက်သုံး၍ အောင်

မြင်ရာ၏၊သူယုတ်မာကို သူတော်ကောင်းနှလုံးစိတ်မွေ့း၍ အောင်မြင်ရာ၏၊မပေးမလှူသူကို ကိုယ်ကစွန့်ကြဲပေးကမ်း လှူဒါန်းသဖြင့် အောင်ရာ၏၊မမှန်စကားပြောသူကို အမှန် စကားပြောကြားသဖြင့် အောင်ရာ၏"

ဘုရားရှင်၏ ဤတရားဂါထာအဆုံး၀ယ် သီရိမာ သည သောတာပတ္တိဖိုလ်၌တည်သော အရိယာဖြစ်လေ သည်။

နောက်နေ့တွင် ဘုရားအမှူးရှိသော သံဃာတော်များ ကို သီရိမာက ဆွမ်းပင့်ဖိတ်၍ ကျွေးမွေးလှူဒါန်းလေသည်။

ပွက်ပွက်ဆူနေသောဆီပူဖြင့် လောင်းချသော်လည်း ဆီပူမလောင် အေးမြသောရေအသွင်လောင်းချခံရသကဲ့သို့ ထူးဆန်းအံ့သြဖွယ်ကောင်းသောမေတ္တာဓာတ်နှင့်ထိုမေတ္တာ ဓာတ်ကိုကျင့်သုံးသော ဥတ္တရာ၏ဘ၀အဖြစ်အပျက်ဇာတ် လမ်းသည် ဗုဒ္ဓဘုရားရှင်၏သာသနာသမိုင်း၀ယ်အံ့ဖွယ်ဖြစ် စဉ် ဘ၀ဇာတ်လမ်းအဖြစ် မှတ်တမ်းတင်ကျန်ရစ်ခဲ့ရပါတော့ သည်။

*********

# ပေါင်သားလှီးဖြတ်ယာဂုဆွမ်းကပ်သော အံ့ဖွယ်အလှူရှင်

မြတ်စွာဘုရားရှင်သည် ဗာရဏသီပြည်ဣသိပတန မိဂဒါဝုန်ကျောင်းတိုက်ကြီး၌ ရဟန်းအပေါင်းနှင့်အတူတကွ သီတင်းသုံးနေထိုင်ချိန် ဖြစ်သည်။

ထိုအချိန်ဝယ် ဗာရဏသီပြည်၌ သုပ္ပိယအမည်ရှိသောသူဌေးကတော်သည် ဘုရားရှင်ထံသို့ ပထမအကြိမ်တရားနာသွားခဲ့ပြီး ထိုပထမအကြိမ်မှာပင် သောတာပတ္တိဖိုလ်၌တည်ပြီး သောတာပန်အရိယာမဖြစ်လေသည်။

တစ်နေ့တွင် သုပ္ပိယဥပါသိကာမသည် ဝမ်းလျောဆေးစားထား၍ အားပျော့ကာ မကျန်းမမာဖြစ်နေသည့် ရဟန်းတစ်ပါးကို ဖူးတွေ့ရ၍ ထိုရဟန်းထံသို့သွားကာ ရှိခိုးပြီး အကျိုးအကြောင်း လျှောက်ထားလေသည်။

"အရှင်ဘုရား၏ကျန်းမာရေးအတွက် အဘယ်အရာကိုရလျှင် သင့်တော်ပါမည်နည်း ဘုရား"

"ဒါယကာမကြီး အသားစွပ်ပြုတ်ရည်ရက သင့်တော်မည် ထင်ပါသည်"

"အရှင်ဘုရား မပူပါလင့်၊ တပည့်တော်မပို့ပေးလိုက်ပါမည်ဘုရား"

သုပ္ပိယဥပါသိကာမသည်ရဟန်းတော်အား ဤသို့လျှောက်ထားပြီးအိမ်သို့ပြန်လာကာ ကျွန်ကိုဈေးသို့စေလွှတ်၍ ရာရာ ပွံ့သကူအသားကိုဝယ်ယူခိုင်းလိုက်လေသည်။

ကျွန်မသည် တစ်မြို့လုံးဈေးစုံသို့သွားကာ ပွံ့သကူအသားကိုရှာရာ ရှာမရ၍ သုပ္ပိယဥပါသိကာမထံပြန်လာပြီးအသားမရကြောင်း ပြန်ပြောပြလေသည်။

"ငါကား ရဟန်းအရှင်မြတ်အတွက် သားမျိုးဟင်းရည်ကိုပို့ပေးမည်ဟု လျှောက်ထားခဲ့ပြီးမှ ပွံ့သကူအသားကိုမရသဖြင့် မပို့သဘဲနေလျှင် အရှင်မြတ်သည် အခြားမှလည်းသားမျိုးဟင်းရည်မရ၍ ဆင်းရဲငြိုငြင်ပင်ပန်းရှာတော့မည်၊ ငါသည် တစ်စုံတစ်ရာကိုရအောင်ပြု၍ ပို့ပေးမှသင့်မည်"

သုပ္ပိယဥပါသိကာမသည် ဤသို့စဉ်းစားပြီးလျှင် အိမ်ခန်းတွင်းသို့ဝင်ကာ မိမိ၏ပေါင်သားကိုဖြတ်လှီးလိုက်ပြီးလျှင် အိမ်စေကျွန်မအား-

"ကျွန်မ-ဤအသားကိုယူ၍ ဟင်းချိုရရင် ဆိုင်ရာ ငရုတ်၊ကြက်သွန်၊ဇီယာ၊ကရဝေ စသည်တို့နှင့်ရောစပ်၍ သား မျိုးဟင်းရည်ကို အမြန်ပြုလုပ်ပါ၊ ပြီးလျှင် ထိုဟင်းရည်ကို မိဂဒါဝုန်ကျောင်းတိုက်ရှိ ဂီလာနရဟန်းထံသွားပို့ပေးပါ၊ငါ့ကို အကယ်၍မေးအံ့၊ နေမကောင်း၍နေခဲ့ကြောင်း လျှောက်ထား ပေးပါ"

ဟု မှာကြားပြီး စေခိုင်းလိုက်သည်။

သို့တွက် ကျွန်မသည် သုပ္ပိယဥပါသကာမ ပြောဆို သည့်အတိုင်း ဆောင်ရွက်ပြီး ရဟန်းထံသို့ ပို့ပေးလေသည်။

သုပ္ပိယဥပါသိကာမ၏ အံ့မခန်းသော စေတနာသဒ္ဓါ တရားကား အနှိုင်းအဆပင် မရှိနိုင်ပါချေ။

လူသားတို့လျှုနိုင်ခဲသော မိမိအသွေးအသားကို ဖြတ် တောက်လှူမှုဟူသည် ပြုလုပ်နိုင်ခဲသော အရာဖြစ်ပါသည်။

မြတ်စွာဘုရားသည် ထိုအကြောင်းကိုသိတော်မူ၍ နောက်တစ်နေ့ဆွမ်းခံ့ချိန်၌ ရဟန်းအပေါင်းခြံရံလျက် သုပ္ပိယ ဥပါသကာမ၏ပင့်ဖိတ်လျှောက်ထားချက်အရ သုပ္ပိယဥပါ သိကာမ၏အိမ်သို့ကြွတော်မူလေသည်။

မြတ်စွာဘုရားသည် အိမ်၌ခင်းထားသောနေရာ၌ ထိုင်တော်မူပြီးလျှင် မိမိအားမေးလျှောက်ဝတ်ပြုသော သုပ္ပိယ ဥပါသိကာမကို-

"ဒါယကာ သုပ္ပိယဥပါသကာမ အဘယ်မှာနည်း" ဟု မေးတော်မူသည်။

"မြတ်စွာဘုရား-မမာမကျန်းဖြစ်နေပါသည် ဘုရား"

ဒါယကာ-မမာမကျန်းဖြစ်လဲ ခဏမျှလာစေပါလော"

မြတ်စွာဘုရား-ခဏမျှပင် မလာနိုင်အောင် ဖြစ်နေပါသည်ဘုရား"

"ဒါယကာ-ထိုသို့မလာနိုင်လျှင် ပွေ့ချီ၍ ခေါ်ဆောင်ခဲ့ကြပါလော့"

ထိုအခါ သုပ္ပိယဥပါသကာသည် သုပ္ပိယဥပါသိကာမကိုပွေ့ချီ၍ ဘုရားရှင်ရှေ့မှောက်သို့ သယ်ဆောင်လာခဲ့သည်။

သုပ္ပိယဥပါသိကာမသည် ဘုရားရှင်ကိုဖူးမြင်လိုက်ရသည်နှင့်တပြိုင်နက်တည်းပင် ပေါင်မှအသားဖြတ်ယူထားသောကြီးစွာသောအနာသည် အသားနုတက်ကာ ပကတိအရေအမွေးတို့ဖြင့် ပကတိအသားအတိုင်း ပြန်ဖြစ်လေသည်။

ထိုအခါ ဇနီးမောင်နှံနှစ်ဦးသည် မဖြစ်စဖူး၊ထူးကဲအံ့သြသောဝမ်းသာခြင်းဖြစ်ပြီး ဘုရားရှင်၏ဘုန်းတန်ခိုးတော်သည် အလွန်ပင်ကြီးမြတ်လှပါတကား-

ဟု ဝမ်းသာရွှင်လန်း ဖြစ်ခဲ့ကြပြီး ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့် ပြုစုလုပ်ကျွေးကြလေသည်။

မြတ်စွာဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးနောက် သုပ္ပိယဇနီးမောင်နှံကို ဆွမ်းအနုမောဒနာတရားဟောကြားပြီး ကျောင်းသို့ပြန်ကြွခဲ့သည်။

ကျောင်းသို့ရောက်လျှင် ဘုရားရှင်သည် သံဃာတော်များကိုစုဝေးစေပြီးနောက် အများသံဃာရှေ့မှာပင်မေးမြန်းတော်မူသည်။

"ရဟန်းတို့-အဘယ်သူသည် သုပ္ပိယဥပါသိကာမထံမှ အသားကိုတောင်းယူခဲ့ပါသနည်း"

"မြတ်စွာဘုရား-တပည့်တော်သည် တောင်းယူခဲ့ပါသည် ဘုရား"

ဟု ဂိလာနရဟန်းက ဖြေခဲ့သည်။

"ရဟန်း သုပ္ပိယဥပါသိကာမသည် ထိုအသားကိုပို့ဆောင်ပေးခဲ့ပါသလော"

"မြတ်စွာဘုရား ပို့ဆောင်ပေးခဲ့ပါသည်ဘုရား"

"ရဟန်း-သင်သုံးဆောင်ခဲ့ပါသလော"

"မြတ်စွာဘုရား-တပည့်တော် သုံးဆောင်မိပါသည် ဘုရား"

"ရဟန်း-သင်သည် ထိုအသားကိုစုံစမ်းမေးမြန်းခဲ့ပါသလော"

"မြတ်စွာဘုရား-မစုံစမ်းမေးမြန်းမိပါဘုရား"

မြတ်စွာဘုရားရှင်သည် ထိုရဟန်းကို ကဲ့ရဲ့တော်မူပြီးလျှင်-

"ရဟန်းတို့-သဒ္ဓါတရားရှိ၍ ကြည်ညိုသောသူသည် မိမိ၏အသားကိုသော်လည်းကောင်း၊စွန့်လွှတ်လှူကုန်၏၊ ရဟန်းတို့လူသားကို မစားအပ်မစားကောင်း၊စားသောရဟန်းသည် ထုလ္လစဥ်းအာပါတ်သင့်စေ၊

ရဟန်းတို့-မစုံစမ်းမေးမြန်းသောအသားကို မစားကောင်း၊မစားအပ်၊ စားသောရဟန်းသည် ဒုက္ကဋ်အာပါတ်သင့်စေ၊

ဟု သိက္ခာပုဒ်ကို ပညတ်တော်မူလေသည်။

မိမိ၏ပေါင်သားကို ဖြတ်တောက်၍ သဒ္ဓါတရားထက်သန်စွာစွန့်လွှတ်စွန့်စား ထူးဆန်းအံ့သြဖွယ်ကောင်းလောက်အောင် လှူဒါန်းခဲ့သော သုပ္ပိယဥပါသိကာမသည် နောင်အချိန်ဝယ် ဘုရားရှင်က-

"ရဟန်းတို့-သူနာကိုလုပ်ကျွေးပြုစုတတ်ကုန်သောငါဘုရား၏တပည့်သာဝိကာမတို့တွင် သုပ္ပိယဥပါသိကာမသည်သာ အသာဆုံး-အမြတ်ဆုံးဖြစ်ပေ၏"

ဟု ဧတဒဂ်ရာထူး၌ ထားတော်မူလေသည်။

သုပ္ပိယဥပါသိကာမ၏ အံ့မခန်းထူးဆန်းသောအလှူအဖြစ်အပျက်သည်ကား ဂေါတမဘုရားရှင်၏ သာသနာတော်

ဝယ် ဂိနည်းသိက္ခာပုဒ်အဖြစ် မှတ်တမ်းတင်ခဲ့ရသလို အံ့မခန်း အလျှူရှင်အဖြစ် မှတ်တမ်းတင်ကျန်ရစ်ခဲ့ပါတော့သည်။

(မဟာဝါဝိနည်း)

*********

# ဆံကေသာဖြတ်ဆွမ်းကပ်စီရင်
# အံ့ဖွယ်အလှူရှင်

ဥဇ္ဇေနိတိုင်း ဥဇ္ဇေနိပြည်အနီးဝယ် 'တေလပနာဠိ' အမည်ရှိသော ရွာတစ်ရွာရှိသည်။ ထိုရွာတွင် ဥစ္စာပစ္စည်းနှင့် ပြည့်စုံသော သူဌေးနှစ်ဦးရှိပြီး ထိုသူဌေးနှစ်ဦးတွင် သမီးတစ်ယောက်စီ အသီးသီးရှိကြလေသည်။

နောင်တစ်ချိန်တွင် သူဌေးတစ်ဦးသည် ဆင်းရဲသွားပြီး မကြာခင်ပင် မိဘနှစ်ဦးစလုံးကွယ်လွန်သွား၍ သူဌေးသမီးသည် အထိန်းတော်အိမ်ဖော် အမျိုးသမီးကြီးနှင့် မှီခိုနေရလေသည်။

ထိုစီးပွားပျက်အမျိုးသမီးသည် အဆင်းလှပသလို ဆံကေသာကလည်း အလွန်ကောင်းမွန်ရှည်လျားလေသည်။

အခြားသူဌေးသမီးတစ်ဦးသည် စီးပွားဥစ္စာအဖြာဖြာ

နှင့်ပြည့်စုံသော်လည်း ဆံပင်ကမလှမပရှိလေသည်၊သို့အတွက် သူဌေးသမီးသည် ဆင်းရဲသွားသော သူဌေးသမီးထံမှ ဆံပင် ရောင်းရန်နှင့်ဆံပင်ရောင်းမည်ဆိုက ဆိုသောဈေးပေးမည် ဖြစ်ကြောင်းပြော၍ ဆံပင်ကိုဝယ်သည်။

ဆင်းရဲသွားသော သူဌေးသမီးက မိမိ၏ဆံပင်ကို ရောင်းရန်ငြင်းပယ်ခဲ့သည်။

ဥဒ္ဒေနိပြည် စဏ္ဍပဇ္ဇောတမင်း၏ ပုရောဟိတ်ကစ္စန သည် မင်း၏ခွင့်ပြုချက်အရ ဘုရားရှင်ကို အဖော်ခုနှစ်ယောက် နှင့်အတူ ဘုရားပင့်ဆောင်ရန် ဘုရားရှင်ထံသို့ ရောက်ခဲ့ ကြသည်။

ဘုရားရှင်ထံသို့ရောက်၍ ဘုရားရှင်၏တရားကိုကြား နာပြီးသော် ပုရောဟိတ်ကစ္စနနှင့်အဖော်ခုနှစ်ဦးတို့သည် ပဋိ သမ္ဘိဒါပတ္တရဟန္တာဖြစ်ကြပြီး ဘုရားရှင်က ဧဟိဘိက္ခုဟု ခေါ်ကာမျှဖြင့် တန်ခိုးဖြင့်ပြီးသော သင်္ကန်း၊သပိတ်တို့ကို ကိုယ်ပေါ်ရောက်ရှိလာကြပြီး ရဟန်းအဖြစ်သို့ရောက်ခဲ့ကြ သည်။

အရှင်ကစ္စည်းမထေရ်သည် မိမိ၏ရဟန်းကိစ္စပြီး၍ အရဟတ္တဖိုလ်သို့ရောက်ပြီးသော် ကြောင့်ကြမဲ့မနေဘဲ အရှင် ကာဠုဒါယီမထေရ်က ဘုရ ရှင်ကို ကပိလဝတ္ထုကြွရန် ဂါထာ ခြောက်ဆယ်ဖြင့် လျှောက် ားသလို ဘုရားရှင်ဥဒ္ဒေနိပြည်

ကြွရန် လမ်းခရီး၏ သာယာတင့်မောဖွယ်ရှိပုံကို ဂါထာဖွဲ့၍ လျှောက်ထားလေသည်။

ဘုရားရှင်က အရှင်ကစ္စည်းမထေရ်၏ အလိုဆန္ဒကိုသိတော်မူသည်။ သို့သော် ဘုရားရှင်တို့မည်သည်အကြောင်းတစ်ခုခုကိုအစွဲပြု၍ သွားရန် မသင့်လျော်သောအရပ်သို့ ကြွသွားလေ့မရှိပေ။

သို့ဖြစ်၍ ဘုရားရှင်သည် အရှင်ကစ္စည်းကိုသာလျှင် ဥဇ္ဇေနီပြည်သို့ကြွရန် မိန့်ကြားလေသည်၊ အရှင်ကစ္စည်းသည် ဘုရားရှင်၏အလိုဆန္ဒအတိုင်း မိမိအဖော်ခုနှစ်ပါးနှင့်အတူ ဥဇ္ဇေနီပြည်သို့ကြွတော်မူလေသည်။

လမ်းခရီးတွင် ထိုဆင်းရဲသူဌေးသမီးတို့နေထိုင်ရာ တေလအနာဠိရွာသို့ဝင်ကာ ဆွမ်းခံလှည့်လှည်တော်မူကြလေသည်။

ဆင်းရဲသွားသောသူဌေးသမီးသည် အရှင်မဟာကစ္စည်းနှင့်ရဟန်းခုနှစ်ပါးဆွမ်းခံဝင်လာသည်ကို တွေ့မြင်ရသည်။

"ရွှေရောင်အဆင်းရှိသော ဗြဟ္မာ့နွယ်ဖွားဤရဟန်းတော်တစ်ပါးသည် ဆွမ်းမရသောသပိတ်ဖြင့်သာ ကြွနေရသည်၊ ငါ့မှာလည်း တစ်ခြားဥစ္စာကမရှိ၊ဤမည်သော သူဌေးသမီးသည် ငါ၏ဆံပင်ကို ရှေ့ကလူလွှတ်ပြီးဝယ်ဖူးသည်၊ယူခု

ငါ့ဆံပင်ရောင်းသော် မထေရ်မြတ်တို့အတွက် ဆွမ်းဖုးလုံ လောက်ဟန်ရပါရဲ့”

ဆင်းရဲသားသူဌေးသမီးသည် ဤသို့စဉ်းစားမိပြီး အဖော်အဒေါ်ကြီးကိုခေါ်ကာမထေရ်များကိုပင့်စေပြီး အိမ်တွင်း၌ထိုင်နေစေသည်။

သူဌေးသမီးသည် မထေရ်မြတ်တို့ထိုင်မိကြသော အခါ အိမ်ခန်းတွင်းသို့ဝင်၍ အထိန်းတော်ကြီးကို မိမိ၏ ဆံပင်များကို ရိတ်ဖြတ်စေပြီးလျှင်-

“မိခင်-ဤဆံပင်များကို ဤမည်သော သူဌေးသမီးထံ သွားရောင်းပါ၊သူမ, ပေးသမျှကိုယူခဲ့ပါ၊ ထိုငွေဖြင့် အရှင်မြတ် တို့ကို ဆွမ်းဆက်ကပ်ပါမည်”

ဟု ပြောဆိုလွှတ်လိုက်လေသည်။

အထိန်းတော်ကြီးသည် စိတ်မကောင်းခြင်းဖြင့် ဝမ်းနည်းကြေကွဲကာ မျက်ရည်များအတွေတွေစီးကျလျက် လက်ဖမိုးဖြင့် မျက်ရည်များသုတ်၍ကျန်လက်တစ်ဖက်ဖြင့် မိမိရင်ကိုမချီကာ မထေရ်မြတ်တို့၏အနီး၌မမြင်ရလေအောင် ဖုံးဝှက်၍ ဆံပင်များကိုယူဆောင်ကာ ရှေးကဆံပင်အဝယ် လွှတ်ဖူးသော သူဌေးသမီးထံသို့ သွားရောက်ရောင်းချေးလ သည်။

ရောင်းကုန်တို့မည်သည် ကောင်းမွန်အဖိုးထိုက်တန်

သောပစ္စည်းပင်ဖြစ်လင့်ကစာ၊ပစ္စည်းရှင်ကိုယ်တိုင်က ဝယ်ယူသူထံသွားပို့လျှင် ဝယ်ယူသူက ဈေးနှိမ်တက်သောသဘောဓမ္မတာအတိုင်း ယခင်ကဆံပင်ဝယ်ခဲ့သော သူဌေးသမီးကဈေးနှိမ်၍ ဝယ်လိုသည်ဖြစ်၍-

"အထိန်းတော်ကြီး-ကျွန်မသည် ရှေးကအထိန်းတော်ကြီး၏သခင်မဆံပင်ကို တန်ဖိုးကြီးစွာဝယ်ယူခဲ့သော်လည်းဝယ်မရခဲ့ပါ၊ယခု ဖြတ်ပြီးသောဆံပင်သည် မည်သို့မျှ အသုံးချ၍မရတော့ပါ၊သနားသောအားဖြင့် ရှစ်အသပြာသာပေးပါမည်၊ရောင်းနိုင်ကရောင်းပါ၊ မရောင်းနိုင်ကပြန်ယူသွားပါ" ဟု ပြော၍ ဈေးနှိမ်ပေးလေသည်။

အထိန်းတော်ကြီးသည် မိမိ၏သခင်မက ရသည့်ဈေးနှင့်ရောင်းခဲ့ဟု မှာကြားထား၍ ရှစ်အသပြာဖြင့်ပင် ရောင်းချရန်သဘောတူပြီး ရှစ်အသပြာယူပြီး ပြန်လာကာ သူဌေးသမီးကို အပ်နှံလေသည်။

သူဌေးသမီးသည် တစ်ပါးတစ်ပါးလျှင် အသပြာတစ်ကျပ်စီ တန်ဖိုးထားပြုလုပ်၍ မထေရ်မြတ်ရှစ်ပါးတို့အတွက်ဆွမ်းစီမံပြီး ဆက်ကပ်လှူဒါန်းလေသည်။

အရှင်ကစ္စည်းမထေရ်မြတ်သည် သူဌေးသမီး၏ဆွမ်းကိုဆင်ခြင်ကြည့်သည်၊သူဌေးသမီး၏ ရှေးဘဝကအားကြီးသော ကောင်းမှုကိုမြင်တော်မူသည်။

"သူဌေးသမီး ယခုအခါ ဘယ်မှာနည်း"
ဟု အထိန်းတော်ကြီးကိုမေးလိုက်သည်။

"အိမ်ခန်းထဲမှာပါဘုရား"

"ဆွမ်းဒါယကာမ သူဌေးသမီးကို ခေါ်လိုက်ပါ"

ဆွမ်းဒါယကာမ သူဌေးသမီးသည် မထေရ်တို့ကို ရှိသေလှသည်ဖြစ်သောကြောင့် တစ်ခွန်းတည်းသောစကား ဖြင့်ပင် လာရောက်၍ မထေရ်တို့ကိုရှိခိုးပြီးလျှင် အားကြီးသောသဒ္ဓါတရားတို့ကို အထပ်ထပ်ဖြစ်ပွားစေလေသည်။

လယ်ယာမြေကောင်းသဖွယ်ဖြစ်သော ဘုရားရှင်၏ သာသနာတော်ဝယ် သဒ္ဓါကြည်ဖြူ၍ ကြဲချလှူအပ်သော ဆွမ်းအလှူမျိုးစေ့သည် မျက်မှောက်ဘဝ၌ပင် အကျိုးပေးသော သဘောရှိပေသည်သာ။

သူဌေးသမီးသည် မထေရ်မြတ်တို့ကို သဒ္ဓါစိတ်ထက်သန်စွာဖြင့်ရှိခိုးလိုက်သည်နှင့်တပြိုင်နက်တည်း ဆွမ်းဒါယကာမသူဌေးသမီး၏ဆံပင်များသည် မူလပကတိအတိုင်းပင် ပြန်လည်ဖြစ်ပေါ်လာသည်။

မထေရ်တို့သည် ဆွမ်းကိုအလှူခံပြီး သူဌေးသမီးရှေ့မှာပင် ကောင်းကင်သို့ ပျံတက်ကြွတော်မူကြသည်။

သဒ္ဓါစွမ်းအားကြောင့် ဖြတ်ထားသောဆံပင်များမှာ မူလအတိုင်းပြန်ဖြစ်သောအဖြစ်အပျက်သည် အံ့ဩထူးဆန်း

သောအဖြစ်အပျက်ပင် ဖြစ်ပါသည်။

အရှင်မဟာကစ္စည်းမထေရ်သည် စဏ္ဍပဇ္ဇောတမင်း၏ကဥ္စနဝနမည်သောဥယျာဉ်၌ သင်ဆင်းကြသည်၊ဥယျာဉ်မှူးသည် အရှင်မဟာကစ္စည်းကိုဖူးတွေ့မြင်ရလျှင် မင်းကြီးထံသို့သွားရောက်ကာ-

"အရှင်မင်းကြီး-ကျွန်ုပ်၏ အရှင်ကစ္စနပုရောဟိတ်ကြီး ရှင်ရဟန်းပြုပြီး ဥယျာဉ်တော်သို့ကြွရောက်လာပါပြီ" ဟု လျှောက်ထားလေသည်။

စဏ္ဍပဇ္ဇောတမင်းကြီးသည် အားရဝမ်းသာစွာဖြစ်ပြီးလျှင် ဥယျာဉ်သို့ချက်ချင်းလာ၍ မထေရ်ကို ထီးခြင်းငါးပါးဖြင့် ရိုသေစွာရှိခိုးပြီးလျှင် မိမိသိလိုသော ဘုရားရှင်ပါ-မပါကို လျှောက်ထားလေသည်။

"အရှင်ဘုရား-မြတ်စွာဘုရား အဘယ်မှာနည်း"

"မင်းကြီး-ဘုရားရှင်သည် ကိုယ်တော်တိုင်မကြွလာသေးပါ၊အကျွန်ုပ်ကိုသာ ဦးစွာလွှတ်လိုက်ပါသည်"

"အရှင်ဘုရားတို့သည် ယနေ့ဆွမ်းကိုအဘယ်အရပ်မှာရခဲ့ပါသနည်း"

အရှင်မဟာကစ္စည်းသည် မင်းကြီး၏အမေးနှင့်လိုက်လျောတူညီစွာ ဆွမ်းဒါယကာမသူဌေးသမီးပြုအပ်သော ခဲယဉ်းအံ့ဖွယ်သောကောင်းမှုကုသိုလ်အကြောင်းကို အလုံးစုံ

ပြန်ကြားမိန့်တော်မူသည်။

စဏ္ဍပဇ္ဇောတမင်းကြီးသည် အရှင်မဟာကစ္စည်းအတွက် သီတင်းသုံးရန်နေရာကို စီမံပေးပြီး နောက်နေ့အတွက်ဆွမ်းကို ဖိတ်ကြားပြီး နန်းတော်သို့ပြန်လာခဲ့သည်။

နန်းတော်သို့ပြန်ရောက်လျှင် မင်းကြီးသည် သူဌေးသမီးကိုမင်းအာဏာဖြင့်ခေါ်ယူ၍ မိဖုရားကြီးအရာ၌မြှောက်စားချီးမြှင့်ထားလေသည်။

ဆွမ်းဒါယိကာမ၏ အံ့ဖွယ်အလှူနှင့်အံ့ဖွယ်အကျိုးပေးသောအရာသည် ဂေါတမဘုရားရှင်၏သာသနာ့မှတ်တိုင်ဝယ် အံ့ဩဖွယ်ဖြစ်ရပ်ဆန်း ဘဝဇာတ်လမ်းအဖြစ် စာပေပိဋကတ်၌ မှတ်တမ်းတင်ကျန်ရစ်ခဲ့ပါသည်။

*********

# ပိတ်ချင်းသီးကုန်သည်နှင့် အံ့ဖွယ်ရဟန္တာ

သာဝတ္ထိပြည်ဝယ် ဂေါတမဘုရားမပွင့်ခင်အချိန်၌ ပုဏ္ဏားအမျိုး၌အမည်အားဖြင့် ပိလိန္ဒ၊အနွယ်အားဖြင့် 'ဝစ္ဆ' နှစ်ရပ်ပေါင်း၍ "ပိလိန္ဒဝစ္ဆ" ဟုအမည်ထင်ရှားသော လုလင် တစ်ဦးရှိလေသည်။

ထိုပိလိန္ဒဝစ္ဆသည် အရွယ်ရောက်သော် လူ့ဘဝ သံသရာ၌ ငြီးငွေ့သောစိတ်ရှိ၍ ပရဗိုဇ်ရဟန်းပြုပြီးလျှင် စူဠ ဂန္ဓာရီမည်သောမန္တန်အတတ်ကိုသင်ကြားတတ်မြောက်ခဲ့သည်။

ထိုပိလိန္ဒဝစ္ဆပရဗိုဇ်သည် ထိုအတတ်ပညာဖြင့်ပင် ကောင်းကင်၌ ပျံသွားနိုင်သည်၊ သူတစ်ပါး၏စိတ်အကြံကို သိသော အံ့ဖွယ်ဝိဇ္ဇာဓိုရ်တစ်ဦးအဖြစ် ထင်ရှားကျော်ကြား သည်။

ထိုသို့ကျော်ကြားသဖြင့် ရာဇဂြိုဟ်ပြည်၌ အထွဋ်အထိပ်ရောက်ကာ လာဘ်ပေါများသူ၊ အခြံအရံပေါများသူဖြစ်ကာလူအားလုံးအပေါ်၌ လွှမ်းမိုးနိုင်သောသူတစ်ဦး ဖြစ်နေလေသည်။

ထိုပိလိန္ဒဝစ္ဆပရဗိုဇ်ဝိဇ္ဇာမိုရ် တန်ခိုးကြီးထွားနေချိန်ဝယ် ဂေါတမဘုရားရှင်သည် ပွင့်တော်မူလာ၍ အစဉ်သဖြင့်ဒေသစာရီကြွချီသော် ရာဇဂြိုဟ်မြို့သို့ ရောက်ရှိတော်မူသည်။

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်မြို့သို့ရောက်သောအချိန်မှစ၍ ပိလိန္ဒဝစ္ဆဝိဇ္ဇာမိုရ်၏ စူဠဂန္ဓာရီအတတ်သည်အံ့သြဖွယ်မစွမ်းနိုင်တော့ချေမန္တန်စုပ်သော်လည်း ရှေးကကဲ့သို့ကောင်းကင်သို့မပျံနိုင်တော့သလို သူတစ်ပါး၏စိတ်အကြံအစည်ကိုလည်း မသိနိုင်တော့ချေ။

မဟာဂန္ဓာရီဝိဇ္ဇာထင်ရှားရှိသောအရပ်သည် စူဠဂန္ဓာရီဝိဇ္ဇာသည် မပြည့်စုံနိုင်ဟု ဆရာ့ဆရာတို့ မိန့်ကြားသည်ကိုငါကြားဖူးထားသည်၊ရဟန်းဂေါတမ ဤရာဇဂြိုဟ်ပြည်သို့ကြွရောက်သောအချိန်မှစ၍ ငါ၏စူဠဂန္ဓာရီအတတ်သည်မပြည့်စုံတော့ချေ၊ရဟန်းဂေါတမသည် မဟာဂန္ဓာရီဝိဇ္ဇာကိုတတ်သိသူဖြစ်သည်မှာ ယုံမှားဖွယ်မရှိချေ။ငါသည်ရဟန်းဂေါတမထံချဉ်းကပ်၍ သူ့ထံမှ မဟာဂန္ဓာရီဝိဇ္ဇာကို သင်ယူရပါမှ ကောင်းလေစွ”

ဟု ကြံစည်စဉ်းစားမိကာ ဘုရားရှင်ထံသို့သွားရောက်ဆည်းကပ်သည်။

"ရဟန်းမြတ်-ကျွန်ုပ်သည် ရဟန်းမြတ်ထံ၌ တစ်ခုသောဝိဇ္ဇာအတတ်ကိုသင်ကြားလိုပါသည်၊ကျွန်ုပ်အား ခွင့်ပြုတော်မူပါ"

ဟု တောင်းပန်လျှောက်ထားလေသည်။

"ထိုဝိဇ္ဇာအတတ်ကိုသင်ကြားလိုလျှင် သင်သည်ရှင်ရဟန်းပြုနိုင်မည်လော"

ပိလိန္ဒဝစ္ဆဝိဇ္ဇာမိုရ်သည် ရှင်ရဟန်းပြုခြင်းသည် ဝိဇ္ဇာအတတ်၏ရှေးဦးဆောက်တည်ရသော ဝတ်တစ်ခုဟု ထင်မှတ်ကာ ရှင်ရဟန်းပြုနိုင်ကြောင်း လျှောက်ထားလေသည်။

ဘုရားရှင်က ပိလိန္ဒဝစ္ဆကို ရဟန်းပြုပေးပြီးနောက် စရိုက်နှင့်လျော်သော ကမ္မဋ္ဌာန်းကို ဟောပြောပြတော်မူသည်။

ပိလိန္ဒဝစ္ဆရဟန်းသည် ရှေးကောင်းမှုနှင့်ပြည့်စုံသူဖြစ်၍ ဝိပဿနာတရားအားထုတ်ရာ မကြာမြင့်မီ အရဟတ္တဖိုလ်သို့ဆိုက်ရောက်ပြီး ရဟန္တာဖြစ်လေသည်။

အရှင်ပိလိန္ဒဝစ္ဆရဟန္တာမထေရ်သည် ဘာဝနာအလေ့အကျက်အထုံဝါသနာပါလာ၍ လူတို့နှင့်ဖြစ်စေ၊ရဟန်းတို့နှင့်ဖြစ်စေ အတူတကွ စကားပြောဆိုလျှင်-

"လာလေ့-သူယုတ်၊သွားလေ့-သူယုတ်၊ဆောင်ခဲ့

လော့-သူယုတ်၊ ယူသွားလော-သူယုတ်”

ဤသို့စသည်ဖြင့် စကားအခွန်းတိုင်းမှာပင် သူယုတ်-သူယုတ် ဟု ပြောဆိုလေ့ရှိသည်။

ထိုစကားကိုအကြောင်းပြု၍ ရဟန်းတို့သည် ဘုရားရှင်ထံသို့ဝင်ကာ လျှောက်ထားကြသည်။

“မြတ်စွာဘုရား-အရိယာတို့မည်သည် ရှန့်ရင်းကြမ်းတမ်းသောစကားကို မပြောကြားကြဘူးလား ဘုရား”

“ရဟန်းတို့-အရိယာပုဂ္ဂိုလ်တို့၏သန္တာန်မှာ-သူတစ်ပါးကိုရှုတ်ချသောဒေါသဖြင့် ရှန့်ရင်းကြမ်းတမ်းသောစကားဟူ၍မရှိပါချေ၊အမှန်မှာ အတိတ်ဘဝအဆက်ဆက်က လေ့ကျက်ပွားထုံခဲ့သော ကိလေသာ၏အငွေ့သတ္တိတည်းဟူသော ဝါသနာ၏အစွမ်းဖြင့်သာ ရှန့်ရင်းကြမ်းတမ်းစွာပြောဆိုမှုသည် ဖြစ်ရလေသည်”

“မြတ်စွာဘုရား-အရှင်ပိလိန္ဒဝစ္ဆမထေရ်သည်လူများ၊ ရဟန်းများနှင့်စကားပြောဆိုတိုင်း -သူယုတ်- ဟု ပြောဆိုပါသည်၊အဘယ်အကြောင်းကြောင့်ပါနည်း”

“ချစ်သားတို့-ငါ့သား ပိလိန္ဒဝစ္ဆမထေရ်၏ ဤကဲ့သို့နှုတ်ထွက်ကြမ်းတမ်းမှုသည် ယခုဘဝမှာဖြစ်သော အလေ့အကျက်မဟုတ်ပါ၊သူသည် ရှေးဘဝငါးရာဆက်လျက် သူဘစ်ဖက်သားကို သူယုတ်မာဟုပြောဆိုလေ့ရှိသောပုဏ္ဏားမျိုး

ဖြစ်ခဲ့သည်၊ဘဝအလေ့အကျက် အထုံဝါသနာကြောင့်သာလျှင် ဤကဲ့သို့နှုတ်ထွက်ကြမ်းတမ်းသောစကားကို ပြောဆိုလေသည်။ကြမ်းတမ်းသော အကုသိုလ်စေတနာဖြင့် ပြောကြားသည်မဟုတ်၊ အရိယာတို့ပြောကြားသောစကားသည် နှုတ်ထွက်ပင်ကြမ်းတမ်းသော်လည်း စေတနာကမကြမ်းသောကြောင့် စင်ကြယ်သည်သာဖြစ်သည်၊ ဤအရိယာပုဂ္ဂိုလ်တို့၏နှုတ်ထွက်ကြမ်းတမ်းမှု၌မကောင်းမှုအနည်းငယ်မျှမဖြစ်ပါ" ဟု ဘုရားရှင်ကရှင်းပြပြီး တရားကိုဆက်လက်ဟောကြားပြသည်မှာ-

"ချစ်သားတို့-အကြင်စကားဖြင့် တစ်စုံတစ်ယောက်သောသူကိုမျှ ဆူးဖြင့်ထိ၍မငြိစွန်းစေရာ၊အာသဝေါကုန်ခမ်းရဟန္တာမည်သည် နှုတ်ထွက်မကြမ်းသော အနက်အဓိပ္ပါယ်ကို သိလွယ်စေတတ်သော မဖောက်မပြန် မှန်ကန်သောကောင်းမြတ်သောစကားကို နှုတ်မြွက်ပြောဆိုရာ၏၊ထိုနှုတ်ထွက်မကြမ်း ရဟန္တာကို မြတ်သောပုဂ္ဂိုလ်ဟူ၍ ငါဘုရားဟောကြားပါ၏"

ထိုတရားဒေသနာအဆုံး၌ဝယ် များစွာသောသူတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေသည်။

တစ်နေ့တွင် ပိလိန္ဒဝစ္ဆမထေရ်သည်ရာဇဂြိုဟ်ပြည်အတွင်းသို့ ဆွမ်းခံဝင်လာသောအခါ လမ်းတွင်ပိတ်ချင်းသီး

များကိုခွက်အပြည့်ထည့်ယူလာသော ယောကျ်ားတစ်ယောက်ကိုတွေ့မြင်သည်။

"သူယုတ်-သင့်ခွက်ထဲ၌ ဘာတွေနည်း"

ဟု မေးလိုက်သည်။

"ဤရဟန်းကား ငါ့ကို စောစောစီးစီးပင် နိမိတ်မကောင်းမင်္ဂလာမရှိသောသူယုတ်ဟူသော ကြမ်းတမ်းရိုင်းပြသောစကားကို ပြောကြားဘိ၏၊ဤရဟန်း၏စကားနှင့်လိုက်လျောသော ကြမ်းတမ်းရိုင်းပြသော စကားကိုသာလျှင်ပြန်ကြားပြောဆိုမှသင့်မည်"

ဟု ကြံစည်စဉ်းစား၍ စိတ်ထဲ၌ ပြစ်မှားသောအကြံဖြင့်-

"အရှင်ဘုရား-တပည့်တော်၏ခွက်ထဲမှာ ကြွက်ချေးတွေပါဘုရား"

ဟု ကြမ်းတမ်းရိုင်းပြစွာဖြင့် ပြောဆိုလေသည်။

"ဟယ်-သူယုတ်၊ သင်ပြောသည့်အတိုင်း ကြွက်ချေးတွေပင် ဖြစ်ပေလိမ့်မည်"

ဟု မိန့်ကြားတော်မူလိုက်လေသည်။

ထိုယောကျ်ားသည် ထိုသို့ပြောပြီးဆက်လက်ထွက်ခွာခဲ့ရာမထေရ်လွန်သွားလေလျှင် ခွက်ထဲရှိ ပိတ်ချင်းသီးများအားလုံးသည် ကြွက်ချေးတွေ ဖြစ်ကုန်တော့သည်။

"ဤပိတ်ချင်းသီးများကို ယခုအခါ ငါသည် ကြွက်ချေး

တွေချည်းအဖြစ်သာ မြင်နေရသည်၊တကယ်ပင် ကြွက်ချေး
တွေ ဖြစ်ကုန်ပြီလား"
ဟု စုံစမ်းလိုသည်ဖြစ်၍ လက်ဖြင့်နှိပ်ကြည့်လေသည်၊ပိတ်
ချင်းသီးများသည် တကယ်ပင် ကြွက်ချေးများဖြစ်နေသည်ကို
သိရ၍ အလွန်ပင်စိတ်မချမ်းမသာ သောကဝေဒနာများ
တရိပ်ရိပ် ဖြစ်ပွားခံစားနေရလေတော့သည်။

"ဤခွက်ထဲမှ ပိတ်ချင်းသီးများသာကြွက်ချေးတွေဖြစ်
ကုန်သလော၊လှည်းပေါ်ရှိ ပိတ်ချင်းသီးများရော ကြွက်ချေး
များ ဖြစ်ကုန်သလော"
ဟု စိုးရိမ်သောကကြီးစွာဖြင့် မိမိလှည်းဆီသို့ အမြန်ပြေးပြီး
ကြည့်လေသည်။

လှည်းပေါ်ရှိ ပိတ်ချင်းသီးများအားလုံးသည်လည်း
ထူးဆန်းအံ့ဩစွာ ကြွက်ချေးများဖြစ်နေသည်ကို တွေ့မြင်ရ
သောအခါအလွန်ထက်အလွန်ပင် စိုးရိမ်သောက ဖိစီးခံစား
ရပြီး-

"ဤပြဿနာသည် အခြားမဟုတ်နိုင်ချေ၊စောစောက
ငါတွေ့မြင်ပြောလွှတ်လိုက်သော ရဟန်း၏ပြဿနာဖြစ်လိမ့်
မည်၊ဤရဟန်းသည် မချွတ် မျက်လှည့်ပညာတတ်သောသူ
ဖြစ်လိမ့်မည်၊ငါသည် ယခုပင် သူ့နောက်သို့လိုက်၍ ပြေလည်
ရာပြေလည်ကြောင်းပြုလုပ်မှ သင့်ပေတော့မည်"

ဟု စဉ်းစားမိပြီး ထိုမထေရ်ကြွရာဘက်သို့ စုံစမ်းမေးမြန်းကာ လိုက်လေသည်။

ထိုစဉ် ကြွက်ချေးရှင်ယောက်ျားမှာ အလွန်သောက စိုးရိမ်စိတ်ဖြင့် သွားနေသည်ကိုတွေ့မြင်ရသော အခြားသူတစ်ဦးသည် မြင်တွေ့၍ သူ့ကိုခေတ္တရပ်စေကာ-

"မိတ်ဆွေ-စိုးရိမ်သောကပြင်းထန်စွာဖြင့်သွားရောက်နေဘိ၏၊အကြောင်းဘယ်လိုရှိပါသလဲ"

ဟု မေးသည်။

ထိုအခါ ကြွက်ချေးရှင်ယောက်ျားသည် ဖြစ်ပျက်ပုံအလုံးစုံကိုပြောပြသည်။

ထိုအခါ ပိလိန္ဒဝစ္ဆမထေရ်၏ ဒါယကာတစ်ဦးဖြစ်သော ထိုယောက်ျားသည် အခြေအနေကိုရိပ်မိသွားသည်။

"အမောင်-ထွေရာလေးပါး စိတ်အကြံမများလေနှင့်၊ ဤဖြစ်ပျက်မှုသည် ငါ၏ဆရာသခင် ပိလိန္ဒမထေရ်မြတ်ပင်ဖြစ်လိမ့်မည်၊အမောင်သည် ခွက်ကိုပင် ရှိရင်းစွဲကြွက်ချေးများအပြည့်ထည့်၍ ယူဆောင်သွားကာ မထေရ်မြတ်ရှေ့တော်၌ ရပ်တည်ပါ၊ထိုအခါ မထေရ်မြတ်က ဟယ်သူယုတ်-သင့်ခွက်ထဲမှာ ပါတာတွေကဘာတွေလဲ ဟုမေးလိမ့်မည်၊ထိုအခါ ပိတ်ချင်းသီးတွေပါ အရှင်ဘုရား ဟု သင်ကလျှောက်ပါလေ၊ ထိုအခါ မထေရ်မြတ်က ဟယ်-သူယုတ် သင်ပြောသည့်အတိုင်း

ပိတ်ချင်းသီးတွေပင် ဖြစ်ပေလိမ့်မည် ဟု မိန့်တော်မူလိမ့်မည်၊ ထိုအခါကျမှ ခွက်မှာပါတဲ့ကြွက်ချေးရော၊ လှည်းပေါ်ရှိကြွက်ချေးများပါ အားလုံးမူတစ်ဖန်မူလဇာတိရုပ် ပိတ်ချင်းသီးချည်း ဖြစ်ကြလိမ့်မည်"

ဟု အကြံပေးစကားပြောကြားလေသည်။

ပိတ်ချင်းသီးယောကျ်ားသည် ထိုပိလိန္ဒမထေရ်၏ တပည့်ယောကျ်ားအကြံပေးသည့်အတိုင်း လိုက်နာဆောင်ရွက်ခဲ့ရာ ကြွက်ချေးများသည် ပိတ်ချင်းသီးများအဖြစ် အားလုံး ပြန်လည်ပြောင်းလဲသွားခဲ့လေသည်။

ရဟန္တာမထေရ်မြတ်၏ နှစ်ဉ်ဘဝက ဝိဇ္ဇာမိုရ်အတတ်ပညာနှင့် ရဟန္တာကိုစိတ်လိုက်မာန်ပါ ဒေါသထားကာပြောဆိုမိသော ပိတ်ချင်းသီးကုန်သည်၏ ဘဝအဖြစ်အပျက်ဇာတ်လမ်းများသည် ဂေါတမဘုရားရှင်၏ သာသနာ့သမိုင်းဝယ် အံ့ဩဖွယ်မှတ်တမ်းအဖြစ် ကျန်ရစ်ခဲ့ပါတော့သည်။

*********

# သေသူတို့သွားရာလမ်းကိုသိသော အံ့ဖွယ်ပညာရှင်

သာဝတ္ထိပြည်၌ ပုဏ္ဏားမျိုးဖြစ်သည့် ဝင်္ဂီသလုလင် အမည်ရှိသောလူငယ်တစ်ဦးရှိလေသည်။

ဝင်္ဂီသသည် အရွယ်ရောက်လာသောအခါ မိဘတို့၏ အမွေဖြစ်သော ဗေဒင်သုံးပုံပညာကို သင်ယူခဲ့ရသည်၊ဝင်္ဂီသ သည ပညာသင်စဉ်ကာလဝယ် ဆရာ့ကို ဝတ်ကြီးဝတ်ငယ် အမှုတို့အား ပြုလုပ်ပေးခဲ့ရာ ဆရာက ဝင်္ဂီသကို ချစ်ခင်မြတ် နိုးလွန်းလှသဖြင့် ဦးခေါင်းခွံကိုမန်းမှုတ်၍ ထိုသူ၏လားရာ ဂတိကိုသိနိုင်သော မန္တန်(ဆဝလိသမန္တန်)ကို သင်ကြားပေး လေသည်။

ထိုမန္တန်သည် မန္တန်ကိုစုပ်၍ သေသူ၏ဦးခေါင်းခွံကို လက်သည်းဖြင့်ခေါက်ကြည့်က ဤသေသောသူသည် ဤ

မည်သောအမျိုး၌ဖြစ်၏ ဟု သိနိုင်စွမ်းလေသည်။

ဝဂ္ဂီသလုလင်သည် ထိုမန္တန်အတတ်ကိုတတ်သည်ဟု သိလာကြသော ပုဏ္ဏားတို့သည်-

"ဝင်္ဂီသ၏ ဆဝလိသမန္တန်အတတ်သည် ငါတို့အဖို့ ရာ အသက်မွေးဝမ်းကြောင်း တစ်ခုရပေပြီ"

ဟု အားရဝမ်းသာဖြစ်ကြကာ ဝင်္ဂီသကို လုံခြုံသောရထား၌ တင်ကာ ရွာ၊ နိဂုံး၊ မင်းနေပြည်တော်သို့လှည့်လှည်ကြကာ မြို့ရွာနိဂုံးတံခါးဝတို့၌ ရပ်နားကြပြီးလျှင် လူအများကို စုရုံး လာရောက်ကြစေရန်-

"ဝင်္ဂီသလုလင်ကိုမြင်ရသောသူသည် ဥစ္စာကိုလည်း ရနိုင်သည်၊ အခြံအရံကျော်ဇောသတင်းကိုလည်း ရနိုင်သည်၊ နတ်ရွာသို့လည်း လားရောက်ရ၏"

ဟု ဝါဒဖြန့်ဟကားပြောကြားကြကုန်သည်။

ပုဏ္ဏားတို့၏ဝါဒဖြန့်စကားကိုကြားရသော လူအများ တို့သည် တံစိုးလက်ဆောင်ပေး၍ ဝင်္ဂီသကို ကြည့်လိုလာ ကြသည်။

တစ်ယောက်စကား ဆယ်ယောက်နားဖြင့် ထိုဝင်္ဂီသ ၏ကျော်ကြားမှုသတင်းသည် အရပ်သားမှသူဌေးသူကြွယ်၊ သူဌေးသူကြွယ်မှ မင်းမှုထမ်းများ၊ မင်းမှုထမ်းမှမှူးမတ်၊ မှူးမတ်မှမင်းညီမင်းသား၊ မင်းညီမင်းသားမှမင်းအထိ ပျံ့နှံ့

သတင်းပေါက်သွားလေသည်။

သို့အတွက် အဆင့်အတန်းစုံအသီးသီးမှ ပုဂ္ဂိုလ်များသည် ဝါဒဖြန့်သူများကို စုံစမ်းမေးမြန်းကြသည်။

"ဆရာတို့-ဆရာဝင်္ဂီသ၏ အသိဉာဏ်ထူးသည်ကား အဘယ်ပါနည်း"

"အသင်တို့ကား အကြောင်းကိုမသိကြပေ၊ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ ကျွန်ုပ်တို့ ဆရာဝင်္ဂီသနှင့်တူသူ အခြားပညာရှင်တစ်ဦးတစ်ယောက်မျှမရှိပါ၊ ဆရာဝင်္ဂီသသည် သုံးနှစ်အထက်ကကွယ်လွန်ကြသူများ၏ ဦးခေါင်းခွံကို လက်သည်းဖြင့်ခေါက်ကြည့်လျှင် ဤသေသောသူသည် ဤမည်သောအမျိုး၊ဤမည်သောဘဝ၌ ဖြစ်၏ဟု သိနိုင်စွမ်းရှိသော ပုဂ္ဂိုလ်ဖြစ်ပါသည်"

လူအများကလည်း မိမိတို့ဆွေမျိုးသားချင်းတို့သွားရာလားရာ ဖြစ်ရာဂတိကိုသိလိုကြ၍ အခစားပို့ပေး၍ မေးကြသည်။

ဝင်္ဂီသကလည်း လူများအပေါင်း၏ယုံကြည်မှုရရှိရန်၊ ယုံမှားမှုကို ပယ်ဖျောက်ရန် ထိုကွယ်လွန်သောသူများကိုပင် ပူးဝင်စေ၍ မိမိ၏လားရောက်ရာဂတိကို မန္တန်အစွမ်းဖြင့် ပြောကြားစေလေသည်။

(မြန်မာနိုင်ငံတွင် ကြို့ပင်ကောက်မြို့၌ လေချွန်နတ်

ကသေသောသူများကိုခေါ်ပေး၍ ဘဝဖြစ်ရာကိုပြောပြစေခဲ့သောအတတ်ပညာရှင်ပေါ်ခဲ့သည်ကိုသတိရကြပါလိမ့်မည်)

ထိုကိစ္စကိုအမှီပြု၍ ပုဏ္ဏားတို့သည်လူများထံမှ ဟောခ၊ပြောခ၊ အသပြာတစ်ရာ၊ တစ်ထောင် စသည်ဖြင့် များစွာလက်ခံရရှိကြလေသည်။

ပုဏ္ဏားတို့သည် ဝင်္ဂီသနှင့်အတူ မြို့ရွာနိဂုံးအနှံ့လှည့်လည်ငွေရှာပြီးနောက် သာဝတ္ထိပြည်သို့ တစ်ဖန်ပြန်လာကြသည်။

ဝင်္ဂီသတို့ရထားသည် ဇေတဝန်ကျောင်းတော်အနီးသို့ရောက်သော် လူအများသည် ဘုရားရှင်ထံတရားနာရန်သွားနေသည်ကိုတွေ့မြင်ရ၍ ရထားကိုခဏရပ်စေပြီး လူများကို ဘယ်ကိုသွားကြမလဲဟုမေးမိသည်။

လူအများကလည်း ဘုရားရှင်ထံ တရားနာသွားကြမည်ဟု ပြောကြလေသည်။

ရဟန်းဂေါတမသည် ပညာရှိသူဖြစ်၏ ဟု လူအများပြောဆိုကြသည်၊ငါကမူကား အခါခပ်သိမ်း ဤပုဏ္ဏာများ၏စကားကိုသာလိုက်နာရလျက် ဇဗ္ဗူထိပ်ကျွန်းအပြင်ဝယ် လှည့်လည်ကာနေရသည်၊ထိုသို့နေရန်ကား မသင့်လျော်ချေ၊ပညာရှိသူများထံသို့လည်း သွားရောက်ဆည်းကပ်မှ သင့်လျော်ပါမည်”

ဟု မိမိကိုယ်ကို ဆင်ခြင်မိလေသည်။

ထို့နောက် ပုဏ္ဏားတို့ကိုခေါ်၍ သင်တို့သွားနှင့်ကြပါ၊ ဤလူအများတို့နှင့်အတူသွားပြီး ရဟန်းဂေါတမကို မဖူးမြော်လို၊တစ်ယောက်တည်းသာ သွားရောက်တွေ့ဆုံဖူးမြော်လိုသည်"

ဟု ပြောပြသည်။

"အို-ဝင်္ဂီသ သင်သည် ရဟန်းဂေါတမအား ဖူးမြော်ခြင်းကို မနှစ်သင်ပါလင့်၊ ရဟန်းဂေါတမသည် မိမိထံမှောက်သို့ လာရောက်ဖူးမြော်လိုသူများကို မျက်လှည့်မာယာအတတ်ဖြင့် လှည့်ဖျားတတ်ပြီး မိမိဘက်ပါအောင် ပြုတတ်သူဖြစ်ပါသည်"

ဟု ပြောဆိုကာ တားမြစ်ကြလေသည်။

ဝင်္ဂီသသည် ပုဏ္ဏားတို့၏စကားကို ကြားမနာယူဘဲ ဘုရားရှင်ထံသို့တစ်ယောက်တည်းသာ သွားရောက်ဆည်းကပ်၍ သာယာနာပျော်ဖွယ် နှုတ်ဆက်စကားပြောပြီး အပြစ်လွတ်ရာအရပ်၌ နေထိုင်လေသည်။

"ဝင်္ဂီသ သင်သည် တစ်စုံတစ်ခုသောအတတ်ပညာကို တတ်မြောက်ပါ၏လော"

"အရှင်ဂေါတမ ကျွန်ုပ်သည် ဆဝသီသမန္တန်မည်သောမန္တန်အတတ်တစ်ခုကို တတ်ပါ၏"

"ဝင်္ဂီသ သင်တတ်သိသော ဆဝသီသမန္တန်အတတ်သည် အဘယ်သို့ပြုလုပ်နိုင်ပါသနည်း"

"အရှင်ဂေါတမ ထိုမန္တန်ကိုစုပ်၍ သုံးနှစ်အထက်က သေသောသူ၏ဦးခေါင်းခွံကို လက်သည်းဖြင့်ခေါက်၍ လားရောက်ဖြစ်ပွားရာ ဘုံဌာနကို ကျွန်ုပ်သိပါ၏"

ထိုအခါ မြတ်စွာဘုရားသည် ငရဲပြည်၌ဖြစ်ရသော သူ၏ဦးခေါင်းခွံတစ်ခုကို၊လူ့ပြည်၌ဖြစ်သောသူ၏ ဦးခေါင်းခွံတစ်ခု၊ နတ်ပြည်၌ဖြစ်သောသူ၏ဦးခေါင်းခွံတစ်ခု၊ ပရိနိဗ္ဗာန်စံလွန်ပြီးသော ရဟန္တာ၏ဦးခေါင်းခွံတစ်ခုတို့ကို တန်ခိုးဖြင့် ယူဆောင်လာပြီး ဝင်္ဂီသကို အစဉ်အတိုင်း ပြသလေသည်။

ဝင်္ဂီသသည် ဦးခေါင်းခွံကို မန္တန်စုပ်၍ လက်သည်းဖြင့် ခေါက်ကာ-

"အရှင်ဂေါတမ ဤဦးခေါင်းခွံအရှင်သတ္တဝါသည် ငရဲသို့လားရောက်ရသူ ဖြစ်ပါသည်"

"သာဓု-သာဓု ဝင်္ဂီသ၊ သင်သည် ကောင်းမွန်မှန်ကန်စွာ မြင်အပ်ပါ၏"

ဘုရားရှင်က ချီးမွမ်းစကားမိန့်ကြားလေသည်၊ဘုရားရှင်က ဒုတိယဦးခေါင်းခွံဆက်ပြ၍ မေးတော်မူပြန်လေသည်။

"အရှင်ဂေါတမ ဤဦးခေါင်းခွံပိုင်ရှင်သတ္တဝါသည်ကား လူ့ပြည်သို့ပြန်ရောက်နေပါ၏"

တတိယဦးခေါင်းခွံကို ဆက်ပြသောအခါဝင်္ဂီသက-

"အရှင်ဂေါတမ ဤဦးခေါင်းခွံသတ္တဝါသည် နတ်ပြည်သို့လားရောက်ရသူ ဖြစ်ပါသည်"

ဤသို့လျှင် ဝင်္ဂီသသည် သုံးမျိုးသောဦးခေါင်းခွံတို့၏ လာရာဂဟိကို မိမိမန္တန်အတတ်ဖြင့် မှန်ကန်စွာ ဖြေဆိုနိုင်လေသည်။

ဘုရားရှင်ကဆက်လက်၍ စတုတ္ထမြောက်ရဟန္တာ၏ ဦးခေါင်းခွံကိုဆက်ပြပြီး မေးသည်။

ဝင်္ဂီသသည် ထိုဦးခေါင်းခွံကို မန္တန်စုပ်ကာ လက်သည်းဖြင့် အကြိမ်ကြိမ်ခေါက်၍ ဝင်စားပါသော်လည်းအဆုံးမစကို မည်သို့မျှ မသိမမြင်နိုင်ပါတော့ချေ။

"ဝင်္ဂီသ သင်သည်မြင်ခြင်းငှာ မစွမ်းနိုင်တော့ပြီ မဟုတ်ပါလော"

"အရှင်ဂေါတမ စောင့်ကြည့်ပါဦး ကျွန်ုပ်စူးစမ်းကာ ဆင်ခြင်ပါဦးမည်"

ဝင်္ဂီသသည် အရှုံးမပေးလိုသောစိတ်ဖြင့် မန္တန်ကို အဖန်ဖန်စုပ်၍ ဦးခေါင်းခွံကိုအဖန်ဖန်ခေါက်လေသည်။

သာသနာပြင်ပမန္တန်ဖြင့် ရဟန္တာ၏လားရာဂတိကို မည်သို့မျှ မမြင်နိုင်-မသိနိုင်သည်ကို ဝင်္ဂီသ မသိနိုင်ချေ။

ထိုအခါ ဝင်္ဂီသသည် ဦးထိပ်မှ နဖူးမှချွေးချေးများ

သည်တဒိးဒိးကျလာလေသည်။

ဝင်္ဂီသသည် ရှက်နိုးလှသဖြင့် စကားမပြောတော့ဘဲ ဆိတ်ဆိတ်သာနေလေသည်။

"ချစ်သား ဝင်္ဂီသ ပင်ပန်းပါသလော"

"ဘုရားရှင် မှန်ပါသည်၊ ပင်ပန်းလှပါသည် ဤသတ္တဝါ၏လားရာဌာနကို မသိနိုင်ပါ၊အကယ်၍ အရှင်ဘုရားသိတော်မူပါလျှင် တပည့်တော်အား ဖြေကြားပေးတော်မူပါ"

ဝင်္ဂီသသည် ထိုအခါကျမှ လက်လျှော့တောင်းပန်စကားပြောကြားလေသည်။

"ဝင်္ဂီသ ငါဘုရားသည် ဤသတ္တဝါကိုလည်း သိ၏၊ ထိုထက်အလွန်လည်းသိ၏"

ဟု ဘုရားရှင်က မိန့်ကြားပြီးဆက်လက်၍ ဟောကြားထားသည်မှာ-

"ဝင်္ဂီသ-ရဟန္တာပုဂ္ဂိုလ်တို့မည်သည် သတ္တဝါတို့၏သေလွန်ခြင်း၊ပဋိသန္ဓေနေခြင်း စသောအလုံးစုံကို ထင်လင်းစွာသိကြသည်၊အာရုံငါးပါးမငြိကပ်၊နိဗ္ဗာန်သို့ဆိုက်ရောက်ပြီး၍ သစ္စာလေးပါးကိုသိသော ထိုရဟန္တာပုဂ္ဂိုလ်များ ငါဘုရားက မြတ်သောပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုပါသည်။

ဝင်္ဂီသ ရဟန္တာပုဂ္ဂိုလ်တို့၏ လားရာဂတိကို နတ်များ ဂန္ဓဗ္ဗနတ်၊ လူစသည်တို့သည် မသိမမြင်နိုင်ကုန်၊ အာသဝေါ

လေးပါးကုန်ပြီးသော တစ်ထောင့်ငါးရာကိလေသာမှ ကင်းပြီးသောထိုရဟန္တာပုဂ္ဂိုလ်ကို ငါဘုရားက ပုဂ္ဂိုလ်မြတ်ဟူ၍ ဟောကြားထားပါသည်။

ထိုအခါ ဝင်္ဂီသသည် ဘုရားရှင်ကို-

"အရှင်ဂေါတမ-မန္တန်-မန္တန်ချင်း လဲလှယ်ပေးသောသူအဖို့ တစ်ဦးနှင့်တစ်ဦးအရှုံးမရှိပါ၊သို့အတွက် ကျွန်ုပ်သည် မိမိတတ်သော ဆဝသီသမန္တန်ကို အရှင်ဘုရားအားပေးပါမည်၊ အရှင်ဘုရားကလည်း ယခုမိန့်ကြားသော ဗုဒ္ဓမန္တန်ကို ကျွန်ုပ်အားပေးပါ"

ဝင်္ဂီသ ငါဘုရားသည် မန္တန်၊မန္တန်ချင်း လဲလှယ်မပေးပါ၊လိုချင်သူအား ဤအတိုင်းပင် မေတ္တာရှေ့ထား၍ ပေးပါသည်"

"အရှင်ဂေါတမ ကောင်းပါပြီ၊ဒါဆို ကျွန်ုပ်အား မန္တန်ကိုပေးပါလော့"

ဝင်္ဂီသသည်ထိုသို့ပြောပြီးလက်အုပ်ချီကာ ရိုသေစွာထိုင်လေသည်။

"ဝင်္ဂီသ သင်တို့ပုဏ္ဏားများ၏ အယူဝါဒ၌ အဖိုးတန်သောမန္တန်ကိုဖြစ်စေ၊အခြားတစ်စုံတစ်ရာကိုဖြစ်စေ၊ တောင်းခံသူတို့အဖို့ပြုရသောကျင့်ဝတ်တရားမည်သည် မရှိဘူးလော"

"အရှင်ဂေါတမ ရှိပါသည်"

"ဝင်္ဂီသ-ငါဘုရားတို့၏ မန္တန်၌ကော ကျင့်ရမည့်ဝတ် မရှိဘူးဟု ထင်ပါသလော"

"အရှင်ဂေါတမ ထိုသို့မထင်ပါ၊အရှင်ဘုရားတို့ မိန့်ကြားအပ်သော စည်းကမ်းနည်းလမ်းအတိုင်းလိုက်နာ၍ကျင့်သုံးပါမည်"

"ဝင်္ဂီသ-ငါတို့သည် ဗုဒ္ဓမန္တန်ကိုပေးကြတော့မည်ဆိုလျှင် ငါတို့နှင့်အသွင်တူသောသူအား ပေးကြကုန်၏"

ပုဏ္ဏားမျိုးနွယ်တို့မည်သည် မန္တန်တို့ဖြင့်မရောင့်ရဲကြမြဲဓမ္မတာပင်ဖြစ်သည့်အတိုင်း မန္တန်ရရှိရေးအတွက် မိမိဘဝကို ဘုရားရှင်ထံ ပုံအပ်လေသည်။

"ငါကား အရှင်ဂေါတမစေခိုင်းသမျှအလုံးစုံကိုပြုလုပ်ပြီးလျှင် မန္တန်ကိုသင်ပြီးမှသာ သွားမည်"

ဟု ကြံစည်ဆုံးဖြတ်ကာ မိမိအဖော်ပုဏ္ဏားတို့ထံပြန်သွား၍-

"ငါသည် ဗုဒ္ဓမန္တန်ကို သင်ယူရန်အတွက် ဂေါတမရဟန်းထံ ရှင်ရဟန်းပြုမည်၊သင်တို့သည် ငါရဟန်းပြုသည်ကိုထွေရာလေးပါး စိတ်အကြံမများကြလေနှင့်၊ငါသည် ဤဗုဒ္ဓမန္တန်ကိုသင်ကြားတတ်မြောက်ပြီးပါက ဇမ္ဗူဒိပ်ကျွန်းလုံး၌အကြီးဆုံးဆရာကြီး ဖြစ်ရလိမ့်မည်၊ဤသို့ဖြစ်သော် သင်တို့အဖို့လည်း အလွန်ကောင်းမွန်လိမ့်မည်သာ ဖြစ်သည်"

ဟု နှစ်သိမ့်စကားပြောကာ ပြန်လွှတ်လိုက်လေသည်။

ပုဏ္ဏားတို့သည် ဝင်္ဂီသစကားယုံကြည်ကာ မိမိတို့မူလ စခန်းချရာ နေရာအိမ်သို့ ပြန်သွားကြသည်။

ဝင်္ဂီသသည် ဗုဒ္ဓမန္တန်ကို သင်ယူရန်အတွက် ဘုရားရှင်ထံသို့ပြန်လာခဲ့ပြီးဘုရားရှင်ထံ ရဟန်းပြုခွင့်တောင်းလေသည်။

ဘုရားရှင်သည် ထိုအချိန်တွင် မိမိအနီးတွင်ရှိသော နိဂြောဓကပ္ပထေရ်ကိုခေါ်ယူကာ-

"ချစ်သား နိဂြောဓကပ္ပ ရဟန်းအဖြစ်ကိုလိုလားနေသော ဤဝင်္ဂီသလုလင်ကို ရဟန်းပြုပေးလိုက်ပါလော့" ဟု မိန့်ကြားစေခိုင်းလိုက်လေသည်။

မထေရ်မြတ်သည် ဘုရားရှင်၏ အမိန့်တော်အတိုင်း ဝင်္ဂီသလုလင်ကို တစပဉ္စကကမ္မဋ္ဌာန်းကိုပြောကြား၍ ရှင်ရဟန်းပြုပေးလိုက်သည်။

ရဟန်းပြုပြီးနောက် ရှင်ဝင်္ဂီသကို ဘုရားရှင်ထံသို့ပြန်လည်ခေါ်ယူပြီး လျှောက်ထားသည်။

"ချစ်သား ဝင်္ဂီသ မန္တန်၏ပရိဝါသ်ကို ဆောက်တည်ကျင့်သုံးဦးလော့"

ဘုရားရှင်သည် ဤသို့မိန့်ကြားပြီးလျှင် ကာယဂတာသတိကမ္မဋ္ဌာန်းကို ဟောကြားပို့ချပေးတော်မူသည်။

အရှင်ဝင်္ဂီသသည် ဉာဏ်ပညာထက်မြက်သူဖြစ်၍

ကာယဂတာသတိကမ္မဋ္ဌာန်းကို ရွတ်ဆိုသရဇ္ဈာယ်ရင်းပင် ၃၂-
ကောဋ္ဌာသ၏ ကုန်ခြင်း-ပျက်ခြင်းကို ထင်လင်းစွာသိမြင်ကာ
ဝိပဿနာတရားကို များစွာပွားများအားထုတ်သောကြောင့်
အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေသည်။

ဝင်္ဂီသမထေရ် အရဟတ္တဖိုလ်သို့ဆိုက်ရောက်လေ
လျှင် ပုဏ္ဏားတို့သည်-

"ဝင်္ဂီသသည် အဘယ်သို့သော အခြေအနေ ရောက်
နေသနည်း၊ဝင်္ဂီသကို သွားရောက်ကြည့်ရှုလေ့လာကြဦးစို့"
ဟု တိုင်ပင်ကာ ဝင်္ဂီသရှိရာ ဇေတဝန်ကျောင်းသို့ လာရောက်
တွေ့ဆုံကြလေသည်။

"အို-ဝင်္ဂီသ၊ ဘယ့်နှယ်လဲ ရဟန်းဂေါတမထံ မန္တန်
အတတ်ကို သင်ယူအပ်ပြီးပြီလော"

"အိမ်း-သင်ယူပြီးပါပြီ"

"ဝင်္ဂီသ သင်ယူပြီးလျှင် လာသွားကြစို့၊ ဇမ္ဗူဒိပ်ကျွန်း
ကို တစ်ဖန်လှည့်လှည်ကြစို့"

"သင်တို့သွားကြပါလော့၊ငါ့အဖို့ သင်တို့နှင့်အတူ
သွားဖို့ကိစ္စသည် ပြီးဆုံးသွားပါပြီ"

ထိုအခါ ပုဏ္ဏားတို့သည်လှုပ်လှုပ်ရှားရှားဖြစ်ကြကာ
ဝင်္ဂီသကို အပြစ်တင်စကားပြောဆိုကြသည်။

"ရှေးကပင်လျှင် ငါတို့သည်သင့်အား ရဟန်းဂေါတမ

သည် မိမိထံလာရောက်သူများကို မျက်လှည့်အတတ်ဖြင့် လှည့်ဖြားတတ်သူဖြစ်သည်ဟု ပြောခဲ့ဖူးသည်၊ ယခု မှန်နေပေပြီ၊သင်သည် ယခုအခါ ရဟန်းဂေါတမ၏ အလိုအကြိုက်သို့ လိုက်ပါခဲ့လေပြီ၊ ငါတို့သည် သင့်ထံ၌ အဘယ်အမှုကိုပြုကုန်ပါရအံ့နည်း၊ ပြုဖွယ်မရှိတော့"

ဟု ရန်စကားပြောကာ စိတ်ဆိုးပြီးထွက်ခွာသွားကြလေသည်။

အရှင်ဝင်္ဂီသမထေရ်သည် နောင်တွင် ဘုရားရှင်ထံသို့ ဆည်းကပ်သွားရောက်သည်ရှိသော် မြတ်စွာဘုရားကို မြင်ရာအရပ်မှ အစပြု၍

-လဆန်းနှင့်ဥပမာနှိုင်းယှဉ်၍လည်းကောင်း

-နေမင်းနှင့်ဥပမာနှိုင်းယှဉ်၍လည်းကောင်း

-ကောင်းကင်နှင့်ဥပမာနှိုင်းယှဉ်၍လည်းကောင်း

-မဟာသမုဒ္ဒရာနှင့်ဥပမာနှိုင်းယှဉ်၍လည်းကောင်း

-ဆင်ပြောင်ကြီးနှင့်ဥပမာနှိုင်းယှဉ်၍လည်းကောင်း

-ကေသရာဇာခြင်္သေ့မင်းနှင့်ဥပမာနှိုင်းယှဉ်၍ လည်းကောင်း

ဂါထာအပိုဒ်ပေါင်း အရာတစ်ထောင်တို့ဖြင့် ဘုရားရှင်၏ဂုဏ်ကျေးဇူးကို ချီးကျူးဖွဲ့ဆို၍သာ သွားရောက်ဆည်းကပ်လေသည်။

ထို့ကြောင့် နောင်တွင် အရှင်ဝင်္ဂီသသည် ဆန်းကြယ်

သောဉာဏ်ပဋိဘာန်ရှိသောအရာဝယ် အမြတ်ဆုံးဧတဂဒ်ရာထူးချီးမြှင့်ခံရလေသည်။

ဂေါတမဘုရားရှင်၏ သာသနာတော်ဝယ် ထူးခြားအံ့ဖွယ်သော မန္တန်အတတ်ပညာတတ်ပြီး သေသောသူတို့၏ လားရာဂတိဖြစ်ရာဂတိကို အံ့ဩဖွယ်စွာဟောပြောနိုင်သော ဝင်္ဂီသမထေရ်မြတ်၏ ဘဝဖြစ်စဉ်သည်လည်း သာသနာသမိုင်းဝယ် မှတ်တမ်းသဖွယ်ကျန်ရစ်ခဲ့သည်သာဖြစ်ပေသည်။

*********